

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ လုပ်ဆောင်မှု စံသတ်မှတ်ချက်များ

၁ ရက် ဇန်နဝါရီ ၂၀၁၂ ခုနှစ်

IFC
International Finance Corporation
WORLD BANK GROUP

# မာတိကာ

**လုပ်ဆောင်မှု စံသတ်မှတ်ချက်များ**


အကျဉ်းချုပ် ၂

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၁) – သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာလူထု၏လူမှုဘဝအပေါ်
ကျရောက်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်း ၅

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၂) – အလုပ်သမားနှင့်လုပ်ငန်းခွင် အခြေအနေများ ၁၉

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၃) – သဘာဝရင်းမြစ်ကို မပျက်စီးစေပဲ ထိရောက်စွာအသုံးပြုခြင်းနှင့်
ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း ၂၇

လုပ်ဆောင်မှုစံသတ်မှတ်ချက် (၄) – ရပ်ရွာလူထုကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းဝေးရေးနှင့် လုံခြုံရေး ၃၄

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၅) – မြေယာရယူခြင်း၊ ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှု။ ၃၉

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၆) – ဇီဝမျိုးစုံ မျိုးကွဲများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်
သက်ရှိသဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း ၅၀

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၇) – ဌာနေတိုင်းရင်းသားများ ၅၉

လုပ်ဆောင်မှု စံသတ်မှတ်ချက် (၈) – ယဉ်ကျေးမှု အမွေအနှစ် ၆၇

# အတိုကောက်စာလုံးများ

| | |
|---|---|
| **EHS Guidelines** | World Bank Group Environmental, Health and Safety Guidelines<br>ကမ္ဘာ့ဘဏ်အုပ်စု၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာလမ်းညွှန်ချက်များ |
| **ESMS** | Environmental and Social Management System<br>သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် |
| **FPIC** | Free, Prior, and Informed Consent<br>လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု |
| **GHG** | Greenhouse gases<br>ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ |
| **GIIP** | Good international industry practice<br>လုပ်ငန်းများနှင့်ပတ်သက်သည့် ကောင်းမွန်သော နိုင်ငံတကာစံသတ်မှတ်ချက်များ |
| **ICP** | Informed Consultation and Participation<br>အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း |
| **ILO** | International Labour Organisation<br>အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ |
| **IPM** | Integrated pest management<br>ရောဂါဖြစ်စေသည့် ပိုးမွှားများ၊ တိရိစ္ဆာန်များကို စနစ်တကျနှိမ်နင်းခြင်း |
| **IUCN** | International Union for the Conservation of Nature<br>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနိုင်ငံတကာသမဂ္ဂ |
| **IVM** | Integrated vector management<br>ကူးစက်ရောဂါသယ်ဆောင်ထားသည်ပိုးမွှားနှင့်တိရိစ္ဆာန်များအား စနစ်တကျနှိမ်နင်းခြင်း |
| **UN** | United Nations<br>ကုလသမဂ္ဂ |


ဓာတ်ပုံ-တီဆာဘန်နီ (IFC)


ဓာတ်ပုံ-ဟွန်ဆာ (ကမ္ဘာ့ဘဏ်)


ဓာတ်ပုံ-ဟွန်ဆာ (ကမ္ဘာ့ဘဏ်)


ဓာတ်ပုံ-တီဆာဘန်နီ (IFC)

# အကျဉ်းချုပ်

၁။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ရေရှည် တည်တံ့ခိုင်မြဲရေးမူဘောင်သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်ဆောင်မည်ဟု ကော်ပိုရေးရှင်း၏ ကတိကဝတ်ပြုမှုကိုဖော်ပြသလို ဆိုးကျိုးမဖြစ်စေရန်စီမံနိုင်ရေးအတွက် ကော်ပိုရေးရှင်း၏ ချဉ်းကပ်ဆောင်ရွက်မှုတွင်လည်း အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ ရေရှည်တည်တံ့ခိုင်မြဲရေးမူဘောင်တွင် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး၊ ရပ်ရွာလူထု၏လူမှုဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)၏ မူဝါဒ၊ လုပ်ဆောင်မှုစံသတ်မှတ်ချက်များနှင့် IFC ၏ သတင်းအချက်အလက်များ၊ ရယူပိုင်ခွင့်မူဝါဒတို့ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး၊ ရပ်ရွာလူထု၏ လူမှုဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွင် ယင်းရည်မှန်းချက်များအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ကတိကဝတ်ထားမှု၊ ၎င်း၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကိုဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ သတင်းအချက်အလက်ရယူပိုင်ခွင့်မူဝါဒသည် အဖွဲ့အစည်း၏လုပ်ဆောင်မှုများတွင် ကောင်းမွန်သည့်စီမံအုပ်ချုပ်မှုရှိမှု၊ ပွင့်လင်းမြင်သာမှု စသည်တို့ကို လုပ်ဆောင်မည့်အကြောင်း ကတိကဝတ်များကိုဖော်ညွှန်းထားသည့်အပြင် ၎င်း၏ရင်းနှီးမြှုပ်နှံမှုနှင့် အကြံဉာဏ်ပေးဝန်ဆောင်မှုများကို အဖွဲ့အစည်းကထုတ်ပြန်ရမည့်တာဝန်များကိုလည်း ဖော်ပြထားသည်။ မိမိတို့မှ ထောက်ပံ့ဝန်ဆောင်မှုပေးမည့်သူများကိုဤလုပ်ဆောင်မှု စံသတ်မှတ်ချက်များကို ညွှန်ကြားသွားမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် စီမံကိန်းဆောင်ရွက်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ဖော်ပြောကြားရန် ၎င်းတို့၏ တာဝန်နှင့် ဆက်စပ်ပတ်သက်သူအားလုံးနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်မှု အပါအဝင်စီးပွားရေးလုပ်ငန်းတစ်ခုကို ရေရှည်တည်တံ့စေအောင်လုပ်ဆောင်သည့် လမ်းကြောင်းနှင့် အညီသက်ဆိုင်ရာအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ရှာဖွေသတ်မှတ်နိုင်မည်ဖြစ်သည်။ ယင်းအန္တရာယ်၊ ဆိုးကျိုးတို့ကို ကြိုတင်ရှောင်ရှားခြင်း၊ လျော့ပါးသွားအောင်လုပ်ခြင်း၊ ဖြစ်လာပါကလည်း သက်ရောက်မှု အနည်းဆုံးဖြစ်အောင်စီမံခြင်း စသည်တို့ကို ပြုလုပ်နိုင်ပေမည်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (စီမံကိန်းနှင့်ကော်ပိုရေးရှင်းများကို ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင်ကြားခံဆောင်ရွက်သူ၊ အဖွဲ့အစည်းဘဏ်များမှ (financial intermediaries)တဆင့်ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများအပါအဝင်) ကိစ္စများတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များနှင့် သက်ရောက်မှုများကို စီမံခန့်ခွဲခြင်းဖြင့် ဖွံ့ဖြိုးရေးအခွင့်အလမ်းများကို အားပေးနိုင်ရန်အလို့ငှာ မိမိတို့ထံမှ ထောက်ပံ့ဝန်ဆောင်မှုကို ရယူသူများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ရပ်ရွာလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်မှု စံသတ်မှတ်ချက်များကို ကျင့်သုံးရန်လိုအပ်သည်။ အဖွဲ့အစည်း၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်အားလုံးကို အောင်မြင်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းအနေဖြင့် ဤရေရှည်တည်တံ့ခိုင်မြဲရေးမူဘောင်ကို အဖွဲ့အစည်းက လုပ်ဆောင်နေသည့်စီးပွားရေးလုပ်ငန်းများကို လမ်းညွှန်နေသည့် အခြားနည်းဗျူဟာများ၊ ပေါ်လစီများ၊ တွန်းတိုက်လုပ်ဆောင်မှုများနှင့်အတူ ပူးတွဲကိုင်စွဲသွားမည်။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်များကို အခြားဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း လိုက်နာဆောင်ရွက်နိုင်သည်။

၂။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ရင်းနှီးမြှုပ်နှံထားမှုကာလတလျှောက်လုံး မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူသူများအနေဖြင့် ဤလုပ်ဆောင်မှု စံသတ်မှတ်ချက် ၈ ခု စလုံးကို လိုက်နာရန်လိုအပ်သည်။ ၎င်းတို့မှာ -

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၁)** - သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာလူထု၏ လူမှုဘဝအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၂)** - အလုပ်သမားနှင့် လုပ်ငန်းခွင် အခြေအနေများ

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၃)** - သဘာဝရင်းမြစ်ကို မပျက်စီးစေပဲ ထိရောက်စွာအသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်

ညစ်ညမ်းမှု မဖြစ်အောင် ကာကွယ်ခြင်း

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၄)** - ရပ်ရွာလူထု ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းဝေးရေးနှင့် လုံခြုံရေး

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၅)** - မြေယာရယူခြင်းနှင့် ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှု

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၆)** - ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သက်ရှိသဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း

**လုပ်ဆောင်မှုစံသတ်မှတ်ချက်(၇)** - ဌာနေတိုင်းရင်းသားများ

**လုပ်ဆောင်မှု စံသတ်မှတ်ချက် (၈)** - ယဉ်ကျေးမှု အမွေအနှစ်

၃။ လုပ်ဆောင်မှုစံသတ်မှတ်ချက် အမှတ် ၁ သည် အောက်ပါတို့ကို အရေးကြီးသည့် အချက်များအဖြစ် သတ်မှတ် လက်ခံစေသည်။ (၁) စီမံကိန်းမှ ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ၊ အန္တရာယ်များနှင့် အခွင့်အလမ်းများကို ရှာဖွေသတ်မှတ်နိုင်ရန် ထောင့်ပေါင်းစုံမှ ဆန်းစစ်လေ့လာခြင်း။ (၂) ဒေသခံရပ်ရွာလူထုကို တိုက်ရိုက် ထိခိုက်မှုရှိလာနိုင်သည့် ကိစ္စများကို ထိုလူထုနှင့် တိုင်ပင်ခြင်း၊ စီမံကိန်းနှင့် ပတ်သက်သော အချက်အလက်များကို အသိပေးခြင်းတို့ကို ပြုလုပ်၍ ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှုကို ထိထိရောက်ရောက် လုပ်ဆောင်ခြင်း။ (၃) သက်ဆိုင်ရာ မိမိတို့၏ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် စီမံကိန်းကာလတလျှောက်လုံး လူမှုရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များကို သေချာစွာစီမံခြင်း။ လုပ်ဆောင်မှု စံသတ်မှတ်ချက် အမှတ် ၂ မှ ၈ အထိသည် အလုပ်သမားများ၊ သက်ဆိုင်ရာ ရပ်ရွာလူထုများ၊ သဘာဝပတ်ဝန်းကျင် စသည်တို့အပေါ် သက်ရောက် ထိခိုက်မှုများ၊ ဖြစ်လာနိုင်သော အန္တရာယ်များကို ရှောင်ရှားနိုင်ရန်၊ သို့တည်းမဟုတ် လျော့နည်းသွားရန် ရည်မှန်းချက်ချ၍ လိုအပ်သည်များကို လုပ်ဆောင်သွားမည်ဖြစ်သလို အကယ်၍ ထိုသို့လုပ်ဆောင်ပြီးနောက်ပိုင်း သက်ရောက်မှုများ ကျန်ရှိနေသေးပါက ဆိုင်ရာအလုပ်သမားများနှင့် သက်ဆိုင်ရာ ရပ်ရွာလူထုကို လျော်ကြေးပေးရန် ဖော်ပြထားသည်။ ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝဆိုင်ရာ အန္တရာယ်နှင့်ဆိုးကျိုး သက်ရောက်မှု အားလုံးကို ဆန်းစစ်လေ့လာသည့်တပြိုင်နက်တည်းမှာပင် လုပ်ဆောင်မှု စံသတ်မှတ်ချက် အမှတ် ၂ မှ ၈ အထိတွင် ဖြစ်လာနိုင်သော အထူးဂရုပြုရန် လိုအပ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရပ်ရွာလူထု၏ လူမှုဘဝဆိုင်ရာအန္တရာယ်နှင့်ဆိုးကျိုး သက်ရောက်မှုများကို ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာရပ်ရွာလူထု လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် မိမိတို့၏ ဝန်ဆောင်မှုကို ယူထားသူများအနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ပါဝင်သည့်အတိုင်း ကော်ပိုရေးရှင်း၏ Environmental and Social Management System (ESMS) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့်အညီ စီမံလုပ်ဆောင်ရမည်။

၄။ လုပ်ဆောင်မှုစံသတ်မှတ်ချက် အမှတ် ၁ သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ရပ်ရွာလူထု၏ လူမှုဘဝဆိုင်ရာ အန္တရာယ်နှင့်ဆိုးကျိုး သက်ရောက်မှုများရှိသည့် စီမံကိန်းအားလုံးနှင့် သက်ဆိုင်သည်။ စီမံကိန်း၏ အခြေအနေများပေါ်မူတည်ပြီး အခြားလုပ်ဆောင်မှု စံသတ်မှတ်ချက်များကိုလည်း လိုက်နာရန်လိုအပ်သည်။ လုပ်ဆောင်မှု စံသတ်မှတ်ချက်များအားလုံးကို ဖတ်ရှုရန်လိုပြီး သက်ဆိုင်လိုအပ်သည့်နေရာတိုင်းတွင် အသုံးပြုရမည်။ သီးခြားကန့်သတ်ဖော်ပြသတ်မှတ်ထားသည့်အချက်များမှအပ လုပ်ဆောင်မှုစံသတ်မှတ်ချက်တိုင်းတွင် ပါဝင်သည့် လိုအပ်ချက်များအခန်းသည် စီမံကိန်းမှ ဘဏ္ဍာရေးထောက်ပံ့မှု ရယူထားသည့် လုပ်ငန်းတိုင်းနှင့် သက်ဆိုင်သည်။ မည်သည့်ဌာနရင်းမြစ်မှ ဘဏ္ဍာရေးထောက်ပံ့မှုရယူထားသည် ဖြစ်စေ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများသည် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ အရ ပြုစုထားသည့် ESMS သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုရန် တိုက်တွန်းပါသည်။ ရာသီဥတုပြောင်းလဲမှု၊ ကျား၊ မ လိင်စိတ်ကွဲပြားမှုပေါ်မူတည်၍ လူမှုရေးရာ၊ စရိုက်လက္ခဏာသတ်မှတ်မှုများ၊ လူ့အခွင့်အရေး၊ ရေအရင်းအမြစ် စသည့်အားလုံးနှင့် သက်ဆိုင်သောအရေးအရာများကို လုပ်ဆောင်မှု စံသတ်မှတ်ချက်များအားလုံး၌ ဖော်ပြထားသည်။

၅။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက်များတွင်ဖော်ပြထားသောလိုအပ်ချက်များကို လိုက်နာရန် လိုအပ်သည့်အပြင် အိမ်ရှင်နိုင်ငံက နိုင်ငံတကာဥပဒေအတိုင်း လိုက်ပါဆောင်ရွက်နေသည့် ဥပဒေများအပါအဝင် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများကိုလည်း လိုက်နာရမည်။

၆။ World Bank Group Environmental, Health and Safety Guidelines (EHS Guidelines) ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များသည် လုပ်ငန်းများနှင့်ပတ်သက်၍ကောင်းမွန်သည့် နိုင်ငံတကာစံသတ်မှတ်ချက်များဖြစ်သည်နှင့်အညီ ယေဘုယျနှင့် သီးသန့်လုပ်ငန်းအလိုက် ဥပမာများပါဝင်သော အသုံးချရန်အတွက်ညွှန်းပြစရာ လမ်းညွှန်ချက်များဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသည် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို စီမံကိန်းများအား အရည်အသွေးအကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ရာတွင်ကိုင်စွဲစရာအချက်များအဖြစ် အသုံးပြုသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များတွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းက လက်ခံထားသော လုပ်ဆောင်မှုအဆင့် အတိုင်းအတာများနှင့် နည်းလမ်းများပါဝင်သည်။ ထို့ပြင်ယင်းလုပ်ဆောင်မှု အဆင့် အတိုင်းအတာနှင့် နည်းလမ်းများသည် ဖြစ်ထွန်းနေသော နည်းပညာကို သင့်တော် သည့် ကုန်ကျ စားရိတ်ကို သုံးပြီးအောင်မြင်သည့် ရလဒ်ရစေရမည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ ငွေကြေးကူညီထောက်ပံ့ထားသည့် စီမံကိန်းများသည် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရာတွင် နေရာဒေသအထူးပြုရည်မှန်းချက်များ၊ ရည်မှန်းချက်ကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုအပ်သည့် အချိန်ကာလသတ်မှတ်ချက်များကိုလည်း အလေးထားရမည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်သည့် လုပ်ငန်းစဉ်တွင် စီမံကိန်းအလိုက်၊ နေရာဒေသအထူးပြုမှုအလိုက် စသည်တို့အပေါ်မူတည်၍ အစားထိုးလုပ်ဆောင်ရမည့် အတိုင်းအတာနှင့် နည်းလမ်းများ (ပို၍အဆင့်မြင့်သော (သို့) နိမ့်သော)(အကယ်၍ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းက လက်ခံပါက) ရှိလာနိုင်သည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ယေဘုယျ လမ်းညွှန်ချက်များတွင် အားလုံးသော လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်ဆက်နွယ်နိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များ ပါဝင်သည်။ ယင်းလမ်းညွှန်ချက်များကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပူးတွဲအသုံးပြုရမည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ ကို အခါအားလျော်စွာ မွမ်းမံပြုပြင်ကြသည်။

၇။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များတွင်ဖော်ပြထားသည့် အဆင့်၊ အတိုင်းအတာနှင့် နည်းလမ်းများသည် သက်ဆိုင်ရာမူရင်းနိုင်ငံ၏ စည်းမျဉ်းများနှင့် ကွဲပြားနေပါက စီမံကိန်းလုပ်ဆောင်သူများကို ပိုမို၍ ကောင်းမွန်၊ ကြပ်မတ်သော စံချိန်များအတိုင်း အောင်မြင်ရန် လုပ်ဆောင်ကြရန်မျှော်မှန်းသည်။ သီးသန့် စီမံကိန်း အခြေအနေတစ်ခုအတွက် စံချိန်ကိုလျှော့ချရမည့် အခြေအနေနှင့်ကြုံလာပါက စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် အဆိုပြုထားသော အစားထိုးလုပ်ဆောင်မှုများအတွက် ပြည့်စုံ၍ အသေးစိတ်ကျသောအကြောင်းပြချက် လိုအပ်သည်။ ယင်းအကြောင်းပြချက်သည် မည်သည့် အစားထိုးလုပ်ဆောင်မှုကိုမဆို ရွေးချယ်ဆောင်ရွက်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ ဘေးကင်းလုံခြုံရေးဆိုင်ရာတို့အတွက် ရည်ရွယ်လုပ်ဆောင်သည်ကို ဖော်ပြရမည်။

၈။ လုပ်ဆောင်မှု စံသတ်မှတ်ချက်များအတွက် လမ်းညွှန်မှတ်စု ၈ ခု နှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် ကြားခံဆောင်ရွက်သူများဆိုင်ရာထပ်ဆင့်ရှင်းလင်းဖွင့်ဆိုချက်များသည် ရည်ညွှန်းကိုးကားချက်များနှင့် ကောင်းမွန်သော ရေရှည်တည်တံ့သည့် အလေ့အထများ အပါအဝင် လုပ်ဆောင်မှုစံသတ်မှတ်ချက်များတွင် ပါဝင်သည့် လိုအပ်ချက်များကို လမ်းညွှန်းမှုပေးထားသည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူသူများကို ၎င်းတို့၏ စီမံကိန်းဆိုင်ရာလုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေး ကူညီရန် အတွက်ဖြစ်သည်။ အဆိုပါ လမ်းညွှန်ချက်များနှင့် ရှင်းလင်းဖွင့်ဆိုချက်များကို အခါအားလျော်စွာ မွမ်းမံပြုပြင်သည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၁)

# သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု၏လူမှုဘဝအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးများကိုဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

### မိတ်ဆက်

၁။ စီမံကိန်းကာလတလျောက်လုံးတွင် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု၏လူမှုဘဝအရေးတို့ကို ကောင်းမွန်အောင်စီမံခန့်ခွဲခြင်းသည်အရေးကြီးကြောင်း လုပ်ဆောင်မှုစံသတ်မှတ်ချက်(၁)တွင် အလေးထားဖော်ပြထားသည်။ ထိရောက်သည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)သည် စီမံအုပ်ချုပ်သူများက ထောက်ပံ့၍ ဦးဆောင်မှုပြုဆောင်ရွက်သော လုပ်ရှားသက်ဝင်နေသည့် စဉ်ဆက်မပြတ်ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၎င်းတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ၊ ထိုသူတို့၏ ဝန်ထမ်းများ၊ စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်မှုရှိသည့် ရပ်ရွာလူထုများ (ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု၊ ထိခိုက်သက်ရောက်ခံရသောလူမှုအသိုင်းအဝိုင်း)နှင့် လိုအပ်ပါက အခြားဆက်နွယ်ပါဝင်ပတ်သက်သူများ[၁]အားလုံးအကြား ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်းများပါဝင်သည်။ ``အစီအစဉ်ချ၊ အကောင်အထည်ဖော်၊ စိစစ်သုံးသပ်၊ ပြန်လုပ်ဆောင်'' (Plan, do, check, act) ဟူသော အခြေကျပြီးဖြစ်သည့် စီးပွားရေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများပါဝင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်(ESMS)သည် သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာလူထု၏လူမှုဘဝတို့အပေါ် ကျရောက်နိုင်သော အန္တရာယ်များ[၂]နှင့် ဆိုးကျိုးသက်ရောက်မှုများ[၃]ကို နည်းလမ်းကျသောချဉ်းကပ်မှုဖြင့် အမြဲတစေစနစ်တကျ စီမံဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်း၏ သဘောသဘာဝ အတိုင်းအတာတို့နှင့် ဆီလျော်စွာလုပ်ဆောင်သည့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) သည် ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ရပ်ရွာလူထု၏ လူမှုဘဝတိုးတက်မှုတို့ကို အားပေးသည့်အပြင် တိုးတက်ကောင်းမွန်သည့်ဘဏ္ဍာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးရလဒ်များကို ပေးစွမ်းနိုင်သည်။

၂။ တခါတရံတွင် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု၏ လူမှုဘဝအပေါ် ကျရောက်လာနိုင်သည့် အချို့သော အန္တရာယ်များ၊ ဆိုးကျိုးများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူတို့ မလွှမ်းမိုး မထိန်းချုပ်နိုင်[၄]သည့် အစိုးရ သို့မဟုတ် အခြားတတိယအင်အားစုများကလုပ်ဆောင်ရန် တာဝန်ရှိနိုင်ပေသည် - ဥပမာအားဖြင့် (၁) အစိုးရ (သို့မဟုတ်) တတိယအင်အားစုတို့က ယခင်ကတည်းက ချထားသည့် ဆုံးဖြတ်ချက်များကြောင့် စီမံကိန်းနေရာရွေးချယ်ခြင်း၊ စီမံကိန်းပုံစံရွေးချယ်ခြင်းတို့တွင် သက်ရောက်မှုများရှိနေခြင်း၊ (၂) စီမံကိန်းလုပ်ဆောင်ရန်အတွက် ပေးထားသောမြေသည် အတိတ်ကာလတွင် လူအများကိုဖယ်ရှား၍အခြားနေရာသို့ ရွှေ့ပြောင်းထားခြင်းဖြင့်ရထားသော မြေဖြစ်နေခြင်း (သို့မဟုတ်) ယင်းမြေရှိ ဇီဝမျိုးစုံမျိုးကွဲများ ပျက်ဆီးမည့် အန္တရာယ်နှင့် ရင်ဆိုင်ရခြင်းစသည့် လုပ်ဆောင်ချက်များအပါအဝင် စီမံကိန်းနှင့်ပတ်သက်၍ အစိုးရ(သို့မဟုတ်) အခြားတတိယအင်အားစုများက လုပ်ဆောင်ထားချက်များ။ အကယ်၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်အစိုးရ (သို့မဟုတ်)အခြားတတိယအင်အားစုများ၏လုပ်ဆောင်မှုများကို မလွှမ်းမိုး မထိန်းကျောင်းနိုင်ပါက လုပ်ဆောင်မှုစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် သဘာဝ

[၁] ပါဝင်ဆက်နွယ်ပတ်သက်သူများသည် စီမံကိန်းကြောင့်တိုက်ရိုက်ထိခိုက်သူများ မဟုတ်ပေ၊ သို့သော်ထိုအရေးတို့ကိုစိတ်ဝင်စားကြသူများဖြစ်သည်။ ထိုသူများထဲတွင် ဗဟိုအစိုးရ (သို့မဟုတ်) ဒေသအာဏာပိုင်များ၊ အနီးအနားရှိ စီမံကိန်းလုပ်ဆောင်သူများ၊အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ စသည်တို့ပါဝင်နိုင်သည်။

[၂] ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကျရောက်လာနိုင်သည့်အန္တရာယ်ဆိုသည်မှာ အန္တရာယ်များဖြစ်နိုင်ခြင်းနှင့် ယင်းသို့ဖြစ်လာခြင်းကြောင့်ဆိုးကျိုးသက်ရောက်မှုများရှိလာခြင်းတို့ကို ပေါင်းစု၍ ဆိုလိုခြင်းဖြစ်သည်။

[၃] ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများဆိုသည်မှာ (၁) သဘာဝပတ်ဝန်းကျင် သို့မဟုတ် ယဉ်ကျေးမှုအမွေဝန်းကျင် ထိခိုက်သွားခြင်း၊ ထိခိုက်ရန်အလားအလာရှိခြင်း (၂) ပတ်ဝန်းကျင်ရပ်ရွာလူထုနှင့် အလုပ်သမားများကို ဆိုးကျိုးသက်ရောက်ခြင်း စသည်တို့ကိုဆိုလိုသည်။

[၄] လုပ်ဆောင်မှုစံသတ်မှတ်ချက်အရ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုရယူထားသူက လက်လွှဲတာဝန်ပေးထားသော ကန်ထရိုက်များအား မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများက တိုက်ရိုက်ထိန်းချုပ်နိုင်ရမည်။ ထိုသူတို့အား အခြား တတိယအင်အားစုများအဖြစ် သတ်မှတ်၍ မရပါ။

ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရပ်ရွာလူထုလူမှုဘဝဆိုင်ရာ အကျိုးရလဒ်ကောင်းများရရှိနိုင်ရေးအတွက် ကူညီရန် အလို့ငှာ ပါဝင်ပတ်သက်နေသော အင်အားစု အသီးသီးကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) ဖြင့်ရှာဖွေပြီး ထိုသူတို့ လုပ်ဆောင်နေသည့် အခန်းကဏ္ဍများ၊ ယင်းတို့ကြောင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူသူများအား ထိခိုက်လာနိုင်ခြေများ၊ ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ရှာဖွေရမည်။ ထို့အပြင် လုပ်ဆောင်မှုစံသတ်မှတ်ချက်များတွင် ထိခိုက်နစ်နာမှု တိုင်ကြားနိုင်သည့် ထိရောက်သော ယန္တယားစနစ်များ ထည့်သွင်းထားခြင်းအားဖြင့် မိမိတို့မှ ထောက်ပံ့ဝန်ဆောင်မှုပေးထားသူများကြောင့် ထိခိုက်မှုရှိသည်ဟု သတ်မှတ်ယူဆထားသည့် သူများအားမြန်မြန်သိရှိနိုင်မည်ဖြစ်သလို၊ ထိုသူတို့အတွက် ဖြေရှင်းပေးမည့်ကုထုံးများကို မြန်မြန်ပေးနိုင်ပေမည်။

၃။ စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးကို အလေးထားရမည်ဖြစ်ပြီး ထိုသို့အလေးထားရာတွင်အခြားသူများ၏ လူ့အခွင့်အရေးကို မထိခိုက်စေရန် ရှောင်ရှားရမည့်အပြင် စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်လာနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများကို ဖြေရှင်းပေးရမည်။ စီမံကိန်းတစ်ခုအနေဖြင့် စီမံကိန်းသက်တမ်းကာလအတွင်း တွေ့ရနိုင်သော လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ လုပ်ဆောင်မှုစံသတ်မှတ်ချက်တိုင်းတွင် ထည့်သွင်းထားသည်။ လုပ်ဆောင်မှု စံသတ်မှတ်ချက်များ ပြည့်မီအောင် တင်ကြို၍ သတိထားလုပ်ဆောင်ခြင်းဖြင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများအနေဖြင့် စီမံကိန်းလုပ်ဆောင်မှုနှင့် ဆက်နွယ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြေရှင်းနိုင်ပေမည်။

## ရည်မှန်းချက်များ

- စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝဆိုင်ရာအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ရှာဖွေဆန်းစစ်ရန်
- သက်ရောက်မှုများကို အဆင့်အလိုက် လျော့ချခြင်းလုပ်ငန်းစဉ်ကို ချမှတ်ရန်၊ ၎င်းတွင် အလုပ်သမားများ၊ ထိခိုက်နေသည့် ရပ်ရွာလူထုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်နှင့် သက်ရောက်မှုများကို ကြိုတင်သတ်မှတ်၍ ရှောင်ရှားရန် (သို့မဟုတ်) ရှောင်ရှားရန်မဖြစ်နိုင်ပါက အနည်းဆုံးဖြစ်အောင်လျော့ချရန်နှင့်[၅] အကယ်၍ ကြွင်းကျန်သက်ရောက် ထိခိုက်မှုများရှိနေသေးပါက ပြန်လည်အစားထိုးအလျော်ပေးနိုင်ရန်။
- ထိရောက်သောစီမံမှုစနစ်များကို အလေးထားအသုံးပြု၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများ ရယူထားသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ဆောင်မှုများ တိုးတက်လာစေရန်
- ထိခိုက်နေသောရပ်ရွာလူထုမှ နစ်နာမှုများတိုင်ကြားလာသည်ဖြစ်စေ၊ အခြားဆက်စပ်ပတ်သက်နေသူများကဆက်သွယ်လာသည်ဖြစ်စေ ယင်းတို့ကို တုံ့ပြန်ဆောင်ရွက်ရန်နှင့် သင့်လျော်စွာ စီမံဆောင်ရွက်ပေးရန်
- စီမံကိန်းကာလတလျှောက်လုံးတွင် ဖြစ်လာနိုင်သည့် ရပ်ရွာလူထုအပေါ်ထိခိုက်လာနိုင်ခြေများနှင့်ပတ်သက်၍ရပ်ရွာလူထုနှင့် ဆက်ဆံဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာသတင်းအချက်အလက်များကို ထုတ်ပြန်ဖြန့်ဝေသွားရန်

## အသုံးပြုရာ နယ်ပယ်

၄။ လုပ်ဆောင်မှုစံသတ်မှတ်ချက်သည် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ် သက်ရောက်လာနိုင်သည့် အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်နိုင်သည့် စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည်။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက် ရည်ရွယ်ချက်အောင်မြင်ရန် အလို့ငှာ ယင်းတွင်ဖော်ပြထားသော စီမံကိန်းဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများလည်းပါဝင်သလို၊ အခုလက်ရှိအချိန်တွင်မတွေ့ရှိရသေးသော်လည်း[၆] မြေယာ၊အဆောက်အဦ၊ စက်ယန္တယားကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ် အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများဖြစ်လာစေနိုင်သည့် ယင်းစီးပွားရေးလုပ်ငန်းကို ထပ်မံချဲ့ထွင်လုပ်ကိုင်ခြင်းများလည်း ပါဝင်သည်။ ထို့ပြင် လုပ်ငန်း၏ အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှု အဆင့်များမှအစ၊ လုပ်ငန်းစက်ဝန်းလည်ပတ်မှု သက်တမ်းတစ်ခုလုံး

[၅] လျော့ချသည်ဆိုရာတွင် အခြေအနေပေးသလို ထိခိုက်သက်ရောက်မှုများကို နည်းပါးသွားအောင်ဖြစ်စေ၊ အမှန်ဖြစ်အောင်ပြန်လုပ်ခြင်းဖြစ်စေ၊ ပြန်လည်ပြင်ဆင်ခြင်းဖြစ်စေစသဖြင့် အမျိုးမျိုးနည်းလမ်းများ ရှိပေလိမ့်မည်။ အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများအနည်းဆုံး ဖြစ်အောင် အဆင့်ဆင့် လုပ်ဆောင်သည့် လမ်းညွှန်ချက်နှင့်ပတ်သက်၍ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၂ မှ ၈ အထိတွင်ထပ်ပြီး ရှင်းလင်းဖော်ပြထားသည်။

[၆] ဥပမာအားဖြင့်လက်ရှိအဆောက်အဦကို ပိုင်ဆိုင်ထားသည့် ကော်ပိုရေးရှင်းက နောက်ထပ်အသစ် အဆောက်အအုံများကို ဆောက်လုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများက နောက်ထပ် အဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံလိုခြင်း။

ဖြစ်သော[၇] (ဒီဇိုင်းဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ လက်လွှဲရယူခြင်း၊ စီမံကိန်းလည်ပတ်ခြင်း၊ ပြန်လည်လက်လွှဲပေးခြင်း၊ ပိတ်သိမ်းခြင်း၊ (တခါတရံ)ပိတ်သိမ်းခြင်း နောက်ပိုင်းစီမံခြင်း) စသည်တို့တွင်လည်း ဤလုပ်ဆောင်မှု စံသတ်မှတ်ချက်နှင့်အညီဖြစ်ရမည်။ စီးပွားရေးလုပ်ငန်းအားလုံးအနေဖြင့် လုပ်ဆောင်မှု စံသတ်မှတ်ချက်စာပိုဒ်တစ်ခုချင်းစီ၏ အောက်တွင် အထူးပြုဖော်ပြထားသော သီးခြား ကန့်သတ်ချက်များမပါရှိပါက လုပ်ဆောင်မှု စံသတ်မှတ်ချက်များအားလုံးသည် မိမိတို့နှင့်သက်ဆိုင်သည်ဟု မှတ်ယူရမည်။

## လိုအပ်ချက်များ

### သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်

၅။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်တာဝန်ရှိသည့်အစိုးရနှင့် အခြားတတိယအင်အားစုများ[၈]နှင့် ဆက်စပ်ဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဘဝဆိုင်ရာ ဆန်းစစ်သည့်လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း၊ စီမံကိန်း၏သဘောသဘာဝ၊ အတိုင်းအတာနှင့်လိုက်ဖက်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် (ESMS)ကို ချမှတ်လုပ်ကိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ် ထိခိုက်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်နိုင်သည့် အတိုင်းအတာပေါ်တွင်မူတည်ပြီး လိုအပ်သည်များကို လုပ်ဆောင်ခြင်း စသည့် အလုပ်များကို လုပ်ဆောင်ရမည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် (ESMS)တွင် အောက်ပါတို့ ပါဝင်သည် (၁) မူဝါဒ၊ (၂)အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများကို သတ်မှတ်ခြင်း၊ (၃) စီမံခန့်ခွဲမှုအစီအစဉ်များ၊ (၄) အဖွဲ့အစည်းစွမ်းဆောင်ရည်နှင့်အရည်အချင်းရှိမှု၊ (၅) အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း၊ (၆) ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း၊ (၇) စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

### မူဝါဒ

၆။ စီမံကိန်းအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာလူထုလူမှုဘဝအတွက် လုပ်ဆောင်ချက်များ[၉] အောင်မြင်နိုင်ရေးအတွက်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရည်မှန်းချက်များ၊ အခြေခံမှုများကိုဖွင့်ဆိုသည့် ဘက်ပေါင်းစုံလွှမ်းခြုံသော မူဝါဒတစ်ခုကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများကချမှတ်ရမည်။ ထိုမူဝါဒသည်သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာ လူထုလူမှုဘဝဆိုင်ရာဆန်းစစ်ခြင်းနှင့် စီမံလုပ်ဆောင်ခြင်း တို့အတွက်မူဘောင်တစ်ခုဖြစ်စေသလို၊ စီမံကိန်း(သို့မဟုတ် စီးပွားရေးလုပ်ငန်း)သည် သက်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေနှင့်စည်းမျဥ်းများ၊နိုင်ငံတကာဥပဒေကို လိုက်နာသည့်အနေဖြင့် သက်ဆိုင်ရာနိုင်ငံက ပြဌာန်းထားသော ဥပဒေများကို လိုက်နာမည့်အကြောင်း အလေးထားဖော်ပြချက် ဖြစ်သည်။ ယင်းမူဝါဒသည် လုပ်ဆောင်မှု စံသတ်မှတ်ချက်များအတွက် ပြုလုပ်ထားသော အခြေခံမှုများနှင့်လည်း လိုက်ဖက်ညီညွတ်ရမည်။ အချို့သော အခြေအနေဝန်းကျင်များတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အခြားနိုင်ငံတကာမှ သတ်မှတ်ထားသော စံသတ်မှတ်ချက်များ၊ အရည်အသွေးအသိအမှတ်ပြု လုပ်ငန်းစဉ်(သို့မဟုတ်) လုပ်ငန်းစည်းမျဉ်းများကိုလိုက်နာ ရမည်ဖြစ်သလို ယင်းတို့ကိုမူဝါဒပိုင်းတွင် ထည့်သွင်းထားရမည်။ မူဝါဒထဲတွင် မည်သူက (သက်ဆိုင်ရာမိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများ၏ အဖွဲ့အစည်းများတွင်) မူဝါဒအတိုင်းလုပ်ဆောင်ရန် အာမခံမည်၊မည်သူက မူဝါဒအတိုင်းလုပ်ဆောင်အောင်ဆောင်ရွက်မည်တို့ကိုဖော်ပြရမည် (လိုအပ်ပါက တာဝန်ရှိသည့် အစိုးရပိုင်းနှင့် အခြားတတိယ အင်အားစုများကိုလည်း ရည်ညွှန်းဖော်ပြရမည်)။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ အနေဖြင့်သူတို့၏ အဖွဲ့အစည်းအဆင့်ဆင့်တိုင်းတွင် ယင်းမူဝါဒကို အသိပေးထားရမည်။

### အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများကို သတ်မှတ်ခြင်း

၇။ စီမံကိန်းကြောင့်ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ် ကျရောက်လာနိုင်သော အန္တရာယ်များနှင့် ဆိုးကျိုးထိခိုက်မှုများကိုရှာဖွေသတ်မှတ်နိုင်သည့်လုပ်ငန်းစဉ်တစ်ခုကိုမိမိတို့ထောက်ပံ့ဝန်ဆောင်

[၇] ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အာမခံလုပ်ငန်းများ၊ ပိုင်ရှင်နှင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်သူများ စသည့်အထွေထွေသောလူများက ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အသုံးချသည်ဟု မှတ်ယူပြီး ထိုသူများအနေဖြင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းနှင့်ဆီလျော်စွာလုပ်ဆောင်မှုစံသတ်မှတ်ချက်ကိုအသုံးပြုသွားသင့်သည်။

[၈] ယင်းအဖွဲ့အစည်းများသည် အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများကို ဆန်းစစ်၍ စီမံဖြေရှင်းရန် ဥပဒေကြောင်းအရတာဝန်ရှိသည် (ဥပမာ - အစိုးရက လုပ်ဆောင်သည့် ပြောင်းရွှေ့နေရာချခြင်းများတွင်)

[၉] ဤလိုအပ်ချက်သည် သီးခြားတည်ရှိနေပြီး စီမံကိန်းအတွက်သီးသန့်မူဝါဒဖြစ်သည်။ ယင်းသည်မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများက စီမံကိန်းနှင့် မဆိုင်သည့်အခြားနေရာများ၊ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကော်ပိုရေးရှင်းကြီးများ၏ လုပ်ငန်းများအတွက် ချမှတ်ထားသော ရှိနှင့်ပြီးသား မူဝါဒများ ကို သွား၍သက်ရောက်ခြင်း (ပြောင်းလဲစေခြင်း) မရှိစေရပါ။

မှုများကို ရယူထားသူများအနေဖြင့် ထူထောင်ရမည်ဖြစ်သလို အမြဲတမ်းလုပ်ဆောင်သွားရမည် (ပြီးပြည့်စုံသည့် လိုအပ်ချက်များကို စာပိုဒ် ၁၈ တွင် ကြည့်ပါ)။ စီမံကိန်း အမျိုးအစား၊ အတိုင်းအတာနှင့် နေရာတို့အပေါ်မူတည်ပြီး အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ရှာဖွေသတ်မှတ်မည့် လုပ်ငန်းစဉ်၏ကျယ်ပြန့်မှုနှင့် ကြိုးပမ်း လုပ်ဆောင်ရန် လိုအပ်မှုအတိုင်းအတာကိုသတ်မှတ်နိုင်သည်။ ယင်းလုပ်ငန်းစဉ်၏ အတိုင်းအတာသည် လုပ်ငန်းများနှင့် ပတ်သက်သည့် နိုင်ငံတကာစံသတ်မှတ်ချက်များ[၁၀]နှင့်လည်းအံဝင်ခွင်ကျလိုက်လျောညီထွေရမည်ဖြစ်သလို အားကိုးအားထားပြုလောက်သည့် မည်သည့်နည်းနာများ၊ မည်သည့်ဆန်းစစ်နည်းများကို အသုံးပြုရမည်ကို လမ်းညွှန်လိမ့်မည်။ ယင်းလုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုဆန်းစစ်ခြင်းများကို အပြည့်အဝဆောင်ရွက်ခြင်းနှင့် ဘောင်ကန့်၍ ဆန်းစစ်ခြင်း (သို့မဟုတ်) မြင့်မြင့်မားမားတန်ဖိုးထားထိမ်းသိမ်းရမည့် နေရာများ၊ ထူးခြားသည့် ဂေဟစနစ်များ အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများကို သတ်မှတ်ဖော်ပြခြင်း၊ ညစ်ညမ်းမှုအဆင့်များ၊ အဆောက်အဦပုံစံသတ်မှတ်မှုစံနှုန်း (သို့မဟုတ်) ဆောက်လုပ်ရေးဆိုင်ရာစံနှုန်းများ[၁၁]ကိုတိုက်ရိုက်အသုံးချခြင်းများပါဝင်သည်။ စီမံကိန်းအနေဖြင့်လက်ရှိအသုံးပြုနေသော မြေယာ၊ စက်ရုံအဆောက်အဦ၊ စက်ယန္တရားစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ယင်းတို့ကြောင့်ဖြစ်လာနိုင်သော အန္တရာယ်များနှင့် ဆိုးကျိုးထိခိုက်မှုများကို သိရှိသတ်မှတ်နိုင်ရန် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း (သို့မဟုတ်) အန္တရာယ်၊ ဆိုးကျိုးအတိုင်းအတာဆန်းစစ်ခြင်းတို့ကိုလုပ်ဆောင်ရမည်။ မြေယာ၊ စက်ရုံအဆောက်အဦ၊ စက်ယန္တရားစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများကို တိုးချဲ့ဖော်ဆောင်လုပ်ကိုင်မည်ဆိုပါက ထိုအရာများ ဖြစ်ထွန်းပေါ်ပေါက်လာမည့် အနာဂတ်အချိန်ကာလတွင်ဖြစ်လာမည့်အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကိုသိရှိသတ်မှတ်နိုင်ရေးအတွက်တင်ကြို၍သတိထားလုပ်ဆောင်သော လုပ်ငန်းစဉ်တစ်ခုကို လုပ်ဆောင်ရမည်။ ဖြစ်လာမည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို သိရှိသတ်မှတ်နိုင်ရေး လုပ်ငန်းစဉ်သည် မကြာသေးခင်အချိန်က တတ်နိုင်သမျှအသေးစိတ်ရထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အခြေခံအချက်အလက်ပေါ်တွင် မူတည်လုပ်ဆောင်ရမည်။ ယင်းလုပ်ငန်းစဉ်အနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် အမှတ် (၂)မှ (၈)တွင် ဖော်ပြထားသည့်အကြောင်းအရာများ အပါအဝင်သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို၊ ယင်းအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ ခံစားရနိုင်သည့် ရပ်ရွာလူထုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ[၁၂]ကို သိရှိသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်တွင်ဖန်လုံအိမ်အာနိသင်အိမ်ဓာတ်ငွေ့များထုတ်လွှတ်နေမှု၊ ရာသီဥတုပြောင်းလဲလာခြင်းနှင့်ပတ်သက်၍ ဖြစ်လာနိုင်သည့် အန္တရာယ်များနှင့် ဖြစ်လာပါက အန္တရာယ်နည်းပါးအောင် လုပ်ဆောင်မှု၊ လေထုညစ်ညမ်းခြင်း (သို့မဟုတ်) နိုင်ငံတကာရေလက်ကြား၊ တူးမြောင်းနှင့် မြစ်များအသုံးပြုမှု (သို့) ညစ်ညမ်းခြင်းများဖြစ်လာခြင်းကြောင့် နယ်စပ်ဖြတ်ကျော်သက်ရောက်မှုများရှိလာနိုင်မှု စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။

၈။ အကယ်၍စီမံကိန်းတွင် ထူးခြားသည့်ရုပ်ဝတ္ထု၊ သွင်ပြင်နှင့် အဆောက်အဦတို့ပါဝင်နေပြီး ယင်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့်ရပ်ရွာလူထုလူမှုဘဝဆိုင်ရာအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်ပါက ထိုအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများအား စီမံကိန်းလွှမ်းခြုံနယ်မြေ၏ အခြေအနေများအောက်တွင် သတ်မှတ်ဖော်ထုတ်ရမည်။ အခြေအနေပေါ်မူတည်၍ စီမံကိန်းလွှမ်းခြုံနယ်မြေတွင် အောက်ပါတို့ အကျုံးဝင်သည်။

- ထိခိုက်နိုင်သည့်နယ်မြေ - ထိခိုက်နိုင်သည့်နယ်မြေဆိုရာတွင် (၁) စီမံကိန်း[၁၃]၊ မိမိတို့မှ ထောက်ပံ့ဝန်ဆောင်မှုပေးထားသူတို့၏လုပ်ဆောင်မှုများ၊ ၎င်းတို့က (၎င်းတို့မှ ကန်ထရိုက်ပေးထားသူများ အပါအဝင်) ပိုင်ဆိုင်သော၊ လုပ်ကိုင်ဆောင်ရွက်နေသော၊

[၁၀] ဒေသအတွင်းမှာဖြစ်စေ၊ ကမ္ဘာ့နေရာအသီးသီးမှာဖြစ်စေတူညီသည့် သို့မဟုတ် ဆင်တူသည့် အခြေအနေများအောက်တွင်လုပ်ကိုင်ဖူးသည့် အတွေ့အကြုံများပြီး ကျွမ်းကျင်မှုရှိသူများထံမှရနိုင်သည့် အလုပ်ပိုင်းကျွမ်းကျင်မှု၊ ကြိုတင်သတိထားလုပ်ဆောင်မှု၊ ရှေ့တွင်ဖြစ်လာနိုင်သည်ကိုသတိထားမှု စသည်တို့ကို ဆောင်ရွက်ခြင်း။

[၁၁] ယခင်က မလုပ်ကိုင်ကြဘူးသေးသည့် လုပ်ငန်းနယ်ပယ်အသစ်တစ်ခုကို စတင်ခြင်း၊ အလွန်ကြီးမားကျယ်ပြန့်သော ချဲ့ထွင်လုပ်ဆောင်မှုဖြစ်ပြီး ယင်းတွင် မြေယာ၊ စက်ရုံအဆောက်အဦ၊ စက်ယန္တရားစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများကို တိုးချဲ့ဖော်ဆောင်လုပ်ကိုင်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝကို ဆိုးကျိုးထိခိုက်မည့်အခြေအနေရှိပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လိုအပ်သလို ပြောင်းလဲဆောင်ရွက်နိုင် မည့် အရာများကို စူးစမ်းခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဘက်ပေါင်းစုံသည့် ဆန်းစစ်ချက်တစ်ခု ကို လုပ်ဆောင်ရမည်။

[၁၂] အန္တရာယ်ဖြစ်ရန် အလားအလာအလွန်များသည့် အချို့အခြေအနေများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထူးခြားသည့် စီးပွားရေးလုပ်ငန်းများတွင် ဆောင်ရွက်ကြသည့်အတိုင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ဆန်းစစ်ချက်ကို လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများမရှိအောင်ကြိုတင်သတိထား အားထုတ်လုပ်ဆောင်သည့် လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းလုပ်ဆောင်ရမည်။

[၁၃] ယင်းတွင်ဥပမာအားဖြင့်စီမံကိန်းနေရာများ၊ ရေဝေကုန်းတန်းများ၊ ဝန်းကျင်တွင် လေထုမညစ်ညမ်းအောင်ကာကွယ်ထားသည့် လေထု၊ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်း စသည်တို့ ပါဝင်သည်။

စီမံနေသောအဆောက်အဦနှင့် လုပ်ငန်းနယ်မြေ၊ စီမံကိန်း၏ တစိတ်တဒေသ[၁၄] စသည်တို့ကြောင့် သက်ရောက်မှုရှိသည့်နယ်မြေ။ (၂) စီမံကိန်းကြောင့် နောက်ပိုင်းတွင်ဖြစ်စေ၊ နောက်တစ်နေရာတွင်ဖြစ်စေ ထပ်ဖြစ်လာနိုင်သည့် တိုးချဲ့လုပ်ကိုင်မှုများကြောင့် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်နယ်မြေ။ (၃)သက်ဆိုင်ရာ ရပ်ရွာလူထုက သူတို့ဘဝ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် မှီခိုအားထားနေရသည့် ဇီဝမျိုးစုံမျိုးကွဲများ (သို့မဟုတ်) ဂေဟစနစ်စသည်တို့ကို စီမံကိန်းက သွယ်ဝိုက်ပြီး ဆိုးကျိုးသက်ရောက်သွားနိုင်သည့်နယ်မြေ စသည်တို့ကိုဆိုလိုသည်။

- စီမံကိန်းအဆောက်အဦးမဟုတ်ပဲ ထပ်ပွားပြီးဖြစ်လာသည့် ဆက်စပ်အဆောက်အဦများ၊ ဝန်ဆောင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ – စီမံကိန်းက ထောက်ပံ့ပေး၍ ဆောက်လုပ်ထားခြင်းမဟုတ်သော်လည်း ယင်းစီမံကိန်းမရှိပါက ပေါ်ပေါက်လာစရာ(သို့မဟုတ် တိုးချဲ့စရာအကြောင်းမရှိသောအဆောက်အဦများ၊နေရာများကိုဆိုလိုသည်။ စီမံကိန်းအလုပ်ဖြစ် ရှင်သန်နေစေရန်အတွက်လည်း[၁၅] ယင်းထပ်ပွားပြီး ဖြစ်လာသည့်အဆောက်အဦများနေရာများကို စီမံကိန်းက မှီခိုနေရသည်။
- စုပေါင်း ဆက်စပ်သက်ရောက်မှု [၁၆]– စီမံကိန်းအသုံးပြုမှုကြောင့်ဖြစ်စေ၊ တိုက်ရိုက်သက်ရောက်မှုကြောင့်ဖြစ်စေနယ်မြေဒေသနှင့် သဘာဝသယံဇာတအပေါ် တဖြည်းဖြည်းချင်း ထပ်တိုး၍ဆိုးကျိုးများဖြစ်လာစေသည့် စုပေါင်းဆက်စပ်သက်ရောက်မှုအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ သိရှိသတ်မှတ်နိုင်သည့် လုပ်ငန်းစဉ်လုပ်ဆောင်နေစဉ် အခြားရှိနှင့်နေပြီးသည့် (သို့မဟုတ်) လုပ်မည်ဟု အစီအစဉ်ဆွဲထားသည့် (သို့မဟုတ်) ဖြစ်လာနိုင်သည်ဟု တွက်ချက်ထားသည့် ထပ်တိုးဖြစ်ပေါ်မှုများကြောင့်ဖြစ်လာသည့် စုပေါင်းဆက်စပ်သက်ရောက်မှု။

၉။ စီမံကိန်းလွှမ်းမိုးနယ်မြေအတွင်း အခြား တတိယအင်အားစုတခုကြောင့် အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများရှိလာပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အဆိုပါအခြားအင်အားစုများကို ထိန်းချုပ်၍လည်းကောင်း၊ အကျိုးစီးပွားရရှိမှုမှာ မလျော်ကန်သောပုံစံဖြင့်ရရှိနေခြင်းဟု သတိပြုခြင်းအားဖြင့်လည်းကောင်း အဆိုပါအန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းရန်လိုသည်။

၁၀။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူနေသူများအနေဖြင့် သင့်လျော်စွာ ထိန်းချုပ်လုပ်ကိုင်နိုင်သည့် နေရာများတွင်လုပ်ဆောင်မှုစံသတ်မှတ်ချက် ၂ (စာပိုဒ် - ၂၇ - ၂၉)နှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆(စာပိုဒ် ၃၀) တို့တွင် ဖော်ပြထားချက်များနှင့်အညီ ပင်မစီးပွားရေးလုပ်ငန်းအတွက် အဓိကလိုအပ်သောကုန်စည် (သို့မဟုတ်) ပစ္စည်းများကို စဉ်ဆက်မပျက်ပေးသွင်းသည့် လုပ်ငန်းကွင်းဆက်နှင့် ဆက်စပ်၍ဖြစ်လာသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုကိုဖော်ထုတ်သတ်မှတ်သည့် ဖြစ်စဉ်၌ထည့်သွင်းသုံးသပ်ရမည်။

၁၁။ စီမံကိန်းတွင် သီးသန့်ဖော်ထုတ်မှတ်သားထားသည့် ရုပ်ဝတ္ထု၊ သွင်ပြင်နှင့် အဆောက်အဦးစသည်တို့ ပါဝင်နေပြီး ယင်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု၏ လူမှုဘဝကိုဆိုးကျိုး သက်ရောက်ထိခိုက်နိုင်မည်ဆိုပါက စီမံကိန်းနယ်မြေတွင်လည်းကောင်း၊ စီမံကိန်းလွှမ်းခြုံနယ်မြေ[၁၇]တွင်လည်းကောင်း သက်ဆိုင်ရာ အစိုးရအာဏာပိုင်များ (သို့) စီမံကိန်းနှင့် တိုက်ရိုက်ပတ်သက်နေသည့် အခြားအင်အားစုများက လုပ်ဆောင်ထားသည့် သက်ဆိုင်သော၊ အသုံးချနိုင်သည့် အစီအစဉ်များ၊ လေ့လာမှုများ (သို့မဟုတ်) ဆန်းစစ်မှုများမှရရှိသည့် တွေ့ရှိချက်များ၊ ကောက်ချက်ချမှုများစသည်တို့ကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝထိခိုက်စေနိုင်သည့် အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများ သိရှိသတ်မှတ်

---

[၁၄] ယင်းတွင် ဥပမာအားဖြင့် ဓာတ်အားလိုင်း လမ်းကြောင်းများ၊ ပိုက်လိုင်းများ၊ ရေမြောင်းများ၊ တူးမြောင်းများ၊ နေရာပြောင်းရွှေ့ခြင်းများ၊ အဓိကအဝေးပြေးလမ်း(သို့)သီးသန့်နေရာတစ်ခုသို့ရောက်ရှိနိုင်သည့်လမ်းများ၊စွန့်ပစ်ပစ္စည်းစုပုံရန် ငှားရမ်းသည့်နေရာများ၊ ဆောက်လုပ်ရေးစခန်းများ၊ ညစ်ညမ်းသွားမည့်မြေနေရာများ (မြေကြီး၊ မြေအောက်ရေ၊ မြေပေါ်ရေနှင့် စွန့်ပစ်အနယ်များအပါအဝင်) စသည်တို့ပါဝင်သည်။

[၁၅] ယင်းအဆောက်အအုံများတွင် ရထားလမ်းများ၊ လမ်းများ၊ ဓာတ်အားထုတ်စက်ရုံများနှင့် ဓာတ်အားလိုင်းများ၊ ပိုက်လိုင်းများ၊ စက်ပစ္စည်းများ၊ ကုန်လှောင်ရုံများ၊ လုပ်ငန်းစီမံမှုအတွက် လိုအပ်သည့် အဆောက်အဦများ စသည်တို့ပါဝင်သည်။

[၁၆] စုပေါင်း ဆက်စပ်သက်ရောက်မှုဟုဆိုရာတွင် သိပ္ပံနည်းကျဆန်းစစ်ထားသော စိုးရိမ်စရာသက်ရောက်မှုများလည်း ပါဝင်သလို၊ ရပ်ရွာလူထုက စိုးရိမ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားထားသည်။ စုပေါင်းဆိုးကျိုးဥပမာများတွင် ဝန်းကျင်တွင် လေထုမညစ်ညမ်းအောင်ကာကွယ်ထားသည့် လေထုထဲသို့ ဓာတ်ငွေ့တဖြည်းဖြည်းဝင်ရောက်များပြားလာခြင်း၊ ရေထုတ်ယူခြင်းများလာ၍ ရေဝေကုန်းတန်းသို့ ရေစီးဆင်းမှုများနည်းပါးလာခြင်း၊ ရေဝေကုန်းတန်းတွင် အနယ်များစုပုံကျရောက်လာခြင်း၊ သားရိုင်းတိရိစ္ဆာန်များ ရွှေ့ပြောင်းသွားလာသော လမ်းကြောင်းကို ထိပါးပျက်စီးစေခြင်း၊ ရပ်ရွာလူထုသုံးကားလမ်းတွင် စီမံကိန်းယာဉ်များ အသွားအလာများသည့်အတွက် ယာဉ်ကြောကျပ်ခြင်း၊ ယာဉ်တိုက်မှုများတိုးလာခြင်း စသည်တို့ပါဝင်သည်။

[၁၇] မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်သိပ္ပံနည်းကျဆန်းစစ်ထားမှုများမှတွေ့ရှိထားသည့် ထိခိုက်သက်ရောက်မှုများ(သို့မဟုတ်) ဒေသဆိုင်ရာလေ့လာမှု၊ စုပေါင်းဆန်းစစ်ချက်များလုပ်ထားသည့် နယ်မြေတွင်းရှိ ထိခိုက်ခံရသော ရပ်ရွာလူထုများက စိုးရိမ်မှုများအပေါ် အခြေခံထားသည့် သက်ရောက်မှုများအား စီမံကိန်းက ထပ်တိုးလုပ်ဆောင်ပေးခြင်းများကို အလေးပေးလုပ်ဆောင်ရမည်။

ရေးလုပ်ငန်းစဉ်တွင်ထည့်သွင်းစဉ်းစားရမည်။ ယင်းတို့တွင် စီးပွားရေးဖွံ့ဖြိုးရေးအကြီးစားစီမံကိန်းများ၊ နိုင်ငံအဆင့် (သို့မဟုတ်)ဒေသအဆင့်စီမံကိန်းများ၊ လုပ်ဆောင်ရန်ဖြစ်မဖြစ်ကြည့်ရှုသည့်လေ့လာချက်များ၊ရွေးချယ်စရာအမျိုးမျိုးကို အပြန်အလှန်သုံးသပ်ချက်များ၊ စုပေါင်း၍ ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ (သို့မဟုတ်) ဗျူဟာကျကျဖြစ်စေလုပ်ဆောင်သည့် သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက်များစသည်ဖြင့် အလျဉ်းသင့်သလို ပါဝင်နိုင်သည်။ ထို့ပြင်ထိခိုက်သောရပ်ရွာလူထုနှင့်ထိတွေ့ဆက်ဆံညှိနှိုင်းသောလုပ်ငန်းစဉ်ကိုလည်း သဘာဝ ပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝ ထိခိုက်စေနိုင်သည့် အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများ သိရှိသတ်မှတ်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားရမည်။

၁၂။ စီမံကိန်းတွင် သီးသန့်ဖော်ထုတ်မှတ်သားထားသည့် ရပ်ဝန်းတွ၊ သွင်ပြင်နှင့် အဆောက်အဦစသည်တို့ ပါဝင်နေပြီး ယင်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု၏ လူမှုဘဝကို အန္တရာယ်ဖြစ်စေဆိုးကျိုးဖြစ်စေ သက်ရောက်ထိခိုက်နိုင်မည်ဆိုပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ် အစိတ်အပိုင်းအရ စီမံကိန်းကြောင့် ထူးထူးခြားခြားနှင့် သိသိသာသာပြင်းပြင်းထန်ထန်ထိခိုက်သွားနိုင်သည့် လူပုဂ္ဂိုလ်ဖြစ်စေ၊ လူအုပ်စုဖြစ်စေ ၎င်းတို့ကို သိရှိမှတ်သားထားရမည်။ ယင်းလူပုဂ္ဂိုလ်များ၊ လူအုပ်စုများသည် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များမှ ဖြစ်ပေါ်သော ဆိုးကျိုးသက်ရောက်မှုများကြောင့် ယင်းတို့၏ အကျိုးစီးပွားကို ထိခိုက်လွယ်စေသည့် (သို့မဟုတ်) အားနည်းထိခိုက်လွယ်သော အကာအကွယ်မဲ့အုပ်စုများ[၁၈]ဖြစ်၍ အခုကဲ့သို့ ဂရုထားလုပ်ဆောင်ရန်လိုအပ်သည်။ ထိုလူပုဂ္ဂိုလ်များ၊ လူအုပ်စုများကိုတွေ့ရှိပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့်စီမံကိန်းကြောင့်ဖြစ်လာသည့် ဆိုးကျိုးသက်ရောက်မှုများ ထိုသူတို့အပေါ် အဆမတန်ကျရောက်သွားမည်ကို တားဆီးရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းမှ ဖြစ်လာမည့်အောင်မြင်မှုများ၊ အခွင့်အလမ်းများကို ထိုသူတို့လည်း ခံစားနိုင်ရန်အလို့ငှာ သီးခြားအစီအစဉ်များကို သူတို့အားကမ်းလှမ်းခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်ရမည်။

## စီမံခန့်ခွဲမှုအစီအစဉ်များ

၁၃။ ဤစာအုပ်တွင်ဖော်ပြထားသည့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများနှင့် သက်ဆိုင်သောမူဝါဒ၊ ရည်မှန်းချက်များနှင့် အခြေခံမူများကို လိုက်နာခြင်းအားဖြင့် ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများသည် ဆိုးကျိုးများလျော့ကျစေသည့်အပြင် လုပ်ဆောင်မှု တိုးတက်လာစေသည့် နည်းလမ်းများကို ဖော်ပြထားသည့် စီမံခန့်ခွဲမှုအစီအစဉ်များ၊ သိရှိသတ်မှတ်ထားပြီးဖြစ်သည့် စီမံကိန်းကြောင့်ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝဆိုင်ရာ အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများကိုဖြေရှင်းသည့်လုပ်ငန်းများစသည်တို့ကိုတည်ဆောက်ထားရမည်။

၁၄။ စီမံကိန်း၏ သဘောသဘာဝနှင့် အတိုင်းအတာပေါ်မူတည်၍ထိုအစီအစဉ်များတွင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်၊ လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များစသည်တို့ကို ပေါင်းစုဖော်ပြထားသည့် စာရွက်စာတမ်းများနှင့် (ဥပဒေပိုင်းဆိုင်ရာ သဘောတူညီချက်များအပါအဝင်) ဆက်စပ်ပံ့ပိုးသည့် စာရွက်စာတမ်းများကို စနစ်တကျစီမံသိမ်းဆည်းခြင်းများ[၁၉] ပါဝင်နိုင်သည်။ ယင်းအစီအစဉ်များကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများ၏အဖွဲ့အစည်းတစ်ခုလုံးကလိုက်နာဆောင်ရွက်ရန်လိုသည်။ ထိုသို့ဆိုရာတွင် ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများနှင့် ဆက်စပ်နေသည့် ကန်ထရိုက်တာများ၊ ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုပေးသူများစသည့် သူတို့ကလည်း လိုက်နာဖို့လိုသလို၊ သီးသန့်ဖော်ထုတ်မှတ်သားထားသည် စီမံကိန်းနေရာများ၊ အဆောက်အအုံ၊ လုပ်ငန်းလုပ်ဆောင်မှုစသည်တို့နှင့်လည်း အကျုံးဝင်သက်ဆိုင်သည်။ သိရှိသတ်မှတ်ထားသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းရာတွင် သက်ရောက်မှုများအဆင့်အလိုက် လျှော့ချခြင်းနည်းလမ်းတွင် ဦးစွာ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားရမည်၊ မရှောင်ရှားနိုင်ပါက လျှော့ချရမည်။ ယင်းသို့ လုပ်ဆောင်ပြီးသည့် နောက်တွင် ထိခိုက်သက်ရောက်မှုကြွင်းကျန်များ ရှိနေသေးပါက နည်း

[၁၈] လူတစ်ဦးတစ်ယောက် (သို့မဟုတ်) အစုအဖွဲ့တစ်ခု၏ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေးသို့မဟုတ် အတွေးအခေါ်၊ အမျိုးသားရေး(သို့မဟုတ်)လူမှုရေးနောက်ခံ၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်းဆိုင်ရာနှင့် အခြား အဆင့်အတန်းတို့ကိုမူတည်၍ နှိမ့်ချခံထားရသူများ(သို့မဟုတ်) အကာအကွယ်မဲ့သူများအဖြစ် သတ်မှတ်ကြသည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ဥပမာ – လိင်ကွဲပြားမှု၊ အသက်၊ လူမျိုးစု၊ ယဉ်ကျေးမှု၊ စာပေတတ်မြောက်မှု၊ နာမကျန်းခြင်း၊ ကိုယ် (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်း၊ ဆင်းရဲမှု(သို့မဟုတ်)စီးပွားရေးအကျိုးစီးပွားမရမှု၊ သဘာဝရင်းမြစ်ကို မှီခိုနေရမှုစသည်တို့နှင့် ပတ်သက်သည့် အရေးများကိုလည်း စဉ်းစားရမည်။

[၁၉] သီးသန့်ဖြစ်သည့် ထိခိုက်သက်ရောက်မှုများနှင့်ပတ်သက်ပြီးထိခိုက်မှုလျော့ပါးစေရန် မည်သို့လုပ်ဆောင်မည်ဟု မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများနှင့် တတိယအင်အားစုများအကြား ဥပဒေကြောင်းအရ လက်ရှိသဘောတူညီချက်များ။ ဥပမာ – သဘောတူချက်တွင်ပါဝင်သည့် အစိုးရမှ စီမံသည့် ပြန်လည်နေရာချထားရေးဆိုင်ရာ တာဝန်များ။

ပညာပိုင်းအရ[၂၀]၊ ဘဏ္ဍာရေးအရ[၂၁]၊ လုပ်ဆောင်နိုင်သည့် အခြေအနေအရ ဖြစ်နိုင်ရင်ဖြစ်နိုင်သလို အစားလျော်ပေးခြင်း၊ လျော်ကြေးပေးခြင်း စသည်တို့ကို လုပ်ပေးရမည်။

၁၅။ သိရှိသတ်မှတ်ထားသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကို မရှောင်လွှဲနိုင်သည့် အခြေသို့ ဆိုက်လာသည့်အခါ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိခိုက်မှုလျော့ပါးအောင် လုပ်ဆောင်သည့် အစီအမံများလုပ်ဆောင်ရန်လိုအပ်သည့်အပြင် ၎င်းတို့၏ စီမံကိန်းသည် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်နေစေရန်နှင့် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ မှ ၈ အထိတွင် ဖော်ပြထားသည့် လိုအပ်ချက်များအတိုင်း လုပ်ဆောင်နေစေရန် တို့အတွက် လိုက်ဖက်သည့် ဆောင်ရွက်မှုများကို လုပ်နေရမည်။ စီမံကိန်းကြောင့်ဖြစ်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများအပေါ် မူတည်ပြီး စုပေါင်းထားသည့် စီမံခန့်ခွဲမှု အစီအစဉ်၏ အဆင့်အတိုင်းအတာနှင့် သတ်မှတ်ထားပြီးသောဖြေရှင်းသည့်နည်းလမ်းဦးစားပေးမှုတို့ကို စဉ်းစားချမှတ်ရမည်။ ထို့ပြင် ထိုစီမံခန့်ခွဲမှု အစီအစဉ်လုပ်ကိုင်ရာတွင် ထိခိုက်မှုရှိသွားသည် ရပ်ရွာလူထုနှင့် ဆက်ဆံညှိနှိုင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်၏ ရလဒ်ကိုလည်းသင့်လျော်သလို ထည့်သွင်းစဉ်းစားရမည်။

၁၆။ စီမံခန့်ခွဲမှု အစီအစဉ်များတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ[၂၂] ထည့်သွင်းချမှတ်ထားရမည်။ ယင်းလုပ်ငန်းစီမံချက်များတွင် အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများသိရှိသတ်မှတ်မှုလုပ်ငန်းစဉ်ကတွေ့ရှိလာသောပြဿနာများကိုဖြေရှင်းရန် လုပ်ငန်းများနှင့် ရည်မှန်းထားသော ရလဒ်များပါဝင်ရမည်။ ထို့ပြင် သတ်မှတ်ထားသော အချိန်အတိုင်းအတာတစ်ခုအတွင်း တိုးတက်မှုကို စောင့်ကြည့်နိုင်သော တိုင်းတာနိုင်သည့် လုပ်ဆောင်မှုညွှန်းကိန်း၊ ရည်ရွယ်ထားသည့် ပစ်မှတ် (သို့မဟုတ်) လက်ခံနိုင်သည့် စံနှုန်းစသည်များကို သတ်မှတ်ပြီးလျှင် မည်သည့်ရည်မှန်းချက်အမျိုးအစားကို မည်သည့် အရင်းအမြစ်များ၊ တာဝန်ခံမှုများနှင့် အောင်မြင်ပြည့်မီအောင်လုပ်မည် စသည်တို့ကိုလည်း ထည့်သွင်းချမှတ်ထားရမည်။ သင့်တော်မှုရှိပါက သိရှိသတ်မှတ်ထားသော အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများအားဖြေရှင်းရန် အခြားတတိယအင်အားစုများက ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ အခန်းကဏ္ဍကို စီမံခန့်ခွဲမှု အစီအစဉ်များ လုပ်ဆောင်နေစဉ် အသိအမှတ်ပြုကာ ပူးပေါင်းဆောင်ရွက်ရမည်။ အမြဲတစေ လှုပ်ရှားပြောင်းလဲနေသော စီမံကိန်းသဘောသဘာဝကိုကြည့်ပြီး အခြေအနေ ပြောင်းလဲလာသည့်အခါဖြစ်စေ၊ မမှန်းဆထားသောအရာများဖြစ်ပေါ်လာသည်ဖြစ်စေ၊ စောင့်ကြည့်လေ့လာ သုံးသပ်ခြင်းတို့မှ ရရှိချက်များကိုမူတည်၍ဖြစ်စေ စီမံခန့်ခွဲမှုအစီအစဉ်များကို လိုက်လျောညီထွေစွာပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သည်။

## အဖွဲ့အစည်းစွမ်းဆောင်ရည်နှင့် အရည်အချင်းရှိမှု

၁၇။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သင့်တော်ပြီး သက်ဆိုင်သည့် အခြားတတိယအင်အားစုများနှင့်ပူးတွဲကာ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ တစ်ခုကို တည်ဆောက်ထိန်းသိမ်းပြီး လိုအပ်သလို အားဖြည့်တည်ဆောက်သွားရမည်။ ထိုဖွဲ့စည်းပုံတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) ကို အကောင်အထည်ဖော်ရန်အတွက် တာဝန်ယူမည့်သူ၏အခန်းကဏ္ဍ၊ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။ စီမံခန့်ခွဲမည့်သူများအပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ရှင်းလင်းစွာဖော်ပြရမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုရယူသူ၏ အဖွဲ့အစည်းမှ အဓိက သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာတာဝန်များကို သေချာစွာသတ်မှတ်ပြီး တာဝန်ရှိသော ပုဂ္ဂိုလ်နှင့် အခြားပုဂ္ဂိုလ်တို့ကို ဆက်သွယ်ပြောကြားရမည်။ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုဘဝလုပ်ဆောင်ချက်များအားကောင်းပြီး စဉ်ဆက် မပြတ်အောင်မြင်စေရန်အတွက် လုံလောက်သော စီမံခန့်ခွဲမှုကို အာမခံရမည်ဖြစ်သလို လိုအပ်သော

---

[၂၀] နည်းပညာပိုင်း ဖြစ်နိုင်ချေဆိုသည်မှာ လက်တွေ့အခြေအနေတွင် ရနိုင်သည့် ကျွမ်းကျင်မှုအရည်အသွေးများ၊ ကရိယာပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများ စသည်တို့ အပေါ်တွင် မူတည်၍ အဆိုပြုထားသော တရားဝင်လုပ်ဆောင်ဖွယ်ရာ လုပ်ငန်းများကိုတွက်ချက်ခြင်းဖြစ်သလို ဒေသဆိုင်ရာအခြားအချက်အလက်များ ဖြစ်သည့်ရာသီဥတု၊ ပထဝီအနေအထားအရလူဦးရေကျဲပြန့်နေထိုင်မှု၊ အခြေခံအဆောက်အအုံ၊ လုံခြုံရေး၊ စီမံအုပ်ချုပ်မှု၊ စွမ်းဆောင်နိုင်ရည်၊ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင်စိတ်ချ ယုံကြည်နိုင်စွမ်းစသည့်အချက်များကိုလည်း ထည့်သွင်းတွက်ချက်ရမည်။

[၂၁] ဘဏ္ဍာရေးအရဖြစ်နိုင်ချေဆိုသည်မှာ စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု၊ လည်ပတ်မှုနှင့်ထိန်းသိမ်းမှုဆိုင်ရာ ကုန်ကျမှုများအပြင် ထပ်တိုးလုပ်ဆောင်ရမည့် အရေးယူ ဆောင်ရွက်မှုများအတွက် အပိုဆောင်းကုန်ကျလာမည့် ပမာဏကို စီးပွားရေးအရ ထည့်သွင်းတွက်ချက်ရမည်ဖြစ်သလို ထပ်ဆောင်းကုန်ကျငွေများ လိုအပ်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင်လုပ်နိုင်ရန် ရန်ပုံငွေ ရှိမရှိကိုလည်း ထည့်သွင်းစဉ်းစားရမည်။

[၂၂] ယင်းအနာဂတ်လုပ်ငန်းစီမံချက်များတွင် ထိခိုက်မှုများကို သက်သာလျော့ပါးအောင်လုပ်ရာတွင်မရှိမဖြစ်လိုအပ်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များ ပါဝင်ရမည်။ ဥပမာ - ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ်၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်။ ယင်းအနာဂတ်လုပ်ငန်းစီမံချက်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်ရန် လိုအပ်ချက်ရှိနေသည့် ကြားကွက်လပ်တစ်ခုကို ဖြည့်သည့် လုပ်ငန်းအစီအစဉ်ဖြစ်နိုင်သလို၊ လိုအပ်ချက်အရ သီးသန့်လုပ်ဆောင်ရသည့် လုပ်ငန်းစီမံချက်လည်း ဖြစ်နိုင်သည်။ ယင်းလုပ်ငန်းစီမံချက် ဝေါဟာရကို အချို့လုပ်ငန်းဆိုင်ရာ အသိုင်းအဝိုင်းတွင် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (သို့မဟုတ်) ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းအစီအစဉ်အဖြစ် နားလည်ကြသည်။ ဤနေရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဥပမာပေးစရာ အမျိုးမျိုးရှိနိုင်သည်။

လူအင်အားနှင့် ဘဏ္ဍာရေး အရင်းအမြစ်တို့ကိုလည်း ထောက်ပံ့ရမည်။

၁၈။ စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုဘဝအတွက် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသည့် အဖွဲ့အစည်းမှ အဓိကတာဝန်ယူထားသည့် သူများသည် အလုပ်ကိုအောင်မြင်အောင် လုပ်ဆောင်နိုင်ရန် အတွက်လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ လိုအပ်သည်။ ထို့အပြင် ထိုသူတို့ အနေဖြင့် အိမ်ရှင်နိုင်ငံ၏ စည်းမျဉ်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ လုပ်ဆောင်မှုစံ သတ်မှတ်ချက် ၁ မှ ၈ တွင် ပါဝင်ပြီး ဆီလျော်မှုရှိသည့် လိုအပ်ချက်များကို သိရှိထားရန်လိုအပ်သည်။ ထိုသူများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)အရ လိုအပ်သည့် သီးသန့်လုပ်ဆောင်ဖွယ်ရာများ၊ လုပ်ငန်းဆောင်တာများကို အထောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကိုပိုင်ဆိုင်ထားရမည်ဖြစ်ပြီး လုပ်ဆောင်မှုများကို အားကောင်းစွာနှင့် ပြီးပြည့်စုံစွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့် နည်းစနစ်များကိုလည်း သိရှိထားရမည်။

၁၉။ အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ယင်းလုပ်ငန်းနှင့် ပတ်သက်၍ အရည်အချင်းပြည့်ဝသောပုဂ္ဂိုလ်များက ပြုလုပ်သည့် လုံလောက်တိကျပြီး စူးစိုက်ပစ်မှတ်ထားသည့် စိစစ်လေ့လာသုံးသပ်မှုများ၊ တင်ပြမှုများပါဝင်သည်။ စီမံကိန်းသည် ကြီးမားသည့်ဆိုးကျိုးသက်ရောက်နိုင်သည် ဆိုပါက (သို့မဟုတ်) နည်းပညာပိုင်းဆိုင်ရာ ရှုပ်ထွေးများပြားသည့် အကြောင်းအခြင်းရာ ကိစ္စများပါဝင် ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ သိရှိ သိမှတ်သည့် လုပ်ငန်းစဉ်အတွက် အထောက်အကူပြုစေရန် အဖွဲ့အစည်းပြင်ပမှ ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူအသုံးပြုရမည်။

## အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း

၂၀။ စီမံကိန်းတွင် ဆိုးကျိုးသက်ရောက်မှုများဖြစ်နိုင်သော သီးသန့်ဖော်ထုတ်သတ်မှတ်ထားသည့် ရပ်ဝန်းများ၊ သွင်ပြင်များ၊ အဆောက်အဦများပါဝင်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူနေသူများအနေဖြင့် သင့်လျော်ပြီး သက်ဆိုင်သည့် တတိယအင်အားစုများနှင့် ပူးပေါင်းကာ စီမံကိန်းနှင့် ပတ်သက်သော မတော်တဆဖြစ်မှုနှင့် အရေးပေါ်ကြုံလာနိုင်သည့် အရေးတို့တွင် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)တွင် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်ကိုတည်ဆောက်ပြီး ယင်းစနစ်အတိုင်းဆက်လက်လုပ်ဆောင်ရမည်။ သို့မှသာ သက်ဆိုင်ရာ ရပ်ရွာလူထုနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် အကာအကွယ်ပေးနိုင်မည်ဖြစ်သလို၊ ထိခိုက်လာပါကလည်း ထိခိုက်မှုအတိုင်းအတာကို လျော့ကျအောင်လုပ်နိုင်ပေမည်။ ထိုသို့ပြင်ဆင်ဆောင်ရွက်မှုတွင် မတော်တဆမှုများနှင့် အရေးပေါ်အခြေအနေကြုံရနိုင်သည့် ဝန်းကျင်နေရာများ သတ်မှတ်ခြင်း၊ ထိခိုက်နိုင်သည့် ရပ်ရွာလူထုနှင့် လူပုဂ္ဂိုလ်များ သတ်မှတ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ လိုအပ်သည့် ပစ္စည်းကရိယာနှင့် အရင်းအမြစ်များထောက်ပံ့ခြင်း၊ တာဝန်ခွဲခြားသတ်မှတ်ခြင်း၊ ထိခိုက်နိုင်သည့် ရပ်ရွာလူထုကို ဆက်သွယ်ပုံအပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းချမှတ်ခြင်း၊ ရလဒ်ကောင်းမည့်တုံ့ပြန်ဆောင်ရွက်မှုဖြစ်စေရန် သင်တန်းများကို အချိန်အပိုင်းအခြားအလိုက်ပေးသွားခြင်း စသည်တို့ပါဝင်သည်။ ပြောင်းလဲလာသောအခြေအနေများနှင့်အညီ အရေးပေါ် အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း စနစ်ကို အချိန်အပိုင်း အခြားတခုထားပြီး ပြန်လည်သုံးသပ်ကာ မွမ်းမံပြင်ဆင်ရမည်။

၂၁။ လိုအပ်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိခိုက်နိုင်သည့် ရပ်ရွာလူထု (လုပ်ဆောင်မှု စံသတ်မှတ်ချက် ၄ ကိုကြည့်) နှင့် ဒေသခံအစိုးရဌာနများ၏ အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ပူးပေါင်းကူညီကာ အရေးပေါ်အခြေအနေကိုအကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းရမည်။ အထူးသဖြင့် ထိုသူတို့၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အရေးပေါ်အခြေအနေကို အားကောင်းစွာတုံ့ပြန်နိုင်ရေးတွင် မရှိမဖြစ်လိုအပ်သော အခါတွင် ဖြစ်သည်။ အကယ်၍ ဒေသခံအစိုးရဌာနများက တုံ့ပြန်ဆောင်ရွက်ရေးတွင် အားကောင်းစွာဆောင်ရွက်နိုင်သည့် အနေအထားတွင်မရှိပါက စီမံကိန်းနှင့် ပတ်သက်၍ ဖြစ်လာသောအရေးပေါ်အခြေအနေ ကိစ္စများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် တက်တက်ကြွကြွဖြင့် ရှေ့က ဦးဆောင်ကာပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။ မိမိတို့၏

ဝန်ဆောင်မှုများကို ရယူသူများအနေဖြင့် ၎င်းတို့၏ အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ အရင်းအမြစ်များနှင့် တာဝန်များကို စုဆောင်းပြုစုထားပြီး ထိခိုက်နိုင်သည့် ရပ်ရွာလူထုများနှင့် သက်ဆိုင်ရာ အစိုးရဌာနများထံ ဆီလျော်သည့် သတင်းအချက်အလက်များ ပေးပို့ရမည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၂။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် စီမံခန့်ခွဲမှုအစီအစဉ်၏ အကျိုးဖြစ်မဖြစ်နှင့် သက်ဆိုင်ရာဥပဒေကြောင်းအရဖြစ်စေ၊ စာချုပ်အရဖြစ်စေ၊ စည်းမျဉ်းလိုအပ်ချက်များအရဖြစ်စေ လိုက်နာကျင့်သုံးမှု ရှိမရှိတို့ကို တိုင်းတာသော၊ စောင့်ကြည့်လေ့လာသော လုပ်ငန်းစဉ်ကို ချမှတ်တည်ဆောက်ထားရမည်။ သီးသန့်ဖော်ထုတ်သတ်မှတ်ထားသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများနှင့်ဆက်စပ်သောသက်ရောက်မှုအနည်းဆုံးဖြစ်အောင်လုပ်ဆောင်သည့် အရေးယူဆောင်ရွက်ချက်များကိုဖော်ဆောင်ရန် အစိုးရ(သို့မဟုတ်) အခြား တတိယအင်အားစုများတွင်တာဝန်ရှိသည့်အခါ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများ အနေဖြင့် အဆိုပါသက်ရောက်မှုများ အနည်းဆုံးဖြစ်အောင် လုပ်ဆောင်သည့် အရေးယူဆောင်ရွက်ချက်များ ချမှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့တွင် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။ လိုအပ်ပါကစောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာထိခိုက်သည့် ရပ်ရွာလူထုမှာ ကိုယ်စားလှယ်များကို ထည့်သွင်းရန် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက စဉ်းစားသင့်သည်။[၂၇] မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ၏ အဖွဲ့အစည်းအတွင်းသင့်တော်သည့်တာဝန်ရှိသူအဆင့်က စောင့်ကြည့်လေ့လာရေးလုပ်ငန်းအစီအစဉ်ကို ကြီးကြပ်သင့်သည်။ သိသာထင်ရှားသည့် သက်ရောက်မှုများရှိသည့် စီမံကိန်းများဆိုပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုများအရ ရရှိထားသည့် သတင်းအချက်အလက်များကို ပြင်ပမှ ကျွမ်းကျင်သူများအား စိစစ်ပေးရန်စီစဉ်ရမည်။ စောင့်ကြည့်လေ့လာခြင်း အတိုင်းအတာဟုဆိုရာတွင် စီမံကိန်းကြောင့်ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူထုလူမှုဘဝဆိုင်ရာ အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ၏ အနေအထားပေါ်မူတည်ပြီး လုပ်ဆောင်ရမည်ဖြစ်သလို၊ လိုအပ်ချက်များနှင့်လည်း ကိုက်ညီရမည်။

၂၃။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာနှင့် ရှိနှင့်နေပြီးသော သက်ဆိုင်ရာ လုပ်ငန်းစီမံကြည့်ကြပ်မှုပိုင်းဆိုင်ရာတို့နှင့် ပတ်သက်သည့် အချက်အလက်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည့်အပြင်၊ အဖွဲ့အစည်းအတွင်း စစ်ဆေးခြင်း၊ လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းကို တရားဝင်စစ်ဆေးစေခြင်း၊ လိုအပ်သည့်နေရာ၌ ရည်မှန်းထားသည့် ရလဒ်ရ၊ မရနှင့် လိုက်နာဆောင်ရွက်မှု ရှိ၊မရှိကိုဆန်းစစ်ခြင်းတို့ ပါဝင်သော လျှပ်ရှားသက်ဝင်သည့် ယန္တရားစနစ်များကို အသုံးပြုသင့်သည်။ ပုံမှန်အားဖြင့် စောင့်ကြည့်လေ့လာခြင်းတွင် လုပ်ဆောင်မှုများနှင့် ပတ်သက်သော အချက်အလက်များကို မှတ်တမ်းပြုခြင်း ပါဝင်ပြီး ယင်းတို့ကို ယခင်စီမံခန့်ခွဲမှု အစီအစဉ်များတွင် သတ်မှတ်ထားသည့် အောင်မြင်မှုအခြေအနေပြညွှန်းကိန်းများ (သို့မဟုတ်) လိုအပ်ချက်များနှင့် နှိုင်းယှဉ်ကြည့်ရမည်။ သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်များက လိုလားသည့် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံနှင့် လုပ်ငန်းလုပ်ဆောင်မှုများနှင့် လိုက်လျောညီထွေအောင် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းကို ထိန်းညှိပြောင်းလဲရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် စောင့်ကြည့်လေ့လာခြင်းမှရသည့်ရလဒ်များကို မှတ်တမ်းတင် ပြုစုရမည် ဖြစ်ပြီး ပြုပြင်ပြောင်းလဲထားသည့် စီမံခန့်ခွဲမှုအစီအစဉ်နှင့် အနာဂတ်စီမံချက်များတွင်လိုအပ်သောအသစ်ပြင်ဆင်လိုက်သည့် ကြိုတင်ကာကွယ်ရေး ဆိုင်ရာအရေးယူလုပ်ဆောင်ချက်များကို သတ်မှတ်ဖော်ပြရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သင့်လျော်သည့်သက်ဆိုင်ရာ တတိယအင်အားစုများနှင့်ပူးပေါင်းကာ အသစ်ပြင်ဆင်ထားသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အရေးယူလုပ်ဆောင်မှုများကို အကောင်အထည်ဖော်လုပ်ဆောင်ပြီး ယင်းလုပ်ဆောင်ချက်များ အကျိုးရလဒ်ကောင်းကောင်း ထွက်ပေါ်ရန်အတွက် အချိန်နဲ့အမျှ စောင့်ကြည့်လေ့လာခြင်းအလုပ်ကို လုပ်ဆောင်နေရမည်။

၂၄။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ အဖွဲ့အစည်းမှ ထိပ်ပိုင်းဦးဆောင်သူများအနေဖြင့် စနစ်ကျသောအချက်အလက်စုဆောင်းမှုနှင့် သုံးသပ်မှုကို အခြေခံကာအချိန်အပိုင်းအခြားအလိုက် ပုံမှန်ပြုလုပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)အကောင်အထည်ဖော်လုပ်ဆောင်မှုအားကောင်းမှု ရှိ၊ မရှိ စိစစ်လေ့လာချက် အစီရင်ခံစာကို လက်ခံရရှိရမည်။ ထိုအစီရင်ခံစာက လွှမ်းခြုံမည့်အတိုင်းအတာနှင့် တင်ပြရမည့်ကြိမ်နှုန်းတို့သည် မိမိတို့၏ထောက်ပံ့ဝန်ဆောင်

[၂၇] ဥပမာအားဖြင့် ရေနှင့်ပတ်သက်၍ လေ့လာဆန်းစစ်အကဲဖြတ်ရာတွင် ပူးပေါင်းပါဝင်ခြင်း

မှုများကို ရယူထားသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) တွင်ဖော်ပြထားသည့် လုပ်ဆောင်မှုများ၏သဘောသဘာဝနှင့်အတိုင်းအတာပေါ်တွင်လည်း မူတည်ရမည်ဖြစ်သလို၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အခြားစီမံကိန်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရမည်။ မိမိတို့၏ဝန်ဆောင်မှုများကို ရယူထားသူများ၏ထိပ်ပိုင်းဦးဆောင်သူများအနေဖြင့်ထိုလုပ်ဆောင်ချက်စိစစ်လေ့လာချက်မှရလာသော ရလဒ်များကို အခြေခံပြီး ၎င်းတို့၏ မူဝါဒနှင့် ကိုက်ညီမှုရှိစေရန်၊ ချမှတ်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရှေ့အနာဂတ်အစီအစဉ်များကို လိုက်နာအကောင်အထည်ဖော်ခြင်းရှိစေရန်နှင့် ယင်းသို့ လုပ်ဆောင်ရာတွင် ရလဒ်ကောင်းထွက်ပေါ်စေရန်တို့အတွက်မရှိမဖြစ်လိုအပ်ပြီးသင့်တော်မှန်ကန်သည့်လုပ်ဆောင်မှုများကိုဆောင်ရွက်ရမည်။

## ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း

၂၅။ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝ အပေါ်သက်ရောက်လာနိုင်သည့် ဆိုးကျိုးများ[၂၄]မဖြစ်စေရန် စီမံလုပ်ဆောင်မှုအောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည့် ခိုင်မာပြီး အပြုသဘောဆောင်ကာ တဖက်နှင့်တဖက်အပြန်အလှန်တုံ့ပြန်ဆောင်ရွက်သည့်ဆက်ဆံဆောင်ရွက်ရေးတည်ဆောက်မှုအတွက်ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်းသည် အခြေခံကျသည့် အစိတ်အပိုင်း ဖြစ်သည်။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်းသည် ဆက်ခါဆက်ခါလုပ်နေရသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် အခြေအနေပေါ်မူတည်၍ လုပ်ရမည့် အတိုင်းအတာများ ကွဲပြားနိုင်သည့် အောက်ဖော်ပြပါလုပ်ငန်းများပါဝင်နိုင်သည် - ဆက်စပ်ပတ်သက်သူများနှင့်ပတ်သက်၍ သုံးသပ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းနှင့်ဖြန့်ချိခြင်း၊ တိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊ နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တရားနှင့် ထိခိုက်နိုင်သည့် ရပ်ရွာလူထုသို့ စဉ်ဆက်မပြတ် အစီရင်ခံခြင်း စသည်တို့ ပါဝင်သည်။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း၏ သဘောသဘာဝ၊ လုပ်မည့်ကြိမ်နှုန်း၊ အတိုင်းအတာ စသည်တို့သည် အခြေအနေပေါ်မူတည်၍ ကွဲပြားနိုင်ပြီး စီမံကိန်းကြောင့်ဖြစ်လာနိုင်သော အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ၊ စီမံကိန်း လုပ်ဆောင်မှုဖြစ်ပေါ်တိုးတက်သည့်အဆင့်အခြေအနေစသည်တို့နှင့် လိုက်လျောညီထွေဆောင်ရွက်ရမည်။

### ဆက်စပ်ပတ်သက်သော သူများနှင့် ပတ်သက်၍ သုံးသပ်ခြင်းနှင့် ဆက်ဆံဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲခြင်း

၂၆။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကိုစိတ်ပါဝင်စားနိုင်သည့် ဆက်စပ်ပတ်သက်သူများကိုသတ်မှတ်သင့်သည်။ ထို့နောက် ဆက်စပ်ပတ်သက်သူများ အားလုံးနှင့် (စာပိုဒ် ၃၄ တွင် ဖော်ပြထား) စေ့စပ်ညှိနှိုင်းဆောင်ရွက်ရာတွင် အထောက်အကူပေးမည့် ဆက်ဆံရေးလမ်းကြောင်းများကို စဉ်းစားရမည်။ စီမံကိန်းသည်သီးသန့်ဖော်ထုတ်သတ်မှတ်ထားသည့် ရုပ်ဝတ္ထု၊ သွင်ပြင်နှင့် အဆောက်အအုံတို့ပါဝင်ပြီး ယင်းတို့သည် ရပ်ရွာလူထုအတွက် သဘာဝပတ်ဝန်းကျင်နှင့်၎င်းတို့၏လူမှုဘဝအပေါ် ထိခိုက်နိုင်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိုရပ်ရွာလူထုကို သိရှိရန်နှင့်အောက်တွင် ဖော်ပြထားသော လိုအပ်ချက်များကို လုပ်ဆောင်ရန်တာဝန်ရှိသည်။

၂၇။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် စီမံကိန်းကြောင့် ဖြစ်လာနိုင်သော အန္တရာယ်နှင့် ဆိုးကျိုးထိခိုက်မှုအတိုင်းအတာများ၊ စီမံကိန်းလုပ်ဆောင်ပြီးစီးနေသည့် အဆင့်အခြေအနေ စသည်တို့အပေါ် မူတည်၍ ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ရမည်။ ယင်းသို့လုပ်ဆောင်ရာတွင် သက်ဆိုင်ရာထိခိုက်မည့် ရပ်ရွာလူထု၏ သွင်ပြင်လက္ခဏာများနှင့် အကျိုးစီးပွားများ စသည်တို့နှင့်လည်း လိုက်ဖက်အောင် ဆောင်ရွက်ရမည်။ လိုအပ်ပါက ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ရေး အစီအစဉ်တွင် အကာအကွယ်မဲ့ဖြစ်နေသော၊ အားနည်းထိခိုက်လွယ်သည့်လူများအား လုပ်ငန်းစဉ်တွင် ထိရောက်စွာ ပူးပေါင်းပါဝင်စေနိုင်မည့် နည်းလမ်းများကို ထည့်သွင်းရမည်။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်သည် ရပ်ရွာလူထုကိုယ်စားလှယ်များ[၂၅]အပေါ် လုံးလုံး လျားလျားမှီခိုနေရသောကြောင့်ထိုကိုယ်စားလှယ်များသည် သက်ဆိုင်ရာ ရပ်ရွာလူထုကို အမှန်တကယ် ကိုယ်စားပြုမှု ရှိ၊မရှိ၊ တိုင်ပင်ညှိနှိုင်းဆွေးနွေးပွဲ၏ရလဒ်ကို သက်ဆိုင်ရာရပ်ရွာလူထုသို့ အမှန်

[၂၄] အလုပ်သမားများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း၊ နစ်နာမှုများအား ဖြေရှင်းပေးသည့် လုပ်ငန်းစဉ်စသည်တို့နှင့်ပတ်သက်သည့် လိုအပ်ချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၂ တွင် တွေ့နိုင်သည်။

[၂၅] ဥပမာအားဖြင့် - ရပ်ရွာလူထုခေါင်းဆောင်များ၊ ရပ်ရွာအတွင်းရှိဘာသာရေးခေါင်းဆောင်များ၊ ဒေသဆိုင်ရာအစိုးရကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ၊ ကျောင်းဆရာများ၊ ထိခိုက်ခံရသည့် အစုအဖွဲ့တစ်ခု(သို့) တစ်ခုထက်ပို၍ ကိုယ်စားပြုနေသော အခြားသူများ

အတိုင်း အစီရင်ခံခြင်း ရှိ၊ မရှိ စသည်တို့ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သေချာစွာစိစစ်လုပ်ဆောင်နေရမည်။

၂၈။ အကယ်၍ စီမံကိန်းလုပ်ဆောင်မည့်နေရာကို မသိရသေးသော်လည်း ယင်းစီမံကိန်းသည် ဒေသခံရပ်ရွာလူထုကို ကြီးကြီးမားမားထိခိုက်လာနိုင်ရန် အကြောင်းရှိသည်ဆိုပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ရေး မူဘောင်ကို စီမံခန့်ခွဲမှု အစီအစဉ် အစိတ်အပိုင်းတစ်ခုအဖြစ် ပြင်ဆင်ထားရမည်။ ယင်းမူဘောင်တွင်ထိခိုက်ခံရမည့် ရပ်ရွာလူထုနှင့်အခြားဆက်စပ်ပတ်သက်သူများကို သိရှိသတ်မှတ်ရန် ယေဘုယျအခြေခံမူများနှင့် နည်းဗျူဟာများ၊ စီမံကိန်းမည်သည့်နေရာတွင် လုပ်မည်ဆိုသည်ကို သိရှိသည်နှင့် တပြိုင်နက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ဆောင်မှု စံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေသည့် ဆက်ဆံဆောင်ရွက်ရေးလုပ်ငန်းစဉ်တစ်ခုကို ပြင်ဆင်ထားရမည်။

## သတင်းအချက်အလက်များကို ဖွင့်ချထုတ်ပြန်ခြင်း

၂၉။ စီမံကိန်းဆိုင်ရာ အချက်အလက်များထဲမှ သက်ဆိုင်သည့်အချက်များကို ဖွင့်ချထုတ်ပြန်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ ရပ်ရွာလူထုနှင့် အခြားဆက်စပ်ပတ်သက်နေသောသူများအနေဖြင့် စီမံကိန်း၏အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများနှင့် အခွင့်အလမ်းများကို နားလည်နိုင်ပေမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများသည် ထိခိုက်နိုင်သောရပ်ရွာလူထုအနေဖြင့်သူတို့နှင့် သက်ဆိုင်သည့် အချက်အလက်များ[၂၆]ရရှိနေစေရန် လုပ်ဆောင် ဖို့လိုအပ်ပြီး ယင်းအချက်အလက်များတွင် - (၁) စီမံကိန်း ၏ရည်ရွယ်ချက်၊ သဘောသဘာဝ၊ အတိုင်းအတာ (၂) စီမံကိန်းဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်မည့်ကာလ (၃) ရပ်ရွာလူထုသို့ ကျရောက်နိုင်သည့် အန္တရာယ်များ၊ ဖြစ်လာနိုင်သည့်ဆိုးကျိုးသက်ရောက်နိုင်မှုများနှင့် ၎င်းတို့ကို လျော့ကျအောင်လုပ်နိုင်မည့် နည်းလမ်းများ (၄) စီမံရေး ဆွဲထားပြီးသော ဆက်စပ်သက်ဆိုင်သူများနှင့် ဆက်သွယ်ညှိနှိုင်းမည့် လုပ်ငန်းစဉ် (၅) ထိခိုက်နစ်နာမှု တိုင်ကြားနိုင်သည့် စနစ်များစသည်တို့ ပါဝင်သည်။

## ဆွေးနွေးတိုင်ပင်ခြင်း

၃၀။ သက်ဆိုင်ရာရပ်ရွာလူထုသည် စီမံကိန်းတစ်ခုကြောင့် အန္တရာယ်များနှင့် ဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်ဖွယ်ရှိသည့်အခါ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက သက်ဆိုင်ရာရပ်ရွာလူထုဖြင့် ဆွေးနွေးတိုင်ပင်ရမည်။ သို့မှသာ စီမံကိန်းကြောင့် ဖြစ်လာနိုင်သော အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများ၊ ၎င်းတို့ကို လျော့ကျနိုင်မည့် နည်းလမ်းများ စသည်တို့နှင့် ပတ်သက်သည့် သက်ဆိုင်ရာရပ်ရွာလူထု၏ အမြင်များကို ထုတ်ဖော်ခွင့်ပေးနိုင်မည်ဖြစ်ပြီး ယင်းအမြင်တို့ကိုမိမိတို့ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို တုံ့ပြန်ဆောင်ရွက်ပေးရမည်။ ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်က လိုအပ်သည့်ဆက်ဆံညှိနှိုင်းခြင်းအတိုင်းအတာနှင့်အဆင့်ကို စဉ်းစားရာတွင်စီမံကိန်းမှ ဖြစ်လာမည့်အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများ စသည်တို့၏အခြေအနေများနှင့်လည်းလိုက်ဖက်ရန်စဉ်းစားရမည်ဖြစ်သလို၊ ထိခိုက်မှုရှိမည့် ရပ်ရွာလူထုက ထုတ်ဖော်ပြောလာသည့် သူတို့၏ စိုးရိမ်မှုအခြေအနေနှင့် ဆီလျော်အောင်လည်းစဉ်းစားရမည်။ တိုင်ပင်ဆောင်ရွက်ခြင်းအားကောင်းစေရန် ယင်းလုပ်ငန်းစဉ်သည်နှစ်ဘက်အပြန်အလှန်တိုင်ပင်ကြသည့် လုပ်ငန်းစဉ်ဖြစ်သင့်ပြီး (၁)ယင်းလုပ်ငန်းစဉ်ကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုဘဝကို ကျရောက်လာနိုင်သည့်အန္တရာယ်နှင့်ဆိုးကျိုးသက်ရောက်မှုများအားသိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်၏ အစောပိုင်းကာလကတည်းက စတင်ထားရမည်။ အန္တရာယ်နှင့် ဆိုးကျိုးများ သက်ရောက်ဖြစ်ပေါ်လာပါက စဉ်ဆက်မပြတ် ဆက်လက်ဆောက်ရွက်ရမည်။ (၂)ယင်းလုပ်ငန်းစဉ်တွင် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကိုတင်ကြိုပြီး ထင်သာမြင်သာရှိရှိ ဖွင့်ချထုတ်ပြန်ကာ ဖြန့်ချီထားရမည်။ ယင်းအချက်အလက်များသည် သက်ဆိုင်သူတို့ သိလိုသော အချက်များဖြစ်ဖို့လိုအပ်သလို သမာသမတ်ကျ၊ အဓိပ္ပါယ်ပြည့်ဝပြီး အလွယ်တကူလက်လှမ်းမီရရှိနိုင်အောင်လည်းစီမံရမည်။ ထို့ပြင်ထိုအချက်အလက်များကိုရေးသားတင်ပြရာတွင် သက်ဆိုင်ရာရပ်ရွာ လူထုက နားလည်မည့် ယဉ်ကျေးမှုအရ သင့်တော်သော ဒေသခံဘာသာစကားကို သုံးစွဲရမည်။ (၃) ယင်းလုပ်ငန်းစဉ်တွင် စီမံကိန်းကြောင့်

[၂၆] စီမံကိန်း၏အတိုင်းအတာနှင့်ဆိုးကျိုးသက်ရောက်မှုပမာဏအနည်း အများပေါ်မူတည်ပြီး ရပ်ရွာလူထုသို့ပေးရမည့်သတင်းအချက်အလက် စာရွက်စာတမ်းများ သည် အမျိုးမျိုး ကွဲပြားနိုင်သည်။ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝလေ့လာဆန်းစစ်ချက်နှင့်လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်(ယင်းတွင်ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်သည့်အစီအစဉ်၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်၊ ဘေးအန္တရာယ်ရှိသည့်ရုပ်ဝတ္ထုပစ္စည်းများနှင့်ပတ်သက်ပြီးဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊ အရေးပေါ်ကိစ္စများ ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်၊ ရပ်ရွာလူထုကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းအစီအစဉ်၊ ဂေဟစနစ် ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းအစီအစဉ်၊ ဌာနေတိုင်းရင်းသားများ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ် - စသည်ဖြင့်)မှသည် အဓိကကျသည့် အကြောင်းအရာများနှင့် ဖြေရှင်းဖို့လုပ်ဆောင်ပေးမည့် အချက်များကို အကျဉ်းချုပ်တင်ပြထားပြီး နားလည်လွယ်သည့် အချက်အလက်များအထိ ပါဝင်သည်။ ထိုသတင်းအချက်အလက်စာရွက်စာတမ်းများတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ရပ်ရွာလူထုလူမှုဘဝဆိုင်ရာ မူဝါဒများကို ထည့်သွင်းရမည်ဖြစ်သလို၊ တင်ကြိုသတိထားလုပ်ဆောင်ခြင်းအားဖြင့် ဘဏ္ဍာရေးထောက်ပံ့သူများက လုပ်ဆောင်ထားသည့် ထပ်တိုးအရေးယူဆောင်ရွက်မှုများ၊ နည်းလမ်းများလည်း ထည့်သွင်းဖော်ပြရမည်။

တိုက်ရိုက်ထိခိုက်သော ရပ်ရွာလူထုနှင့် တိုက်ရိုက်မထိခိုက်သော ရပ်ရွာလူထုဟူ၍ရှိပါက ထိုရပ်ရွာလူထုနှစ်မျိုးလုံးကို ဆက်ဆံညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သော်လည်းတိုက်ရိုက်ထိခိုက်သောရပ်ရွာလူထုကို အဓိကထား၍ ဆက်ဆံညှိနှိုင်းဆောင်ရွက်မှုကို အားလုံးပါဝင်ရန် လုပ်ဆောင်[၂၇]ရမည်။ (၄) ယင်းလုပ်ငန်းစဉ်သည်ပြင်ပမှ အကျိုးအမြတ်ထုတ်ခြင်း၊ စွက်ဖက်ခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့မှ ကင်းလွတ်ရမည်။ (၅) ယင်းလုပ်ငန်းစဉ်တွင် အသုံးချနိုင်သည့် အခါတိုင်း အဓိပ္ပါယ်ပြည့်ဝသောပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ကိုပေးရမည်။ (၆) ယင်းလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ထားရမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများအနေဖြင့် ထိခိုက်သောရပ်ရွာလူထုမှ သုံးစွဲစေလိုသောဘာသာစကား၊ ထိုသူတို့၏ အဆုံးအဖြတ်ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်၊ ဆင်းရဲနိမ့်ကျသော (သို့မဟုတ်) အကာအကွယ်မဲ့သော အုပ်စုများ၏ လိုအပ်ချက်များ စသည့် အချက်များကို ဆွေးနွေး တိုင်ပင်လုပ်ဆောင်ခြင်းလုပ်ငန်းစဉ်တွင်ထည့်သွင်းစဉ်းစားပြီး ယင်းလုပ်ငန်းစဉ်၏ အတိုင်း အတာကိုစီမံဆုံးဖြတ်ရမည်။အကယ်၍မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများအနေဖြင့် ထိုကဲ့သို့သော လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်နေသည်ဆိုပါက ဖော်ပြခဲ့သော အချက်အလက်များသည် ထို ဆက်ဆံဆောင်ရွက်မှုများ၏ လုံလောက်သော မှတ်တမ်းသက်သေများ ဖြစ်ပါလိမ့်မည်။

**အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း**

၃၁။ သက်ဆိုင်ရာ ရပ်ရွာလူထုကို ကြီးမားသည့် ဆိုးကျိုးထိခိုက်မှုရှိနိုင်သည့် စီမံကိန်းများဖြစ်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူသည် အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့်ပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းစဉ် (ICP)ကိုလုပ်ဆောင်ရမည်။ ယင်းလုပ်ငန်းစဉ်ကို အထက်တွင် ဖော်ပြထားသည့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်တွင်ပါဝင်သည့်အဆင့်များပေါ်တွင်မူတည်၍တည်ဆောက်သွားရမည်ဖြစ်ပြီး ထိခိုက်သော ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်ခြင်းတို့လည်း ဖြစ်လာစေရမည်။ အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့်ပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းစဉ် (ICP)တွင် အမြင်များ၊ သတင်းအချက်အလက်များကို ထဲထဲဝင်ဝင်ဖလှယ်ခြင်း၊ စနစ်ကျပြီးအကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ကြခြင်းစသည်တို့ပါဝင်သည်။ သို့မှသာ သက်ဆိုင်ရာလူထုသို့ တိုက်ရိုက်ထိခိုက်မည့် ဆိုးကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ဆုံးဖြတ်လုပ်ဆောင်ရာတွင်အကျိုးဖြစ်မည်ဖြစ်သလိုဆိုးကျိုးများ လျော့နည်းအောင် လုပ်ဆောင်မည့်နည်းလမ်းများ၊ ဖွံ့ဖြိုးရေး အခွင့်အလမ်းနှင့် အကျိုးရလဒ်ဝေမျှပုံ၊ အကောင်အထည်ဖော်လုပ်ဆောင်ခြင်း စသည်တို့နှင့်ပတ်သက်၍ ထိခိုက်မှုရှိသွားသည့် ရပ်ရွာလူထု၏ အမြင်များလည်း ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။ အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့်ပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းစဉ် (ICP)တွင်(၁) အမျိုးသား၊ အမျိုးသမီး နှစ်ဘက်စလုံးမှအမြင်များပါဝင်စေရေးလုပ်ဆောင်ရမည်။ ထိုသို့လုပ်ရာတွင် လိုအပ်ပါက အမျိုးသားသပ်သပ်၊ အမျိုးသမီးသပ်သပ် ခွဲခြားစီစဉ်ပေးသည့် ဆွေးနွေးပွဲများ (သို့မဟုတ်) ဆက်ဆံညှိနှိုင်း ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးရမည်။ (၂) ဆိုးကျိုးသက်ရောက်မှုများ၊ ဆိုးကျိုးကို လျော့နည်းအောင်လုပ်သည့် နည်းလမ်းများ၊ အကျိုးစီးပွားခွဲဝေခြင်း စသည့်အရေးများနှင့် ပတ်သက်၍ အမျိုးသားများဘက်၊ အမျိုးသမီးများဘက် စသည့်အသိုင်းအဝိုင်းနှစ်မျိုးစလုံးမှ မတူညီသည့်စိုးရိမ်မှုများ၊ သဘောထားအမြင်များကို ရယူနိုင်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အဆိုပါလုပ်ငန်းစဉ်ကို မှတ်တမ်းပြုစုထားရမည်ဖြစ်ပြီး အထူးသဖြင့် ထိခိုက်သည့် ရပ်ရွာလူထု အပေါ်ကျရောက်နိုင်သည့် ဆိုးကျိုးများ၊ ယင်းတို့ကို ရှောင်ရှားနိုင်ရန် (သို့မဟုတ်) လျော့ကျသွားစေရန် လုပ်ဆောင်သည့် နည်းလမ်းများကို မှတ်တမ်းတင်ရမည်။ ထို့ပြင် သက်ဆိုင်ရာ ထိခိုက်သည့်ရပ်ရွာလူထုကိုလည်း သူတို့၏ စိုးရိမ်မှုများကို ထည့်သွင်း စဉ်းစားထားကြောင်း အသိပေးအကြောင်းကြားရမည်။

**ဌာနေ တိုင်းရင်းသားများ**

၃၂။ ဌာနေတိုင်းရင်းသားများကို ဆိုးကျိုးသက်ရောက်စေသည့် စီမံကိန်းများဖြစ်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် အသိပေးဆွေးနွေး တိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်းလုပ်ငန်းစဉ် (ICP)ကို လုပ်ဆောင်ရမည်ဖြစ်သလို အချို့သီးခြားအခြေအနေများတွင် ထိုသူတို့၏ လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့်သဘောတူညီမှု(Free, Prior, and Informed Consent; FPIC) ကို ရရှိရန်လိုအပ်သည်။ ဌာနေတိုင်းရင်းသားများအရေးနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်ပြီးမှ ရလာသည့် သဘောတူညီမှု (FPIC) ရရှိရန် လိုအပ်သည့် အခြေအနေများစသည်တို့ကို လုပ်ဆောင်မှု စံသတ်မှတ်ချက် ၇ တွင် ဖော်ပြထားသည်။

---

[၂၇] ဥပမာ - ယောကျ်ား၊ မိန်းမ၊ အသက်အရွယ်ကြီးသူများ၊ လူငယ်၊ မူရင်းရပ်ရွာဒေသမှ ထွက်ခွာပြောင်းရွှေ့လာရသူများ၊အနိမ့်ချခံနေရသော(သို့မဟုတ်) အကာအကွယ်မဲ့နေသာ လူများ (အုပ်စုများ)

### အစိုးရ က ဦးဆောင်ပြုလုပ်သည့် ဆက်စပ်ပတ်သက်သူများ ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း အောက်တွင် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်ရှိမှုများ

၃၃။ ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်းအရေးသည် အစိုးရ၏ တာဝန်ဖြစ်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သက်ဆိုင်ရာအစိုးရဌာနဖြင့် သူတို့ဖက်က ခွင့်ပြုနိုင်သည့် အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ရည်မှန်းချက်များနှင့် ကိုက်ညီသည့်ရလဒ်များရရှိအောင် လုပ်ဆောင်ရမည်။ ထို့ပြင်အစိုးရဖက်ကလုပ်ဆောင်နိုင်စွမ်းသည် အကန့်အသတ်ဖြစ်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများ ရယူထားသူများအနေဖြင့် ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်ချမှတ်ခြင်း၊အကောင်အထည်ဖော်ခြင်း၊ ကြည့်ရှုဆန်းစစ်ခြင်းစသည်တို့လုပ်ဆောင်ရာတွင် ရှေ့မှဦးဆောင်၍ တက်ကြွစွာလုပ်ဆောင်ရမည်။ အကယ်၍ ယင်းလုပ်ငန်းကို အစိုးရက လုပ်ဆောင်မှုသည် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်အတွက်လိုအပ်ချက်များကို မပြည့်မီပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် အသုံးဝင်မည့် နောက်ထပ်လုပ်ငန်းစဉ်တခုကို ဖြည့်စွက်ပေါင်းထည့် လုပ်ကိုင်ဖို့လိုသလို၊ လိုအပ်ပါက ထပ်မံပံ့ပိုးသည့် ဆောင်ရွက်ချက်များ ဖော်ထုတ်သတ်မှတ်ရန် လိုအပ်မည်။

## ပြင်ပဆက်ဆံရေးနှင့် ထိခိုက်နစ်နာမှုများ တိုင်ကြားနိုင်သည့် ယန္တရား စနစ်များ

### ပြင်ပဆက်ဆံရေး

၃၄။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်ပြင်ပဆက်ဆံရေးအတွက် လုပ်ငန်းအစီအစဉ်တခုကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းပြင်ပဆက်ဆံရေးတွင် အောက်ပါတို့ကို ဖော်ဆောင်နိုင်မည့်နည်းစနစ်များ ပါဝင်ရမည် (၁)ပြည်သူတို့နှင့် ဆက်ဆံရေးကို လက်ခံရယူခြင်း၊ မှတ်တမ်းပြုခြင်း။ (၂) ပေါ်ပေါက်သောအရေးကိစ္စများကို လေ့လာဆန်းစစ်ခြင်းနှင့် ယင်းတို့ကို ဖြေရှင်းနည်းများ ဆုံးဖြတ်ခြင်း။ (၃) တုံ့ပြန်မှုများပေးခြင်း၊ တုံ့ပြန်မှုများ အပေါ် ခြေရာကောက်ခြင်း၊ တုံ့ပြန်မှုများကို မှတ်တမ်းပြုခြင်း။ (၄) စီမံမှုကို သင့်လျော်သလို ထိန်းညှိခြင်း။ ထို့ပြင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူသူများအနေဖြင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခြင်းနှင့် ရပ်ရွာလူထုလူမှုဘဝရေရှည်တိုးတက်ဖွံ့ဖြိုးခြင်းဆိုင်ရာ အချိန်အပိုင်းအခြားအလိုက် အစီရင်ခံစာများကို ပြည်သူအများကြား လက်လှမ်းမီနေစေရေး ဆောင်ရွက်ရန်အတွက် လိုကြောင်းတိုက်တွန်းပါသည်။

### ထိခိုက်မှုရှိသည့် ရပ်ရွာလူထုအတွက် ထိခိုက်နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်

၃၅။ ထိခိုက်သည့်ရပ်ရွာလူထုများရှိလာသည့်အခါ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်တစ်ခုကို တည်ထောင်ပြီး ထိုမိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများကလုပ်ဆောင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ရပ်ရွာလူထု လူမှုဘဝဆိုင်ရာ လုပ်ဆောင်ချက်များကြောင့် ထိခိုက်မှုရှိသွားသည့် ရပ်ရွာလူထု၏ စိုးရိမ်မှုများ၊ နစ်နာမှုများကိုလက်ခံကြားနာကာဖြေရှင်းပေးရမည်။ ထိခိုက်နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်သည် စီမံကိန်း၏ အန္တရာယ်နှင့် ဆိုးကျိုးအတိုင်းအတာဖြင့် လျော်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းယန္တရားစနစ်ကို ထိခိုက်မှုရှိသောရပ်ရွာလူထုကအဓိကအသုံးပြုရန်ဖြစ်သည်။ နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်သည်ဆိုင်ရာ ရပ်ရွာလူထု၏ စိုးရိမ်ချက်များကို အလျင်အမြန်ဖြေရှင်းပေးနိုင်ရမည်ဖြစ်သလို၊ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် နားလည်လွယ်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် ဆွေးနွေးတိုင်ပင်မှုများလုပ်ရမည်။ ထိုသို့ဆွေးနွေး တိုင်ပင်ရာတွင်လည်း ဆိုင်ရာရပ်ရွာ၏ ယဉ်ကျေးမှုအရ သင့်တော်ရမည်ဖြစ်သလို၊ ဆိုင်ရာရပ်ရွာလူထုအားလုံး လက်လှမ်းမှီရမည်ဖြစ်သည်။ ၎င်းတို့အတွက် ကုန်ကျစရိတ်လည်း မရှိစေရပါ။ စိုးရိမ်မှုတင်ပြလာသော ရပ်ရွာလူထုအား ပြန်လည်လက်တုံ့ပြန်သည့် လုပ်ဆောင်ချက်များ မပေါ်ပေါက်လာစေရန်လည်း အလေးထားရမည်။ ယင်းနစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်က တရားဥပဒေကြောင်းအရ၊ အုပ်ချုပ်ရေးအရ အရေးယူဆောင်ရွက်မှုများကို ပိတ်ပင်ခြင်းမျိုး မဖြစ်စေရ။ ဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်သော လုပ်ငန်းစဉ်တလျောက် အဆိုပါ နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားစနစ်ရှိကြောင်းကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်သက်ဆိုင်ရာ ထိခိုက်သော ရပ်ရွာလူထု ကို အသိပေးနေရမည်။

## ထိခိုက်မှုရှိသော ရပ်ရွာလူထုကို စဉ်ဆက်မပြတ် အစီရင်ခံခြင်း

၃၆။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာထိခိုက်မှုရှိသည့် ရပ်ရွာလူထုထံ အချိန်အပိုင်းအခြားအလိုက် ပုံမှန်အစီရင်ခံစာ တင်ပြရမည်။ ထိုအစီရင်ခံစာတွင် ထိခိုက်မှုရှိသည့် ရပ်ရွာလူထု

အတွက် အန္တရာယ်(သို့မဟုတ်) ဆိုးကျိုးထိခိုက်မှုနှင့် ပတ်သက်၍ စီမံကိန်းက ဖြေရှင်းဆောင်ရွက်ထားပေးချက်များအခြေအနေကို ဖော်ပြရမည်ဖြစ်သလိုဆွေးနွေးတိုင်ပင်သည့်လုပ်ငန်းစဉ်များ၊ နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တရားစနစ်များဖြင့် ရှာဖွေသတ်မှတ်ထားသည့် အဆိုပါ ရပ်ရွာလူထု၏ စိုးရိမ်ချက်များ အရေးကိစ္စတို့ကိုလည်း ထည့်သွင်းရမည်။ ထိခိုက်မှုရှိသည့် ရပ်ရွာလူထု၏ စိုးရိမ်မှုနှင့်ပတ်သက်ပြီး ဖြေရှင်းလုပ်ဆောင်မည့်လုပ်ငန်းအစီအစဉ်များထဲတွင် အပြောင်းအလဲများရှိပါက ထိုပြောင်းလဲလိုက်သည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ရပ်ရွာလူထုသို့ ဆက်သွယ်အကြောင်းကြားရမည်။ ထိခိုက်ခံရသော ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုအတိုင်းအတာ ပေါ်မူတည်ပြီး ယင်းအစီရင်ခံစာကို အချိန်မည်မျှအပိုင်းအခြားတွင် ဘယ်နှစ်ကြိမ် ထုတ်ပြန်မည်ဆိုသည်ကို တွက်ချက်ရမည်။ သို့သော် တနှစ်လျှင်တစ်ကြိမ်အနည်းဆုံး ထုတ်ပြန်ရမည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၂)

# အလုပ်သမားနှင့် လုပ်ငန်းခွင်အခြေအနေ

### မိတ်ဆက်

၁။ အလုပ်အကိုင်ဖန်တီးခြင်း၊ ဝင်ငွေတိုးမြင့်လာအောင် လုပ်ခြင်းစသည်တို့ဖြင့် စီးပွားရေးတိုးတက်လာအောင် လုပ်ဆောင်ရာတွင် အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်များ[၁] ကာကွယ်ခြင်းကို တစ်ပြိုင်နက်တည်းလုပ်ဆောင်ရန် လိုအပ်သည်ဟု လုပ်ဆောင်မှုစံသတ်မှတ်ချက် ၂ က ညွှန်းဆိုသည်။ မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆိုအလုပ်သမားအင်အားသည်တန်ဖိုးရှိသောအရာဖြစ်ပြီးအလုပ်သမားနှင့် စီမံခန့်ခွဲမှုပိုင်း၏ ဆက်ဆံရေးသည် စီးပွားရေးကုမ္ပဏီတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသောနေရာက ပါဝင်သည်။ အလုပ်သမားနှင့် စီမံခန့်ခွဲမှုပိုင်း၏ ဆက်ဆံရေးကို ကောင်းမွန်အောင်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးပါကလည်း ခိုင်မာအောင်အောင်ထိန်းသိမ်းခြင်းစသည်တို့ကို အောင်မြင်အောင် မဆောင်ရွက်နိုင်ပါက အလုပ်သမားများ အလုပ်ထဲတွင်စိတ်ပါဝင်စားစွာ အမြဲနှစ်မြှုပ်လုပ်ကိုင်သည့် စိတ်ဓာတ်ကိုထိခိုက်စေနိုင်ပြီး လုပ်ငန်းစီမံကိန်းအောင်မြင်ရေးအတွက် အဟန့်အတားဖြစ်လိမ့်မည်။ အပြန်အလှန်အားဖြင့် အလုပ်သမားနှင့် စီမံခန့်ခွဲမှုပိုင်း၏ဆက်ဆံရေးကိုအပြုသဘောဆောင်သော နည်းလမ်းဖြင့် တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ခြင်း၊ အလုပ်သမားများအား မျှတစွာပြုမူဆောင်ရွက်ပေးခြင်း၊ ၎င်းတို့အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးကို လုပ်ဆောင်ပေးခြင်း စသည်တို့ဖြင့် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အကျိုးရလဒ်များ ဥပမာ – အလုပ်သမားများ လုပ်ငန်းဆောင်ရွက်ရာတွင် စံအရည်အသွေးပြည့်ဝခြင်း၊ ထုတ်လုပ်မှုအားကောင်းခြင်း စသည်တို့ကို ရရှိနိုင်ပေမည်။

၂။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော လိုအပ်ချက်များသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် ကုလသမဂ္ဂ[၂] တို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှချမှတ်ထားသောနိုင်ငံတကာ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၏ လမ်းညွှန်မှုများကို တစ်စုံတစ်ရာ အသုံးပြု၍ ရေးဆွဲထားသည်။

### ရည်မှန်းချက်များ

- အလုပ်သမားများအား မျှတအောင် စီမံဆောင်ရွက်ပေးခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ အခွင့်အလမ်းတန်းတူပေးခြင်း စသည်တို့ကို မြှင့်တင်ရန်
- အလုပ်သမားနှင့် စီမံခန့်ခွဲမှုပိုင်းအကြား ဆက်ဆံရေးကိုတည်ဆောက်၊ ထိန်းသိမ်း၊ တိုးတက်အောင်လုပ်ဆောင်ရန်
- သက်ဆိုင်ရာနိုင်ငံ၏အလုပ်သမားနှင့်အလုပ်အကိုင်ဆိုင်ရာ ဥပဒေများအတိုင်းလိုက်နာကျင့်သုံးမှုကိုတိုးမြှင့်ရန်
- ကလေးသူငယ်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ တတိယကြားခံအဖွဲ့မှ ခန့်အပ်ထားသည့်အလုပ်သမားများ၊ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများ၏ ထုတ်ကုန် (သို့မဟုတ်) ဆောင်ရွက်မှုရရှိရေးအတွက် လိုအပ်သည့်လုပ်ငန်းကွင်းဆက်တွင် လုပ်ကိုင်နေကြ

[၁] အောက်ခြေမှတ်စု ၂ တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက်များ၏ လမ်းညွှန်ချက်များနှင့်အညီ

[၂] ထိုနိုင်ငံတကာသဘောတူညီချက်များမှာ – အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ သဘောတူညီချက် ၈၇ – လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခွင့်နှင့် စည်းရုံးနိုင်ခွင့်ကို အကာအကွယ်ပေးခြင်း
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၉၈ – စည်းရုံးလုပ်ဆောင်နိုင်ခွင့်နှင့် စုပေါင်းတောင်းဆိုမှု
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၂၉ – အဓမ္မအလုပ်စေခိုင်းခြင်း
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၁၀၅ – အဓမ္မအလုပ်စေခိုင်းမှုကို ဖျက်သိမ်းခြင်း
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၁၃၈ – အနိမ့်ဆုံးလုပ်ခ
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၁၈၂ – ကလေးအလုပ်သမားများနှင့် ပတ်သက်၍ အဆိုးရွားဆုံးသော ပုံစံများ
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၁၀၀ – ညီမျှသည့်လုပ်ခလစာ
အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် ၁၁၁ – ခွဲခြားကန့်သတ်ခြင်း (အလုပ်ခန့်ခြင်းနှင့် အလုပ်အမျိုးအစား)
ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ သဘောတူညီချက် – ပုဒ်မ ၃၂ (၁)
ရွှေ့ပြောင်းအလုပ်သမားများနှင့် သူတို့၏မိသားစုတို့၏ အခွင့်အရေးကို အကာအကွယ်ပေးမှုနှင့် ပတ်သက်သည့် ကုလသမဂ္ဂ သဘောတူညီချက်

ရသူများကဲ့သို့သော အကာအကွယ်မဲ့သည့် အလုပ်သမားများအပါအဝင် အလုပ်သမားအားလုံးအား အကာအကွယ်ပေးရန်

- အလုပ်သမား၏ကျန်းမာရေးကို တိုးတက်စေရန်နှင့် ဘေးကင်းလုံခြုံရေးစိတ်ချရသော လုပ်ငန်းခွင် အခြေအနေများကို မြှင့်တင်ရန်
- အဓမ္မအလုပ်စေခိုင်းမှုကို ရှောင်ကြဉ်ရန်

## အသုံးပြုရာ နယ်ပယ်

၃။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်အား မည်သို့အသုံးချမည်ဆိုသည်ကိုသဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ်သက်ရောက်လာမည့် အန္တရာယ်များနှင့် ဆိုးကျိုးများအား ဖော်ထုတ်သတ်မှတ်သောလုပ်ငန်းစဉ်အတွင်း ထည့်သွင်းဆုံးဖြတ်ရမည်။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရာတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လုပ်ဆောင်မှု စံသတ်မှတ်ချက် (၁) တွင်ဖော်ပြထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) ကို အသုံးပြု၍ လုပ်ဆောင်ရမည်။

၄။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးချမည့် အတိုင်းအတာသည် မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများနှင့် အလုပ်သမားများအကြား အလုပ်ခန့်အပ်မှုဆိုင်ရာ ဆက်ဆံ ဆောင်ရွက်ရေးအပေါ် မူတည်သည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများက တိုက်ရိုက်ဆက်ဆံကွပ်ကဲနေသော အလုပ်သမားများ (တိုက်ရိုက်ခန့်အပ်ထားသော အလုပ်သမားများ)၊ တတိယအစုအဖွဲ့ကဆက်ဆံကွပ်ကဲ၍ စီမံကိန်း၏အရေးပါသော စီးပွားရေးလုပ်ငန်းစဉ်များ[၈]တွင် အချိန်ကာလ တာရှည်လုပ်ကိုင်သည့် အလုပ်သမားများ (မိမိတို့နှင့် လုပ်ငန်း စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာက ငှားရမ်းထားသော အလုပ်သမားများ)၊ မိမိတို့ဝန်ဆောင်မှုများကိုရယူထားသူများ၏ ပင်မစီးပွားရေးလုပ်ငန်းအတွက် အဓိကလိုအပ်သော ကုန်စည် (သို့မဟုတ်) ပစ္စည်းများကို စဉ်ဆက်မပျက်ပေးသွင်းနေသူများက ဆက်ဆံဆောင်ရွက်နေသောအလုပ်သမားများ (ထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတခု ဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်တွင် လုပ်ကိုင်နေသောအလုပ်သမားများ[၉])

### တိုက်ရိုက်ခန့်အပ်ထားသောအလုပ်သမားများ

၅။ မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် တိုက်ရိုက်ခန့်အပ်ထားသော အလုပ်သမားများနှင့်ပတ်သက်၍ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်အပိုဒ် ၈ မှ ၂၃ တွင် ပါဝင်သော လိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်ရမည်။

### မိမိတို့နှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာများက ငှားရမ်းထားသော အလုပ်သမားများ

၆။ မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် မိမိတို့နှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာများက ငှားရမ်းထားသော အလုပ်သမားများနှင့်ပတ်သက်၍ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက် အပိုဒ် ၂၃ မှ ၂၆ တွင် ပါဝင်သော လိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်ရမည်။

### ထုတ်ကုန် (သို့မဟုတ်) ဆောင်ရွက်မှုရရှိရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်ရှိ အလုပ်သမားများ

၇။ မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ထုတ်ကုန် (သို့မဟုတ်) ဆောင်ရွက်မှုရရှိရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်ရှိ အလုပ်သမားများနှင့်ပတ်သက်၍ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက် အပိုဒ် ၂၇ မှ ၂၉ တွင် ပါဝင်သော လိုအပ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်ရမည်။

## လိုအပ်ချက်များ

### လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်သမားများအား ဆက်ဆံစီမံမှု

#### လူသားအရင်းအမြစ်ဆိုင်ရာမူများနှင့် လုပ်ထုံးလုပ်နည်းများ

၈။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လူသားအရင်းအမြစ်ဆိုင်ရာမူများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်အကောင်အထည်ဖော်ရာတွင် လူသားအရင်းအမြစ်၏အရွယ်အစားနှင့် လုပ်သားအင်အားတို့အပေါ်မူတည်၍ ချမှတ်ရမည်ဖြစ်သလို အလုပ်သမားများအားဆက်ဆံစီမံရာတွင် ယခုလုပ်ဆောင်မှု စံသတ်

[၈] အဓိက အရေးပါသော စီးပွားရေးလုပ်ငန်းစဉ်များတွင် ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်ခြင်းလုပ်ငန်းများ အကျုံးဝင်ပြီး ယင်းတို့မရှိပါက သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်း လုံးဝဆောင်ရွက်နိုင်မည်မဟုတ်ပေ။

[၉] အရေးပါသောစီးပွားရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော ပစ္စည်းကရိယာများကို ပေးသွင်းရသောသူများကို အဓိကပေးသွင်းသူဟု ခေါ်သည်။

မှတ်ချက်၏ လိုအပ်ချက်များ၊ သက်ဆိုင်ရာနိုင်ငံဥပဒေ စသည်တို့နှင့်အညီ လုပ်ဆောင်ရမည်။

၉။ မိမိတို့၏ထောက်ပံ့ကူညီမှုများကို ရယူထားသူများ အနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးများနှင့် ပတ်သက်သောအချက်အလက်များကို ရှင်းလင်းပြီး နားလည်ရန်လွယ်ကူသော ဝေါဟာရများဖြင့် ရေးသား၍ အလုပ်သမားများသိရှိစေရန် ပေးအပ်ရမည်။ ထိုအလုပ်သမားအခွင့်အရေးများဟု ဆိုရာတွင် အလုပ်စဝင်သည့် ကာလမှသည် အချိန်ကာလနှင့်အညီ ပြောင်းလဲနေသော ၄င်းတို့၏ သတ်မှတ်အလုပ်ချိန်၊ လုပ်ခ၊ အချိန်ပိုအလုပ်ဆင်းခြင်း၊ အစားထိုးလျော်ပေးခြင်းနှင့် အခြားအကျိုးခံစားခွင့်များ အပါအဝင်ဖြစ်သော စုပေါင်းသဘောတူညီချက်များနှင့် သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားသည့် အလုပ်သမားရပိုင်ခွင့်၊ အလုပ်သမားအခွင့်အရေး၊ အလုပ်ရှင်တို့၏တာဝန်ပိုင်းဆိုင်ရာဥပဒေများပါဝင်သည်။

**လုပ်ငန်းခွင်အခြေအနေများနှင့်**
**အလုပ်ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ**

၁၀။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းတစ်ခုခုဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများကြား ညှိနှိုင်းသည့် လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ ဘသောတူညီချက် (စုပေါင်းတောင်းဆို ညှိနှိုင်းမှုဖြင့် အတည်ပြုထားသည့် သဘောတူညီချက်များ) (Collective Bargaining Agreement) တွင် ပါဝင်သူတစ်ဦးဖြစ်နေပါကထိုသဘောတူညီချက်များကိုလေးစားလိုက်နာရမည်။ ထိုသို့သောသဘောတူညီချက်များ မပေါ်ထွန်းနိုင်သည့်အခြေအနေတွင်၄င်း၊ (သို့မဟုတ်) ပေါ်ပေါက်ပြီးဖြစ်သော်လည်း လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ[၅]နှင့် သက်ဆိုင်သည့် ပြဿနာများကို မဖြေရှင်းနိုင်လျှင်၄င်း၊ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် ကြောင်းကျိုးဆီလျော်သော လုပ်ငန်းခွင်အခြေအနေဆိုင်ရာနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းများ[၆]ကို သတ်မှတ်ရမည်။

၁၁။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများက မည်သူမည်ဝါဆိုသည်ကို သိရှိအောင်လုပ်ပြီး အလားတူအလုပ်ကိုလုပ်ကိုင်ရသည့် ရွှေ့ပြောင်းအလုပ်သမားမဟုတ်သည့် အခြားအလုပ်သမားများနည်းတူ ထိုရွှေ့ပြောင်း အလုပ်သမားများအား အလုပ်ပိုင်းဆိုင်ရာ ရပိုင်ခွင့်များ ညီတူညီမျှ ရစေရန် လုပ်ဆောင်ပေးရမည်။

၁၂။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်အရ အလုပ်သမားများအား နေထိုင်စရာဝန်ဆောင်မှုများ[၇]ပေးရာတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် နေထိုင်စရာ၏ အရည်အသွေး၊ လိုအပ်သော အခြေခံဝန်ဆောင်မှုများ[၈] စသည်တို့နှင့် ပတ်သက်သည့် မူများချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်ရမည်။ နေထိုင်စရာ ဝန်ဆောင်မှုများပေးရာတွင်ခွဲခြားကန့်သတ်မှု မရှိခြင်း၊ ညီမျှသောအခွင့်အလမ်းပေးခြင်းစသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်ပေးရမည်။ အလုပ်သမားများအားနေထိုင်စရာ စီစဉ်ပေးရာတွင် အလုပ်သမားများ၏ လွတ်လပ်သောလှုပ်ရှားမှုများနှင့် လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့်တို့ကို မကန့်သတ်ရ။

**အလုပ်သမားအဖွဲ့အစည်းများ**

၁၃။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေသည် အလုပ်သမားများ အသင်းအပင်းဖွဲ့စည်းနိုင်ခြင်း၊ အလုပ်သမားများ အဟန့်အတားတစုံတရာမရှိပဲ ယင်းအသင်းများတွင် လွတ်လွတ်လပ်လပ် ပါဝင်နိုင်ခြင်း၊ စုပေါင်း၍ ညှိနှိုင်းသဘောတူညီမှု ရယူနိုင်ခြင်း စသည်တို့ကို အသိအမှတ်ပြုထားပါက

[၅] လုပ်ငန်းခွင်အခြေအနေဆိုင်ရာနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းများတွင် ဥပမာအားဖြင့် လုပ်ခနှင့် အကျိုးခံစားခွင့်များ၊ လုပ်ခလျှော့ချခြင်း၊ အလုပ်ချိန်နာရီ၊ အချိန်ပို အလုပ်ချိန်သတ်မှတ်မှု၊ အချိန်ပိုလုပ်ခ၊ နားချိန်၊ နားရက်၊ ကျန်းမာရေးအတွက်ပေးသောခွင့်၊ ကိုယ်ဝန်ဆောင်မီးဖွားခွင့်၊ အနားယူလည်ပတ်ခြင်း၊ အားလပ်ရက်စသည်တို့ပါဝင်သည်။

[၆] အကြောင်းကျိုးဆီလျော်သောလုပ်ငန်းခွင်အခြေအနေဆိုင်ရာနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာစည်းမျဉ်းများကို ဆန်းစစ်ရာတွင် (၁)ယင်းတို့သည်ထိုလုပ်ငန်းရှိရာ နေရာ၊ ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင်ရရှိသည့်အတိုင်းဖြစ်၊မဖြစ် (၂) ထိုလုပ်ငန်းနှင့်သက်ဆိုင်သည့် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ကိုယ်စားလှယ်များအကြား စုပေါင်းညှိနှိုင်းသဘောတူခြင်း (သို့မဟုတ်) အခြားအများအသိအမှတ်ပြုသည့် ညှိနှိုင်းသဘောတူခြင်း ရှိ၊မရှိ (၃) ခုံသမာဓိဖွဲ့၍ စီရင်ဆုံးဖြတ်ခြင်းရှိ၊မရှိ (၄) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများတွင် ဖော်ပြထားချက်များနှင့် ညီ၊မညီ စသည်တို့အပေါ်မူတည် ဆန်းစစ်ရမည်။

[၇] အဆိုပါဝန်ဆောင်မှုများကို မိမိတို့၏ထောက်ပံ့မှုကိုရယူထားသူများကဖြစ်စေ၊ တတိယအစုအဖွဲ့ကဖြစ်စေတိုက်ရိုက်ထောက်ပံ့ပေးရမည်။

[၈] လိုအပ်သော အခြေခံဝန်ဆောင်မှုဟုဆိုရာတွင် အနည်းဆုံးနေထိုင်စရာ အကျယ်အဝန်း၊ ရေရရှိမှု၊ သင့်လျော်သည့် မိလ္လာစနစ်နှင့် အမှိုက်စွန့်ပစ်စနစ်၊ အပူဒဏ်၊ အအေးဒဏ်၊ စိုစွတ်မှုဒဏ်၊ ဆူညံမှုဒဏ်၊ မီးဒဏ်၊ ရောဂါပိုးသယ်ဆောင်ထားသည့် တိရိစ္ဆာန်များစသည့်ဘေးများမှ လုံလောက်သော အကာအကွယ်ပေးမှု၊ လုံလောက်သည့် သန့်ရှင်းရေးပစ္စည်းများ ရှိမှု၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ချက်ပြုတ်စရာနေရာနှင့် ပစ္စည်းများသိမ်းဆည်းစရာနေရာရှိမှု၊ သဘာဝအလင်းရောင်နှင့် အခြားမီးအလင်းရောင် ရရှိမှု၊ အချို့နေရာများတွင် လိုအပ်မှုအရ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုရရှိမှု တို့ပါဝင်သည်။

မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုသက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ရမည်။ အကယ်၍သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများသည် အလုပ်သမားအသင်းအဖွဲ့များအား သိသိသာသာတင်းကြပ်ထားပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေဆိုင်ရာ၊အလုပ်ခန့်ထားခြင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များနှင့်ပတ်သက်သည့်အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန်ဖြစ်စေ၊ သူတို့၏ နစ်နာချက်များကို တိုင်တန်းရန်ဖြစ်စေ၊ စသည်တို့အတွက် အလုပ်သမားများ၏ အစားထိုးလုပ်ဆောင်ရန်ကြိုးပမ်းမှုများကိုမကန့်သတ်ရပါ။ မိမိတို့၏ ထောက်ပံ့ ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် ထိုအစားထိုးလုပ်ဆောင်မှုစနစ်များကို လွှမ်းမိုးရန်(သို့မဟုတ်)ထိန်းချုပ်ရန်မကြိုးစားရ။

၁၄။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက် စာပိုဒ် ၁၃ တွင်ဖော်ပြထားသည့် အခြေအနေများနှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများက ယင်းတို့ကို အကာအကွယ်မပေးထားသည့် အခြေအနေများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အလုပ်သမားများက ၎င်းတို့၏ ကိုယ်စားလှယ်ကိုရွေးချယ်ခြင်း၊ သူတို့နှစ်သက်ရာအလုပ်သမားအဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်း၊ စုပေါင်းတောင်းဆိုညှိနှိုင်းခြင်းစသည်တို့ကို မဟန့်တားရန် လိုအပ်သကဲ့သို့၊ ထိုသို့သော အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ခြင်း (သို့မဟုတ်) ပါဝင်ရန်ကြိုးစားခြင်း၊ စုပေါင်းတောင်းဆိုညှိနှိုင်းဖို့ လုပ်ဆောင်ခြင်းစသည်တို့ကို လုပ်ဆောင်နေသည့် အလုပ်သမားများအား ခွဲခြားကန့်သတ်ခြင်း (သို့) လက်စားခြေတုံ့ပြန်ခြင်းတို့ကို မပြုလုပ်ရ။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုအလုပ်သမားကိုယ်စားလှယ်များ၊ ထိုအလုပ်သမားအဖွဲ့အစည်းများဖြင့် ဆက်ဆံ၍ အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုအတွက် လိုအပ်သည့်အချက်အလက်များကို သင့်တော်သည့်အချိန်နှင့်အမီပေးရမည်။ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့်လည်း သက်ဆိုင်ရာလုပ်သားအင်အားထုအတွင်းမှ သင့်တော်သည့် အလုပ်သမားအရေးအတွက်ကို ကိုယ်စားပြုနိုင်သည့် အခြေအနေတွင်ရှိရမည်။

**ခွဲခြားကန့်သတ်မှုမရှိခြင်းနှင့် တန်းတူသောအခွင့်အလမ်း**

၁၅။ အလုပ်ခန့်အပ်ရာတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာအလုပ်လျှောက်သူ၏ အလုပ်ဆိုင်ရာအရည်အချင်းလိုအပ်ချက်ပြည့်မီ၊ မမီကိုမူတည်၍ မကြည့်ပဲ ထိုသူ၏ ပုဂ္ဂိုလ်ရေးသဘောသဘာဝလက္ခဏာ[၉]များကို မူတည်၍ အလုပ်မခန့်အပ်ရပေ။ အလုပ်ပိုင်းဆိုင်ရာဆက်ဆံရေးနှင့်ပတ်သက်၍ ဥပမာအားဖြင့် - အလုပ်သမားသစ်စုဆောင်းခြင်းနှင့် ငှားရမ်းခြင်း၊ လျော်ကြေးပေးခြင်း (လုပ်ခနှင့် အကျိုးခံစားခွင့်အပါအဝင်)၊ အလုပ်ခွင်အခြေအနေနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ခြင်း၊ သင်တန်းပို့လွှတ်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ရာထူးတိုးပေးခြင်း၊ အလုပ်မှ ရပ်ဆိုင်းခြင်း (သို့မဟုတ်) အငြိမ်းစားပေးခြင်း၊ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း စသည်တို့ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လုပ်ဆောင်ရာတွင် အလုပ်သမားတိုင်းအား တန်းတူသောအခွင့်အလမ်းပေး၍ မျှတစွာဆောင်ရွက်သောအခြေခံမူများ အတိုင်းဆောင်ရွက်ရမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် အလုပ်သမားများ အနှောင့်အယှက်ပေးခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ အမြတ်ထုတ်အသုံးချခံရခြင်းတို့မှကင်းဝေးအောင် အကာအကွယ်ပေးရန်လိုသလို ယင်းသို့ပြုမူမှုများကို ဖြေရှင်းရမည် (အထူးသဖြင့်အမျိုးသမီးအလုပ်သမားများနှင့် ပတ်သက်၍ပိုအလေးအထားရမည်)။ ရွှေ့ပြောင်းအလုပ်သမားများခွဲခြားကန့်သတ်ခြင်းမခံရအောင်ချမှတ်ထားသည့်အကာအကွယ်ပေးသည့်မူများအတိုင်း ဆောင်ရွက်စေရမည်။

၁၆။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများက ခွဲခြားကန့်သတ်ခြင်းမလုပ်ရန်တားမြစ်ပေးထားပါက ထိုသို့သောဥပဒေများအတိုင်း မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများက လိုက်ပါဆောင်ရွက် ရမည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေသည် အလုပ်အကိုင်နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှုမရှိခြင်းကို မည်သို့မျှဖော်ပြမထားပါက မိမိတို့ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အတိုင်း ပြည့်မီအောင် လုပ်ဆောင်ရမည်။ သက်ဆိုင်ရာနိုင်ငံ၏ဥပဒေများသည်ဤလုပ်ဆောင်ချက်စံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေမှုမရှိပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုနိုင်ငံ၏ ဥပဒေများကို ဖောက်ဖျက်ခြင်းမရှိပဲ အထက်ပါ အပိုဒ် ၁၅ တွင် ပါဝင်သောအချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ရမည်။

၁၇။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် အညီ လည်းဖြစ်ပြီး ယခင်ကဖြစ်ခဲ့သည့် ခွဲခြားကန့်သတ်မှုများအား ကုစားရန်

[၉] ကျား / မ၊ လူမျိုး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမှုရေး၊ ဌာနေတိုင်းရင်းသား၊ ဘာသာရေး (သို့မဟုတ်) ယုံကြည်မှု၊ မသန်စွမ်းမှု၊ အသက်၊ လိင်စိတ်သဘာဝ စသည့် အခြေအနေများ

အတွက် ထောက်ပံ့မှု (သို့မဟုတ်) ကာကွယ်မှုပေးသည့် အထူးဆောင်ရွက်ချက်များသည်၎င်း (သို့မဟုတ်) သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေနှင့်အညီလည်းဖြစ်ပြီးသီးသန့် အလုပ်ရာထူးတစ်ခုအတွက် သက်ဆိုင်သည့် လိုအပ်ချက်များအပေါ် အခြေခံ၍ ရွေးချယ်ထားခြင်းများသည်၎င်း ခွဲခြားဆက်ဆံမှုဟု မသတ်မှတ်နိုင်ပေ။

## လုပ်သားအင်အားလျှော့ချခြင်း

၁၈။ လူအများအပြားအားအလုပ်ထုတ်ပစ်ရမှု[၁၀] အခြေအနေတွင် ယင်းသို့မထုတ်ပစ်မီ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် လုပ်သားအင်အားလျှော့ချရေး[၁၁]အစား အခြားအစားထိုးလုပ်နိုင်သည့် အရာများကို ဆန်းစစ်လေ့လာရမည်။ အကယ်၍ အစားထိုးလုပ်ဆောင်စရာများမတွေ့ရှိပါက လုပ်သားအင်အားလျှော့ချခြင်းကြောင့် အလုပ်သမားများအပေါ် ကျရောက်မည့်ဆိုးကျိုးသက်ရောက်မှုများကို နည်းပါးစေရန်အတွက် လုပ်သားအင်အား လျှော့ချရေးအစီအစဉ်ကို ကောင်းမွန်စွာရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ လုပ်သားအင်အားလျှော့ချရေးအစီအစဉ်ကို ခွဲခြားဆက်ဆံမှုမရှိစေရေး အခြေခံမှုအပေါ်မူတည်၍ ရေးဆွဲရမည်ဖြစ်သလို အလုပ်သမားများ၊ အလုပ်သမားများ၏ အဖွဲ့အစည်းများ၊ (သင့်လျော်ပါက) အစိုးရစသည်တို့နှင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများကတိုင်ပင်၍ ရလာသည့်အချက်များကိုလည်းယင်းအစီအစဉ်တွင်ထည့်သွင်းစဉ်းစားရမည်။ အကယ်၍အလုပ်သမားအဖွဲ့အစည်းတစ်ခုခုဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများကြား ညှိနှိုင်းသည့်လုပ်ငန်းခွင်အခြေအနေနှင့်အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူညီချက်များ(စုပေါင်းတောင်းဆို ညှိနှိုင်းမှုဖြင့် အတည်ပြုထားသည့် သဘောတူညီချက်များ) ရှိနေပါက၊ ယင်းတို့ကိုလည်းထည့်သွင်းစဉ်းစားရန်လိုသည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများသည် အစိုးရဌာနဆိုင်ရာများကို အသိပေးရာတွင်၎င်း၊ အလုပ်သမားများနှင့် ယင်းတို့၏အဖွဲ့အစည်းများအား သတင်းအချက်အလက်ပေးခြင်း၊ဆွေးနွေးတိုင်ပင်ခြင်းပြုလုပ်ရာတွင်၎င်း၊ သက်ဆိုင်သည့် ဥပဒေပိုင်းဆိုင်ရာ၊ ကန်ထရိုက်စာချုပ်များဆိုင်ရာလိုအပ်ချက်အားလုံးနှင့်အညီဆောင်ရွက်ရမည်။

[၁၀] လူအများအပြားအားအလုပ်ထုတ်ပစ်ရမည့်အခြေအနေဆိုသည်မှာ စီးပွားရေးအရဖြစ်စေ၊ စက်မှုနည်းပညာပိုင်းအခြေအနေအရဖြစ်စေ၊ အဖွဲ့အစည်းဆိုင်ရာအခြေအနေအရဖြစ်စေ၊ အလုပ်သမားများ၏စွမ်းဆောင်ရည် (သို့မဟုတ်) ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေအနေများနှင့်မပတ်သက်သော အခြားအခြေအနေများအရဖြစ်စေ စသည့်အကြောင်းများကြောင့် အလုပ်သမားအများအပြားကို အလုပ်ထုတ်ရခြင်းကို ဆိုလိုသည်။

[၁၁] အစားထိုးလုပ်ဆောင်စရာများတွင် အလုပ်ချိန်ကို ညှိနှိုင်းပြီး လျှော့ချခြင်း၊ အလုပ်သမားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အစီအစဉ်များ၊ ထုတ်ကုန်ကျဆင်းသည့်ကာလများတွင် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများ စသည်တို့ ပါဝင်သည်။

၁၉။ အလုပ်ကထွက်ရမည့် တင်ကြိုအကြောင်းကြားစာများ၊ အလုပ်ထုတ်၊ အလုပ်နား၊ အလုပ်ထွက်ခြင်းတို့အတွက် အလုပ်သမားကိုဥပဒေကြောင်းအရပေးရမည့် လျော်ကြေးများနှင့် စုပေါင်းညှိနှိုင်းသဘောတူညီချက်များအရ ပေးရမည့်လျော်ကြေးများစသည်တို့အား သင့်လျော်သည့်အချိန်ကာလအတိုင်း အလုပ်သမားများအားလုံး လက်ခံရရှိအောင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သေချာစွာလုပ်ဆောင်ရမည်။ အလုပ်သမားများအား ပေးစရာကျန်နေသည့် ယခင်လစာငွေများ၊ လူမှုဘဝလုံခြုံမှုဆိုင်ရာအကျိုးခံစားခွင့်များ၊ အငြိမ်းစားလစာနှင့် အခြားအကျိုးခံစားခွင့်များ စသည်တို့ကို ပေးအပ်ရာတွင် (၁) အလုပ်သမား၊ အလုပ်ရှင်တို့ကြား ဆက်ဆံဆောင်ရွက်ရေးအဆုံးသတ်မည့်အချိန် (သို့မဟုတ်) ယင်းမတိုင်ခင်အချိန်တွင် အလုပ်သမားများကို ပေးအပ်ရမည် (၂) သင့်လျော်သလိုအလုပ်သမားများအတွက် အကျိုးခံစားခွင့် (သို့မဟုတ်) (၃) ငွေကြေးပေးအပ်မှုကို စုပေါင်းသဘောတူညီချက်တွင် ပါဝင်သည့် အချိန်စာရင်းအတိုင်း ပေးအပ်ရမည်။ အလုပ်သမားများအား အကျိုးခံစားခွင့်အတွက် ငွေကြေးပေးသည့်နေရာတွင် ယင်းသို့ ပေးအပ်ကြောင်း အထောက်အထားကိုလည်း အလုပ်သမားများအား ပေးအပ်ရမည်။

## ထိခိုက်နစ်နာမှုများကိုတောင်းဆိုနိုင်သည့် ယန္တယားစနစ်

၂၀။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အလုပ်သမားများ (အလုပ်သမားအဖွဲ့များပေါ်ထွန်းနေပါကလည်းအလုပ်သမားအဖွဲ့များအပါအဝင်) က၄င်းတို့၏လုပ်ငန်းခွင်နှင့်ပတ်သက်သောစိုးရိမ်မှုများကို တင်ပြနိုင်ရန်အတွက် နစ်နာမှုများကို တောင်းဆိုနိုင်သည့် ယန္တယားစနစ်တစ်ခုကို ၄င်းတို့အတွက် တည်ဆောက်ပေးထားရမည်။ အလုပ်စတင်ခန့်အပ်ထားချိန်မှစ၍ ထိုနစ်နာမှုများကိုတောင်းဆိုနိုင်သည့် ယန္တယားစနစ်ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူတို့အနေဖြင့် အလုပ်သမားများအားအသိပေးထားရမည်ဖြစ်ပြီး ၄င်းတို့လက်လှမ်းမီနိုင်ရေး လွယ်ကူရန်အတွက်လည်းစီမံပေးရမည်။ ထိုယန္တယားစနစ်တွင် သက်ဆိုင်ရာသင့်တော်သည့် စီမံကွပ်ကဲမှုပိုင်းမှ ပုဂ္ဂိုလ်များကိုလည်းထည့်သွင်းထားရမည်ဖြစ်သကဲ့သို့ ပွင့်လင်းမြင်သာပြီး အများနားလည်လွယ်သည့် လုပ်ငန်းစဉ်များကို အသုံးပြု၍ အလုပ်သမားများက တင်ပြလာသည့် အချက်များကို အလျင်အမြန်ဖြေရှင်း ပေးနိုင်ရမည်။ ထိုသို့ လုပ်ဆောင်ချက်များကိုလည်း သက်ဆိုင်ရာတင်ပြလာသော အလုပ်သမားများထံသို့ပြန်လည်သိရှိစေရန် လုပ်ဆောင်ရမည်။ စိုးရိမ်မှုတင်ပြလာသူများအား လက်စားခြေ တုံ့ပြန်ချက်

များမလုပ်ရ။ အမည်မဖော်ပဲ စိုးရိမ်မှုတင်ပြလာသည်များကိုလည်း ခွင့်ပြုရမည်ဖြစ်ပြီး၊ ယင်းတင်ပြချက်များကို ဖြေရှင်းပေးရမည်။ ယင်းယန္တယားစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်သူက အခြား တရားရေး (သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာ ဖြေရှင်းချက်များကို ရယူခြင်း (သို့မဟုတ်) အချင်းချင်းညှိနှိုင်းဖြေရှင်း၍ ပြေလည်မှုရယူခြင်း (သို့မဟုတ်) စုပေါင်းသဘောတူညီချက်ဖြင့် ပြေလည်မှုရယူခြင်း စသည့်နည်းလမ်းများအား အဟန့်အတားဖြစ်အောင် မလုပ်ဆောင်ရ။

## လုပ်သားအင်အားကို အကာအကွယ်ပေးခြင်း

### ကလေးအလုပ်သမား

၂၁။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ကလေးသူငယ်များကိုစီးပွားရေးအမြတ်ထုတ်သည့်အနေဖြင့် အလုပ်ပေးအပ်ခြင်း မလုပ်ဆောင်ရသလို ကလေးအတွက်အန္တရာယ်ရှိသော၊ ကလေး၏ ပညာရေးကိုထိခိုက်သော (သို့မဟုတ်)ကလေး၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာတိုးတက်မှုကိုထိခိုက်စေမည့် မည်သည့်အလုပ်ကိုမှ စေခိုင်းခြင်းမပြုရပေ။ အလုပ်သမားများထဲတွင် ၁၈ နှစ်အောက် အလုပ်သမားအားလုံးကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ခံယူထားသူများအနေဖြင့် မည်သူမည်ဝါသိရှိအောင် မှတ်တမ်းတင်ထားရမည်။ အရွယ်မရောက်သေးသူများအား အလုပ်ခန့်အပ်နိုင်ကြောင်း သက်ဆိုင်ရာနိုင်ငံဥပဒေများတွင်ပြဌာန်းထားပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိုဥပဒေများအား အသုံးချရန်ဖြစ်နိုင်၊ မဖြစ်နိုင်ကို လေ့လာရမည်။ ဘေးအန္တရာယ်များသောအလုပ်များ[၁၂]ကို အသက် ၁၈ နှစ်အောက်ကလေးများအားအလုပ်မခန့်ရပေ။ အသက်၁၈နှစ်အောက်အလုပ်သမားတိုင်းကိုလည်းလုပ်ငန်းခွင်အန္တရာယ်ကင်းမကင်းဆန်းစစ်လေ့လာချက်ကို လုပ်ဆောင်ဖို့လိုအပ်ပြီး ထိုသူတို့၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အခြေအနေ၊ အလုပ်ချိန်တို့ကို ပုံမှန်လေ့လာကြည့်ရှုရမည်။

### အဓမ္မ ခိုင်းစေခံရသည့်အလုပ်သမား

၂၂။ တစ်စုံတစ်ဦးတစ်ယောက်အား ခြိမ်းခြောက်၍ဖြစ်စေ၊ ပြစ်ဒဏ်ပေးခြင်းဖြင့်ဖြစ်စေ သူ၏သဘောဆန္ဒမပါပဲ အလုပ်လုပ်ရခြင်း၊ ဝန်ဆောင်မှုပေးရခြင်းစသည် တစ်ခုခုဖြင့် ပတ်သက်နေသည့် အဓမ္မခိုင်းစေခြင်းကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် မလုပ်ရပါ။ ယင်းတွင် မိမိဆန္ဒမပါသော(သို့မဟုတ်)မဖြစ်မနေလုပ်နေရသော အလုပ်လုပ်ရခြင်း မှန်သမျှ အကျုံးဝင်သည် - ဥပမာ - စာချုပ်(သို့) အကြွေးဖြင့် ချည်နှောင်၍ အဓမ္မအလုပ်စေခိုင်းခံရသူများ၊ အကြွေးပြန်ကျေအောင် အလုပ်လုပ်ပေးရသူများ၊ အလားတူအလုပ်လုပ်ပေးရမည်ဟု သဘောတူချက်များဖြင့် လုပ်နေရသူများစသူများပါဝင်သည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လူကုန်ကူးခံရသူများ[၁၃]ကို အလုပ်မခန့်အပ်ရပါ။

## လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

၂၃။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လုံခြုံပြီး ကျန်းမာရေးအရ စိတ်ချရသော လုပ်ငန်းခွင်ကိုဖန်တီးပေးရမည်။ ထိုသို့လုပ်ဆောင်ရာတွင် လုပ်ငန်းခွင် ကဏ္ဍအလိုက်ဖြစ်လာနိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ အရာဝတ္ထုများ၊ ဓာတုပစ္စည်းများ၊ ဇီဝဆိုင်ရာ၊ ဓာတုသတ္တိကြွဓာတ်ရောင်ခြည်ဆိုင်ရာစသည့်တို့မှ ဖြစ်လာနိုင်သော လုပ်ငန်းခွင်ဆိုင်ရာအသီးသီးသောဘေးအန္တရာယ်အမျိုးအစားများကိုထည့်သွင်းတွက်ချက်ရမည်။ အမျိုးသမီးများအတွက် သီးခြားဖြစ်နိုင်သည့် အန္တရာယ်များအပါအဝင် အလုပ်ခွင်အတွင်း (သို့မဟုတ်) လုပ်ငန်းခွင်နှင့်ဆက်စပ်သော အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းရင်းများကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက တတ်နိုင်သမျှလျှော့ချကာကွယ်ထားခြင်းဖြင့် မတော်တဆထိခိုက်မှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ရောဂါဝေဒနာများစသည်တို့ အလုပ်သမားများ မထိခိုက်၊ မခံစားရအောင် လုပ်ဆောင်ထားရမည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ

[၁၂] ဘေးအန္တရာယ်များသောအလုပ်များတွင် (၁) ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ထိပါးကျူးလွန်ခံရသည့်အလုပ်များ (၂) မြေအောက်၊ ရေအောက်၊ မြင့်မားသောနေရာများ၊ ကျဉ်းကျပ်ပိတ်လှောင်နေသောနေရာများတွင်လုပ်ရသည့်အလုပ်များ (၃)အန္တရာယ်များသော စက်ကရိယာများ၊ စက်ပစ္စည်းများ၊ တန်ဆာပလာများကို အသုံးပြုရသည့် အလုပ်များ၊ အလေးအပင်ထမ်းရွက်ရသည့် အလုပ်များ (၄) အန္တရာယ်များသည့် ဓာတ်ပစ္စည်းများ၊ ဓာတ်ပစ္စည်းထုတ်လုပ်မှုများ၊ အပူချိန်၊ ဆူညံသံ၊ တုန်ခါမှု စသည့်အခြေအနေအောက်တွင် လုပ်ရသည့်အလုပ်များ (၅) အလုပ်ချိန ရှည်ကြာခြင်း၊ ညနက်သည့်အချိန်တွင်လုပ်ရခြင်း၊ အလုပ်ရှင်က သတ်မှတ်ထားသည့် နေရာဝန်းကျင်တွင်သာလုပ်ရခြင်း စသည့်ခက်ခဲသည့် အလုပ်ခွင်အခြေအနေများ စသည်တို့ပါဝင်သည်။

[၁၃] လူကုန်ကူးခြင်းကိုအဓိပ္ပါယ်ဖွင့်ရာတွင် ခြိမ်းခြောက်၍ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ၊ ဖိအားပေးခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်ညာခြင်း၊ လှည့်စားခြင်း၊ အာဏာအလွဲသုံးခြင်းစသည့် မည်သည့်နည်းဖြင့်ဖြစ်စေ (သို့မဟုတ်) အကာအကွယ်မဲ့ခြင်းကို အခွင့်ကောင်းယူ၍ဖြစ်စေ၊ အခြားတစ်ဦးတစ်ယောက်အား ထိန်းချုပ်၍ အကြင်သူတစ်ဦးအား ငွေကြေး၊အကျိုးခံစားခွင့်ပေးပြီး သဘောတူမှုရယူရန် လုပ်ခြင်းဖြင့်ဖြစ်စေ အမြတ်ထုတ်အသုံးချရန်ရည်ရွယ်ချက်ဖြင့် တစ်စုံတစ်ဦးအား အလုပ်ခန့်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ နေစရာပေးခြင်း၊ လက်ခံထားခြင်းတို့ အကျုံးဝင်သည်။ အမျိုးသမီးများနှင့် ကလေးများသည် လူကုန်ကူးခံရသည့်ဘေးကို ပိုကြုံရနိုင်သည်။

လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းများက ကိုင်စွဲထားသည်တို့ကို ဖော်ပြထားသည့် နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကောင်းများ[၁၄]နှင့် အညီ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ခံယူထားသူများ အနေဖြင့်ပူးတွဲပါ အရေးကိစ္စများကို လုပ်ဆောင်ရမည်။ (၁) အလုပ်သမားများအား ထိခိုက်လာနိုင်သည့် အန္တရာယ်များကို သိရှိအောင်လုပ်ထားရမည်၊ အထူးသဖြင့် အသက်အန္တရာယ်ထိခိုက်နိုင်သည့် အရေးကိစ္စတို့ကို အထူးအလေးထားရမည်။ (၂) အန္တရာယ်များသောအရာများ၊ အခြေအနေများအား အန္တရာယ်လျော့ပါးစေအောင် မွမ်းမံပြောင်းလဲခြင်း၊ အစားထိုးလဲလှယ်ခြင်း၊ ပယ်ဖျက်လိုက်ခြင်းစသည်တို့ကို လုပ်ဆောင်ရမည်။ (၃) အလုပ်သမားများအား သင်တန်းပေးခြင်း။ (၄) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ ရောဂါများ၊ ထိခိုက်မှုများကို သေချာစွာမှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း။ (၅) အရေးပေါ်ကိစ္စများအတွက် ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ထားခြင်း၊ ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ခြင်းတို့အား လုပ်ဆောင် ထားရမည်။ အရေးပေါ်ကိစ္စအတွက် ပြင်ဆင်ထားခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ထပ်ဆောင်းအချက်အလက်များရယူလိုက လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ ကိုညွှန်းလိုပါသည်။

## ကြားခံတတိယအုပ်စုနှင့် ဆက်ဆံဆောင်ရွက်ရသော အလုပ်သမားများ

၂၄။ ကြားခံတတိယ အုပ်စုက ကန်ထရိုက်စာချုပ်များဖြင့် ခန့်အပ်ထားသောအလုပ်သမားများနှင့် ပတ်သက်ပြီး မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယင်းအလုပ်သမားများအား ဆက်ဆံဆောင်ရွက်နေသည့် ကြားခံတတိယအုပ်စုများသည် သိက္ခာရှိသည့် တရားဝင်အဖွဲ့အစည်းများ ဖြစ်မဖြစ် သေချာစွာ ဆန်းစစ်ထားရန်သလို ထိုတတိယအုပ်စုတို့သည်ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက် (စာပိုဒ် ၁၈-၁၉ နှင့် စာပိုဒ် ၂၇-၂၉ တို့မှအပ)တွင်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီဖြစ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ် (ESMS) ကို မူတည်၍ လုပ်ဆောင်စေရမည်။

၂၅။ တတိယအုပ်စုက လုပ်ဆောင်ချက်များသည် ဤ လုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ လေ့လာဆန်းစစ်နိုင်ရန်၊ စီမံနိုင်ရန်တို့အတွက်မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကိုရေးဆွဲရမည်။ ထို့ပြင် ယင်းတတိယအုပ်စုနှင့် ချုပ်ဆိုသော ကန်ထရိုက်စာချုပ်သဘောတူချက်များတွင် အဆိုပါလိုအပ်ချက်များ ပါဝင်စေရန်အတွက် လုပ်ဆောင်နိုင်ခြေရှိရင်ရှိသလောက်တိုက်တွန်းလုပ်ဆောင်နေရမည်။

၂၆။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စာပိုဒ် ၂၄ နှင့် ၂၅ တွင် ဖော်ပြထားသည့် ကန်ထရိုက်စာချုပ်ဖြင့် လုပ်ကြရသော အလုပ်သမားများအား ထိခိုက်နစ်နာမှုများကိုတိုင်ကြားနိုင်သည့် ယန္တယားစနစ်အား လက်လှမ်းမီစေရန်လုပ်ဆောင်ပေးရမည်။ အကယ်၍ကြားခံတတိယအုပ်စုတွင် ယင်းသို့ထိခိုက်နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တယားစနစ်မရှိပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် မိမိတို့၏ကိုယ်ပိုင်ထိခိုက်နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တယားစနစ်အား ကြားခံတတိယအုပ်စုက ခန့်အပ်ထားသည့် အလုပ်သမားများအတွက် အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ပေးရမည်။

## ထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတခုဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်း ကွင်းဆက်

၂၇။ မိမိတို့ ပင်မစီးပွားရေးလုပ်ငန်းစဉ်အတွက် အဓိက လိုအပ်သော ကုန်စည် (သို့)ပစ္စည်းများကို စဉ်ဆက်မပြတ် ပေးသွင်းနေသည့်လုပ်ငန်းကွင်းဆက်များတွင် ကလေးလုပ်သားများ၊ အဓမ္မစေခိုင်းမှု[၁၅] များရှိနိုင်သည့် အခြေအနေများတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် စာပိုဒ် ၂၁ နှင့် ၂၂ တွင် ဖော်ပြထားသည့်အတိုင်း ထိုအန္တရာယ် အရေးကိစ္စတို့ကို သိရှိအောင်လုပ်ဆောင်ရမည်။ အကယ်၍ ကလေးလုပ်သား အသုံးချခြင်း၊ အဓမ္မစေခိုင်းခြင်းများရှိနေသည်ကို တွေ့ရပါက ယင်းတို့ကို ဖြေရှင်းရေးအတွက် လိုအပ်သည့် လုပ်ဆောင် စရာများကို စတင်လုပ်ဆောင်ရမည်။ မိမိ၏ အဓိက လုပ်ငန်းကွင်းဆက်ကို အချိန်နှင့်အမျှ စောင့်ကြည့်လေ့လာရန်လိုအပ်ပြီး သိသာထင်ရှားသည့်အပြောင်းအလဲများကို ဖော်ထုတ်သက်မှတ်ရမည်ဖြစ်သည်။ အကယ်၍

[၁၄] ယင်းတွင် စွမ်းဆောင်ရည်ရှိပြီး အတွေ့အကြုံများသည့် ပုဂ္ဂိုလ်များက နိုင်ငံတကာတွင်ဖြစ်စေ၊ ဒေသတွင်းတွင်ဖြစ်စေ အဆိုပါ ဆင်တူသည့် အခြေအနေများအောက်တွင် ရရှိမည်ဟု မျှော်လင့်ထားသည့် အလုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်၊ တင်ကြိုလုံ့လရှိမှု၊ သတိထားမှု၊ ရှေ့တွင်ဖြစ်လာနိုင်သည်တို့ကို မှန်းဆမှုတို့ကိုအသုံးချ လုပ်ဆောင်မှုအဖြစ် အဓိပ္ပါယ်သက်မှတ်သည်။

[၁၅] လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများအား သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်အတွင်း ကလေးလုပ်သားများ၊ အဓမ္မခိုင်းစေမည့် အန္တရာယ်များ ရှိလာမည့်အရေးကို ဖော်ထုတ်သက်မှတ်ရမည်။

ကလေးလုပ်သားအသုံးချခြင်း၊ အဓမ္မစေခိုင်းခြင်းများထပ်မံဖြစ်ပွားပါကၡင်းတို့ကို ဖြေရှင်းရန်သင့်လျော်သည့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရမည်။

၂၈။ ထို့ပြင် မိမိတို့၏ ထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်တွင် အလုပ်လုပ်နေသော အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်စရာအန္တရာယ်များရှိနေပါက ယင်းတို့မဖြစ်အောင် ကာကွယ်ခြင်းမှအစ၊ အသက်အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများကိုရှောင်ရှားရန် (သို့)ပြုပြင်ရန်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ လျော့ကျစေရန်ဆောင်ရွက်ချက်များကိုမိမိတို့၏လုပ်ငန်းကွင်းဆက်များသို့မိတ်ဆက်ပေးရမည်။

၂၉။ ယင်းသို့လုပ်ဆောင်နိုင်စွမ်းများ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများတွင် ရှိသည်၊ မရှိသည်ဆိုသည့်အချက်သည် သက်ဆိုင်ရာ ထိုသူတို့ကမိမိတို့၏အဓိက လုပ်ငန်းကွင်းဆက်ကို မည်သို့စီမံထိန်းကျောင်းသနည်းဆိုသည့်အပေါ်တွင် မူတည်သည်။ အကယ်၍ဖြေရှင်းဆောင်ရွက်ပေးရန် မစွမ်းနိုင်သည့်အခြေအနေမျိုးတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်နှင့်အညီလုပ်ဆောင်နေသည်ကို လက်တွေ့ပြသနိုင်သည့် အခြားလုပ်ငန်းပေးသွင်းသူများဖြင့် အခါအားလျော်စွာပြောင်းလဲလုပ်ကိုင်ရမည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၃)

# သဘာဝရင်းမြစ်ကို မပျက်စီးစေပဲ ထိရောက်စွာအသုံးပြုခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း

### မိတ်ဆက်

၁။ စီးပွားရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ချက်များ၊ မြို့ပြ တိုးချဲ့တည်ဆောက်မှုများသည် လေထု၊ ရေထု၊ မြေထု စသည်တို့ ပို၍ညစ်ညမ်းလာစေပြီး လုံလောက်မှုတွင် အကန့်အသတ်ရှိသည့် သဘာဝအရင်းအမြစ်များကို အသုံးချနေကြရာတွင်လည်း လူသားနှင့် သဘာဝပတ်ဝန်းကျင်ကို အရပ်ဒေသဆိုင်ရာ၊ နယ်မြေဝန်းကျင်ဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာပြဿနာ[၁]အတိုင်းအတာတိုင်အောင် ခြိမ်းခြောက်နေကြသည့်အထိသုံးစွဲနေကြသည်ကိုလုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ ကအသိအမှတ်ပြုထားသည်။ လက်ရှိအခြေအနေတွင်ဖြစ်စေ၊ ရှေ့တွင်ဖြစ်လာမည်ကို မှန်းဆထားသည့် အခြေအနေတွင်ဖြစ်စေ ကမ္ဘာ့လေထုအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHG)ပါဝင်မှု သိပ်သည်းဆသည် လက်ရှိလူသားများနှင့် ရှေးအနာဂတ် မျိုးဆက်တို့၏ ကျန်းမာရေးနှင့် လူမှုဘဝဖူလုံရေးကို ခြိမ်းခြောက်နေသည် ဆိုသည့်အချက်ကိုလည်း လက်ခံယုံကြည်ကြသူများ တိုးပွားလာနေပြီ ဖြစ်သည်။ တချိန်တည်းမှာပင် အရင်းအမြစ်ကို အထိအခိုက်အဆုံးအရှုံးမဖြစ်စေပဲ အကျိုးအများဆုံး ဖြစ်အောင်အသုံးချခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ခြင်း[၂]၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ရှောင်ရှားခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချခြင်း စသည်တို့နှင့် ပတ်သက်သည့် နည်းပညာများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ကမ္ဘာအနှံ့ရှိလူအများ ပို၍ လက်လှမ်းမီလာပြီး အောင်မြင်တိုးတက်မှု ရှိလာသည်ကို တွေ့နေရသည်။ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင်လည်း စက်မှုကုန်ထုတ်ပိုင်းဆိုင်ရာ၊ စိုက်ပျိုးရေးထွက်ကုန်ပိုင်းဆိုင်ရာ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာ ကဏ္ဍများတွင်ရှိသော စီးပွားရေးကုမ္ပဏီများတွင်ထုတ်ကုန်နှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ အရေအတွက် (သို့) အရည်အသွေး တိုးတက်စေရေးအတွက် ထိုကုမ္ပဏီများအကြား လက်ခံသုံးစွဲနေကြသည့်နည်းစနစ်များနှင့်အလားတူစွာ အစဉ်အမြဲ တိုးတက်နေအောင် လုပ်ဆောင်နေကြသည့် နည်းလမ်းများအတိုင်း လုပ်ဆောင်ရမည် ဖြစ်သည်။

၂။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် သဘာဝရင်းမြစ်ကိုမပျက်စီးစေပဲ ထိရောက်စွာအသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို နိုင်ငံတကာတွင် အသုံးပြုနေသော နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်သည့် စီမံကိန်းအဆင့် ချဉ်းကပ်ဆောင်ရွက်ပုံကို ဖော်ပြထားသည်။ ထို့အပြင် ဤလုပ်ဆောင်မှု စံသတ်မှတ်ချက်သည် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အကုန်အကျခံနိုင်သော ဘောင်အတွင်း ဖြစ်နိုင်သမျှသော ကျွမ်းကျင်မှုဆိုင်ရာအခြေအနေ၊ ရနိုင်သမျှသော အရင်းအမြစ်ဆိုင်ရာ အခြေအနေများအောက်တွင် ယင်းနည်းပညာများ၊ လုပ်ထုံးလုပ်နည်းများအား အသုံးချခြင်းဆိုင်ရာဝင်းတို့၏ စွမ်းရည်ကို တိုးတက်စေမည်။

### ရည်မှန်းချက်များ

- စီမံကိန်းလုပ်ဆောင်မှုများကြောင့် ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုမဖြစ်အောင် ရှောင်ရှားခြင်း (သို့မဟုတ်) တတ်နိုင်သမျှလျှော့ချခြင်းတို့ဖြင့် လူသားများ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် ထိခိုက်မှုများကိုရှောင်ရှားရန် (သို့မဟုတ်) လျှော့ချရန်။
- စွမ်းအင်နှင့်ရေအပါအဝင် အရင်းအမြစ်များ ရေရှည်

[၁] ယခုစံသတ်မှတ်ချက်တွင်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသောပစ္စည်းဟု ဆိုရာ၌ ဘေးအန္တရာယ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေဓာတုညစ်ညမ်းပစ္စည်းများကို ဆိုလိုပြီး ယင်းပစ္စည်းများ သည် အစိုင်အခဲ၊ အရည်၊ အငွေ့ စသည့် ပုံစံအမျိုးမျိုးဖြင့်ရှိနိုင်သည်။ ယင်းညစ်ညမ်းပစ္စည်းများတွင် ရောဂါပိုးသယ်ဆောင်သော တိရိစ္ဆာန်များ၊ ရောဂါပိုးမွှားများ၊ ရေထုအတွင်းသို့ပို့လွှတ်သော အပူဓာတ်များ၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းများ၊ စိတ်အနှောင့်အယှက်ဖြစ်စရာ အနံ့များ၊ ဆူညံသံ၊ တုန်ခါခြင်း၊ ဓာတ်ရောင်ခြည်၊ လျှပ်စစ်သံလိုက်စွမ်းအင်၊အလင်းရောင်အပါအဝင် အမြင်အာရုံကိုသက်ရောက်စေသောအရာများ စသည်တို့လည်း ပါဝင်သည်။

[၂] ယခုစံသတ်မှတ်ချက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ခြင်းဆိုရာ၌ ယင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လုံးဝအဆုံးသတ်လိုက်မည်ဟု မဆိုလိုပါ။ သို့သော်ဖြစ်နိုင်သမျှ ရှောင်ရှားရန်၊ မရှောင်ရှားနိုင်က ယခုစံသတ်မှတ်ချက်၏ ရည်ရွယ်ချက်များကို ပြည့်မီသည်အထိ လျှော့ချရန်ကို ဆိုလိုသည်။

သုံးစွဲနိုင်ရေးကို မြှင့်တင်ဆောင်ရွက်ရန်။

- စီမံကိန်းနှင့်ပတ်သက်ပြီးဖြစ်ပေါ်လာသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချရန်။

## အသုံးပြုရာ နယ်ပယ်

၃။ သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝတို့အပေါ် သက်ရောက်လာနိုင်သည့် အန္တရာယ်များအားသိရှိအောင်ပြုလုပ်၍ သတ်မှတ်ပြုစုသည့် လုပ်ငန်းစဉ်အတွင်း ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးပြုမည့်အတိုင်းအတာကိုချမှတ်ရမည်။ အရေးယူလုပ်ဆောင်မှုများသည် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ပြီးလုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) အညီ စီမံရမည်။

## လိုအပ်ချက်များ

၄။ စီမံကိန်းကာလ တလျှောက်လုံးတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အနီးဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာအရ၊ ဘဏ္ဍာရေးအရဖြစ်နိုင်ချေရှိသည့် အခြေအနေအောက်တွင် အရင်းအမြစ်များကို မပျက်စီးစေပဲ ထိရောက်စွာအသုံးချခြင်း၊ ညစ်ညမ်းမှုမဖြစ်စေအောင်ကာကွယ်ခြင်းစသည့် အခြေခံမူများ၊ နည်းစနစ်များကိုသုံးစွဲရမည်။ ထို့သို့ဆောင်ရွက်ရာတွင် လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်[၃]တို့ ထိခိုက်စေမည်တို့ကိုရှောင်ရှားရန်၊ ရှောင်ရှားရန်မဖြစ်နိုင်ပါကလည်း ထိခိုက်မည့်အတိုင်းအတာကို လျှော့ကျစေရန်အတွက် အကောင်းဆုံးစီမံဆောင်ရွက်ရမည်။ စီမံကိန်းကာလအတွင်း အသုံးပြုမည့် ယင်းအခြေခံမူများနှင့် နည်းစနစ်များသည် စီမံကိန်း၏ သဘောသဘာဝနှင့် ဖြစ်လာမည့် ဘေးအန္တရာယ်အတိုင်းအတာတို့အပေါ် မူတည်ဆောင်ရွက်ရမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (EHS Guidelines) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက လက်ခံအတည်ပြုထားသည့်အချက်တို့ကို လွှမ်းခြုံသည့် နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (GIIP)[၄] နှင့်လည်း အညီဖြစ်ရမည်။

၅။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းအတွက် အရင်းအမြစ်ကို အပျက်အစီးမရှိစေပဲအကျိုးဖြစ်ဖြစ် အသုံးချခြင်းဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ရေး၊ ထိန်းချုပ်ရေးဆိုင်ရာနည်းစနစ်များ ရွေးချယ်ခြင်း၊ ပြန်လည်စိစစ်ခြင်းတို့ကို လုပ်ဆောင်ရာတွင် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ (EHS Guidelines) (သို့မဟုတ်)အခြား နိုင်ငံတကာအသိအမှတ်ပြု လမ်းညွှန်ချက်များကို သင့်လျော်သလို ကိုးကားပြီး လုပ်ဆောင်ရမည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ (EHS Guidelines)၌ စီမံကိန်းများတွင် ပုံမှန်အားဖြင့် လက်ခံနိုင်ပြီး အဆင်ပြေစွာလည်း အသုံးပြုနိုင်မည့် လုပ်ငန်းလုပ်ဆောင်မှုအဆင့်များနှင့် နည်းလမ်းများပါဝင်သည်။ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံကချမှတ်ထားသောစည်းမျဉ်းများသည် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ (EHS Guidelines)တွင် ပါဝင်သည့် လုပ်ငန်းလုပ်ဆောင်မှုအဆင့်များ၊ နည်းလမ်းများစသည်တို့နှင့်ကွာခြားနေပါကမိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် ပို၍အကျိုးဖြစ်စေမည့်အရာကိုမှီငြမ်းဆောင်ရွက်ရမည်။ အကယ်၍ စီမံကိန်းအခြေအနေသည် သီးသန့်သဘောဆန်ပြီး ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (EHS Guidelines)တွင် ဖော်ပြထားသည်တို့ထက်နိမ့်ကျသော နည်းစနစ်တို့ဖြင့်သာ ကိုက်ညီမည့် အခြေအနေကို ကြုံရပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ရပ်ရွာလူထုလူမှုဘဝဆိုင်ရာအန္တရာယ်များသိရှိသတ်မှတ်၊ ဆန်းစစ်သော

[၃] နည်းပညာပိုင်းအရဖြစ်နိုင်ချေကိုစဉ်းစားရာတွင်တင်ပြလာသော အရေးယူဆောင်ရွက်ရန် နည်းလမ်းများသည် မိမိတတ်နိုင်သည့် ကုန်ကျစားရိတ်ဘောင်အတွင်း လိုအပ်သည့် ကျွမ်းကျင်မှုအရည်အသွေးများ၊ ကရိယာတန်ဆာပလာများ၊ ပစ္စည်းများရနိုင်မှုရှိမရှိအပေါ်မူတည်စဉ်းစားရသည်။ ထို့ပြင်အခြားအခြေခံအကြောင်းအချက်များဖြစ်သော ရာသီဥတု၊ ပထဝီအနေအထား အခြေခံအဆောက်အအုံ၊ လုံခြုံရေး၊ အုပ်ချုပ်စီမံမှု၊ စွမ်းဆောင်နိုင်ရည်၊ စိတ်ချအားကိုးနိုင်စွမ်းစသည်တို့ကိုလည်းထည့်သွင်းစဉ်းစားရသည်။ဘဏ္ဍာရေးအရဖြစ်နိုင်ချေကိုစဉ်းစားဆုံးဖြတ်ရာတွင် အဆိုပါ အရေးယူဆောင်ရွက်သည့် နည်းလမ်းများကိုအသုံးပြုပါက ထပ်တိုးလာမည့်ကုန်ကျစားရိတ်ကိုစီမံကိန်းအတွက်ရင်းနှီးမြှုပ်နှံမှု၊ လည်ပတ်ဆောင်ရွက်မှု၊ ထိန်းသိမ်းမှုစသည့် ကုန်ကျမှုများနှင့်နှိုင်းယှဉ်ထိုးကြည့်ခြင်းအပါအဝင်စီးပွားရေးအရစဉ်းစားခြင်းများအပေါ်မူတည်ဆုံးဖြတ်သည်။

[၄] GIIP ဟုဆိုရာတွင် စွမ်းဆောင်ရည်ရှိပြီးအတွေ့အကြုံများသည့် ပုဂ္ဂိုလ်များက နိုင်ငံတကာတွင်ဖြစ်စေ၊ ဒေသတွင်းတွင်ဖြစ်စေအဆိုပါ ဆင်တူသည့် အခြေအနေအောက်များတွင်ရရှိမည်ဟုမျှော်လင့်ထားသည့် အလုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်၊ တင်ကြိုလုံ့လရှိမှု၊ သတိထားမှု၊ ရှေ့တွင် ဖြစ်လာနိုင်သည်တို့ကိုမှန်းဆမှုတို့ကို အသုံးချလုပ်ဆောင်မှုအဖြစ်အဓိပ္ပါယ်သက်မှတ်သည်။ ထို့ကဲ့သို့လုပ်ဆောင်မှုရလာဒ်အဖြစ် စီမံကိန်းအနေဖြင့် စီမံကိန်း၏ သီးသန့်ဖြစ်မှု အခြေအနေပေါ်မူတည်ပြီးအသင့်တော်ဆုံးသောနည်းပညာများကို အသုံးပြုသင့်သည်။

လုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီး အဆိုပါအစားထိုး ရွေးချယ်သည့် နည်းစနစ်များအားအသုံးပြုခြင်းသည် သင့်တော်ဆီလျော်သည့်အကြောင်း သက်သေပြနိုင်ရမည်။ အစားထိုးနည်းစနစ်များနှင့်လုပ်ဆောင်မည့်အရာများသည်လည်း ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ ရည်မှန်းချက်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်ကြောင်း သက်သေပြနိုင်ရမည်။

## အရင်းအမြစ်ကို ထိခိုက်ဆုံးရှုံးမှု မဖြစ်စေပဲ အကျိုးအများဆုံးဖြစ်အောင် အသုံးချခြင်း

၆။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများ ကို ရယူထားသူများ အနေဖြင့် စွမ်းအင်၊ ရေအရင်းအမြစ်နှင့် အခြား အရင်းအမြစ်များ၊ ရုပ်ဝတ္ထုများကို အသုံးချရာတွင် နည်းပညာပိုင်းအရ၊ ဘဏ္ဍာငွေကြေးအရတတ်နိုင်သည့် ဘောင်အတွင်းတွင် ကုန်ကျမှုနည်းနိုင်သမျှနည်းနည်းနှင့် အကျိုးရရှိမှုများနိုင်သမျှများအောင်[5] ဆောင်ရွက်နိုင်မည့်နည်းစနစ်များကို အသုံးပြုရမည်။ အထူးသဖြင့် မိမိ၏ အဓိက လုပ်ငန်းဆောင်ရွက်မှုများတွင် ယင်းစဉ်းစားချက်ကို ထည့်သွင်းလုပ်ဆောင်ရမည်။ ယင်းနည်းစနစ်များအား အသုံးပြုရာတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့် ရေအရင်းအမြစ်တို့အား ချွေတာမည့် ရည်မှန်းချက်ဖြင့် လုပ်ဆောင်သောထုတ်လုပ်ရေးပုံစံများ၊ လုပ်ငန်းစဉ်များ အစရှိသည်တို့ပါဝင်ပြီး ပို၍သန့်ရှင်းသည့် ထုတ်လုပ်ရေးဆိုင်ရာ အခြေခံမှုများနှင့်အတူ အသုံးပြုရမည်။ စံသတ်မှတ်မှု ညွှန်းကိန်းများကို ရရှိနိုင်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အရင်းအမြစ်ကို အဆုံးအရှုံးနည်းနည်းဖြင့် အကျိုးရှိရှိ အသုံးချနိုင်စွမ်းကို နှိုင်းယှဉ်တိုင်းတာပြီး ရလဒ်ကို သတ်မှတ်ရမည်။

## ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ

၇။ အထက်တွင် ဖော်ပြထားသည့် အရင်းအမြစ်ကို အထိအခိုက်အဆုံးအရှုံးမဖြစ်စေပဲ အကျိုးအများဆုံးဖြစ်အောင် အသုံးချသည့် နည်းစနစ်များအပြင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာသည့်ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျော့ချနိုင်ရေးအလို့ငှာအစားထိုးရွေးချယ်စရာများကိုစဉ်းစားရမည်ဖြစ်သလို လက်လှမ်းမီနိုင်သမျှနည်းပညာနှင့် ဘဏ္ဍာရေးအရဖြစ်နိုင်သမျှ အခြေအနေအောက်တွင် အကုန်အကျအနည်းဆုံးနှင့် အကျိုးအဖြစ်ဆုံးနည်းစနစ်များကို ရွေးချယ်အသုံးပြုနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ထိုသို့အစားထိုးရွေးချယ်စရာများတွင် စီမံကိန်းနေရာအသစ်တခုကို ရွေးချယ်ခြင်း၊ ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသည့်စွမ်းအင်ထုတ်လုပ်မှု (သို့) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု၊ ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးဆိုင်ရာ၊သစ်တောဆိုင်ရာ မွေးမြူရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ထုံးလုပ်နည်းများ၊ ဓာတ်ငွေ့ယိုစိမ့်ထွက်မှုများကိုလျော့ချခြင်း၊ ဓာတ်ငွေ့များ ထုတ်လွှတ်မီးရှို့ခြင်းကိုလျော့ချခြင်း စသည်တို့ကိုလည်း စဉ်းစားစရာများထဲတွင် ထည့်သွင်းရမည်။

၈။ တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အလားတူသည့်ဓာတ်ငွေ့[6]တန်ချိန်ပေါင်း ၂၅,၀၀၀ထက်ကျော်အောင် ထုတ်လွှတ်မည့်အလားအလာ (သို့မဟုတ်)လက်ရှိအချိန်တွင် ထုတ်လွှတ်နေသည့် စီမံကိန်းများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းနယ်နမိတ်[7]အတွင်း စီမံကိန်းက ပိုင်ဆိုင်သော (သို့မဟုတ်)ထိန်းချုပ်စီမံနေသော လုပ်ငန်းများမှ သွယ်ဝိုက်ထုတ်လုပ်သည့် ပမာဏကိုတိုင်းတာရမည်။ ထို့အတူ စီမံကိန်းကအသုံးပြုနေသော စွမ်းအင်ထုတ်လုပ်ရာစက်ရုံသည်စီမံကိန်းနယ်နမိတ်ပြင်ပတွင်[8]ရှိနေပါကထိုသို့ စီမံကိန်းမှသွယ်ဝိုက်ထုတ်လွှတ်သည့်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏကိုလည်း တိုင်းတာရမည်။ နှစ်စဉ်ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို တိုင်းတာရာတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု နည်းစနစ်များနှင့် ကောင်းမွန်

[5] ကုန်ကျစားရိတ်နည်းနိုင်သမျှနည်းနည်းဖြင့် အကျိုးရရှိမှုအများဆုံးရအောင် ဆောင်ရွက်ခြင်းကို အရင်းအနှီး၊ လုပ်ငန်းလည်ပတ်မှုစားရိတ်၊ ယင်းနည်းစနစ်ကိုအသုံးပြုသည့်ကာလတလျောက်လုံးတွင်ဖြစ်ထွန်းလာသည့်ဘဏ္ဍာရေးအကျိုးရလဒ်စသည်တို့ အပေါ်မူတည်တွက်ချက်ရသည်။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်တွင် အကယ်၍ စီမံကိန်းတွင် ရင်းနှီးထားမှု အဆုံးအရှုံး မရှိနိုင်သည့် အခြေအနေကို ရမည်ဆိုပါက အရင်းအမြစ်ကို ထိခိုက်ဆုံးရှုံးမှု မရှိစေပဲ အကျိုးအများဆုံးဖြစ်အောင်အသုံးချခြင်း (သို့မဟုတ်) ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချခြင်းတို့အား ကုန်ကျစားရိတ် နည်းနိုင်သမျှနည်းနည်းဖြင့် အကျိုးရရှိမှုအများဆုံးရအောင် ဆောင်ရွက်ခြင်းအဖြစ် မှတ်ယူကြသည်။

[6] ဓာတ်ငွေ့ထုတ်လွှတ်ခြင်းပမာဏကို တွက်ချက်ရာတွင် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် မပတ်သက်သော နေရာများမှာ ထွက်သော ဓာတ်ငွေ့များဖြစ်သည့် ဥပမာ – မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ် နှင့် အခြားဓာတ်ငွေ့များထွက်ရာ နေရာများ အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထုတ်လွှတ်ရာ အရေးကြီးနေရာများအားလုံးကို ထည့်သွင်းစဉ်းစားရမည်။

[7] စီမံကိန်းကြောင့်ဖြစ်လာသည့် မြေကြီးထဲတွင် ကာဗွန်ဓာတ်ပါဝင်မှု ပြောင်းလဲလာခြင်း (သို့မဟုတ်)သတ်မှတ်ဧရိယာအတွင်း သက်ရှိဇီဝအရေအတွက်ပြောင်းလဲလာခြင်း၊ စီမံကိန်းကြောင့် ဖြစ်လာသည့် ဇီဝအခြေခံများ ယိုယွင်းပျက်စီးလာခြင်း စသည်တို့သည်ဓာတ်ငွေ့တိုက်ရိုက်ထုတ်လွှတ်သည့် နေရာများဖြစ်လာစေပြီး ယင်းနေရာတို့မှ ဓာတ်ငွေ့ထုတ်လွှတ်မှု သိသာထင်ရှားစွာဖြစ်နေပါကဓာတ်ငွေ့ထုတ်လွှတ်မှုတိုင်းတာသည့်အထဲတွင်ထည့်သွင်းရမည်။

[8] စီမံကိန်းနယ်မြေပြင်ပတွင်ရှိပြီး စီမံကိန်းမှ အသုံးပြုနေသည့် လျှပ်စစ်စွမ်းအင်၊ အပူနှင့် အအေးစွမ်းအင်စသည်တို့ ထုတ်လုပ်ခြင်း ကိုဆိုလိုသည်။

သည့် လုပ်ထုံးလုပ်နည်း များ[၉]ကို အသုံး ချရမည်။

## ရေအသုံးချခြင်း

၉။ စီမံကိန်းသည် ရေအများအပြား သုံးစွဲရမည့် စီမံကိန်း မျိုးဖြစ်ပါက ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင်ဖော်ပြထားသည့် အရင်းအမြစ်များ မပျက်စီးစေပဲ အကျိုးဖြစ်အောင်အသုံးချရာတွင် လုပ်ဆောင်ရမည့် လိုအပ်ချက်များအပြင် စီမံကိန်းက ထိုသို့ရေကို အများအပြားအသုံးပြုခြင်းကြောင့် အခြားနေရာများသို့ ဆိုးကျိုးသက်ရောက်မှုများ အကြီးအမားမဖြစ်ရန်အလို့ငှာ ရေသုံးစွဲမှု လျှော့ချနိုင်အောင် (သို့မဟုတ်) မသုံးပဲနေနိုင်အောင် လိုအပ်သည့် ဆောင်ရွက်စရာနည်းလမ်းများကို ချမှတ်ရမည်။ ယင်းနည်းလမ်းများကိုစဉ်းစားရာတွင် မိမိတို့၏စီမံကိန်းလုပ်ငန်း လုပ်ဆောင်သည့်နေရာများတွင် ထပ်ဆင့်နည်းပညာပိုင်းဆိုင်ရာဖြစ်နိုင်ချေရှိသော၊ ရေကိုထိန်းသိမ်းသည့်နည်းလမ်းများကို အသုံးပြုခြင်း၊ ရေရရှိရေးအတွက် အစားထိုးလမ်းကြောင်းကို ရှာဖွေခြင်း၊ ရေသုံးစွဲမှုအတွက် ရေအရင်းအမြစ်လျှော့ကျမှု၊ ပျက်စီးမှုကိုဖာထေးသည့် သဘောဖြစ်ရနိုင်သည့် ရေပမာဏအတိုင်းအတာအတွင်း ရေအရင်းမြစ်ကိုသုံးစွဲရန်စုပေါင်းလိုအပ်မှုကိုလျှော့ချခြင်း၊ အစားထိုးစီမံကိန်းနေရာများကိုရှာဖွေသုံးသပ်ခြင်း စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

## သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကာကွယ်ခြင်း

၁၀။ သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းစေသည့် အရာများ စွန့်ပစ်ခြင်းကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ အနေဖြင့် မပြုလုပ်ရန် ရှောင်ရှားရမည် (သို့မဟုတ်) ရှောင်ရှားရန်မဖြစ်နိုင်သောအခါ ထိုအရာများ စွန့်ပစ်ခြင်းကို စွန့်ပစ်သည့်ပမာဏနှင့် အကြိမ်အရေအတွက် နည်းပါးအောင် (နှင့်) (သို့မဟုတ်) ထိန်းချုပ်နိုင်အောင်လုပ်ဆောင်ရမည်။ ထိုသို့စွန့်ပစ်သည် ဆိုရာတွင် လေထု၊ ရေထုအတွင်းနှင့် မြေကြီးပေါ်သို့ အချိန်အခါအလိုက် ပုံမှန်စွန့်ပစ်ခြင်း၊ ရံဖန်ရံခါစွန့်ပစ်ခြင်း၊ မတော်တဆစွန့်ပစ်ခြင်းများစသည့် အားလုံးကို ဆိုလိုသည်။ ထိုသို့သောစွန့်ပစ်မှုများကြောင့်ရပ်ရွာဒေသအတွင်း၊ နယ်မြေဒေသအတွင်းဖြစ်စေ နယ်စပ်ဖြတ်ကျော်သက်ရောက်မှုကို ဖြစ်စေသည့်[၁၀] ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ မြေကြီးနှင့် မြေအောက်ရေများတွင် ညစ်ညမ်းမှုများကဲ့သို့ အတိတ်၌ ဖြစ်ပွားခဲ့သော ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် ထိုသို့ညစ်ညမ်းမှုများ နည်းပါးလျော့ကျစေရန် အစီအမံများ လုပ်ဆောင်ရန်တာဝန်ရှိ၊ မရှိကို ဆန်းစစ်ရမည်။ အကယ်၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ဥပဒေအရ တာဝန်ရှိသည်ကို တွေ့ရှိရပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအရ (သို့မဟုတ်) ထိုသို့သောဥပဒေများရှိမနေပါက နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ[၁၁] (GIIP) နှင့်အညီ အရေးယူဖြေရှင်းရမည်။

၁၁။ စီမံကိန်းမှ အနီးဝန်းကျင်ရှိသဘာဝပတ်ဝန်းကျင်၊ အနီးဝန်းကျင်ရှိလက်ရှိသဘာဝပတ်ဝန်းကျင် အခြေအနေ[၁၂]များအပေါ်သို့ သက်ရောက်လာနိုင်သည့် ဆိုးကျိုးများကိုဖြေရှင်းဆောင်ရွက်ရာတွင်အောက်ပါအကြောင်းခြင်းရာများ အပါအဝင်သက်ဆိုင်သည့် အကြောင်းခြင်းရာများ ကို ထည့်သွင်းစဉ်းစားရမည်။ ဥပမာ (၁) အနီးဝန်းကျင်ရှိ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေများ(၂)သဘာဝပတ်ဝန်းကျင်ကညစ်ညမ်းပစ္စည်းများကို လက်ခံစုပ်ယူရာတွင်အကန့်အသတ်နှင့်ရှိနေသည့် စွမ်းရည်[၁၃] (၃) လက်ရှိနှင့် အနာဂတ်မြေယာသုံးစွဲမှု (၄)ဇီဝမျိုးစုံမျိုးကွဲများဖြစ်တည်မှုအတွက် အရေးကြီးသော နေရာဒေသများနှင့် စီမံကိန်းနေရာအကြား အကွာအဝေး(၅) မည်သို့ဖြစ်လာမည်ကိုမသိသော(နှင့်)(သို့မဟုတ်)ပြန်ကုစား၍ မရနိုင်သော နောက်ဆက်တွဲဆိုးကျိုးများဖြစ်လာမည့် စုပေါင်း ဆက်စပ်သက်ရောက်မှုဖြစ်လာနိုင်သော အခြေအနေ စသည်တို့ဖြစ်သည်။ စီမံကိန်းသည် ကာဗွန်ဓာတ်ငွေ့စုပ်ယူနိုင်မှုအားနည်းနေသော အရည်အသွေးကျဆင်းနေပြီဖြစ်သော နေရာဒေသတွင်ရှိနေပြီး စီမံကိန်းမှ ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှင့်မှုကလည်း များပြားနိုင်မည်ဆိုပါက မိမိတို့၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်

[၉] ရာသီဥတုပြောင်းလဲရေးဆိုင်ရာအရေးအတွက် အစိုးရများဆိုင်ရာအဖွဲ့ (Intergovernmental Panel on Climate Change) ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီး၊ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံမှဌာနများ အစရှိသည်တို့မှ ထုတ်ပြန်ထားသည် တိုင်းတာရေး နည်းလမ်းများ

[၁၀] နယ်စပ်ဖြတ်ကျော် သက်ရောက်မှုကိုဖြစ်စေသည့် ညစ်ညမ်းပစ္စည်းများတွင် အဝေးသို့ သက်ရောက်သည့် နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှုဆိုင်ရာနိုင်ငံတကာ သဘောတူညီချက်တွင်ဖော်ပြထားသော အရာများ ပါဝင်သည်။ (The Convention on Long-Range Transboundary Air Pollution.)

[၁၁] ယင်းတွင်ညစ်ညမ်းမှုကိုဖြစ်စေသည့်သူများ၊ ရပ်ရွာလူထု၊ ဒေသဆိုင်ရာအစိုးရ၊ နိုင်ငံအစိုးရစသည်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နိုင်ပြီး GIIPနှင့်နံ Guidelines တို့တွင် ဖော်ပြထားသည့်ချဉ်းကပ်မှုများအတိုင်းလုပ်ဆောင်ရမည်။

[၁၂] ဥပမာ - လေထု၊ မြေမျက်နှာပြင်၊ မြေအောက်ရေ နှင့် မြေဆီလွှာ

[၁၃] ညစ်ညမ်းပစ္စည်းများ တဖြည်းဖြည်းများလာဖြင်းကို စုပ်ယူဖျက်ဆီးနိုင်သည့် သဘာဝပတ်ဝန်းကျင်၏စွမ်းဆောင်နိုင်ရည်။ ယင်းသို့စုပ်ယူဖျက်ဆီးပြီးကြွင်းကျန်ရစ်သည့် ညစ်ညမ်းပစ္စည်းများသည် လူအများကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို လက်မခံနိုင်အောင်ဆိုးရွားသည့် အန္တရာယ်အထိမဖြစ်စေသည့် အဆင့်အောက်တွင် ရှိနေရမည်။

ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသည့် အရင်းအမြစ်ကို အထိအခိုက်အပျက်အစီးနည်းနိုင်သမျှ နည်းပါးအောင်လုပ်ပြီး အကျိုးအများဆုံးဖြစ်အောင် လုပ်ဆောင်သည့် နည်းစနစ်များ၊ ညစ်ညမ်းပစ္စည်းများကို ထိန်းချုပ်သည့် နည်းစနစ်များကို အသုံးချသည့်အပြင် ဆိုးကျိုးများကို ရှောင်ရှား (သို့မဟုတ်) လျှော့ချနိုင်ရေး အတွက် နောက်ထပ်ဗျူဟာများ၊ နည်းနာများကို ချမှတ် ဆောင်ရွက်ရန်စဉ်းစားရမည်။ ဗျူဟာများစဉ်းစားရာတွင် စီမံကိန်းနေရာ ပြောင်းလဲအစားထိုးခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအတွက် အလျော်အစားပြန်လည် ပေးအပ်ခြင်း(emission offsets)တို့ကိုလည်းထည့်သွင်း စဉ်းစားမည့် အရာများတွင် ထည့်သွင်းရမည်။

## စွန့်ပစ်ပစ္စည်းများ

၁၂။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ဘေးအန္တရာယ်ရှိသော၊ ဘေးအန္တရာယ် မပေးသော မည်သို့သော စွန့်ပစ်ပစ္စည်းများဖြစ်စေ၊ စွန့်ပစ်ပစ္စည်းများ ဖြစ်ပေါ်လာမည့်အရေးကို ရှောင်ရှားရမည်။ ယင်းသို့သော စွန့်ပစ်ပစ္စည်းကိစ္စကို မရှောင်ရှားနိုင်ပါက လည်း စွန့်ပစ်ပစ္စည်းများ ဖြစ်ပေါ်လာသည်ကို လျှော့ချခြင်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည် ပြင်ဆင်အသုံးပြုခြင်း (recover or reuse) တို့ကို လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုဘေးကင်းစေသည့် နည်းနာများ ဖြင့် စီမံဆောင်ရွက်လုပ်ဆောင်ရမည်။ အကယ်၍ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ ပြန်လည်အသုံးချခြင်းတို့ မဆောင်ရွက်နိုင်တော့ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများဖြင့် ယင်းတို့ကို ဖျက်ဆီး (သို့မဟုတ်) စွန့်ပစ်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သောလုပ်ငန်းစဉ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ ဓာတ်ပစ္စည်းအကြွင်းအကျန်များကျန်ရှိနေခြင်း စသည်တို့ မဖြစ်အောင် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။ အကယ်၍စွန့်ပစ်ပစ္စည်းများသည်ဘေးအန္တရာယ်ရှိသောပစ္စည်းများဖြစ်ပါက[၁၄] မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့်နည်းလမ်းဖြင့် စွန့်ပစ်ရန်အတွက် နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (GIIP)တွင် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်ရမည်ဖြစ်သလို နိုင်ငံနယ်နမိတ်ကျော်လွန်ပြီး[၁၅] လုပ်ဆောင်သည့် ကိစ္စများတွင်လည်း ချမှတ်ထားသည့် အကန့်အသတ်စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ အန္တရာယ်များသော စွန့်ပစ်ပစ္စည်းများ အရေးကို ကိုင်တွယ်ဆောင်ရွက်သူများမှာ တတိယအစုအဖွဲ့များဖြစ်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာအစိုးရများ၏စည်းမျဉ်းဆိုင်ရာထိန်းကျောင်းသည့် ဌာနများမှလုပ်ငန်းလိုင်စင် ထုတ်ပေးထားသော သိက္ခာရှိသည့် တရားဝင်ကုမ္ပဏီများကိုသာ ကန်ထရိုက်တာများအဖြစ် အသုံးပြုရမည်။ ထို့ပြင် စွန့်ပစ်ပစ္စည်းများ နောက်ဆုံးစွန့်ပစ်လိုက်သည် အထိကြား အဆင့်တိုင်းတွင် ယင်းစွန့်ပစ်ပစ္စည်းများအားမည်သို့မည် ပုံရယူလွှဲပြောင်းလိုက်သည်ကို ဖော်ပြထားသည့် စာရွက်စာတမ်းအထောက်အထားများကိုလည်း ရယူ သိမ်းဆည်းထားရမည်။ လိုင်စင်ရထားသောစွန့်ပစ်ပစ္စည်းစုပုံရာနေရာသည် လက်ခံနိုင်စရာစည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ စီမံလုပ်ဆောင်နေကြောင်း သေချာစေရန်လည်း မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက လေ့လာရမည်။ ထိုသို့သေချာမှသာ ထိုနေရာများကို အသုံးချရမည်။ အကယ်၍ ထိုသို့စိတ်ချစွာ စွန့်ပစ်နိုင်သောနေရာဖြစ်ကြောင်း၊ မဖြစ်ကြောင်းသိရှိရန်မဆန်းစစ်နိုင်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် ထိုနေရာများသို့ပို့နေသည့်စွန့်ပစ်ပစ္စည်းများ လျှော့ချနိုင်ရေးအတွက် လုပ်ဆောင်သင့်သည်၊ ထို့ပြင်စီမံကိန်းနေရာတွင်ပင် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြင်ဆင်အသုံးချခြင်း၊ မိမိဘာသာ စွန့်ပစ်သည့်နေရာများ စီစဉ်ခြင်းအပါအဝင် စွန့်ပစ်ရေး အတွက် အခြားအစားထိုးနည်းလမ်းများကို စဉ်းစား ဆောင်ရွက်ရမည်။

## ဘေးအန္တရာယ်များသောပစ္စည်းများအား စီမံဆောင်ရွက်မှု

၁၃။ စီမံကိန်းအနေဖြင့် ဘေးအန္တရာယ်များသော ပစ္စည်းများကို တစ်ခါတစ်ရံတွင် ကုန်ကြမ်းအဖြစ်အသုံးချသည် များလည်းရှိသလို၊ တစ်ခါတစ်ရံတွင်လည်း ထွက်ကုန်အဖြစ် ထွက်လာသည်များလည်းရှိသည်။ ထိုသို့ ဘေးအန္တရာယ်များသောပစ္စည်းများထွက်ရှိလာခြင်းကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် မဖြစ်ပေါ်လာစေရန် ရှောင်ရှားသင့်သည်၊ မရှောင်ရှားနိုင်ပါက ထိုသို့

[၁၄] နိုင်ငံတကာသဘောတူစာချုပ်များ (သို့မဟုတ်) ဒေသတွင်း ဥပဒေများက အဓိပ္ပါယ်ဖွင့်ထားသည့်အတိုင်းဖြစ်သည်။

[၁၅] ဘေးအန္တရာယ်များသောပစ္စည်းများကို နိုင်ငံနယ်နမိတ်များဖြတ်ကျော်ရွှေ့ပြောင်းရာတွင် သက်ဆိုင်ရာနိုင်ငံဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည်။ ထိုဥပဒေများတွင် ဘေးအန္တရာယ်များသောစွန့်ပစ်ပစ္စည်းများ နိုင်ငံနယ်နမိတ်ဖြတ်ကျော်သယ်ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို ထိန်းချုပ်သည့် ဘေဆယ်လ် နိုင်ငံတကာ သဘောတူစာချုပ် (Basel Convention)၊ စွန့်ပစ်ပစ္စည်းများနှင့်အခြားအရာတို့ စုပုံစွန့်ပစ်ခြင်းကြောင့် ပင်လယ်ရေပြင်ညစ်ညမ်းမှု အန္တရာယ်မှကာကွယ်ခြင်းဆိုင်ရာ လန်ဒန်သဘောတူညီချက် (London Convention) တို့ကိုလည်း ထည့်သွင်းရမည်။

ထွက်ရှိလာခြင်းကို လျှော့ချရန်၊ ထိန်းသိမ်းရန် လုပ်ဆောင်ရမည်။ ထိုသို့သောမှုဖြင့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်လျှင်ရှိနေသည့် ဘေးအန္တရာယ်များသောပစ္စည်းများ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းစသည့်တို့ကို ဆန်းစစ်ရမည်။ ဘေးအန္တရာယ်များသော ပစ္စည်းတို့ကို စီမံကိန်းလုပ်ငန်းများတွင်အသုံးပြုမည်ဆိုပါကမိမိတို့ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ပို၍ ဘေးအန္တရာယ်နည်းပါးသည့်ပစ္စည်းများကို အစားထိုးအသုံးချရန် စဉ်းစားရမည်။ ဘေးအန္တရာယ်များသောပစ္စည်းများက ဖြစ်စေသည့် အဆိပ်ဓာတ်ကြောင့်သက်ရှိဇီဝရုပ်များအပေါ်ဆိုးကျိုးသက်ရောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်က စုပ်ယူဖျက်ဆီးရန်မလွယ်သည့်ဓာတ်ပစ္စည်းများ ဖြစ်ပေါ်လာခြင်း၊ သက်ရှိဇီဝရုပ်များတွင် အဆိပ်ဓာတ်များပိုပါလာနိုင်မည့် အခြေအနေပိုများလာခြင်း၊ အိုဇုန်းလွှာပါး[၁၆]လာနိုင်ခြင်းစသည်တို့ ဖြစ်လာနိုင်သည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက သုံးစွဲမှု တဖြည်းဖြည်းလျှော့ချနေသည့် (သို့မဟုတ်) ပိတ်ပင်ထားသည့် ယင်းဘေးအန္တရာယ်များသော ပစ္စည်းများ၊ ဓာတုပစ္စည်းများ ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ အသုံးပြုခြင်းတို့ကို ရှောင်ရှားရမည်။

## ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စီမံဆောင်ရွက်မှု

၁၄။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လိုအပ်ရင်လိုအပ်သလို ရောဂါဖြစ်စေသည့် ပိုးမွှား၊ တိရိစ္ဆာန်နှိမ်နင်းရေးအတွက် စနစ်တကျ ပေါင်းစပ်စီမံခန့်ခွဲမှု (IPM) (နှင့်) (သို့မဟုတ်) ကူးစက်ရောဂါသယ်ဆောင်ထားသော ပိုးမွှားတိရိစ္ဆာန်များကို နှိမ်နင်းရေးအတွက်စနစ်တကျပေါင်းစပ်စီမံခန့်ခွဲမှု(IVM)ကို ချမှတ်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင်အများပြည်သူကျန်းမာရေးနှင့် စီးပွားရေးအရထိခိုက်သည့်ကူးစက်ရောဂါများ သယ်ဆောင်ထားသည့် ပိုးမွှားများ၊ တိရိစ္ဆာန်များကို အလေးပေးနှိမ်နင်းရမည်ဖြစ်သည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများ၏ (IPM)၊ (IVM) ပြုလုပ်သော နည်းစနစ်များတွင် ပိုးမွှား၊ တိရိစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို ယဉ်ကျေးမှုနှင့် ဆက်နွယ်သောအလေ့အထများ၊ ဇီဝဆိုင်ရာ မျိုးဗီဇဆိုင်ရာ၊ (နောက်ဆုံးအနေဖြင့်) ဓာတုပစ္စည်းဆိုင်ရာ နည်းလမ်းတို့ အပါအဝင် ဘေးဖြစ်စေသောပိုးမွှားနှင့် တိရိစ္ဆာန်များ နှိမ်နင်းသည့်နည်းလမ်းများကို လူနှင့် အခြားတိရိစ္ဆာန်များအား မထိခိုက်စေရန်၊ ဘေးမဖြစ်စေရန်ကာကွယ်သည့် ရည်မှန်းချက်ဖြင့် လုပ်ဆောင်ရမည်။

၁၅။ ပိုးသတ်ဆေးများသုံးစွဲရာတွင် ဓာတုပိုးသတ်ဆေးများသုံးစွဲရန်လိုအပ်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လူများအား အဆိပ်အတောက်ဖြစ်စေမှုနည်းပါးသည့် ဓာတုပိုးသတ်ဆေးများကိုသုံးစွဲရမည်။ ထိုဓာတုဆေးဝါးသည် သက်ဆိုင်ရာပိုးမွှားအား အားကောင်းကောင်းဖြင့် နှိမ်နင်းနိုင်သည့်အခြေအနေရှိသော်လည်း မိမိတို့ပစ်မှတ်မထားသည့် အခြားပိုးကောင်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု နည်းပါးရန်လည်း ဂရုစိုက်ရန်လိုသည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် ပိုးသတ်ဆေး ရွေးချယ်ရာတွင် ပိုးသတ်ဆေးများကို ထည့်ထားသည့်အရာသည် လုံခြုံကောင်းမွန်ခြင်း ရှိ၊ မရှိ၊ စိတ်ချဘေးကင်းစွာ အသုံးပြုရမည့် နည်းပေးလမ်းညွှန်ချက်များပါ၊ မပါ၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီထုတ်လုပ်ထားခြင်း ဟုတ်၊ မဟုတ် စသည့်အချက်များ အပေါ်မူတည်၍ ရွေးချယ်ရမည်။

၁၆။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ပိုးသတ်ဆေးသုံးစွဲရာတွင် အောက်ပါတို့ကို ရှောင်ရှားနိုင်ရေးအတွက်စဉ်းစားပြီး သုံးစွဲရမည် (၁) မိမိပစ်မှတ်ထားရာပိုးမွှားများ၏ ရန်သူများကို မထိခိုက်စေရန် ရှောင်ရှားရမည်၊ မရှောင်ရှားနိုင်က ထိခိုက်မှုနည်းအောင်လျှော့ချရမည်။ (၂) မိမိပစ်မှတ်ထားရာ ပိုးမွှားနှင့် တိရိစ္ဆာန်များ ပိုးသတ်ဆေးခံနိုင်ရည် ပိုပိုများလာမည့် အရေးကိုရှောင်ရှားရမည်၊ မရှောင်ရှားနိုင်က လျှော့ချရမည်။ ထို့ပြင် ပိုးသတ်ဆေးများကို ကိုင်တွယ်စီမံခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်းတို့ကို လုပ်ဆောင်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ထုတ်ပြန်ထားသည့် ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာနိုင်ငံတကာကျင့်ဝတ်စည်းကမ်းနှင့်အခြားနိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (CIP) တွင်ဖော်ပြထားသည်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဘေးအန္တရာယ်များသော ပိုးသတ်ဆေးအဆင့် Ia (ဘေးအန္တရာယ်အလွန်များသောအဆင့်) သို့မဟုတ် Ib (ဘေးအန္တရာယ်များသောအဆင့်)ဝင် ပိုးသတ်ဆေးများကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်ဝယ်ယူခြင်း၊

[၁၆] လူ့ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကိုဆိုးရွားစွာထိခိုက်စေသော အဆိပ်သင့်စေသည့် ဓာတုပစ္စည်းများဆိုင်ရာ စတော့ဟုမ်းသဘောတူညီချက်၊ အိုဇုန်းလွှာပါးလာစေသည့် အရာများဆိုင်ရာ မွန်ထရီရယ်ညှိနှိုင်းချက်များ၏ ရည်မှန်းချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ရမည်။ ပိုးသတ်ဆေးအဆင့်များနှင့် ပတ်သက်၍လည်းကမ္ဘာ့ကျန်းမာရေးအဖွဲ့ကချမှတ်ထားချက်များနှင့်အညီလုပ်ဆောင်ရမည်။

သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ကုန်သွယ်ခြင်းတို့အလျဉ်းမလုပ်ရ။ အဆင့် II အတော်အသင့် အန္တရာယ်များသောအဆင့်ဝင် ပိုးသတ်ဆေးများနှင့် ပတ်သက်လျှင်လည်း အကယ်၍စီမံကိန်းက ယင်းပိုးသတ်ဆေးများ ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ဖြန့်ဝေခြင်း၊ သုံးစွဲခြင်းတို့ကိုသင့်လျော်စွာ ထိန်းချုပ်နိုင်စွမ်းမရှိပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယင်းအဆင့် II ဝင် ပိုးသတ်ဆေးများကို ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ကုန်သွယ်ခြင်းတို့မလုပ်ရပေ။ ပိုးသတ်ဆေးတွင် ပါဝင်သော ဓာတုပစ္စည်းများအကြောင်း သင်တန်းမပြီးသေးသူများ၊ အကာအကွယ်ပစ္စည်းနှင့် ကိုင်တွယ်ရန်၊ သိုလှောင်ရန်၊ အသုံးပြုရန်၊ စွန့်ပစ်ရန်အတွက်သင့်လျော်သည့်အရာများမရှိပါက ယင်းပိုးသတ်ဆေးများနှင့် ပတ်သက်၍ မည်သူ့ကိုမျှတာဝန်မပေးရ။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၄)

# ရပ်ရွာလူထု ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းဝေးရေးနှင့် လုံခြုံရေး

### မိတ်ဆက်

၁။ စီမံကိန်းနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ပစ္စည်းကိရိယာ တန်ဆာပလာ၊ အခြေခံအဆောက်အအုံစသည်တို့သည် ရပ်ရွာလူထုအား အန္တရာယ်ဖြစ်စေနိုင်မှုနှင့်ဆိုးကျိုးသက်ရောက်မှုပိုမိုများပြားလာနိုင်ကြောင်း လုပ်ဆောင်မှုစံသတ်မှတ်ချက်(၄)ကအသိအမှတ်ပြု လက်ခံထားသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုအရေးကြောင့် ယခင်ကတည်းက ထိခိုက်ခံနေရသောရပ်ရွာလူထုများဆိုပါကစီမံကိန်းလုပ်ငန်းများ၏ ၎င်းတို့အပေါ် သက်ရောက်မှုများက ပို၍ပြင်းအားများပြီး ပို၍လည်းအရှိန်ပြင်းပြင်းနှင့် ရောက်လာနိုင်ပေသည်။ ရပ်ရွာလူထုကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးတို့အတွက် ပြည်သူ့ကျန်းမာရေးဌာနက ကူညီစောင့်ရှောက်မည်ဆိုသည်ကို သိရှိအသိအမှတ်ပြုထားစဉ်မှာပင် စီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကြောင့် ဖြစ်လာနိုင်သည့် ရပ်ရွာလူထုကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးတို့အပေါ် ဆိုးကျိုးသက်ရောက်လာမှုများကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများက ထိုဆိုးကျိုးများမဖြစ်ပေါ်လာရေး တားဆီးလုပ်ဆောင်ရန်လိုအပ်သကဲ့သို့၊ ဖြစ်ပေါ်လာပါကလည်းလျော့ကျသွားအောင် လုပ်ရန်တာဝန်ရှိသည့်အကြောင်း ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်ကဖွင့်ဆိုရှင်းပြထားသည်။ ထိုသို့ ဆောင်ရွက်ကြရာတွင်အကျိုးစီးပွားကိုထိခိုက်လွယ်စေသည့်(သို့မဟုတ်) အကာအကွယ်မဲ့ဖြစ်နေသူများကိုအလေးပေးဂရုပြုရမည်။

၂။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော ကြုံရမည့်အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများသည်ပဋိပက္ခဖြစ်နေသောဒေသများနှင့် ပဋိပက္ခကိုဖြတ်သန်းခဲ့ရသောဒေသများတွင် ပို၍ကြီးမားပေလိမ့်မည်။ ယခင်ကတည်းကအထိအခိုက်မခံသော ဒေသဆိုင်ရာ အခြေအနေများတွင် စီမံကိန်းကထပ်ဆင့်တိုးလိုက်သည့် အန္တရာယ်သက်ရောက်နိုင်မှုများနှင့် ဒေသတွင်းအရင်းအမြစ်များရှားပါးနေ၍ ဖိစီးမှုများရှိနေသည့် အခြေအနေများသည် နောက်ထပ် ပဋိပက္ခတစ်ခုဆီသို့ ဦးတည်သွားနိုင်သဖြင့် ထိုအကြောင်းချင်းရာတို့ကိုအပေါ်ယံလျှံ၍မကြည့်သင့်ပေ။

### ရည်မှန်းချက်များ

- စီမံကိန်းကာလအတွင်း ပုံမှန်အခြေအနေ၊ ပုံမှန်မဟုတ်သောအခြေအနေစသည့်အခြေအနေ ၂ မျိုးလုံးတွင် ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု၏ ကျန်းမာရေးနှင့်ဘေးကင်းရေးတို့အပေါ် ဆိုးကျိုးသက်ရောက် လာနိုင်မှုများကို ကြိုတင်မှန်းဆရန်နှင့် ရှောင်ရှားနိုင်ရန်။
- ရပ်ရွာရှိပြည်သူများနှင့် ယင်းတို့၏ ပိုင်ဆိုင်မှုများ၏ လုံခြုံရေးကို ကာကွယ်ပေးရာတွင် လူ့အခွင့်အရေး အခြေခံမူများနှင့်အညီလုပ်ဆောင်ခြင်း၊ ထိခိုက်မှုရှိသည့် ရပ်ရွာလူထု အပေါ်သက်ရောက်လာနိုင်သည့် အန္တရာယ်များကို ရှောင်ရှားမည့်(သို့မဟုတ်) လျှော့ချမည့်နည်းဟန်ဖြင့် လုပ်ဆောင်ခြင်း စသည်တို့အား သေချာစွာ အာမခံနိုင်ရန်။

### အသုံးပြုရာ နယ်ပယ်

၃။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက် အသုံးပြုမည့်အတိုင်းအတာကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ်သက်ရောက်လာမည့်အန္တရာယ်နှင့် ဆိုးကျိုးများကိုသိရှိအောင် လုပ်ဆောင်သည့်လုပ်ငန်းစဉ်အတွင်းသတ်မှတ်ရမည်။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်မှ လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိအောင်လုပ်ဆောင်ရန်လိုအပ်ပြီး ယင်းသို့ကိုက်ညီမှုရှိစေရေးစီမံရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် မိမိတို့ထံမှထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အညီ စီမံဆောင်ရွက်ရမည်။

၄။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်သည် စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထုအပေါ်သို့သက်ရောက်လာနိုင်သည့်အန္တရာယ်များနှင့် ဆိုးကျိုးများကို ဖြေရှင်းဆောင်ရွက်ပေးသည်။ အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေး၊ ဘေးကင်းရေး

ဆိုင်ရာ လိုအပ်ချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၂ တွင် ဖော်ပြထားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုရှောင်ရှားနိုင်ရေး(သို့မဟုတ်)လျှော့ချနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံသတ်မှတ်ချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ တွင် ထည့်သွင်းထားသည်။

## လိုအပ်ချက်များ

### ရပ်ရွာလူထု ကျန်းမာရေးနှင့် ဘေးကင်းရေး

၅။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကာလတလျောက်လုံးတွင် ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု၏ကျန်းမာရေးနှင့်လုံခြုံရေးအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများကိုအစဉ်အမြဲဆန်းစစ်သုံးသပ်နေရမည်။ တချိန်တည်းမှာပင် ထိုသက်ရောက်မှု များကို တားဆီးခြင်း၊ ထိန်းချုပ်ခြင်းတို့ လုပ်ဆောင်ရာတွင် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့်ဘေးကင်းရေးလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ(EHS Guidelines) (သို့မဟုတ်)အခြားနိုင်ငံတကာ အသိအမှတ်ပြု လမ်းညွှန်ချက်များတွင်ပါဝင်သည့် နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (GIIP)[၁] များနှင့်အညီ လုပ်ဆောင်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်ဖြစ်လာနိုင်သည့် အန္တရာယ်များနှင့် ဆိုးကျိုးသက်ရောက်မှုတို့ကို သိရှိအောင်လုပ်ဆောင်ပြီး ယင်းတို့၏ သဘောသဘာဝနှင့် အတိုင်းအတာအပေါ်မူတည်ကာ ယင်းတို့အား မည်သို့လျှော့ချမည်ဆိုသည့် နည်းစနစ်ကို ဖွေရှာရမည်။ ယင်းနည်းစနစ်များသည် အန္တရာယ်နှင့် ဆိုးကျိုးများကိုရှောင်ရှားခြင်းကို လျှော့ချခြင်းထက်ပို၍ ဦးစားပေးပါသည်။

### အခြေခံ အဆောက်အအုံ၊ ပစ္စည်းကိရိယာ ပုံစံထုတ်ပုံနှင့် ဘေးကင်းရေး

၆။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်း၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် ပါဝင်သည့် အစိတ်အပိုင်းများ (သို့မဟုတ်)ပေါင်းစပ်ထားသော အစိတ်အပိုင်းများကို ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ဖျက်သိမ်းခြင်းစသည်တို့ကို လုပ်ဆောင်ရာတွင် တတိယအစုအဖွဲ့များနှင့် သက်ဆိုင်ရာ ရပ်ရွာလူထုအားမထိခိုက်စေရန် ရှေ့ရှုစဉ်းစား ရမည်ဖြစ်ပြီး GIIP နှင့်အညီ လုပ်ဆောင်ရမည်။ အဆောက်အအုံအသစ်များ၊ တည်ဆောက်မှုအသစ်များကိုရပ်ရွာရှိလူထုကဝင်ထွက်သွားလာရသောအခါ ရပ်ရွာလူထုအပေါ်ကျရောက်လာနိုင်သော မတော်တဆထိခိုက်မှုများ(နှင့်) (သို့မဟုတ်) ဘေးအန္တရာယ်များပိုတိုးလာမည့်အရေးကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထည့်သွင်းစဉ်းစားပြီးမည်သူမဆို စိတ်ချလုံခြုံစွာဝင်ထွက်သွားလာနိုင်ရေးအခြေခံမှုများနှင့်အညီ လုပ်ဆောင်ရမည်။ တည်ဆောက်ရာတွင် ပါဝင်သည့်အစိတ်အပိုင်းများကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ပုံစံထုတ်ကာ၊ တည်ဆောက်ရမည်ဖြစ်သလို ယင်းတည်ဆောက်မှုသည် သက်ဆိုင်ရာအရည်အချင်းပြည့်အာဏာပိုင်များ(သို့မဟုတ်) ကျွမ်းကျင်ပညာရှင်များက အသိအမှတ်ပြုချက်ရသည်အထိ အရည်အသွေးပြည့်မီရန်လိုအပ်မည်။ ရေကာတာများ၊ သတ္တုမိုင်းတွင်းလုပ်ငန်းများမှ ဘေးထွက်ပစ္စည်းများကို သိုလှောင်ထားသည့် ဆည်များ၊ မီးခိုးပြာ များ ကို သိုလှောင်ထားသည့် ကန်များစသည့် အဆောက်အအုံများသည် အလွန်အန္တရာယ်များသောနေရာများတွင် တည်ရှိနေခြင်း၊ ယင်းအဆောက်အအုံများတွင် ချို့ယွင်းချက်(သို့မဟုတ်)ပျက်စီးမှုများရှိနေခြင်းစသည့်အခြေအနေတို့သည် ရပ်ရွာလူထု၏ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်နေပေလိမ့်မည်။ ထိုသို့သောအခြေအနေများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် အဆိုပါစီမံကိန်းကို ပြန်လည်ဆန်းစစ်ရန်အတွက် ယခုအဆောက်အအုံကို ပုံစံထုတ်၊ တည်ဆောက်ခဲ့သူများနှင့်မဟုတ်ပဲ အလားတူစီမံကိန်းများတွင် အတွေ့အကြုံရင့်ကျက်ခဲ့သည့် ပြင်ပပညာရှင်တစ်ဦး (သို့မဟုတ်)ပညာရှင်များကိုစောနိုင်သမျှအစောဆုံးတိုင်ပင်ဆောင်ရွက်ရမည်။ စီမံကိန်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ပယ်ဖျက်ခြင်းစသည့်အဆင့်အားလုံးကိုလည်း ပြန်လည်ဆန်းစစ်ရမည်။ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာ၌ အများပြည်သူအသုံးပြုသည့် လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများတွင် ယာဉ်ယန္တရား၊ စက်ကိရိယာများကို မောင်းနှင်ခြင်းများပါဝင်ပါကမတော်တဆမှုများကြောင့် အများပြည်သူထိခိုက်ဒဏ်ရာရမည့်အရေးကိုမိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့်ကြိုတင်ကာကွယ်လုပ်ဆောင်ရမည်။

### ဘေးအန္တရာယ်များသော စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ခြင်းနှင့် ဘေးကင်းလုံခြုံရေး

၇။ စီမံကိန်းကထွက်ရှိလာမည့် ဘေးအန္တရာယ်များသော

[၁] GIIP ဟုဆိုရာတွင် စွမ်းဆောင်ရည်ရှိပြီး အတွေ့အကြုံများသည့် ပုဂ္ဂိုလ်များက နိုင်ငံတကာတွင်ဖြစ်စေ၊ ဒေသတွင်းတွင်ဖြစ်စေ အဆိုပါဆင်တူသည့် အခြေအနေအောက်များတွင်ရရှိမည်ဟု မျှော်လင့်ထားသည့် အလုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်၊ တင်ကြိုလုံ့လရှိမှု၊ သတိထားမှု၊ ရှေ့တွင်ဖြစ်လာနိုင်သည်တို့ကို မှန်းဆမှုစသည်တို့ကို ဆိုလိုသည်။

ရုပ်ဝတ္ထုပစ္စည်း၊ ဒြပ်ဝတ္ထုပစ္စည်းများက ရပ်ရွာလူထုကို ထိတွေ့သက်ရောက်စေကာ ၎င်းရပ်ရွာလူထုအပေါ်ဆိုးကျိုး သက်ရောက်လာမည့်အရေးကို မိမိတို့၏ ထောက်ပံ့ဝန် ဆောင်မှုများကို ရယူထားသူများက ကြိုတင်ကာကွယ် ရှောင်ရှားရန်(သို့မဟုတ်) သက်ရောက်မှုများကို လျှော့ချ နိုင်ရန်လုပ်ဆောင်ရမည်။ ထိုဘေးအန္တရာယ်ပေး ပစ္စည်း များထိတွေ့ သက်ရောက်ခြင်းကြောင့် (အလုပ်သမားများ နှင့်သူတို့၏မိသားစုများအပါအဝင်) ရပ်ရွာလူထုတွင် ဘေး အန္တရာယ်ကို ကြုံရနိုင်ပါကမိမိတို့၏ထောက်ပံ့ဝန်ဆောင် မှုများကို ရယူထားသူများအနေဖြင့် ထိုဘေးအန္တရာယ်ပေး ပစ္စည်းများဖြစ်လာစေသည့် အကြောင်းရင်းခံအခြေအနေ နှင့်အရာဝတ္ထုတို့ကို မွမ်းမံပြင်ဆင်ခြင်း(သို့မဟုတ်) အစား ထိုးလဲလှယ်ခြင်း(သို့မဟုတ်)ဖျက်သိမ်းခြင်းတို့ကိုလုပ်ဆောင် ရမည်။ အထူးသဖြင့်အသက်အန္တရာယ်ပေးနိုင်သည်အထိ ဒုက္ခပေးနိုင်သောကိစ္စတို့တွင် ပို၍အလေးထား ဆောင် ရွက်ရမည်။ ဘေးအန္တရာယ်များသော စွန့်ပစ်ပစ္စည်းသည် လက်ရှိစီမံကိန်းဆိုင်ရာအခြေခံအဆောက်အအုံ(သို့မဟုတ်) အစိတ်အပိုင်းများဖြစ်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင် မှုများကိုရယူထားသူများက ၎င်းတို့ကိုဖျက်သိမ်းပစ်ရာတွင် ရပ်ရွာလူထုအပေါ် ထိတွေ့သက်ရောက်ပြီး အန္တရာယ်နှင့် မကြုံရစေရန် အထူးသတိထားပြီး လုပ်ဆောင်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ တွင်ဖော်ပြ ထားသည့် လိုအပ်ချက်များနှင့်အညီ ဘေးအန္တရာယ်များ သောပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ၊ ဘေး အန္တရာယ်များသောစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် ဖြစ်စေ စီးပွားရေးအရ ဆီလျော်သည့် ဘောင်အတွင်းတွင် ဘေးကင်းလုံခြုံစိတ်ချစေမည့်နည်းလမ်းကိုသုံးရန် အားစိုက် လုပ်ကိုင်ရမည်။ ထို့ပြင် ပိုးသတ်ဆေးများကြောင့် ရပ်ရွာ လူထုဘေးဖြစ်စေမည့်အရေးကို ကြိုတင်ရှောင်ရှားခြင်း (သို့မဟုတ်) ထိန်းချုပ်ခြင်းတို့ကို လည်း လုပ်ဆောင်ရမည်။

**ဂေဟစနစ်၏ ထောက်ပံ့မှု၊ ဝန်ဆောင်မှုများ**

၈။ စီမံကိန်းလုပ်ငန်းများက ဂေဟစနစ်၏ ထောက်ပံ့မှု၊ ဝန်ဆောင်မှုများကို တိုက်ရိုက်ထိခိုက်ခြင်းသည် ရပ်ရွာ လူထု၏ကျန်းမာရေးနှင့် ဘေးကင်းရေးတို့အတွက် အန္တရာယ် များစေသည်။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အသိ အမှတ်ပြုလိုက်နာခြင်းနှင့်အတူ လုပ်ဆောင်မှုစံသတ်မှတ် ချက် ၆ စာပိုဒ် ၂ တွင် ဖော်ပြထားသည့်အတိုင်း ဂေဟ စနစ်၏ထောက်ပံ့မှု၊ ဝန်ဆောင်မှုများဆိုသည်ကို ရေနှင့် အစားအသောက်ကဲ့သို့သော အထောက်အပံ့များပေးခြင်း၊ ရာသီဥတုပုံမှန်ဖြစ်စေရန်နှင့်ရောဂါမဖြစ်ပွားအောင်ထိန်းချုပ် ပေးခြင်းကဲ့သို့သော ဝန်ဆောင်မှုပေးခြင်းများဟူ၍ သတ်မှတ် အဓိပ္ပါယ်ဖွင့်ပေးမည်။ ဥပမာအားဖြင့် - မြေအသုံးချမှု အပြောင်းအလဲများ (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ထိန်းသိမ်းပေးသော ဧရိယာများ(ယင်းတွင် စိမ့်မြေအရပ်၊ လမုတောများ၊ တောင်ပေါ်သစ်တောများ စသဖြင့်ပါဝင်ပြီး ၎င်းတို့သည် သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်းစသည့် ဘေးတို့ကိုနည်းပါးလျော့ကျစေသည်)ပျက်ဆီးခြင်းကြောင့် ရပ်ရွာလူထုအဖို့ အကာအကွယ်မဲ့သော အဖြစ်ပိုဆိုးလာ ပြီး ဘေးအန္တရာယ်ကျရောက်ဖို့ ပိုနီးလာနိုင်သည်။ ရေချို အရည်အသွေး၊[၂] ပမာဏနှင့် ရနိုင်မှုတို့တွင် ဆိုးကျိုးသက် ရောက်လာသည့် သဘာဝပတ်ဝန်းကျင်ယုတ်လျော့ နည်းပါး လာမှု (သို့မဟုတ်) ပျက်စီးလာမှုများကြောင့် ကျန်းမာရေး ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်လာကြ ရနိုင်သည်။ အခြေအနေပေးပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများ ကိုရယူထားသူများအနေဖြင့်ရာသီဥတုပြောင်းလဲမှုကြောင့် ပိုမို၍ဆိုးရွားစွာထိခိုက်နိုင်သည့် ဂေဟစနစ်မှရရှိသော အ ကျိုးရလာဒ်များမှ အရေးကြီးဆုံးအရာများအပေါ် ကျရောက် လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုး သက်ရောက်မှုများကို သိရှိစေရန်ဆောင်ရွက်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန် ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုဆိုးကျိုး သက်ရောက်မှုများ မရှိလာအောင် ကြိုတင် ကာကွယ်ရမည် ဖြစ်ပြီး အကယ်၍ဆိုးကျိုးသက်ရောက်မှုများကို မရှောင်လွှဲ နိုင်ပါက လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင် ပါဝင် သည့် စာပိုဒ် ၂၄ နှင့် ၂၅ တို့တွင် ဖော်ပြချက်များနှင့်အညီ သက်ရောက်မှုလျော့ချနိုင်ရေးအစီအမံများကို လုပ်ဆောင် ရမည်။ ဂေဟစနစ်၏ ထောက်ပံ့မှု၊ ဝန်ဆောင်မှုများကို အသုံးချခြင်းနှင့်လက်လှမ်းမီခွင့်ဆုံးရှုံးခြင်းတို့နှင့်ပတ်သက် ၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ ရှိ စာပိုဒ် ၂၅ မှ ၂၉ အထိ ဖော်ပြ ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

**ရပ်ရွာလူထုတွင် ရောဂါများ ကူးစက်နိုင်ခြင်း**

၉။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများ ရယူထားသူများ အနေဖြင့် စီမံကိန်းလုပ်ငန်းများကြောင့် ရေမှ တဆင့်၊ ရေကြောင့်၊ ရေနှင့်ဆက်နွယ်၍ ရသောရောဂါများ၊ ရောဂါ ပိုးသယ်ဆောင်ထားသော ပိုးမွှားတိရစ္ဆာန်များမှ တဆင့် ဖြစ်ပွားသော ရောဂါများ၊ အခြားကူးစက်သောရောဂါများ စသည်တို့ မဖြစ်ပွားစေရန်၊ ဖြစ်ပွားပါကလည်း ရပ်ရွာလူထု ထိခိုက်ခံစားရမှု နည်းပါးစေရန် လုပ်ဆောင်ရမည်။ အထိ အခိုက်အခံရဆုံး၊ အကာအကွယ်မဲ့အဖြစ်ဆုံး လူများကို လည်း ပို၍အလေးပေးဆောင်ရွက်ပေးရမည်။ စီမံကိန်း

[၂] ရေချိုသည် ဂေဟစနစ်၏ ထောက်ပံ့မှု ဥပမာတစ်ခုဖြစ်သည်

လွှမ်းခြုံနယ်မြေတွင် ရပ်ရွာလူထုအတွင်း ထူးဆန်းသည့် ရောဂါများဖြစ်ပွားနေသည်ဆိုပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကာလအတွင်း ထိုရောဂါများ ဖြစ်ပွားမှုနှုန်းကို လျော့ကျစေရေးအလို့ငှာ သဘာဝပတ်ဝန်းကျင်အခြေအနေများအား တိုးတက်ကောင်းမွန်လာစေရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်သည်။

၁၀။ စီမံကိန်းနေရာသို့ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေဝင်ရောက်လာသော အလုပ်သမားများထံမှတဆင့်ကူးစက်ရောဂါများမပျံ့နှံ့စေရန် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများကစီမံထားသင့်သလို၊ ဖြစ်လာပါကလည်း ပျံ့နှံ့ဖြစ်ပွားမှုလျော့ပါးစေရေးအတွက် ဆောင်ရွက်ရမည်။

## အရေးပေါ် ကိစ္စများအတွက် ပြင်ဆင်မှုနှင့် ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်မှု

၁၁။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ပါရှိသည့် အရေးပေါ် ကိစ္စများအတွက် ပြင်ဆင်မှုနှင့် ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များအပြင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ အနေဖြင့် အရေးပေါ်ဆိုင်ရာ ပြင်ဆင်မှုအရေးကိစ္စများတွင် ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု၊ ဒေသအဆင့်အစိုးရဌာနများ၊ အခြားဆက်နွယ်သည့် အဖွဲ့များအားကူညီရန်၊ ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်မည်။ အထူးသဖြင့်၎င်းတို့၏ ပါဝင်ဆောင်ရွက်မှု၊ ဝိုင်းဝန်းမှုမရှိမဖြစ်လိုအပ်သော အခြေအနေတွင် ပို၍အလေးထားလုပ်ဆောင်ပေးရမည်။ အကယ်၍ ဒေသဆိုင်ရာအစိုးရဌာနများက အရေးပေါ်အခြေအနေများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းတွင် အားနည်းနေပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းနှင့် ပတ်သက်လာမည့် အရေးပေါ်ကိစ္စပြင်ဆင်ဆောင်ရွက်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးတွင် ကိုယ်တိုင်က ကမကထပြု ဆောင်ရွက်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အရေးပေါ်ကိစ္စအတွက် ပြင်ဆင်ထားသည့် အစီအစဉ်များ၊ ဖြစ်လာပါက တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ဆောင်မှုများ၊ အရင်းအမြစ်များနှင့် တာဝန်ဝတ္တရားများ စသည်တို့ကို သေချာစွာ ရေးသားပြုစုပြီးထိခိုက်သက်ရောက်ခံရသောရပ်ရွာလူထု၊ ဒေသအဆင့် အစိုးရဌာနများ၊ အခြားဆက်နွယ်သည့်အဖွဲ့များအား ၎င်းတို့သိသင့်သိထိုက်သည့် အချက်အလက်များကို ပံ့ပိုးပေးထားရမည်။

## လုံခြုံရေး ဝန်ထမ်းများ

၁၂။ စီမံကိန်းဝန်ထမ်းများ၊ စီမံကိန်းဆိုင်ရာ မြေ၊အိမ်ရာ၊ အဆောက်အအုံများ လုံခြုံရေးအတွက် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက လုံခြုံရေးဝန်ထမ်းများ တိုက်ရိုက်ခန့်ထားခြင်း (သို့မဟုတ်) ကန်ထရိုက်တာများမှ တဆင့်ရယူအသုံးပြုရာတွင် ထိုလုံခြုံရေးဆိုင်ရာအစီအမံများကြောင့် စီမံကိန်းနေရာအတွင်းနှင့်ပြင်ပရှိသူများအပေါ် သက်ရောက်လာနိုင်သော အန္တရာယ်ကိုဆန်းစစ်ရန်လိုအပ်သည်။ ထိုသို့သော လုံခြုံရေးဆိုင်ရာအရေး စီမံဆောင်ရွက်ရာတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ခံယူထားသူများအနေဖြင့် လုံခြုံရေးဝန်ထမ်းများ ငှားရမ်းရာတွင်ဖြစ်စေ၊ လုံခြုံရေးဆောင်ရွက်ပုံ စည်းမျဉ်းချမှတ်ရာမှာဖြစ်စေ၊ သင်တန်းပေးခြင်း၊ လက်နက်ပစ္စည်းများ တပ်ဆင်ခြင်းစသည့်အခါများတွင်ဖြစ်စေ၊ ထိုလုံခြုံရေး ဝန်ထမ်းများအား စောင့်ကြည့်လေ့လာရာမှာဖြစ်စေ ကောင်းမွန်သော နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ[၇]၊ အင်အားသုံးခြင်းဆိုင်ရာအခြေခံမူများအရလုပ်ကိုင်ရမည်ဖြစ်သလိုသက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဖြစ်အောင်လည်း ဆောင်ရွက်ရမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် လုံခြုံရေးဝန်ထမ်းများသည် ယခင်အတိတ်ကာလတွင် အာဏာအလွဲသုံး ကျူးလွန်မှုများနှင့် မပတ်သက်ခဲ့ကြောင်း သေချာအောင်စစ်ဆေးရမည်၊ လုံခြုံရေးတာဝန်အပ်နှင်းမည့်သူများကိုလည်း အင်အားသုံးဆောင်ရွက်သည့်အရေးနှင့်ပတ်သက်၍ လုံလောက်သော သင်တန်းပေးရမည် (လိုအပ်ပါက လက်နက်အသုံးပြုရမည့် အရေးနှင့်ပတ်သက်၍လည်း သင်တန်းပေးရမည်)၊ အလုပ်သမားများနှင့် ထိခိုက်ခံရသည့်ရပ်ရွာလူထုများအပေါ်သင့်လျော်စွာ ဆက်ဆံပြုမူရမည်တို့ကိုလည်း သင်တန်းပေးရမည်။ ထို့ပြင် ထိုသူတို့အားဥပဒေနှင့်အညီလုပ်ဆောင်ရန်လည်း ကြပ်မတ်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ကျရောက်လာသော ခြိမ်းခြောက်မှုသဘောသဘာဝနှင့် အတိုင်းအတာအပေါ်မူတည်ပြီး ခုခံကာကွယ်သည့်ရည်ရွယ်ချက်ဖြင့် အင်အားသုံးဆောင်ရွက်စေသည့် ကိစ္စမှလွဲ၍ အခြားကိစ္စများတွင် အင်အားသုံးဆောင်ရွက်ခြင်းကို အသုံးမပြုရပါ။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် လုံခြုံရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ဖြစ်စေ၊ လုံခြုံရေးဝန်ထမ်းများ၏ အပြုအမူနှင့်ပတ်သက်၍ဖြစ်စေ ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထုမှ ၎င်းတို့၏ စိုးရိမ်ချက်များကိုတင်ပြနိုင်သည့် နစ်နာမှု တိုင်ကြားနိုင်သည့်

[၇] ကုလသမဂ္ဂ၏ဥပဒေစိုးမိုးရေးအရာရှိများအတွက်လိုက်နာရမည့် ကျင့်ဝတ်များနှင့်ဥပဒေစိုးမိုးရေးအရာရှိများ၏ အင်အားနှင့်လက်နက်အသုံးပြုမှုနှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏အခြေခံစည်းမျဉ်းများ အပါအဝင်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီရမည်။

ယန္တယားစနစ်တစ်ခုကို ဖွင့်လှစ်ချပြထားပေးရမည်။

၁၃။ စီမံကိန်းရှိ မိမိတို့လုံခြုံရေးအဖွဲ့ကို အကူအညီပေး အင်အားဖြည့်ရန်အတွက် အစိုးရလုံခြုံရေး တပ်ဖွဲ့ဝင်များ အားခေါ်ယူနေရာချသည့်အခါ မိမိတို့၏ထောက်ပံ့ဝန်ဆောင် မှုများကို ရယူထားသူများအနေဖြင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များကို ဆန်းစစ်လေ့လာရမည်ဖြစ်သလို သေချာ စွာ မှတ်တမ်းပြုစုထားရမည်။ လုံခြုံရေးတာဝန်ယူသူများ က အထက်ပါ စာပိုဒ် ၁၂ ပါအတိုင်း လိုက်နာလုပ်ဆောင်မှု ကိုသေချာစေရန် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူ ထားသူများက ကြိုးပမ်းရမည်။ ထို့ပြင် လူအများ ထိုလုံခြုံ ရေးကိစ္စများနှင့် ပတ်သက်ပြီး စိုးရိမ်မှုများမရှိစေရန် မိမိတို့ စီမံကိန်းနေရာကို အကာအကွယ်ပေးထားသည့် လုံခြုံရေး အစီအမံဆိုင်ရာအချက်အလက်များကိုပြည်သူအများအကြား ထုတ်ပြန်ပေးရန် သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များအား မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက တိုက်တွန်းရမည်။

၁၄။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူ များအနေဖြင့် (လိုအပ်ပါက) လုံခြုံရေးဝန်ထမ်းများက ဥပဒေကိုချိုးဖောက်သော (သို့မဟုတ်) မတရားကျူးလွန် သောအပြုအမူများလုပ်သည်ဆိုသည့်စွပ်စွဲချက်များ ထွက်ပေါ် လာလျှင် ယင်းစွပ်စွဲချက်တို့ကို ထည့်သွင်းစဉ်းစားကာ စုံစမ်းစစ်ဆေးရမည်။ ထို့ပြင် ထိုသို့မတရားသည့်အဖြစ်များ နောက်ထပ်မပေါ်ပေါက်လာစေရန် အရေးယူဆောင်ရွက် (သို့မဟုတ် - သက်ဆိုင်ရာဌာနကိုအရေးယူရန်တိုက်တွန်း) ရမည်။ အစိုးရဌာနများသို့လည်း ယင်းဥပဒေမဲ့၊ မတရား ကျူးလွန်မှုများကို အစီရင်ခံအကြောင်းကြားရမည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၅)

# မြေယာရယူခြင်း၊ ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှု

### မိတ်ဆက်

၁။ စီမံကိန်းနှင့် ဆက်စပ်၍ပေါ်ပေါက်လာသည့် မြေယာရယူခြင်းများ၊ မြေယာအသုံးချခြင်းကို ကန့်သတ်မှုများစသည်တို့သည် သက်ဆိုင်ရာရပ်ရွာလူထုနှင့် ယင်းမြေယာကို အသုံးချနေသည့် ပြည်သူများကို ဆိုးကျိုးသက်ရောက်နိုင်သည်ဆိုသည့်အချက်ကို လုပ်ဆောင်မှုစံသတ်မှတ်ချက် (၅) ကအသိအမှတ်ပြုလက်ခံထားသည်။ ယင်းသို့ စီမံကိန်းနှင့် ပတ်သက်ပြီးပေါ်ပေါက်လာသည့် မြေယာရယူခြင်းများ၊ မြေယာအသုံးချမှုကို ကန့်သတ်မှုများစသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် သက်ဆိုင်သူတို့၏ ဆန္ဒမပါပဲ နေရာပြောင်းရွှေ့ရမှုတွင် ရုပ်ပိုင်းအရ နေအိမ်များ နေရာပြောင်းရွှေ့ခံရမှု (အိမ်ရာပြောင်းရွှေ့ရခြင်း (သို့မဟုတ်) အိမ်ရာဆုံးရှုံးခြင်း)နှင့် စီးပွားရေး အခြေအနေအရ ပြောင်းရွှေ့ရခြင်း (မိမိတို့အသက်မွေးဝမ်းကျောင်းအလုပ်အတွက် အားထားရသောအရာတို့ ဆုံးရှုံးသွားခြင်း (သို့မဟုတ်) ယင်းအရာတို့ကို လက်လှမ်းမမီတော့ခြင်းကြောင့် ဝင်ငွေရလမ်းပျက်စီးသွားခြင်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ရသည့်အလုပ်[၁]ကို လုပ်၍မရတော့ခြင်း) တို့ပါဝင်သည်။ နေအိမ်များ နေရာပြောင်းရွှေ့ခံရမှုနှင့် စီးပွားရေး အခြေအနေအရပြောင်းရွှေ့ရခြင်းတို့ကို ဖြစ်စေသည့် မြေယာရယူခြင်းများ[၂]၊ မြေယာအသုံးချခြင်းကို ကန့်သတ်ခြင်းများကို သက်ရောက်ထိခိုက်သွားသည့် ပြည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ ရပ်ရွာလူထုက ဖြစ်စေ လက်မခံပဲပယ်ချနိုင်ခွင့်မရှိသည့် အခြေအနေမျိုးတွင် ပြောင်းရွှေ့နေရာချထားခြင်းဆိုသည်မှာ သက်ဆိုင်သူတို့၏ သဘောဆန္ဒမပါပဲ လုပ်ဆောင်သည်ဟုပင် မှတ်ယူရမည်။ ဥပမာ - (၁) ဥပဒေအရ တရားဝင်မြေသိမ်းခြင်း (သို့မဟုတ်) မြေယာအသုံးပြုမှုကို ယာယီ(သို့မဟုတ်) အမြဲတမ်းကန့်သတ်ခြင်း၊ (၂) မြေရောင်းသူနှင့် ညှိနှိုင်းရာတွင် မအောင်မြင်သော်လည်း မြေဝယ်သူအနေဖြင့် မြေကို သိမ်းယူနိုင်အောင် (သို့မဟုတ်)ဥပဒေကြောင်းအရ မြေယာအသုံးချခြင်းကို ကန့်သတ်နိုင်အောင် ညှိနှိုင်းဆောင်ရွက်ချက်များစသည်တို့ သည် ဆန္ဒမပါပဲ နေရာပြောင်းရွှေ့ရမှုများဖြစ်သည်။

၂။ စနစ်တကျ စီမံဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်သူတို့၏ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှုသည် ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထုနှင့်ပုဂ္ဂိုလ်များကို ရေရှည်ဒုက္ခရောက်စေသည့်အပြင် ဆင်းရဲတွင်းထဲသို့ ဆွဲချနိုင်စေသည်။ ထို့ပြင် ထိုသို့လူများကို ပြောင်းရွှေ့ပေးလိုက်သည့် နေရာတွင်လည်း သဘာဝ ပတ်ဝန်းကျင် ပျက်စီးနိုင်သလို၊ ရပ်ရွာလူထုလူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများနှင့် ကြုံရနိုင်သည်။ ထိုအချက်များကြောင့် သက်ဆိုင်သူတို့၏ဆန္ဒမပါသော နေရာရွှေ့ပြောင်းရမှုကို ရှောင်ကျဉ်သင့်သည်။ သို့သော်လည်း သက်ဆိုင်သူတို့၏ ဆန္ဒမပါသော နေရာရွှေ့ပြောင်းရမှု ကို မရှောင်လွှဲနိုင်သည့်အခါတွင် ရွှေ့ပြောင်းခံရမည့်သူများ၊ ထိုရွှေ့ပြောင်းမည့်သူများအားနေရာချထားမည့်နေရာမှ ရပ်ရွာလူထုများ[၃] စသူတို့အပေါ်သက်ရောက်မည့် ဆိုးကျိုးများကို လျော့ကျစေရန်အတွက်စနစ်တကျအစီအစဉ်ရေးဆွဲရမည်ဖြစ်သလို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ အစိုးရသည် မြေယာရယူခြင်း၊ ပြောင်းရွှေ့နေရာချခြင်း၊ အလျော်မည်ရွှေ့မည်မျှပေးမည်ကိုဆုံးဖြတ်ခြင်း စသည့်အရေးတို့တွင် အဓိက ကျသောအခန်းကဏ္ဍတွင်ရှိသောကြောင့် သူသည် တတိယနေရာမှ ပတ်သက်သူအဖြစ် အခြေအနေအများအပြားတွင်ဆက်စပ်ပတ်သက်နေသည်။ အတွေ့အကြုံများအရပြောရလျှင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ပြောင်းရွှေ့နေရာချရေးလုပ်ဆောင်မှုများတွင်တိုက်ရိုက်ပါဝင်ပတ်သက်လုပ်ဆောင်ခြင်းက ကုန်ကျသလောက်ရလဒ်ကောင်းထွက်လာစေသလို၊လုပ်ဆောင်စရာများကို အချိန်မီစွမ်းဆောင်ရည်ပြည့်ပြည့်ဖြင့် ဆောင်

---

[၁] အသက်မွေးဝမ်းကျောင်းမှုဟုဆိုရာတွင် လူပုဂ္ဂိုလ်များ၊ မိသားစုများ၊ ရပ်ရွာလူထုများသည်မိမိတို့၏ စားဝတ်နေရေးအတွက် လစာရသည့်အလုပ်၊ စိုက်ပျိုးရေး၊ ငါးရှာခြင်း၊ အစားအစာရှာဖွေခြင်း၊ အခြားသဘာဝရင်းမြစ်ကို မှီခိုရပ်တည်ရသည့်အလုပ်၊ အသေးစားကုန်သွယ်ရေးနှင့် ကုန်ဖလှယ်ခြင်းစသည့်တို့ အားလုံး အကျုံးဝင်သည်။

[၂] မြေယာရယူခြင်းတွင် အိမ်ခြံမြေယာကို ဝယ်ယူခြင်းနှင့် လမ်းကိုအသုံးချနိုင်ခွင့်ကဲ့သို့အသုံးချပိုင်ခွင့်ကိုရယူခြင်း။

[၃] အိမ်ရှင်ရပ်ရွာလူထု - ပြောင်းရွှေ့လာသည့်လူများအား လက်ခံရသည့် ရပ်ရွာရှိလူထု

ရွက်နိုင်သည်။ ထို့အတူပြောင်းရွှေ့ နေရာချထားခြင်းကြောင့် ထိခိုက်သက်ရောက်မှုရှိသွားသည့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှု ပြန်လည်ရရှိရေးအတွက် လုပ်ဆောင်ရာတွင်ကောင်းမွန်၍ ဖန်တီးမှုရှိသည့် နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်မည်။

၃။ မြေယာသိမ်းခြင်းကိုရှောင်ရှားနိုင်ရေး၊ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာကိုအသုံးချပြီး အတင်းအကျပ်ပြောင်းရွှေ့နေရာချရန်လိုအပ်မည့် အခြေအနေကို ရှောင်ရှားနိုင်ရေးစသည်တို့အတွက် အထောက်အကူရစေရန်အလို့ငှာ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ကို ပြည့်မီစေရန် ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်မှု (negotiated settlements)ကို အသုံးပြုရန်တိုက်တွန်းသည်။ ရောင်းသူ၏သဘောတူချက်မလိုပဲ သူ့မြေယာကို ဥပဒေကြောင်းအရ သိမ်းနိုင်သည်ဖြစ်စေ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် အဆိုပါညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရသည့် အစည်းအဝေးကို လုပ်ဆောင်ရမည်။

## ရည်မှန်းချက်များ

- ပြောင်းရွှေ့နေရာချထားခြင်းကို ရှောင်ရှားရန်၊ မရှောင်ရှားနိုင်ပါက အစားထိုးစရာစီမံကိန်းပုံစံတစ်ခုကို ရှာဖွေပြီး ပြောင်းရွှေ့နေရာချထားခြင်း အတိုင်းအတာကို လျှော့ချရန်။
- အတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်းကိုရှောင်ရှားရန်။
- မြေယာရယူခြင်းနှင့် မြေယာအသုံးချခြင်းကို ကန့်သတ်ခြင်းများကြောင့်ဖြစ်လာနိုင်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်မှန်းဆနိုင်ရေး၊ ၎င်းတို့ကို ရှောင်ရှားနိုင်ရေး၊ မရှောင်ရှားနိုင်ပါက ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရေးတို့အတွက် (၁)ပြောင်းရွှေ့နေရာချခံရခြင်းကြောင့် ဆုံးရှုံးသွားသည့်အရာများအတွက် အစားထိုးအလျော်ပေးရန် [၄] (၂) ပြောင်းရွှေ့နေရာချသောလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာတွင် ထိခိုက်ခံရသော ရပ်ရွာလူထုအားသတင်းအချက်အလက်များကိုထုတ်ပြန်ပေးခြင်း၊ တိုင်ပင်ခြင်း၊ ၎င်းတို့လိုအပ်သည့်အချက်များကိုအကြောင်းကြား အသိပေး၍ပူးပေါင်းပါဝင်စေခြင်း စသည်တို့ကို လုပ်ဆောင်ရန်။
- ပြောင်းရွှေ့ခံရသော ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုအခြေအနေနှင့် ၎င်းတို့၏ စားဝတ်နေရေးအခြေအနေ တိုးတက်လာစေရန် (သို့မဟုတ်) မူလအခြေအနေအတိုင်း ပြန်ဖြစ်လာစေရန်။ ပြောင်းရွှေ့နေရာချပေးလိုက်သည့်နေရာများတွင် ပြောင်းရွှေ့ခံရသူတို့အား ၎င်းတို့ပြည့်စုံလုံလောက်အောင် နေထိုင်နိုင်သည့် အိမ်ရာကို ဥပဒေကြောင်းအရ အာမခံကာကွယ်ပေးထားခြင်းအား[၅]ဖြင့် ၎င်းတို့၏စားဝတ်နေရေးအခြေအနေကို တိုးတက်စေရန်။

## အသုံးပြုရာ နယ်ပယ်

၄။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အသုံးချနိုင်မှုအတွက် သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝတို့အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များ၊ ဆိုးကျိုးသက်ရောက်မှုများအား သိရှိနိုင်ရေးလုပ်ငန်းစဉ်အတွင်း သတ်မှတ်မည်ဖြစ်သည်။ ထိုလုပ်ငန်းများလုပ်ဆောင်ရာတွင် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်၏ လိုအပ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ပြီး ထိုသို့ကိုက်ညီမှု ရှိမရှိကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများကကိုင်စွဲထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ဖြင့်စီမံလုပ်ဆောင်ရမည်။ ယင်းစီမံခန့်ခွဲမှုစနစ်ကိုလုပ်ဆောင်မှုစံသတ်မှတ်ချက် (၁)တွင်ဖော်ပြထားသည်။

၅။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အောက်ပါ မြေယာနှင့်ပတ်သက်သည့်လွှဲပြောင်းရယူခြင်းပုံစံများကြောင့် ဖြစ်ပေါ်လာသည့် အိမ်ရာရွှေ့ပြောင်းခံရမှု (သို့မဟုတ်) စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရခြင်းတို့တွင် အသုံးပြုရမည်။

- သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံတွင် ရှိနေသည့် ဥပဒေများနှင့်အညီအခြားမဖြစ်မနေလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ (သို့မဟုတ်) ဥပဒေကြောင်းအရ မြေယာသိမ်းယူခြင်းများမှတဆင့် သိမ်းယူထားသော မြေယာ

[၄] ယင်းပြောင်းရွှေ့နေရာချခြင်းနှင့် ပတ်သက်၍ အစားထိုးပေးလျော်သည့်ကုန်ကျစားရိတ်တွင် ဆိုင်ရာတန်ဖိုးရှိသောအရာ၏ ဈေးကွက်ပေါက်ဈေး၊ ထိုသို့ ဝယ်ယူရာတွင် လိုအပ်သည့်ကိစ္စများ လုပ်ရသည့်အခါ ကုန်ကျသည့်စားရိတ်စသည်တို့ ပါဝင်သည်။ ထိုသို့ဈေးကွက်ပေါက်ဈေးကိုသတ်မှတ်ရာတွင် အချိန်ကာလပြောင်းလဲမှုအရ အဆောက်အဦးများ၊ ပစ္စည်းများ၏ တန်ဖိုးကျဆင်းသွားခြင်းကို ထည့်မတွက်သင့်ပါ။ ဈေးလျှော့သတ်မှတ်သော ဈေးနှုန်းသတ်မှတ်ခြင်းမျိုး မလုပ်ရ။ ဈေးကွက်ပေါက်ဈေးဟုဆိုရာတွင် ထိခိုက်သွားသောသူတို့ အနေဖြင့် ၎င်းတို့ဆုံးရှုံးသွားသည့်အရာများ ပြန်လည်အစားထိုးဝယ်ယူနိုင်ရန် လိုအပ်သည့် ပမာဏဖြစ်သည်။ ပြောင်းရွှေ့နေရာချခြင်းနှင့် ပတ်သက်၍ အစားထိုးပေးလျော်ရန် ကုန်ကျစားရိတ်တွက်ချက်ရာတွင်သုံးသည့် နည်းနာကို မှတ်တမ်းတင်ထားရန်လိုအပ်ပြီး ရွှေ့ပြောင်းနေရာချထားခြင်းနှင့် အသက်မွေးမှုအခြေအနေ ပြန်လည်ရရှိအောင်လုပ်ဆောင်ခြင်းဆိုင်ရာ အစီအစဉ်များတွင် ထည့်သွင်းရမည် (အပိုဒ် ၁၈ နှင့် ၂၅ တွင်ရှု)။

[၅] ရွှေ့ပြောင်းနေရာချခံရသူတို့၏နေထိုင်ခွင့်ကိုဥပဒေကြောင်းအရအာမခံ အကာအကွယ်ပေးသည်ဟု ဆိုရာတွင်သူတို့အား နေရာချပေးသည့်နေရာတွင် ဥပဒေအရပိုင်ဆိုင်နိုင်အောင်၊ နှင်ထုတ်ခံရခြင်းအန္တရာယ်မှ ကင်းဝေးနိုင်အောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။

ကိုပိုင်ဆိုင်ခွင့်(သို့မဟုတ်)အသုံးချခွင့်ကိုရရှိထားခြင်း

- အိမ်ခြံမြေပိုင်ရှင်များ (သို့မဟုတ်) မြေယာကို ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်ပါကရလဒ်အဖြစ် မြေယာကို တရားဝင်သိမ်းယူခြင်း (သို့မဟုတ်) အခြားမဖြစ်မနေလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ[၆] အသုံးပြုရခြင်းများရှိလာပါက ၎င်းတို့နှင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခြင်းများ ပြုလုပ်၍ မြေကိုရယူခွင့် (သို့) အသုံးပြုခွင့်။
- မြေယာအသုံးချမှုကို အတင်းအကျပ်ကန့်သတ်ခြင်း၊ သဘာဝအရင်းအမြစ်အသုံးချခွင့်ကို ကန့်သတ်ခြင်း စသည်တို့ကြောင့် ရပ်ရွာလူထု(သို့မဟုတ်)ရပ်ရွာလူထုအတွင်းက လူအုပ်စုများတွင် သူတို့ ယခင်ကတည်းက ရိုးရာအစဉ်အလာအားဖြင့်ရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ ရထားသည့် မြေနှင့် သဘာဝအရင်းအမြစ်အသုံးချခွင့်ဆိုင်ရာ အခွင့်အရေးများ[၇] ဆုံးရှုံးသွားစေသည့် စီမံကိန်းအခြေအနေများ။
- မြေယာကို တရားဝင်ပိုင်ဆိုင်ထားသော (သို့မဟုတ်) အစဉ်အလာသဘောအရဖြစ်စေ၊ ဥပဒေအရ သုံးနိုင်ခွင့်ရှိသည်ဆိုသည့် သဘောအရဖြစ်စေ ပိုင်ဆိုင်ထားသည်ဆိုသည့် အထောက်အထားမပြနိုင်သောသူများက ဝင်ရောက်နေထိုင်နေသော မြေယာများကို သိမ်းဆည်းပြီးထိုလူများကိုဖယ်ရှားရန်လိုအပ်သည့် စီမံကိန်း[၈] အခြေအနေများ၊ (သို့မဟုတ်)
- မြေယာအသုံးချခြင်းကို ကန့်သတ်ခြင်း (သို့မဟုတ်) အရင်းအမြစ်များအား အသုံးချနိုင်ခွင့်ကို ကန့်သတ်ခြင်း။ အရင်းအမြစ်ဟုဆိုရာတွင်ပင်လယ်နှင့်ပင်လယ်ကို ဆက်စပ်မှီခိုရှင်သန်သော အပင်နှင့်သတ္တဝါအရင်းအမြစ်များ၊ သစ်နှင့်သစ်တောထွက်ကုန်များ၊ ရေချို၊ ဘယဆေးပင်များ၊ အမဲလိုက်ရန် သားငါးရှာရန် တောထွက် စားသောက်စရာများရှာဖွေရန်အတွက် နေရာများ၊ စားကျက်မြေနှင့် စိုက်ပျိုးမြေများ[၉] စသည်တို့ကဲ့သို့ လူအများဘုံပိုင်ဆိုင်သည့်အရာများနှင့် သဘာဝအရင်းအမြစ်များ ဖြစ်သည်။

၆။ မိမိသဘောဆန္ဒအရ ရောင်း၊ဝယ်ခြင်း (ဆိုလိုသည်မှာ - ရောင်းသူ၊ ဝယ်သူအကြား သူတို့ဘာသာလွတ်လပ်စွာ အရောင်းအဝယ်လုပ်သောမြေယာများသည်သိမ်းယူသည့်မြေယာများဟု သတ်မှတ်၍မရ၊ ထို့ပြင် မြေယာရယူနိုင်ရန် ညှိနှိုင်းခြင်း မအောင်မြင်သည့် နောက်ပိုင်း အိမ်ရှင်နိုင်ငံ၏ ဥပဒေဘောင်အတွင်းက သတ်မှတ်ထားသော မဖြစ်မနေလိုက်ပါ လုပ်ဆောင်ရသည့် လုပ်ထုံးလုပ်နည်းများ သုံး၍ ရယူထားသောမြေယာများဟုလည်း သတ်မှတ်၍ မရပေ) နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော နေရာပြောင်းရွှေ့ရမှုတွင် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်အား အသုံးပြုရန် မလိုပါ။ ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု[၁၀] (သို့မဟုတ်) လူအုပ်စုများ၏ မြေယာအသုံးချခြင်းကို ထိခိုက်မှုမရှိသည့် စီမံကိန်းများလုပ်နေသည့်နေရာများရှိ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှု အခြေအနေများ အပေါ်သက်ရောက်မှုများနှင့် ပတ်သက်၍လည်း ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက် ကို အသုံးချရန်မလိုပါ။

၇။ စီမံကိန်းသည် ရပ်ရွာလူထု၏ မြေယာများ၊ ၎င်းတို့အသက်မွေးဝမ်းကျောင်းမှုအတွက် တန်ဖိုးရှိသော အရာများ၊ ယင်းတို့ကို အသုံးချနိုင်ခွင့် စသည်တို့ကို ထိခိုက်မှုများ ရှိသွားပါက၊ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်များ၏ လိုအပ်ချက်များကို စဉ်းစားရမည်။ အကယ်၍ မြေယာကိုသိမ်းယူခြင်း၊ မြေယာအသုံးချခွင့်ကို ကန့်သတ်ခြင်းများ မပြုလုပ်ခဲ့သည့်တိုင် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်များ၏ လိုအပ်ချက်များကို စဉ်းစားရပေမည်။

[၆] ယင်းသည် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံဥပဒေအရ အသိအမှတ်ပြုထားသည့် ဓလေ့ထုံးတမ်းအရ(သို့မဟုတ်)ရိုးရာအစဉ်အလာအရ အခွင့်အရေးများကိုဆိုလိုသည်။ ညှိနှိုင်းဆွေးနွေးမှုကို အစိုးရကဖြစ်စေ၊ ကုမ္ပဏီက (တစ်ခါတစ်ရံတွင် အစိုးရကိုယ်စားလှယ်အဖြစ်) ဖြစ်စေလုပ်ဆောင်ကြ သည်။

[၇] ယင်းသို့သောအခြေအနေများတွင် ထိခိုက်သက်ရောက်ခံရသူများသည် တရားဝင်ပိုင်ဆိုင်ခွင့်ကိုမရသည်က များသည်။ ထိုသို့အစဉ်အလာအရပိုင်ဆိုင်မှုများတွင် ရေချိုနှင့် ပင်လယ်ဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်တို့ ပါဝင်နိုင်သည်။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အား စီမံကိန်းနှင့် ဆက်စပ်နေသည့် နယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများရှိသည့် နေရာများ၊ ဥပဒေနှင့်အညီ သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရမည့် ဇရိယာများတွင်လည်း အသုံးချ ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်သူများက ရထားသောမြေယာများတွင်ဖြစ်နေသည့် ကိစ္စများမဟုတ်ဟု သတ်မှတ်ကာ အခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို ပစ်ပယ်ထား၍ မရ။

[၈] အချို့သူများအနေဖြင့် ၎င်းတို့မြေယာအားပိုင်ဆိုင်ခွင့်မရှိသည့်အခြေအနေတွင် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်အရ မြေယာနှင့်မသက်ဆိုင်သည့်သူတို့၏ အခြားအရာများကို မထိခိုက်စေခြင်း၊ အစားထိုးပေးခြင်း၊ ပြန်လျော်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးရမည်။ ပြန်လည်နေရာချထားရာတွင်လည်း နေရာသစ်တွင် ၎င်းတို့၏နေထိုင်နိုင်ခွင့်ကိုစိတ်ချလုံခြုံစေရန်၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက်လိုအပ်ချက်များ ပြန်လည်ရရှိရန် စသည်တို့ကို အခုလုပ်ဆောင်မှု စံသတ်မှတ်ချက်အရ လုပ်ဆောင်ပေးရမည်။

[၉] ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော သဘာဝအရင်းအမြစ်များဆိုသည်မှာ လုပ်ဆောင်မှုစံသတ်မှတ်ချက် (၆)တွင် ဖော်ပြထားသော ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်တာများနှင့် အဓိပ္ပါယ်တူသည်။

[၁၀] ရပ်ရွာလူထုများ(သို့မဟုတ်)လူအုပ်စုများကို ယေဘုယျထိခိုက်မှုများနှင့်ပတ်သက်၍လုပ်ဆောင်မှုစံသတ်မှတ်ချက်(၁)တွင်ဖော်ပြထားသည်။ ဥပမာအားဖြင့် သာမန် လက်ယက်တွင်း ဖြင့် လုပ်ကိုင်စားသောက်ကြရသော သတ္တုမိုင်းတွင်းသမားများအား ကန့်သတ်ခြင်းအကြောင်းကို လုပ်ဆောင်မှုစံသတ်မှတ်ချက် (၁) တွင် ဖော်ပြထားသည်။

## လိုအပ်ချက်များ

### အထွေထွေစီမံကိန်းပုံစံ

၈။ ရပ်ရွာလူထု၏ နေအိမ်များ နေရာပြောင်းရွှေ့ခံရမှု (သို့မဟုတ်) စီးပွားရေး အခြေအနေ အရပြောင်းရွှေ့ရခြင်း တို့ကိုရှောင်ရှားနိုင်ရန်သို့မဟုတ်သက်ရောက်မှုအနည်းဆုံး ဖြစ်စေရန် အလို့ငှာ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အစားထိုးစရာ အခြားစီမံကိန်း ပုံစံများကိုလည်း စဉ်းစားရမည်။ ထို့ပြင်ဆင်းရဲသူများနှင့် အကာ အကွယ်မဲ့ဖြစ်နေသော အားနည်း၊ ထိခိုက်လွယ်သည့် သူများအပေါ် သက်ရောက်မှုများအား အလေးထား ကြည့်ရှုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေး ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာပေးဆပ်ရမှုနှင့် အကျိုးအမြတ် ရမှု ၂ ခု ကို ထိန်းညှိဆောင်ရွက်နိုင်ပေမည်။

### နေရာပြောင်းရွှေ့ခံရသူများအတွက် အလျော်ပေးခြင်းနှင့် ထောက်ပံ့ခြင်းများ

၉။ အကယ်၍ နေရာပြောင်းရွှေ့ခြင်းကို မလွဲသာမရှောင်သာ လုပ်ဆောင်ရမည်ဆိုပါက ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက် နှင့်အညီ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထား သူများအနေဖြင့် ၎င်းတို့၏ နေထိုင်မှုဘဝ၊ အသက်မွေး ဝမ်းကျောင်းမှု အခြေအနေစသည်တို့ မူလအခြေအနေအ တိုင်းပြန်ရရန် (သို့မဟုတ်) တိုးတက်လာစေရန် ထိုရပ်ရွာ လူထုက ဆုံးရှုံးသွားသည့် သူတို့၏ အသက်မွေးမှုဆိုင်ရာ တန်ဖိုးရှိအရာများကို အပြည့်အဝအလျော်ပေးခြင်း၊ အခြား အထောက်အပံ့[၁၁]များကိုပေးခြင်း စသည်တို့ကို ကမ်းလှမ်း ရမည်။ အလျော်ပေးခြင်းစံနှုန်းများသည် ပွင့်လင်းမြင်သာ ရန်လိုအပ်ပြီး နေရာပြောင်းရွှေ့ခြင်းခံရသော လူအုပ်စုများ၊ ရပ်ရွာလူထုများအားလုံးအတွက် ဤစံနှုန်းနှင့်အညီ ပေး လျော်ရမည်။ နေရာပြောင်းရွှေ့ခံရသူ၏ အသက်မွေးဝမ်း ကျောင်းမှုအလုပ်သည် မြေယာပေါ်အမှီပြုရသည့်[၁၂]အလုပ် ဖြစ်ပါက (သို့မဟုတ်) မြေယာကို အခြားသူများနှင့်စုပေါင်း ပိုင်ဆိုင်ထားသူဖြစ်ပါကပြောင်းရွှေ့ရသည့် နေရာသစ်တွင် (ဖြစ်နိုင်ပါက)[၁၃] မြေယာကိုအစားထိုးအလျော်ပေးရမည်။ အလျော်ပေးခြင်းကိစ္စ အထမြောက်အောင်[၁၄] လုပ်ဆောင် ပေးပြီးမှသာ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူ ထားသူများအနေဖြင့် သက်ဆိုင်ရာမြေယာနှင့် အခြား စပ်ဆက်သည့်အရာတို့ကိုရယူရမည်။ အကယ်၍ပြောင်းရွှေ့ ရမည့်နေရာသည် အလုပ်မဲ့ပါက သူတို့အား အထက်ပါ အလျော်ပေးခြင်းအပြင်[၁၅]ပြောင်းရွှေ့ရာတွင်ကုန်ကျမည့် အခြားစားရိတ်ကိုပါပေးရမည်။ မိမိတို့၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်ဤစီမံကိန်း မှ ထွက်ပေါ်လာသော သင့်လျော်သည့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားကိုလည်း ပြောင်းရွှေ့ထွက်ပေးရသောရပ်ရွာ လူထုနှင့် လူများခံစားရရှိနိုင်ရန် အခွင့်အလမ်းများ ထောက်ပံ့ပေးရမည်။

### ရပ်ရွာလူထုနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်း

၁၀။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူ များအနေဖြင့် လုပ်ဆောင်မှု စံသတ်မှတ်ချက် (၁) တွင် ဖော်ပြထားသော ဆက်စပ်ပတ်သက်သူများအားလုံးနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အတိုင်းထိခိုက် ခံရသော ပြောင်းရွှေ့နေရာချမည့် ရပ်ရွာလူထုနှင့်၎င်း၊ ထို သူတို့အားပြောင်းရွှေ့နေရာချသည်ကိုလက်ခံမည့် အိမ်ရှင် ရပ်ရွာလူထုနှင့်၎င်း ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည်။ ပြောင်းရွှေ့နေရာချထားခြင်းနှင့် အသက်မွေးမှုလုပ်ငန်း များ ပြန်လည်ရရှိစေခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင်သက်ဆိုင်ရာ ရပ်ရွာ လူထုအတွက်ရွေးချယ်စရာများ၊ အစားထိုးဆောင်ရွက်ပေး စရာများပါဝင်ရမည်။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်[၁၆]

[၁၁] စာပိုဒ် ၁၉နှင့် ၂၆ တွင် ဖော်ပြထားသည့်အတိုင်း

[၁၂] မြေယာကို အမှီပြုရသည့်အသက်မွေးမှု အလုပ်ဆိုသည်မှာ အခြေခံစားကုန် လိုအပ်ချက်အတွက် စိုက်ပျိုးရေးလုပ်ငန်း၊ တိရိစ္ဆာန်များအား စားကျက်မြေတွင် ကျောင်း၍ မွေးမြူရသည့်အလုပ် ၊ သဘာဝသယံဇာတအရင်းအမြစ်ကို မှီခိုရ သည့်လုပ်ငန်းများစသည်တို့ပါဝင်သည်။

[၁၃] ထပ်မံလိုအပ်ချက်များရှိပါကယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ အပိုဒ် ၂၆ ကိုညွှန်းရန်

[၁၄] အချို့ကိစ္စများတွင် မြေယာကိုလက်ဝယ်ရယူခြင်းမတိုင်မီအစားထိုးလျော်ပေး ရန်မဖြစ်နိုင်သော အခြေအနေကိုကြုံရနိုင်သည် - ဥပမာ - မြေယာပိုင်ဆိုင်မှု နှင့် ပတ်သက်၍ သူပိုင်သည် ငါပိုင်သည် အငြင်းအခုံဖြစ်နေခြင်း။ ထိုသို့သော အခြေအနေများတွင်ကိစ္စတစ်ခုချင်းအလိုက်ဖော်ထုတ်၍ သင့်တော်အောင်ဖြေရှင်း ရမည်။ ရွှေ့ပြောင်းနေရာချထားခြင်း မလုပ်ဆောင်ခင် သူတို့အား အလျော်ပေး စရာများကို အရင်ပေးရမည်။

[၁၅] အစိုးရက စီမံပေးသည့်ပြောင်းရွှေ့နေရာချထားမှုမပါဝင်သည့်အခါ၊ အလျော် ပေးမည့်အချိန်သတ်မှတ်ချက်ကို မိမိတို့၏ထောက်ပံ့ကူညီမှုများကိုရယူထား သူများက တိုက်ရိုက်မဆုံးဖြတ်နိုင်သည့်အခါများတွင် ဆိုလိုသည်။ ထိုသို့ သောကိစ္စများတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက် အပိုဒ် ၂၇ - ၂၉ တို့တွင် ဖော်ပြထားချက်များနှင့်အညီကိုင်တွယ်ဆောင်ရွက်ရမည်။ တခါတည်း တလုံးတည်းအလျော်ပေးခြင်းက လူမှုရေးဆိုင်ရာနှင့် (သို့မဟုတ်) ပြန်လည်နေရာချထားရေးဆိုင်ရာ ရည်မှန်းချက်များကို ထိခိုက်မည်ဆိုပါက (သို့တည်းမဟုတ်) သူတို့၏ အသက်မွေးမှုအလုပ်များကို သက်ရောက်မှုများက ဆက်တိုက်ဆက်ဖြစ်နေပါကအလျော်ပေးခြင်းကို အချိန်ပိုင်းအလိုက်ပေးရမည်။

[၁၆] ရွှေ့ပြောင်းနေရာချထားခြင်း လုပ်ငန်းစီစဉ်ခြင်းနှင့်အကောင်အထည်ဖော် ခြင်းတို့ကို လုပ်ဆောင် ရာတွင် ပါဝင်သည့် တိုင်ပင်သည့်လုပ်ငန်းစဉ်တွင် အမျိုး သမီးများ၏ အမြင်များ၊ သူတို့၏ အကျိုးစီးပွားများကို ထည့်သွင်းနိုင်အောင် အသေအချာလုပ်ဆောင်ရမည်။ အမျိုးသမီးတို့နှင့် အမျိုးသားတို့ အသက်မွေး မှုလုပ်ငန်းများ ထိခိုက်မှုအပိုင်းနှင့် မတူညီပဲ ကွဲပြားနေပါက အသက်မွေးမှု အလုပ်ထိခိုက်ခြင်းဆန်းစစ်လေ့လာသုံးသပ်မှုကို အိမ်ထောင်စုအတွင်းအထိ လုပ်ဆောင်ရန် လိုအပ်သည်။ အလျော်လိုချင်သည့်ပုံစံတွင် အမျိုးသားက လိုချင် သည့်အရာနှင့် အမျိုးသမီးက လိုချင်သောအရာ တူ၊မတူ ဆိုသည်ကိုလည်း ဆန်းစစ်ရမည် ဥပမာ - ငွေလျော်ပေးသည်ကိုလိုချင် သလား၊ အခြားအရာကို အလျော်ပေးသည်ကို လိုချင်သလား။

၏ရည်မှန်းချက်များနှင့် လျော်ညီသည့် ရလဒ်ကောင်းများ ရရှိရန်အတွက် ထိခိုက်ခံရမည့်ရပ်ရွာလူထုနှင့် ထိခိုက်ခံရမည့်လူများအတွက် ၎င်းတို့နှင့် သက်ဆိုင်ပြီး အရေးကြီးသည့်သတင်းအချက်အလက်များကိုထုတ်ပြန်ခြင်း၊ ပူးပေါင်းပါဝင်ခွင့်ပေးခြင်း စသည်တို့ကိုအောက်ပါ အချိန်အခါများတွင်လုပ်ဆောင်ရမည်။ ယင်းတို့မှာအစားထိုး အလျော်ပေးခြင်း၊ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ရရှိအောင် လုပ်ဆောင်ခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်း စသည်တို့ကို စီစဉ်သည့် အချိန်၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အချိန်၊ အလျော်ပေးထားသည်ကို ပြန်လည် ကြည့်ရှုအကဲဖြတ်ဆန်းစစ်သည့်အချိန် စသည့်အချိန်များတွင် ဖြစ်သည်။ လုပ်ဆောင်မှုစံ သတ်မှတ်ချက်(၇) နှင့်အညီ ဌာနေတိုင်းရင်းသားများကို တိုင်ပင်၍ လုပ်ဆောင်ရမည်။

### ထိခိုက်နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တရားစနစ်

၁၁။ လုပ်ဆောင်မှုစံသတ်မှတ်ချက်(၁) နှင့် လျော်ညီသည့် ထိခိုက် နစ်နာမှုများကို တိုင်ကြားနိုင်သည့် ယန္တရားစနစ်ကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများ အနေဖြင့် စီမံကိန်းကိုစီစဉ်သည့်အချိန်မှစ၍ စောနိုင်သမျှ ဆောလျင်စွာတည်ဆောက်ထားရမည်။ ထိုသို့ လုပ်ဆောင်ထားခြင်းအားဖြင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ရွှေပြောင်းခံရမည့်ရပ်ရွာလူထု (သို့မဟုတ်)ရွှေ့ပြောင်းမည့်သူများအား နေရာချမည့် အိမ်ရှင်ရပ်ရွာမှလူထုများကစိုးရိမ်နေသော လျော်ကြေးနှင့် အိမ်ရာရွှေ့ပြောင်းခြင်းဆိုင်ရာ အရေးကိစ္စများကိုအချိန်နှင့် တပြေးညီသိရှိနိုင်ပြီး ဖြေရှင်းပေးနိုင်ပေမည်။ ထိုယန္တရားစနစ်တွင် အငြင်းပွားမှုများကို ဘက်မလိုက်ပဲ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ထားသော အားကိုးအားထားပြုရာ စနစ်တစ်ခုလည်း ပါဝင်သည်။

### ပြောင်းရွှေ့နေရာချထားခြင်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းအစီအစဉ်ဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၁၂။ ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ တရားဝင် မြေယာသိမ်းယူခြင်းဖြင့်ဖြစ်စေသက်ဆိုင်သူတို့၏ သဘောဆန္ဒမပါပဲရွှေ့ပြောင်းနေရာချထားမှုများကို ရှောင်လွှဲ၍ မရတော့သည့်အခါ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်သူများ မည်သူမည်ဝါဆိုသည်ကိုသိနိုင်ရန်အတွက်၎င်း၊ မည်သူ့ကိုအလျော်ပေးခြင်း၊ ထောက်ပံ့ခြင်း[17]လုပ်ပေးရမည်ကိုသိရှိရန်၎င်း၊ ရွှေ့ပြောင်းခံရသူများတွင်မပါဝင်ပဲ အခွင့်အရေးလိုချင်၍ ပြောင်းရွှေ့အခြေချလာသူများကို တာဝန်ယူပေးရန်မလိုသည့်အတွက် ထိုသူများကို ဖယ်ထုတ်နိုင်ရေးအတွက်၎င်း အခြေခံလူမှုစီးပွား အချက်အလက်စစ်တမ်းကောက်ယူထားရမည်။ သက်ဆိုင်ရာအစိုးရ၏ လုပ်ငန်းစဉ်တွင် မပါဝင်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် မည်သူမည်ဝါက အလျော်ပေးထိုက်သည့်စာရင်းတွင်အကျုံးဝင်သည်ဆိုသည့်အကြောင်း နောက်ဆုံးသတ်မှတ် ထုတ်ပြန်သည့်နေ့ (cut off date) ကို ဆုံးဖြတ်ရမည်။ ယင်းနောက်ဆုံးနေ့သတ်မှတ်ချက်နှင့် ပတ်သက်သည့် အချက်အလက်များကို သေချာစွာမှတ်တမ်းတင်ထားပြီး ယင်းအချက်အလက်များကို သက်ဆိုင်ရာ စီမံကိန်းနယ်မြေတွင် သေချာစွာဖြန့်ချိရမည်။

၁၃။ အကယ်၍ ရွှေပြောင်းခံရမည့်သူများက ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အရ အလျော်ပေးမည်ဆိုသည့် ကမ်းလှမ်းချက်ကို ပယ်ချသောအခါ မြေယာကို သိမ်းယူရခြင်း (သို့မဟုတ်) သိမ်းနိုင်ရန်အတွက် အခြားဥပဒေကြောင်းဆိုင်ရာများကို လုပ်ဆောင်ရသည့်အခါ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာ အစိုးရဌာနဖြင့် ပူးပေါင်းလုပ်ဆောင်ရေး အတွက်ကြိုးပမ်းရမည်။ အကယ်၍ယင်းဌာနကလည်း ခွင့်ပြုပါက ပြောင်းရွှေ့နေရာချထားရေးအတွက် အစီအစဉ်ဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြန်လည်ကြည့်ရှုဆန်းစစ်ခြင်းတို့ကို လုပ်ဆောင်ရမည်။ (စာပိုဒ် ၃၀-၃၂ ကိုရှု)

၁၄။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ပြောင်းရွှေ့နေရာချထားခြင်း လုပ်ငန်းအစီအစဉ် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းမှုများ ပြန်လည်ရရှိအောင်လုပ်ဆောင်ရေး လုပ်ငန်းအစီအစဉ် (စာပိုဒ် ၁၉ နှင့် ၂၅ ကိုရှု) များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးသုံးသပ်သည့်လုပ်ငန်းအစီအစဉ်ကို ရေးဆွဲရမည်။ လိုအပ်သည့်နေရာတွင်

[17] အိမ်ခြံမြေယာပိုင်ဆိုင်သူ(သို့မဟုတ်)ယင်းတွင်နေထိုင်နေသူများအားစာရင်းကောက်ခြင်းနှင့် အလျော်ပေးခြင်းလုပ်ဆောင်ရာတွင် သက်ဆိုင်ရာခင်ပွန်း၊ ဇနီး (သို့မဟုတ်) အိမ်ထောင်ဦးစီးနှစ်ယောက်စလုံး အမည်များဖြင့် ထုတ်ပြန်ပေးရမည်။ အခြားပြန်လည်နေရာချထားရေးဆိုင်ရာ အထောက်အကူများ - ဥပမာ - စွမ်းဆောင်ရည်မြှင့်တင်သည့်သင်တန်းများ၊ ငွေချေးနိုင်သည့်အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများစသည်တို့ ပေးရာတွင်အမျိုးသမီးများအားလည်း တန်းတူအခွင့်အရေးပေးရမည်ဖြစ်သလို သူတို့၏ လိုအပ်ချက်နှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်ရမည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် အိမ်ခြံမြေယာ စာချုပ်စာတမ်းများစနစ်သည် အမျိုးသမီးများအား အိမ်ရာခြံမြေပိုင်ဆိုင်ခွင့်အခွင့်အရေးကိုပေးမထားပါကထိုနေရာတွင်အမျိုးသားများနှင့် တန်းတူသည့် အခွင့်အရေး ရနိုင်ရန် အကာအကွယ်ပေးသည့် လုပ်ဆောင်မှုများကို စဉ်းစားရမည်။

ပြန်လည်ပြုပြင်ပေးရမည်။ စီမံကိန်းကြောင့် ဖြစ်လာနိုင်သော အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ၏ အတိုင်းအတာပေါ်မူတည်ပြီး စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းများ မည်မျှအထိလုပ်မည်ကို ဆုံးဖြတ်ရမည်။ သက်ဆိုင်သည့် ရပ်ရွာလူထု၏ သဘောဆန္ဒမပါပဲ ပြောင်းရွှေ့နေရာချရမည့်ကိစ္စများ အများအပြားပါဝင်သည့် စီမံကိန်းများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် ယခုလုပ်ဆောင်ချက်စံသတ်မှတ်ချက်နှင့် အညီ လုပ်ဆောင်နိုင်ရေးကို အထောက်အကူ ဖြစ်စေရန် ပြောင်းရွှေ့နေရာချထားခြင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများကို ခေါ်ယူရမည်။ ထိုသို့လုပ်ခြင်းအားဖြင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများစောင့်ကြည့်ဆန်းစစ်သည့် လုပ်ငန်းများကို ထိုကျွမ်းကျင်သူများက လေ့လာ အကြံပြုနိုင်ပေမည်။ စောင့်ကြည့် ဆန်းစစ်သည့် လုပ်ငန်းစဉ်တွင် ထိခိုက်ခံရသောသူများအား တိုင်ပင်ဆွေးနွေးရမည်။

၁၅။ သက်ဆိုင်ရာ ပြောင်းရွှေ့နေရာချထားခြင်း အစီအစဉ်နှင့်အတူ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ပါဝင်သောရည်မှန်းချက်များနှင့်အညီ ပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ပြီးသည့်အချိန်ကျမှသာ ပြောင်းရွှေ့နေရာချထားခြင်း လုပ်ငန်းအစီအစဉ် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်တည်ထောင်ရေး လုပ်ငန်းအစီအစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည်ဟုမှတ်ယူရမည်။ စီမံကိန်းကြောင့်ဖြစ်လာသည့် အိမ်ရာရွှေ့ပြောင်းရမှု၊ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရမှု စသည်တို့၏အတိုင်းအတာနှင့်ရှုပ်ထွေးများမြောင်သော အခြေအနေများပေါ်မူတည်ပြီး ဖြေရှင်းထောက်ပံ့ပေးမှု လုံလောက်မှုရှိ၊ မရှိကို ဆန်းစစ်နိုင်ရန်အတွက် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ပြန်လည်နေရာချထားခြင်းစီမံကိန်းနှင့် (သို့) မူလဝင်ငွေ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေး စီမံကိန်းများအကောင်အထည်ဖော်ပြီးစီးမှုအား ပြင်ပလုပ်ငန်းစစ်အဖွဲ့ကိုခေါ်ယူစစ်ဆေးစေရမည်။ ယင်းလုပ်ငန်းပြီးစီးမှုလုပ်ငန်းစစ်ခြင်းအလုပ်ကို ထိခိုက်မှုများလျော့ကျသက်သာစေအောင်လုပ်သည့် ဖြေရှင်းလုပ်ဆောင်မှုများပြီးစီးသွားသည့်အချိန်၊ ရွှေ့ပြောင်းခံရသူများအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှုများပြန်လည်ရရှိရေးအတွက် ကူညီထောက်ပံ့ပေးခြင်းများ လုံလောက်စွာပေးထားပြီးသည့်အချိန် စသည့်အချိန်များတွင် လုပ်ဆောင်ရမည်။ သဘောတူထားသည့် စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းစဉ် ပြီးစီးချိန်တွင် ယင်းလုပ်ငန်းပြီးစီးမှု လုပ်ငန်းစစ်ခြင်းကိုပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာတွင် အရည်အချင်းပြည့်ဝသည့်ကျွမ်းကျင်သူများက လုပ်ဆောင်ရမည်။ ယင်းလုပ်ငန်းပြီးစီးမှုလုပ်ငန်းစစ်ဆေးခြင်းတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက အကောင်အထည်ဖော်ဆောင်ရွက်နေသော ထိခိုက်မှုများသက်သာလျော့ကျစေသည့်အစီအမံများအား ဆန်းစစ်ချက်၊ သဘောတူထားသော ရည်မှန်းချက်များ အောင်မြင်အောင်လုပ်နိုင်ခြင်း ရှိ၊မရှိနှိုင်းယှဉ်ဆန်းစစ်ချက်၊ စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်ကို ဆက်လုပ်ရန် လို၊ မလို [18] အကဲဖြတ်ချက်များအား အနိမ့်ဆုံးအားဖြင့် ထည့်သွင်းရမည်။

၁၆။ အိမ်ရာရွှေ့ပြောင်းရမှု၊ စီးပွားရေး အခြေအနေအရ ရွှေ့ပြောင်းရမှုတို့ကို ဖြစ်ပေါ်စေနိုင်သည့် စီမံကိန်းများနှင့် ပတ်သက်၍အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်နေသောစီမံကိန်း အခြေအနေအောက်တွင် မြေယာသိမ်းယူမှု (သို့မဟုတ်) မြေယာအသုံးချမှုကန့်သတ်မှု အတိုင်းအတာနှင့် သဘောသဘာဝကို မသိနိုင်သေးသည့်အခါများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ပြောင်းရွှေ့နေရာချခြင်းနှင့် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းအလုပ်များ ပြန်လည်တည်ထောင်ရေးလုပ်ဆောင်ခြင်းမူဘောင်ကို အထွေထွေအခြေခံမှုများအား ထည့်သွင်းလျှက်ရေးဆွဲရမည်။ ထိုသို့ရေးဆွဲရာတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်များနှင့် အညီဖြစ်ရမည်။ စီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုများအားသိရှိသည့်အခါ၊ လိုအပ်သောသတင်းအချက်အလက်များရရှိသည့်အခါ စသည့်အချိန်အခါများတွင် ယင်းမူဘောင်ကို ရှင်းလင်းသေချာသည့် ပြောင်းရွှေ့နေရာချထာခြင်း လုပ်ငန်း အစီအစဉ် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးအစီအစဉ်များအထိဒင်း၊ စာပိုဒ် ၁၉ နှင့် ၂၅ တွင်ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများ အထိဒင်းချဲ့ထွင်သွားရမည်။

[18] ပြောင်းရွှေ့နေရာချထားခြင်းလုပ်ငန်းအစီအစဉ်(သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးလုပ်ငန်းအစီအစဉ်အတွက်လုပ်ငန်းပြီးစီးမှုလုပ်ငန်းစစ်သည့်အလုပ်ကို အဖွဲ့အစည်းတွင်းမှမဟုတ်ပဲ ပြင်ပမှခေါ်ယူထားသည့် ပြောင်းရွှေ့နေရာချမှုဆိုင်ရာ ကျွမ်းကျင်သူများက ကြိုတင်၍သဘောတူညီမှုယူထားသည့်စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းပြီးဆုံးချိန်တွင်လုပ်ဆောင်ရမည်ဖြစ်ပြီးမိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ထိခိုက်မှုများ သက်သာလျော့ကျအောင်လုပ်ထားသည့် အစီအမံများအား ဆန်းစစ်ချက်၊ သဘောတူထားသော ရည်မှန်းချက်များ အောင်မြင်အောင်လုပ်နိုင်ခြင်းအပေါ် နှိုင်းယှဉ်လေ့လာချက်များ၊ စောင့်ကြည့်စစ်ဆေး သည့်လုပ်ငန်းစဉ်ကို ဆက်လုပ်ဖို့လို၊မလို အကဲဖြတ်ချက်များပါဝင်သည့်ပုံမှန်ကြည့်ရှုအကဲဖြတ်သည်ထက်ပိုမို၍ နက်နက်ရှိုင်းရှိုင်း ဆန်းစစ်ရမည်။ ရည်မှန်းချက်များအထမြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော ကျန်နေသေးသည့် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းအစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းဖော်ပြရမည်။

## နေရာပြောင်းရွှေ့ခံရမှု

၁၇။ နေရာပြောင်းရွှေ့ခံရသူများ အား အောက်ပါအတိုင်း အမျိုးအစားခွဲနိုင်သည်။ (၁) သူတို့နေထိုင်နေသည့် (သို့မဟုတ်)အသုံးပြုနေသည့်မြေယာ(သို့မဟုတ်) တန်ဖိုးရှိသောအရာများအားတရားဝင်ဥပဒေကြောင်းအရပိုင်ဆိုင်သည့် အခွင့်အရေးရှိသူများ၊ (၂) တရားဝင် ဥပဒေကြောင်းအရ ပိုင်ဆိုင်ရန်အခွင့်အရေးမရှိသော်လည်း သက်ဆိုင်ရာနိုင်ငံ ဥပဒေ[၁၉]အရ အသိအမှတ်ပြုနိုင်သော (သို့မဟုတ်) အသိအမှတ်ပြုထားသော မြေယာပိုင်ဆိုင်ခွင့်ရှိသည်ဟု ယုံကြည်ချက် ရှိသူများ (၃) အထက်ပါအခြေအနေများတွင် မရှိနေသော်လည်း မြေယာ(သို့မဟုတ်)သူတို့အတွက် တန်ဖိုးရှိသောအရာများတွင် နေထိုင်(သို့မဟုတ်)အသုံးပြုနေသူများ။ နေရာပြောင်းရွှေ့ခံရသူများ၏ အခြေအနေကို သန်းခေါင်စာရင်းကောက်ရမည်။

၁၈။ စီမံကိန်းကြောင့်ဖြစ်လာသည့် မြေယာရယူမှုများနှင့် (သို့မဟုတ်) မြေယာအသုံးချခြင်းကို ကန့်သတ်မှုများကြောင့် လူအများမိမိတို့ နေရာများမှပြောင်းရွှေ့ခံရမှု ၊ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရမှု စသည်တို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့ကြုံရသည့်အခါ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်တွင်ပါဝင်သည့် နေအိမ်များ ပြောင်းရွှေ့ရခြင်း၊ စီးပွားရေး အခြေအနေအရ ရွှေ့ပြောင်းရခြင်းတို့နှင့် ပတ်သက်သည့် လိုအပ်ချက်များပြည့်မီအောင် တပြိုင်နက်[၂၀] လုပ်ဆောင်ရမည်။

### နေအိမ်များ နေရာပြောင်းရွှေ့ခံရမှု

၁၉။ နေအိမ်များ နေရာပြောင်းရွှေ့ခံရခြင်းကိစ္စတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် ပြောင်းရွှေ့နေရာချထားရေးလုပ်ငန်းအစီအစဉ် ရေးဆွဲရမည်။ ယင်းအစီအစဉ်တွင် ပြောင်းရွှေ့ရမည့်သူအရေအတွက်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ယခု လုပ်ဆောင်မှု စံသတ်မှတ်ချက်တွင်ဖော်ပြထားသော လိုအပ်ချက်များကို အနိမ့်ဆုံးအဆင့်အနေဖြင့် ထည့်သွင်းထားရမည်။ ထိုအစီအစဉ်တွင် ဆုံးရှုံးသွားသော မြေယာနှင့် အခြားတန်ဖိုးရှိသောအရာများအတွက် အပြည့်အဝအလျော်ပေးခြင်းလည်းထည့်သွင်းရမည်။ ယင်းအစီအစဉ်ကိုရေးဆွဲရာတွင် နေရာရွှေ့ပြောင်းခံရခြင်းကြောင့်ဖြစ်လာသည့် ဆိုးကျိုးများအားလျော့ချနိုင်ရေး၊ ဖွံ့ဖြိုးရေး အခွင့်အလမ်းများအား ရှာဖွေ သတ်မှတ်ရေး၊ ပြောင်းရွှေ့နေရာချရေးအတွက်လိုအပ်သည့် ဘတ်ဂျက်နှင့် လုပ်ဆောင်မည့်အချိန်ဇယား ရေးဆွဲရေး၊ (ပြောင်းရွှေ့မည့်နေရာသစ်မှ အိမ်ရှင်ရပ်ရွာလူထုအပါအဝင်) ပြောင်းရွှေ့ခံရမည့်လူများအားလုံး၏ရရှိပိုင်ခွင့်များကို သတ်မှတ်ရေးစသည့် လုပ်ဆောင်မှုများကို ထည့်သွင်းရေးဆွဲရမည်။ ဆင်းရဲသူများနှင့်အကာအကွယ်မဲ့နေသူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းရန်အထူးအလေးထားရမည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် မြေယာရပိုင်ခွင့်အတွက် လုပ်ဆောင်ထားချက်များ၊ အလျော်ပေးထားခြင်းများ၊ နေရာရွှေ့ပြောင်းပေးသည့်လုပ်ငန်းများ စသည်တို့ကို မှတ်တမ်းတင်ထားရမည်။

၂၀။ အကယ်၍ စီမံကိန်းနယ်မြေအတွင်းနေထိုင်နေသည့် လူများကိုအခြားတစ်နေရာသို့ပြောင်းရွှေ့စေရန်လိုအပ်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် (၁) ပြောင်းရွှေ့ရမည့်သူများအား ပြန်လည်နေရာချထားရေးအတွက် ရွေးချယ်စရာများကို ကမ်းလှမ်းရမည်၊ ယင်းရွေးချယ်စရာများတွင် သင့်တင့်လုံလောက်သည့် အိမ်ရာပေးခြင်း (သို့မဟုတ်) ငွေကြေးလျော်ပေးခြင်းနှင့်(၂)ရွှေ့ပြောင်းခံရမည့် လူအစုအဖွဲ့တိုင်း၏လိုအပ်ချက်များနှင့် ဆီလျော်သည့်ထောက်ပံ့ကူညီမှုများပေးရမည်။ ရွှေ့ပြောင်းခံရသူများအားပေးမည့်နေရာသစ်တွင်ဆောက်လုပ်ထားသော အိမ်ရာများသည် ၎င်းတို့မူလနေထိုင်ခဲ့သော အခြေအနေထက် ပိုကောင်းမွန်အောင် လုပ်ဆောင်ပေးရမည်။ နေရာသစ်သို့ရွှေ့ပြောင်းနေရာချခံရမည့်သူများက ထိုနေရာသစ်တွင်ရှိနှင့်နေပြီးသား ရပ်ရွာလူထုနှင့်လူအုပ်စုများအပေါ် သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားရမည်။ ပြောင်းရွှေ့ခံရမည့်သူများနှင့် ရှိနှင့်နေပြီးသား ရပ်ရွာလူထုစသည့် လူ့အသိုင်းအဝိုင်း ၂ခုလုံး၏ လူမှုရေးဆိုင်ရာ၊ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးတမ်းများကို လေးစားအသိအမှတ်ပြုရမည်။

၂၁။ အပိုဒ် ၁၇ (၁)နှင့်(၂)တွင်ဖော်ပြထားသည့် နေအိမ်များ နေရာပြောင်းရွှေ့ခံရသည့်သူများ အရေးကိစ္စတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုသူတို့အား ၎င်းတို့ယခင်အိမ်ရာနှင့် တန်ဖိုးတူညီသော(သို့မဟုတ်)တန်ဖိုးမြင့်သောအိမ်ယာ၊စိတ်ချစွာနေထိုင်ခွင့်သဘောတူညီချက်၊ ယခင်ပတ်ဝန်းကျင် နေရာ

[၁၉] ထိုသို့သော အသိအမှတ်ပြုခြင်းများသည် အခြားသူပိုင်ဆိုင်သောမြေတွင် အဆိုပါလူက ပိုင်ဆိုင်နိုင်ခွင့်ရှိနေသည့်အချိန်အခါတွင် ဖြစ်နေခြင်း (သို့မဟုတ်) ဓလေ့ထုံးတမ်းအရ၊ ရိုးရာအစဉ်အလာအရ မြေယာအသုံးချနိုင်ခွင့်များမှ ဆင်းသက်လာနိုင်သည်။

[၂၀] စီမံကိန်းကြောင့် အိမ်ရာရွှေ့ပြောင်းခြင်းနှင့် စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရခြင်းများတပြိုင်နက်ဖြစ်နေပါက စာပိုဒ် ၂၅နှင့်၂၆တွင်ဖော်ပြထားသည့် လိုအပ်ချက်များ (စီးပွားရေး အခြေအနေ အရ ရွှေ့ပြောင်းခြင်းဆိုင်ရာ) ကို ရွှေ့ပြောင်းနေရာချထားခြင်းလုပ်ငန်းအစီအစဉ်(သို့မဟုတ်) မူဘောင်နှင့်အတူပူးတွဲလုပ်ဆောင်ရမည်၊ (ရွှေ့ပြောင်းနေရာချထားခြင်း လုပ်ငန်းအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးအစီအစဉ်များကို သီးခြားခွဲထားစရာမလိုပါ။)

ထိုင်ခင်းအခင်းအကျင်းနှင့် တူညီသော(သို့မဟုတ်) ပို ကောင်းမွန်သော နေရာ၊ (သို့မဟုတ်) ငွေကြေးပေးလျော်မှု စသည့် ရွေးချယ်စရာများကို အလျဉ်းသင့်သလို ကမ်းလှမ်း ရမည်။ အစားထိုးပေးလျော်ရာတွင်ငွေကြေးဖြင့် ပေးလျော် မည့်အစား အခြားအရာများဖြင့်ပေးလျော်သည်ကိုလည်း စဉ်းစားရမည်။ ငွေကြေးဖြင့် ပေးလျော်ရာတွင်လည်း ၄င်းတို့ဆုံးရှုံးခဲ့သော မြေယာ (သို့မဟုတ်) တန်ဖိုးရှိသော အရာများ ပြန်အစားထိုးနိုင်အောင် ဒေသတွင်းဈေးကွက်[၂၁] တွင် ရှိနေသည့် ပေါက်ဈေးဖြင့် တွက်ချက်ပြီး လုံလောက် စွာ ပြန်လျော်ပေးရန်လိုအပ်သည်။

၂၂။ အပိုဒ်၁၇(၃)တွင် ဖော်ပြထားသည့် နေအိမ်များ ပြောင်းရွှေ့ပေးရသည့်သူများ အရေးကိစ္စတွင် မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိုသူတို့အားသင့်တော်လုံလောက်သည့်အိမ်ယာကိုစိတ်ချ စွာနေထိုင်နိုင်ခွင့် သဘောတူညီချက်နှင့် အတူပေးအပ်ရ မည်။ သို့မှသာ ထိုသူများအနေဖြင့် အတင်းအဓမ္မရွှေ့ ပြောင်းခံရခြင်းမှကင်းဝေးပြီး တရားဝင်နေနိုင်ပေမည်။ အကယ်၍ ရွှေ့ပြောင်းခံရမည့်သူက အိမ်ရာအပြင် အခြား တန်ဖိုးရှိအရာများ ပိုင်ဆိုင်ထားပါက အိမ်ရာအတွက်အ လျော်ပေးသည့်အပြင် ယင်းအရာတို့၏ တန်ဖိုးကိုလည်း အပြည့်အဝအလျော်ပေးရမည်၊ ဥပမာ - နေထိုင်ရာ အိမ် ယာ၊ တိုက်ခန်းများနှင့် အခြားမြေယာကို ပိုမိုကောင်းမွန် အောင်ပြုပြင်ထားသည်များကို အပြည့်အဝ အလျော်ပေး ရမည်။ ထိုသူများသည် စီမံကိန်းနေရာတွင်၊ စီမံကိန်းမှ သက်မှတ်သည့်တရားဝင်မှုရက်စွဲ(cut off date)မတိုင်မီ ကတည်းကပင် နေနေကြသူများဖြစ်ရမည်။ ထိုသူတို့နှင့် ဆွေးနွေးတိုင်ပင်သည့်ရလဒ်များအပေါ် အခြေခံပြီး မိမိတို့ ၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် ထိုရွှေ့ပြောင်းအခြေချမည့်သူများအားအစားထိုးပေးသည့် နေရာသစ် [၂၂]တွင် သူတို့၏ နေထိုင်မှုဘဝအဆင့်အတန်းကို လုံလောက်စွာပြန်ရရှိစေရန် ထောက်ပံ့ကူညီရမည်။

၂၃။ ထိုက်သင့်သည့် အလျော်ပေးမှုနှင့် ထောက်ပံ့မှုရမည့် ရွှေပြောင်းအခြေချမည့်သူများ စာရင်းသတ်မှတ်သည့် နောက်ဆုံးရက်နောက်ပိုင်းမှ စီမံကိန်းနယ်မြေအတွင်းသို့ ဝင်ရောက်နေထိုင်သည့်သူများကို မိမိတို့၏ထောက်ပံ့ဝန် ဆောင်မှုရယူသူများအနေဖြင့်အလျော်ပေးခြင်း၊ ထောက်ပံ့ ကူညီခြင်းများလုပ်ပေးရန်မလိုပါ။ အလျော်ရထိုက်သည့် သူများစာရင်းပြုစုသည့် နောက်ဆုံးရက်ကို ယခင်ကတည်း ကသတ်မှတ်ထားပြီးဖြစ်ကာ လူထုအကြားသတင်းထုတ် ပြန်ပြီးလည်းဖြစ်ရမည်။

၂၄။ ဥပဒေနှင့်အညီမဟုတ်သော၊ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်နှင့်မညီသော အတင်းအကျပ် ဖိအားပေး ၍ဖယ်ရှားခြင်း[၂၃]ကို မပြုလုပ်ရ။

**စီးပွားရေး အခြေအနေအရရွှေ့ပြောင်းရခြင်း**

၂၅။ အကယ်၍ စီမံကိန်းသည် ထိခိုက်သက်ရောက်ခံရသူ များနှင့် (သို့) ရပ်ရွာလူထုများအား စီးပွားရေးအခြေအနေ အရရွှေ့ပြောင်းရခြင်းသာဖြစ်စေပါက မိမိတို့၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ထိခိုက်သွား သော ရပ်ရွာလူထုနှင့် (သို့မဟုတ်) လူများကို အစားထိုး ကူညီရန်အလို့ငှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် တည်ထောင်ရေးလုပ်ငန်းအစီအစဉ်ကို လုပ် ဆောင်ရမည်။ ထို့ပြင်ယခုလုပ်ဆောင်ချက် စံသတ်မှတ် ချက်၏ လိုအပ်ချက်များနှင့်လည်းပြည့်မီရန် အခြား ကူညီ ထောက်ပံ့မှုများလည်း လုပ်ဆောင်ပေးရမည်။ ယင်းအ သက်မွေးဝမ်းကျောင်းမှု ပြန်လည်တည်ထောင်ရေး အစီ အစဉ်သည်ထိခိုက်ခံရသော ရပ်ရွာလူထုနှင့် (သို့မဟုတ်) လူများ၏ ရပိုင်ခွင့်များကိုရရှိစေရန် ပွင့်လင်းမြင်သာမှုရှိရှိ၊ မျှတမှုရှိရှိနှင့် ရှေ့နောက်ညီညွတ်စွာ မှန်မှန်ကန်ကန်လုပ် ဆောင်စေရမည်။ ထိခိုက်မှုရှိသွားသည့် ရပ်ရွာလူထု (သို့မဟုတ်) လူများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြန်လည် တည်ထောင်ရေးအစီအစဉ်နှင့် ယခု လုပ်ဆောင် မှုစံသတ်မှတ်ချက်များအတိုင်း အစားထိုးလျော်ပေးခြင်း၊ အခြားကူညီထောက်ပံ့ခြင်းတို့ လက်ခံရရှိပြီးချိန်မှသာ စီးပွားရေး အခြေအနေအရ ရွှေ့ပြောင်းရခြင်းကြောင့် ဖြစ် လာသောဆိုးကျိုးကို လျော့ကျသွားအောင်လုပ်ခြင်း ပြီး မြောက်သည် ဟု မှတ်ယူရမည်ဖြစ်ပြီး ထိခိုက်မှုရှိသွားသည့် ရပ်ရွာလူထု(သို့မဟုတ်)လူများအနေဖြင့် ၄င်းတို့၏ အ

[၂၁] တန်ဖိုးရှိအရာများဆုံးရှုံးခြင်းကြောင့် ငွေဖြင့်ပေးလျော်ခြင်းသည် အောက်ပါ အခြေအနေများအတွက် အဆင်ပြေနိုင်သည်၊ (၁) အသက်မွေးဝမ်းကျောင်းမှု သည် မြေယာပေါ်တွင် အခြေမခံခြင်း၊ (၂) အသက်မွေးဝမ်းကျောင်းမှုသည် မြေယာပေါ်တွင် အခြေခံသော်လည်း စီမံကိန်းကြောင့် ဆုံးရှုံးလိုက်ရသည့် မြေ ပမာဏသည် အနည်းအကျဉ်းမျှသာဖြစ်ပြီး ကျန်သောမြေယာဖြင့် စီးပွားရေး ဆက်လုပ်၍ရခြင်း၊ (၃) မြေယာ၊ အိုးအိမ်၊ လုပ်သားဈေးကွက်များရှင်သန်နေပြီး ရွှေပြောင်းခံရသူများအနေဖြင့် ယင်းဈေးကွက်များမှ ၄င်းတို့လိုအပ်သည်များကို ရနိုင်သော အနေအထားတွင်ရှိခြင်း။

[၂၂] မြို့ပြများတွင် တရားမဝင်အခြေချနေထိုင်သူများ ရွှေ့ပြောင်းရသည့်အခြေ အနေတွင် အဆိုးအကောင်းနှိုင်းယှဉ် ချိန်ဆပြီး တခုခုကို ဆုံးဖြတ်ရသည်များ ပါဝင်နိုင်သည်၊ ဥပမာ - ရွှေ့ပြောင်းခံရသောမိသားစုများအနေဖြင့် နေရာသစ် တွင် နေထိုင်နိုင်ခွင့် အာမခံချက်ကို ရနိုင်သည့်အခါတွင် တဖက်တွင်လည်း ရသည့်နေရာက ၄င်းတို့အတွက် ယခင်နေရာထက် အကျိုးမများသည်ကို ကြုံရ နိုင်သည်။ နေထိုင်ရာနေရာပြောင်းသွားခြင်းသည် သူတို့အသက်မွေးဝမ်းကျောင်း မှုကိုသက်ရောက်သည့်အတွက် ပြောင်းရွှေနေရာချထားခြင်းကို ယခုလုပ်ဆောင် မှုစံသတ်မှတ်ချက် အခြေခံမှုများနှင့်အညီ လုပ်ဆောင်ရမည်။ (စာပိုဒ် ၂၅ ကို ကြည့်ပါ)။

[၂၃] ဥပဒေကြောင်းအရသော်လည်းကောင်း အခြားသင့်လျော်သောအကာအကွယ် ပေးထားမှုများမရှိဘဲ လူများ၊မိသားစုများ၊ ရပ်ရွာလူထုများကို ၄င်းတို့နေထိုင်ရာ အိမ်ယာ၊ မြေယာမှ ၄င်းတို့သဘောဆန္ဒနှင့် ဆန့်ကျင်စွာ ယာယီ(သို့မဟုတ်) အပြီးတိုင်ဖယ်ရှားခြင်း။

သက်မွေးဝမ်းကျောင်းမှု ပြန်လည်ရရှိရေးအတွက် လုံလောက်သည့် အခွင့်အလမ်းများရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ အကယ်၍မြေယာရယူခြင်းနှင့် မြေယာအသုံးချခြင်းကိုကန့်သတ်မှုများသည် သက်ဆိုင်ရာ ထိခိုက်သောသူများအား အိမ်ရာရွှေ့ပြောင်းစရာမလိုသည့် အခြေအနေတွင်ရှိပြီးသော်လည်း ထိုသူတို့၏ အသက်မွေးဝမ်းကျောင်းမှုများ၊ တန်ဖိုးရှိသောအရာများ ဆုံးရှုံးသွားခြင်းအားဖြင့် စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရခြင်းကိုဖြစ်စေနိုင်ပေသည်။ ထိုသို့သောအခြေအနေတွင်မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အောက်ပါ စာပိုဒ် ၂၇-၂၉ တွင် ဖော်ပြထားသော လိုအပ်ချက်များ ပြည့်မီအောင် သင့်တော်သလိုလုပ်ဆောင်ရမည်။

၂၇။ ၎င်းတို့၏ စီးပွားရေးအတွက် တန်ဖိုးရှိသောအရာများ၊ ထိုအရာများကို လက်လှမ်းမီခွင့် ဆုံးရှုံးသွားသော စီးပွားရေးအရရွှေ့ပြောင်းခံရသူများအား ၎င်းတို့ဆုံးရှုံးသွားမှုများကို ပြန်လည်အစားပေးနိုင်ရန် လုံလောက်သည့် အစားထိုးအလျော်ပေးမှုကို လုပ်ဆောင်ရမည်။

- မြေယာရယူမှုများနှင့် မြေယာအသုံးချခွင့်ကန့်သတ်မှုများသည်အရောင်းအဝယ်ပြုလုပ်ရာနေရာများ (ဈေးဆိုင်၊ ဈေးရုံ၊ ကုန်တိုက်စသဖြင့်)အား ထိခိုက်ပါက ယင်းစီးပွားရေးတွင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များအားအခြားနေရာတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် အစားထိုးပေးလျော်ရမည်။ ယင်းအရောင်းအဝယ်နေရာများ ပြန်လည်ထူထောင်နေစဉ်ကာလအတွင်း လုပ်ငန်းမလုပ်ရသောကြောင့် ဆုံးရှုံးသွားသည့် သူတို့၏ ဝင်ငွေကိုလည်း အစားထိုးပေးလျော်ရန်လိုသလို၊ ပြောင်းရွှေ့ရာတွင်ကုန်ကျစားရိတ်များ၊ ပြန်လည်တည်ဆောက်ရာတွင် ပြန်၍တပ်ဆင်ရမည့် စက်ယန္တရားများ၊ အခြားကိရိယာများအတွက် ကုန်ကျစားရိတ်များကိုလည်း ပြန်လည် ပေးလျော်ရမည်။
- သက်ဆိုင်ရာထိခိုက်သည့် လူများသည် ဥပဒေကြောင်းအရ (သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံ ဥပဒေအောက်တွင် တရားဝင်အသိအမှတ်ပြုမှုအရ မြေယာကို သူတို့ရယူပိုင်ခွင့်ရှိသည့်ကိစ္စများတွင် (စာပိုဒ် ၁၇ (၁)နှင့် (၂) ကြည့်) တန်ဖိုးညီသည့် (သို့မဟုတ်) ပို၍ အဖိုးတန်သည့်မြေနေရာ (ဥပမာ - စိုက်ပျိုးရေးမြေ (သို့မဟုတ်) စီးပွားရေးဇုံအတွင်း)ကို ပြန်လည်လျော်ပေးရမည်။ သို့တည်းမဟုတ် သင့်လျော်ပါက ပြန်လည်အစားထိုးဖို့လိုအပ်သည့်ကုန်ကျငွေအားလုံးကိုငွေသားဖြင့်ပေးလျော်ရမည်။
- မြေယာကို ဥပဒေကြောင်းအရ ၎င်းတို့နှင့် သက်ဆိုင်သည်ဟု သက်သေမပြနိုင်ခြင်းအားဖြင့် မြေယာဆုံးရှုံးသွားပြီး စီးပွားရေးအရလုပ်ကိုင်စရာနေရာပျောက်သွားသောသူများ (စာပိုဒ် ၁၇ (၁)) ကို မြေယာအစားထိုးပေးလျော်မှုထက် အခြားတန်ဖိုးရှိအရာများဆုံးရှုံးမှု (ဥပမာ - သီးနှံ၊ ဆည်ရေပေးအဆောက်အအုံ၊ အခြားမြေယာပြုပြင်ထားမှုတို့ ဆုံးရှုံးခြင်းအတွက်) အပြည့်အဝ ပြန်အစားထိုးနိုင်အောင် ပေးလျော်ရမည်။ ပေးလျော်မှုရရှိထိုက်သူများ စာရင်းပိတ်ပြီး နောက်ပိုင်းမှမိမိတို့ကိုယ်ကျိုးအတွက် အခွင့်အလမ်းရှာသောသူများ စီမံကိန်းနေရာသို့ ဝင်ရောက်နေထိုင်ပါက ထိုသူများအား မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူက အစားထိုးပေးလျော်ခြင်းလုပ်ပေးရန်မလိုပါ။

၂၈။ စာပိုဒ် ၂၇ တွင် ဖော်ပြထားချက်များအတိုင်း ထိုသူတို့၏တန်ဖိုးရှိသောအရာများအား ပြန်လည်ပေးလျော်ရသည့်အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေရရှိမှုတို့အား ကြီးကြီးမားမားထိခိုက်သွားစေသည့် စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းခံရသော သူများအားသူတို့၏ဝင်ငွေရှာနိုင်စွမ်း၊ ထုတ်လုပ်နိုင်စွမ်းနှင့် လူနေမှုအဆင့်အတန်းတို့ကို တိုးတက်အောင်(သို့မဟုတ်) အနည်းဆုံးအဆင့်အနေဖြင့် ပြောင်းရွှေ့မခံရမီ ယခင်အခြေအနေသို့ပြန်ရောက်နိုင်အောင်အခွင့်အလမ်းများကိုဖန်တီးပေးရမည်။

- အသက်မွေးဝမ်းကျောင်းမှုသည် မြေယာကို အခြေခံသောသူများဆိုပါက အစားထိုးပြန်ပေးသော မြေယာသည် ထုတ်လုပ်နိုင်စွမ်းအားကောင်းရမည် ဖြစ်သလို မြေနေရာ တည်ရှိမှုသည်လည်း သက်ဆိုင်သူအတွက် အကျိုးဖြစ်ရမည်။ ထို့ပြင်မြေယာနှင့်ဆက်စပ်ပြီးအခြား အရေးကြီးသည့်အချက်များတွင်လည်း ဆုံးရှုံးခဲ့သော မြေယာအတိုင်း တူညီအောင်ပံ့ပိုးရမည်။ ယခုဖော်ပြပါ ကိစ္စများကို ဦးစားပေးအဖြစ် ဆောင်ရွက်ပေးရမည်။
- အသက်မွေးဝမ်းကျောင်းမှုသည် သဘာဝအရင်းအမြစ်ကို အခြေခံသောသူများဖြစ်ပြီး စာပိုဒ် ၅ တွင်ဖော်ပြထားသည့်အတိုင်းစီမံကိန်းနှင့်ယင်း၏ဆက်စပ်လုပ်ငန်းများသည် သဘာဝအရင်းအမြစ်အပေါ် ထိုသူတို့၏ လက်လှမ်းမီနိုင်မှုကို အကန့်အသတ်ဖြစ်နိုင်မည်ဟု ယူဆပါက အဆိုပါသဘာဝအရင်းအမြစ်များအား ထိုသူတို့အားရယူပိုင်ခွင့် ဆက်လက်ပေးသောနည်းဖြစ်စေ၊ အလားတူသဘာဝအရင်းအမြစ်များအား တခြားတနေရာတွင် ရယူနိုင်စေပြီး ထိုအရင်းအမြစ်များအား လက်လှမ်းမီနိုင်မှုနှင့် ယင်းသို့ အသက်မွေးဝမ်းကျောင်းမှုမှ ဝင်ငွေရနိုင်စွမ်းမှာလည်း ယခင်ကဲ့သို့ တူညီမှုရှိ

အောင် ဖန်တီးပေးသည့်နည်းဖြင့်ဖြစ်စေ ထောက်ပံ့ကူညီရမည်။ ဆီလျော်သည့်နေရာများတွင် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်ကို အသုံးချ အသက်မွေးဝမ်းကျောင်းရသူများနှင့်ပတ်သက်၍ လျော်ကြေးနှင့်ထောက်ပံ့မှုများကို စဉ်းစားရာတွင် တစ်ဦးချင်းတစ်ယောက်ချင်း (သို့မဟုတ်) မိသားစုတစ်စုချင်းကိုပေးမည်ဟု စဉ်းစားချက်ထက် သူတို့ရပ်ရွာလူထုတစ်စုံလုံးအတွက် စဉ်းစားပေးရန်လိုအပ်သည်။

- အထက်တွင်ဖော်ပြထားသကဲ့သို့ ထိုသူတို့အားမြေယာနှင့် အခြားအရင်းအမြစ် လိုအပ်ချက်များကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများက ကူညီထောက်ပံ့မပေးနိုင်သည့်အခြေအနေများနှင့်ကြုံရပါက ဝင်ငွေရရန် ချေးငွေအထောက်အပံ့၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ ငွေကြေး (သို့)အလုပ်အကိုင်အခွင့်အလမ်းစသည့် အခြားအခွင့်အလမ်းများကို ရှာဖွေပေးရမည်။ သို့သော်ငွေကြေးအလျော်ပေးခြင်း တခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြန်ရနိုင်အောင် မလုပ်ပေးနိုင်သောအဖြစ်များ အတိတ်တွင် အကြိမ်ကြိမ်ဖြစ်ခဲ့သည်ကို သတိပြုရန်လိုသည်။

၂၉။ စီးပွားရေးရွှေ့ပြောင်းခံရသူတို့၏ ဝင်ငွေရှာနိုင်စွမ်း၊ ထုတ်လုပ်နိုင်သည့် အတိုင်းအတာ၊ လူနေမှုအဆင့်အတန်းစသည်တို့ ယခင်အတိုင်းပုံမှန်ပြန်ဖြစ်အောင် လုပ်ရမည့် အချိန်ကာလအတိုင်းအတာအတွင်းအသွင်ကူးပြောင်းရေးကာလအထောက်အပံ့များကို မဖြစ်မနေပေးရန်လိုသည်။

## အစိုးရကစီမံခန့်ခွဲသော ရွှေ့ပြောင်းနေရာချသည့်ကိစ္စရပ်များတွင် ပုဂ္ဂလိက ကဏ္ဍမှယူရမည့်တာဝန်များ

၃၀။ မြေယာရယူခြင်းနှင့်ရွှေ့ပြောင်းနေရာချသည့်ကိစ္စများတွင် အစိုးရက တာဝန်ယူထားသည်ဆိုပါက မိမိတို့၏ထောက်ပံ့ကူညီမှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာ အစိုးရဌာနဖြင့် (ထိုဌာနမှ ခွင့်ပြုနိုင်သည့် အတိုင်းအတာအထိ) ပူးပေါင်းဆောင်ရွက်ကာ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော ရလဒ်များရရှိရန်လုပ်ဆောင်ရမည်။ ထို့ပြင်အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းသည် အပြည့်အဝမဖြစ်သည့်အခြေအနေများတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အောက်တွင်ဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းနေရာချထားခြင်းအစီအစဉ်များရေးဆွဲရာတွင်ဖြစ်စေ၊ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ စောင့်ကြည့် စစ်ဆေးရာတွင်ဖြစ်စေတက်ကြွသည့်အခန်းမှ ပါဝင်ရမည်။

၃၁။ မြေယာကိုရယူခြင်း (သို့မဟုတ်) မြေယာအသုံးချခွင့်ကိုရယူခြင်းတွင် သက်ဆိုင်သူများအား အိမ်ရာရွှေ့ပြောင်းပေးရသည့် လုပ်ဆောင်မှုများပါဝင်သည်ဆိုပါက မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အစိုးရကလုပ်ဆောင်သော ရွှေ့ပြောင်းပေးခြင်းဆိုင်ရာလုပ်ငန်းများအား သိရှိအောင်လုပ်ဆောင်[၂၄]၍ဖော်ပြရမည်။ အကယ်၍ ထိုသို့သော အစိုးရ၏ လုပ်ဆောင်မှုများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက်နှင့်မကိုက်ညီပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ခံယူထားသူများ အနေဖြင့် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ကို ပြည့်မီစေရန် (အိမ်ရာရွှေ့ပြောင်းခြင်းနှင့်စီးပွားရေးအခြေအနေအရရွှေ့ပြောင်းရခြင်းများနှင့် ပတ်သက်၍အထွေထွေလိုအပ်ချက်များနှင့် အထက်တွင် ဖော်ပြထားသည့် လိုအပ်ချက်များ) အပို ထပ်ဆောင်းလုပ်ဆောင်မည့် ပြောင်းရွှေ့နေရာချထားခြင်းအစီအစဉ်ကို ပြင်ဆင်ထားရမည်။ အနိမ့်ဆုံးအားဖြင့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အောက်ပါတို့ကို ၎င်းတို့၏ ပြောင်းရွှေ့နေရာချခြင်းဆိုင်ရာ ထပ်ဆောင်းလုပ်ဆောင်မည့်အစီအစဉ်တွင်ထည့်သွင်းရမည်။ (၁) ထိခိုက်သွားမည့်သူများနှင့် ထိုသူတို့အားသက်ရောက်မှုများကိုသိရှိအောင်လုပ်၍မှတ်တမ်းတင်ခြင်း (၂) သက်ဆိုင်ရာနိုင်ငံဥပဒေများ၊ စည်းမျဉ်းများ နှင့် အညီရွှေပြောင်းခံရမည့်သူများ၏ ခံစား နိုင်ခွင့်များ အပါအဝင် ဥပဒေအရ၊စည်းမျဉ်းအရ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဖော်ပြခြင်း (၃) ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်၏ လိုအပ်ချက်များအား ပြည့်မီရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနက ခွင့်ပြုထားသည့်နည်းလမ်းဖြင့် အပိုဒ် ၁၉ မှ ၂၉ တွင်ဖော်ပြ ထားသော ထပ်ဆောင်းလုပ်ဆောင်မည့် လုပ်ဆောင်ချက်များနှင့်လုပ်ဆောင်မည့်အချိန်စာရင်း (၄) ယင်းထပ်ဆောင်းလုပ်ဆောင်မည့် လုပ်ဆောင်ချက်များအတွက် မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများ၏ ဘဏ္ဍာရေးဆိုင်ရာနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်များ။

၃၂။ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းရခြင်းများသာဖြစ်စေသော စီမံကိန်းများတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာ ထိခိုက်သွားသူများ၊ ရပ်ရွာလူထုများအား သက်ဆိုင်ရာ အစိုးရဌာနက မည်သို့မည်ပုံအလျော်ပေးသည်ကို သိရှိအောင်လုပ်ဆောင်ရမည်။ အကယ်၍အစိုးရ၏လုပ်ဆောင်မှုများသည် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ပါက မိမိတို့၏ထောက်ပံ့

[၂၄] ရနိုင်ပါက အဆိုပါနည်းလမ်းများအား ဖော်ပြထားသည့် အစိုးရစာရွက်စာတမ်းများ

ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အစိုးရ၏ လုပ်ဆောင်မှုများကို ပံ့ပိုးဖြည့်တင်းပေးမည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက် အစီအစဉ်ကို ရေးဆွဲရမည်။ ယင်းတွင် သက်ဆိုင်သူတို့ ဆုံးရှုံးသွားသည့် တန်ဖိုးရှိအရာများအတွက် ထပ်ဆောင်း အလျော်ပေးခြင်းများ၊ ပျောက်ဆုံးသွားသည့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ပြန်လည်ရရှိစေရေး အတွက် ထပ်ဆောင်းအားစိုက်မှုများ လုပ်ဆောင်ရမည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၆)

# ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သက်ရှိသဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင်စီမံခန့်ခွဲခြင်း

### မိတ်ဆက်

၁။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဂေဟစနစ်၏ထောက်ပံ့ဝန်ဆောင်မှုများကို ထိန်းသိမ်းခြင်း၊ သက်ရှိသဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း စသည်တို့သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကျသည်ဟုလုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ က လက်ခံသတ်မှတ်ထားသည်။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်တွင်ပါဝင်သည့်လိုအပ်ချက်များကို ဇီဝမျိုးကွဲများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်လမ်းညွှန်ချက် များနှင့်အညီ ရေးသားထားပေသည်။ ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တွင် ဇီဝမျိုးစုံ မျိုးကွဲကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ''ကုန်းမြေ၊ ပင်လယ်၊ အခြား နေရာများ၊ အခြား ရေနှင့် ဆက်စပ်သောနေရာစသည်တို့ရှိ ဂေဟစနစ်များ အပါအဝင်အားလုံးသော အရင်းအမြစ်များ တွင် ရှိသည့် သက်ရှိများအကြား ပြောင်းလဲဖြစ်ပွားနေခြင်း ဖြစ်ပြီး၊ ယင်းဇီဝမျိုးကွဲသည် ဂေဟဆိုင်ရာ စုပေါင်းတည်ရှိ မှုအစုအဝေး၏အစိတ်အပိုင်းတရပ်အဖြစ်ပါဝင်နေပြီး ဇီဝ မျိုးကွဲတွင် မျိုးစိတ်များအတွင်း၊ မျိုးစိတ်များအကြား ကွဲပြားခြားနားခြင်းနှင့် ဂေဟစနစ်များကွဲပြားခြားနားခြင်း စသည်တို့ ပါဝင်ပေသည်။''

၂။ ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများသည် လူသား များအတွက် ကောင်းကျိုးပေးသလို စီးပွားရေးလုပ်ငန်း များအတွက်လည်း အကျိုးဖြစ်ထွန်းစေသည်။ ဂေဟစနစ် ၏ ထောက်ပံ့ဝန်ဆောင်မှုများတွင် အမျိုးအစား ၄ မျိုး ပါဝင်သည် (၁) ထောက်ပံ့ပေးမှုများ – ယင်းတွင် ဂေဟစ နစ်မှ လူအများရရှိနေသောအရာများ၊ (၂) ထိန်းညှိပေး သောဝန်ဆောင်မှုများ – ဂေဟစနစ်ဖြစ်စဉ်တို့ ထိန်းညှိလုပ် ဆောင်ကြခြင်းအားဖြင့် လူအများကို အကျိုးပေးနေခြင်း များ၊ (၃) ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်ပေးမှုများ – ဂေဟ စနစ်မှ ရုပ်ဝတ္ထုမဟုတ်သော အကျိုးကျေးဇူးများကို လူ အများခံစားရခြင်း၊ (၄) ထောက်ကူပေးသည့် ဝန်ဆောင်မှု များ[၁] – အခြားထောက်ပံ့ဝန်ဆောင်မှုများကို ထိန်းသိမ်း ပေးသည့် သဘာဝဖြစ်စဉ်များ။

၃။ လူသားတို့တန်ဖိုးထားကြသည့် ဂေဟစနစ် ထောက်ပံ့ ဝန်ဆောင်မှုများသည်အများအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများက အထောက်အကူပြုသောကြောင့် ဖြစ်ထွန်းထွက်ပေါ်လာ ခြင်းဖြစ်သည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲတို့အပေါ်သက် ရောက် မှုများသည် ဂေဟစနစ်ကပေးနေသည့် ထောက်ပံ့ ဝန်ဆောင်မှုတို့ကို ဆိုးဆိုးရွားရွားထိခိုက်စေသည်။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်သည် မိမိတို့၏ထောက်ပံ့ဝန် ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကာလ တလျှောက်လုံး ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ထောက်ပံ့ ဝန်ဆောင်မှုများကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲကြပုံ များ၊ ယင်းတို့ကိုထိခိုက်သက်ရောက်မှုများရှိလာလျှင်လည်း ထိုသက်ရောက်မှုများ လျော့နည်းသွားအောင် လုပ်ဆောင် ကြပုံများကို ရှင်းပြထားသည်။

ရည်မှန်းချက်များ

- ဇီဝမျိုးစုံမျိုးကွဲအား အကာအကွယ်ပေးနိုင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်
- ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများမှ ရရှိသော အကျိုးကျေးဇူးများကို ထိန်းသိမ်းရန်
- ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးလုပ်ဆောင်သည့် အချက်

[၁] ဥပမာများမှာ – (၁) ထောက်ပံ့ပေးမှုများတွင် အစားအစာ၊ ရေချို၊ သစ်၊ အမျှင်ပါသော အရာများ၊ ဘယဆေးပင်များ စသည်တို့ပါဝင်သည်။ (၂) ထိန်းညှိပေးမှုများတွင် မြေပေါ်ရှိရေကိုသန့်စင်ပေးခြင်း၊ ကာဗွန်ဓာတ် ထိန်းသိမ်း ခြင်းနှင့်သိမ်းယူထားခြင်း၊ ရာသီဥတုထိန်းညှိပေးခြင်း၊ သဘာဝဘေးတို့မှ အကာ အကွယ်ပေးခြင်းစသည်တို့ပါဝင်သည်။ (၃) ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်ပေးမှု တွင်အများပြည်သူ အထွတ်အမြတ်ထားရာတို့ ရှိနေသည့်နေရာများ၊ အနားယူ ရန်နှင့် အမြင်ပသာဒ ခံစားရန် အဖိုးတန်သည့်နေရာများ ပါဝင်သည့် ဧရိယာများ ပါဝင်သည်။ (၄) ထောက်ကူပေးသည့်လုပ်ငန်းစဉ်တွင် မြေဆီလွှာဖြစ်ထွန်းခြင်း၊ အပင်နှင့် တိရိစ္ဆာန်တို့လိုအပ်သည့် အဟာရစက်ဝန်းလည်ပတ်ခြင်း၊ အခြေခံ ကုန်ကြမ်းများ ထုတ်လုပ်ပေးခြင်း စသည်တို့ပါဝင်သည်။

များ ပေါင်းထည့် ပါဝင်ထားသည့် လုပ်ထုံးလုပ်နည်းများကို အသုံးချ၍ ရှင်သန်နေသည့်သဘာဝအရင်းအမြစ်များအား ရေရှည်စီမံခန့်ခွဲရေးကို မြှင့်တင်ရန်

## အသုံးပြုရာနယ်ပယ်

၄။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးပြုမည့် အတိုင်းအတာကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုဘဝအပေါ် သက်ရောက်လာမည့် အန္တရာယ်နှင့် ဆိုးကျိုးများကိုသိရှိအောင် လုပ်ဆောင်သည့် လုပ်ငန်းစဉ်အတွင်းသတ်မှတ်ရမည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်မှ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်ရန် လိုအပ်ပြီး ယင်းသို့ ကိုက်ညီမှုရှိစေရေးစီမံရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် မိမိတို့ထံမှထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အညီ စီမံဆောင်ရွက်ရမည်။

၅။ ယင်းအန္တရာယ်နှင့်ဆိုးကျိုးများ သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်ကို အခြေခံလျက် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ပါလိုအပ်ချက်များကို ပူးတွဲပါစီမံကိန်းများတွင် အသုံးပြုရမည် - (၁) အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများတွင် တည်ရှိနေသော စီမံကိန်း၊ ထိုနေရာများထဲတွင် ပြောင်းလဲထားပြီးသော နေရာ၊ သဘာဝနေရာ၊ အရေးကြီးအဖြစ် သတ်မှတ်ထားသည့် နေရာတို့ပါဝင်သည်၊ (၂) မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက တိုက်ရိုက်စီမံ ခန့်ခွဲထိန်းချုပ်မှု(သို့မဟုတ်)ကြီးကြီးမားမား လွှမ်းမိုးမှုရှိနေသည့် ဂေဟစနစ်များအပေါ် မှီခိုနေသော (သို့မဟုတ်) သက်ရောက်မှုရှိနိုင်သော စီမံကိန်းများ (၃) ရှင်သန်နေ သည့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ရေး (ဥပမာ - စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်း၊ သစ်တော လုပ်ငန်း)တို့ ပါဝင်သည့် စီမံကိန်း စသည်တို့ဖြစ်သည်။

## လိုအပ်ချက်များ

### အထွေထွေ

၆။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ပြဆိုထားသည့် အန္တရာယ်နှင့် ဆိုးကျိုးသက်ရောက်မှုများ သိရှိသတ်မှတ်ရေးလုပ်ငန်းစဉ်တွင် စီမံကိန်းလုပ်ငန်းများက ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုတို့အပေါ် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ သက်ရောက်မည့် အရေးတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီးသက်ရောက်မှုများလျော့ကျအောင်စီမံဆောင်ရွက်ပြီး နောက်ပိုင်း သိသိသာသာ ကျန်ရှိနေသေးသည့် ဆိုးကျိုးသက်ရောက်မှုမှန်သမျှကို သိရှိအောင်လုပ်ဆောင်ထားရမည်။ ယင်းလုပ်ငန်းစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများကိုခြိမ်းခြောက်နေသည့်အရာများကိုလည်း ထည့်သွင်းစဉ်းစားရသည်။ ယင်းခြိမ်းခြောက်မှုများတွင် အပင်နှင့် သတ္တဝါများမှီခိုရာနေရာတို့ ပျောက်ပျက်ဆုံးရှုံးလာခြင်း၊ အရည်အသွေးရုတ်လျော့လာခြင်းနှင့် အကွဲကွဲပြားပြားဖြစ်လာခြင်း၊ ယင်းနေရာတို့ရှိ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်တွင် ယခင်ကမရှိသည့် ပြင်ပမှ မျိုးစိတ်များထိုးဖောက်ပျံ့နှံ့ဝင်ရောက်လာခြင်း၊ ယင်းနေရာတို့အား အလွန်အကျွံ အသုံးချခြင်း၊ ဇလဗေဒဆိုင်ရာအပြောင်းအလဲများ ယင်းနေရာတို့တွင် အပင်နှင့် သတ္တဝါတို့ လိုအပ်သည့် အဟာရများ လိုအပ်သည်ထက် အလွန်အကျွံပိုများလာပြီးစုပုံလာခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာခြင်း စသည်တို့ကို အထူးအလေးထားအာရုံစိုက်ရမည်။ သက်ရောက်ထိခိုက်ခံရသည့် ရပ်ရွာလူထုနှင့် အခြားဆက်စပ်ပတ်သက်သူများ စသည့်သူတို့၏ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများအပေါ် မိမိတို့နှင့်မတူပဲ ကွဲပြားသည့် တန်ဖိုးထားမှုများကိုလည်း သင့်လျော်သလို ထည့်သွင်းစဉ်းစားရမည်။ စာပိုဒ် ၁၃ မှ ၁၉ တွင် ပါဝင်သည်များနှင့် ဆက်စပ်ပါက တောတောင်ရေမြေရှုခင်း (သို့မဟုတ်)ပင်လယ်ရှုခင်းများအားစီမံကိန်းက သက်ရောက် မည့်အရေးတို့ကို ထည့်သွင်း စဉ်းစားရမည်။

၇။ ဦးစားပေးအနေဖြင့် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုအားရယူထားသူများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများအပေါ် သက်ရောက်လာနိုင်မှုများကို ကြိုတင်ကာကွယ် ရှောင်ရှားနိုင်ရေးအတွက် ကြိုးပမ်းသင့်သည်။ အကယ်၍ မရှောင်ရှားနိုင်တော့ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများအပေါ် သက်ရောက်လာမှုများကို လျော့ကျစေရန်၊ ပျက်စီးသွားသော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှု ပြန်လည်ပျိုးထောင်ရန်လုပ်ဆောင်သင့်သည်။ စီမံကိန်းက ရေရှည်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့်ဂေဟစနစ်ထောက်ပံ့ဝန် ဆောင်မှုများအပေါ်သက်ရောက်နိုင်မှုများကို မှန်းဆတွက်ချက်ရာတွင် ရှုပ်ထွေးများပြားမှုများရှိသဖြင့် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ အနေဖြင့် ဖြစ်လာသောအခြေအနေနှင့်အညီ လိုက်လျောညီထွေပြုပြင်နိုင်သော စီမံခန့်ခွဲမှုကို ချမှတ်လုပ်ဆောင်ရမည်။ ထိုစီမံခန့်ခွဲမှုသည် ပြောင်းလဲနေသော အခြေအနေများနှင့် စီမံကိန်းကာလတစ်လျှောက်လုံး စောင့်ကြည့်စစ်ဆေးမှု၏

ရလာဒ်များ အပေါ်မူတည်၍ သက်ရောက်မှု လျှော့ချရေးနှင့်စီမံခန့်ခွဲမှု အတိုင်းအတာများကို တုံ့ပြန်အကောင် အထည်ဖော်ဆောင်ရွက်မှုပင်ဖြစ်သည်။

၈။ စာပိုဒ် ၁၃ မှ ၁၅ အထိ ပါဝင်သောအချက်များနှင့် သက်ဆိုင်လာပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့်ကျရောက်လာနိုင်သော အန္တရာယ်နှင့် သက်ရောက်မှုများကို သိရှိသတ်မှတ်ရေး လုပ်ငန်းစဉ်ကို အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူများကိုခေါ်ယူကာ အားဖြင့်လုပ်ဆောင်ရမည်။ စာပိုဒ် ၁၆ မှ ၁၉ ပါ အချက်များနှင့် ဆက်စပ်ပတ်သက်လာပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေမည့် သက်ရောက်မှုများလျှော့ချနိုင်ရေး နည်းလမ်းအဆင့်ဆင့်ကို ဖော်ထုတ်ရာမှာဖြစ်စေ၊ ထိုနည်းလမ်းများကို အသုံးချရာမှာဖြစ်စေ ယင်းဒေသဆိုင်ရာ အတွေ့အကြုံရှိသည့် ပြင်ပကျွမ်းကျင်ပညာရှင်များအား ခေါ်ယူအသုံးပြုရမည်။

## ဇီဝမျိုးစုံမျိုးကွဲကာကွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၉။ အပင်နှင့်သတ္တဝါတို့ မှီခိုရာနေရာဆိုသည်ကို အဓိပ္ပါယ်ဖွင့်ရာတွင်ယင်းနေရာများတွင် ကုန်းမြေ၊ ရေချို (သို့မဟုတ်) ပင်လယ်စသည့် ပထဝီဝင်အစိတ်အပိုင်းများလည်းပါဝင်သလို လေလည်းပါဝင်သည်။ ထိုနေရာများသည် ရှင်သန်နေသည့် ဇီဝရုပ်များ စုစည်းနေခြင်းနှင့်၊ ယင်းဇီဝရုပ်များနှင့် အသက်မဲ့သော သဘာဝပတ်ဝန်းကျင်တို့အကြား အပြန်အလှန်အကျိုးပြုနေကြခြင်းကို ပံ့ပိုးပေးသည်။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရေးရည်ရွယ်၍ အပင်နှင့် သတ္တဝါများမှီခိုရာနေရာများကို ပြောင်းလဲထားပြီးသောနေရာ၊ သဘာဝနေရာ၊ အရေးကြီးအဖြစ်သတ်မှတ်ထားသည့်နေရာ စသည်ဖြင့် ခွဲခြားနိုင်သည်။ အရေးကြီးအဖြစ် သတ်မှတ်ထားသည့်နေရာသည် ပြောင်းလဲထားပြီးသောနေရာ (သို့မဟုတ်) သဘာဝနေရာ၏ အစိတ်အပိုင်းတခု ဖြစ်သည်။

၁၀။ ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ထိခိုက်သက်ရောက်မှုများကို လျှော့ချသည့် လုပ်ငန်းတွင် ထိခိုက်ဆုံးရှုံးသွားသောဇီဝမျိုးစုံမျိုးကွဲများအစားအလျော်ပြန်ပေးဆပ်ခြင်း (biodiversity offset) ကိုလည်း ထည့်သွင်းရမည်။ ယင်းအလျော်အစားပေးခြင်းလုပ်ငန်းအား သက်ရောက်မှုများကိုကာကွယ်ရှောင်ရှားရေး၊ လျှော့နည်းသွားစေရေး၊ ပြန်လည်ထိန်းသိမ်းရေးစသည့် လုပ်ငန်းများလုပ်ဆောင်[၂] ပြီးသည့်နောက်ပိုင်းမှသာ စဉ်းစားသင့်သည်။ ထိခိုက်ဆုံးရှုံးသွားသောဇီဝမျိုးစုံမျိုးကွဲများအစား အလျော်ပြန်ပေးဆပ်ခြင်းကို ထိန်းသိမ်းခြင်းဆိုင်ရာ သိသာထင်ရှားသည့်ရလဒ်များ[၃] ရရှိစေရေးရည်ရွယ်၍ ပုံစံထုတ်ရမည်ဖြစ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ရမည်။ ထိုရလဒ်များဟုဆိုရာတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စုစုပေါင်းအရှုံးမရှိခြင်းနှင့် စုစုပေါင်းအမြတ်တို့နှင့်သာကြုံရမည်ဟု အကျိုးအကြောင်း ဆီလျော်စွာမျှော်မှန်းနိုင်သည်။ အပင်နှင့်သတ္တဝါများမှီခိုရာနေရာများထဲတွင် အရေးကြီးနေရာအဖြစ်သတ်မှတ်ထားသောနေရာဆိုပါက စုစုပေါင်း အမြတ်သာရှိရမည်။ ဆုံးရှုံးသွားသောဇီဝမျိုးစုံမျိုးကွဲအစားအလျော်ပြန်ပေးခြင်းအတွက်ပုံစံထုတ်ရာတွင် ပျက်စီးဆုံးရှုံးမှုနှင့် အညီဖြစ်သည့်(သို့မဟုတ်) ပို၍ကောင်းမွန်သည့် ပေးဆပ်မှုမျိုး[၄] ဖြစ်ရန်လိုပြီး အကောင်းဆုံးရနိုင်သည့် သတင်းအချက်အလက်များ၊ လက်ရှိပေါ်ထွန်းနေသော လုပ်ထုံးလုပ်နည်းများနှင့်လိုက်လျောညီထွေစွာလုပ်ဆောင်ရမည်။ ထိုပြန် လည်ပေးဆပ်ခြင်း လုပ်ငန်းပုံစံထုတ်ရာတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်သူပြင်ပပညာရှင်များကို

[၂] ထိခိုက်ဆုံးရှုံးသွားသောဇီဝမျိုးစုံမျိုးကွဲအစားအလျော်ပြန်ပေးဆပ်ခြင်းဟုဆိုရာတွင် စီမံကိန်းလုပ်ဆောင်မှုကြောင့် သိသိသာသာ ကြွင်းကျန်ကျန်ရစ်နေသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းများ၊ ဆိုးကျိုးသက်ရောက်မှုများကိုရှောင်ရှားနိုင်သည့်၊ လျှော့ချနိုင်သည့်၊ ပြန်လည်ထိန်းသိမ်းပေးသည့် အစီအမံများလုပ်ဆောင်ပြီးနောက်ပိုင်း ကျန်ရှိနေ သေးသည့်ဆိုးကျိုးများအား ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းများစသည်တို့ကို လုပ်ဆောင်ပေးခြင်းအားဖြင့် ပေါ်ထွက်လာသည့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ တိုင်းတာနိုင်သည့်ရလဒ်များဆိုလိုသည်။

[၃] ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သိသာထင်ရှားသည့် ရလဒ်များကိုမူရင်းနေရာ(မြေပြင်)တွင်လည်းသက်သေပြနိုင်ရမည်ဖြစ်သလို၊ ဆီလျော်သည့် ပထဝီဝင်အတိုင်းအတာတို့တွင် (ဥပမာ - နေရာဒေသတွင်း၊ ကျယ်ပြန့်သည့် မြေပြင်ဇရိယာအရ၊ နိုင်ငံအဆင့်အရ၊ ဒေသတွင်း အဆင့်အရ) သက်သေပြနိုင်ရမည်။

[၄] ပျက်စီးဆုံးရှုံးမှုနဲ့အညီ ဖြစ်သည့်(သို့မဟုတ်) ပို၍ကောင်းမွန်သည့်ပေးဆပ်မှု (like-for-like of better)အခြေခံမှုသည်စီမံကိန်းကြောင့်ထိခိုက်သွားသည့် ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးထားမှုများအတိုင်း ပြန်လည်အစားထိုးလုပ်ဆောင်သည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပြန်လည်ပေးဆပ်မှုကိုဆိုလိုသည်။ သို့သော်အချို့အခြေအနေများတွင်-စီမံကိန်းကြောင့် ထိခိုက်သက်ရောက်ခံရသည့် ဇီဝမျိုးစုံမျိုးကွဲနေရာများသည် နိုင်ငံတော်မှရော၊ ဒေသဆိုင်ရာမှပါဦးစားပေးအဖြစ် သက်မှတ်ခံရခြင်းမရှိသောနေရာများ ဖြစ်နိုင်သည်။ ယင်းဇီဝမျိုးစုံမျိုးကွဲများနှင့် တန်ဖိုးတူရှိနေသောအခြားနေရာများသည် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဖြစ်စေ၊ ရေရှည်အသုံးပြုနိုင်ရေးအတွက်ဖြစ်စေ၊ ခြိမ်းခြောက်မှုများချက်ချင်းရောက်လာနိုင်သည့်အခြေအနေကြုံနေရသည်ကြောင့်ဖြစ်စေ( သို့မဟုတ်) အကာအကွယ် စီမံချက်လိုအပ်မှု (သို့မဟုတ်) စွမ်းဆောင်ရည်ကောင်းသည့် စီမံချက်လိုအပ်နေသောအခြေအနေဖြစ်စေ ထိုသို့သောအခြေအနေများအတွက် မြင့်မားသောဦးစားပေးနေရာများဖြစ်နိုင်သည်။ ထိုအခြေအနေများတွင် ‘‘တန်ဖိုးမြင့်မားသော အရာတစ်ခုကိုဝယ်ရန် အခြားအရာကိုရောင်းခြင်း’’ ပါဝင်သည့် အလျော်အစားပြန်ပေးခြင်းလုပ်ငန်း တစ်ခုကို စဉ်းစားရန်သင့်လျော်ပေမည်။ (ဥပမာအစားထိုးအလျော်ပေးခြင်းသည် စီမံကိန်းကြောင့်ထိခိုက်သည့် နေရာထက်ပိုမိုမြင့်မားသည့် ဦးစားပေးအဆင့် နေရာသက်မှတ်ခံရသည် ဇီဝမျိုးစုံမျိုးကွဲနေရာကိုပစ်မှတ်ထားခြင်း) အထူးအရေးကြီးသည့် မှီခိုရာနေရာများအတွက် ထိုပြန်လည်ပေးဆပ်ခြင်းကို လုပ်ဆောင်ရာတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ စာပိုဒ် ၁၇ တွင် ဖော်ပြထားသည့် လိုအပ်ချက်များအား ပြည့်မီအောင်လုပ်ဆောင်ရမည်။

ခေါ်ယူအသုံးပြုရန်စဉ်းစားရမည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ၎င်းတို့ကိုပါဝင်စေရမည်။

**ပြောင်းလဲထားပြီးသော အပင်နှင့်သတ္တဝါ မျိုးစိတ်များ မှီခိုရာနေရာများ**

၁၁။ ပြောင်းလဲထားပြီးသော အပင်နှင့်သတ္တဝါ မျိုးစိတ်များ မှီခိုရာနေရာများဆိုသည်မှာမူရင်းအစတွင် မရှိခဲ့သော အပင်များ(နှင့်)(သို့မဟုတ်) သက်ရှိမျိုးစိတ်များကျယ်ကျယ်ပြန့်ပြန့် ဖုံးလွှမ်းနေသော နေရာဒေသ (နှင့်) (သို့မဟုတ်) လူသားတို့၏ လုပ်ဆောင်ချက်များက ထိုဇရိယာတွင် အခြေခံကျသည့် ဂေဟဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ အမျိုးမျိုးသောမျိုးစိတ်တို့စုဖွဲ့ခြင်းများ[၅]ကို အကြီးအမား ပြောင်းလဲစေခဲ့ပြီးသော နေရာဒေသ စသည့် နေရာများကို ဆိုလိုသည်။ ပြောင်းလဲထားပြီးသော နေရာများတွင် စိုက်ပျိုးရေးလုပ်ငန်းနေရာများ၊ သစ်တောသစ်ပင်စိုက်ထားသောနေရာများ ၊ ပြန်လည်ပြုပြင်မွမ်းမံထားသည့် ကမ်းရိုးတန်းများ[၆]၊ ပြန်လည်ပြုပြင်မွမ်းမံထားသည့် စိမ့်မြေများ စသည့် ဇရိယာများပါဝင်သည်။

၁၂။ အန္တရာယ်နှင့် သက်ရောက်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်လုပ်ဆောင်ရမည်ဟု လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင်ဖော်ပြထားသကဲ့သို့ပင် ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်ကလည်း ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်သက်၍ အလွန်တန်ဖိုးထားအပ်သည့် ပြောင်းလဲထားပြီးသော နေရာများနှင့် ဆက်စပ်ပေသည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့်ထို ဇီဝမျိုးစုံမျိုးကွဲတို့အပေါ် သက်ရောက်လာမှုများ လျော့ကျစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**သဘာဝဖြစ်စေသော၊ ပြောင်းလဲထားခြင်းမရှိသည့် အပင်နှင့် သတ္တဝါ မျိုးစိတ်များ မှီခိုရာနေရာများ**

၁၃။ သဘာဝဖြစ်စေသော၊ ပြောင်းလဲထားခြင်းမရှိသည့် အပင်နှင့်သတ္တဝါမျိုးစိတ်များ မှီခိုရာနေရာများသည် ဌာနေမူရင်း အပင်(နှင့်) (သို့မဟုတ်) သက်ရှိမျိုးစိတ်များ စုစည်းတည်ရှိနေသော ဇရိယာ(နှင့်) (သို့မဟုတ်)လူသားတို့၏ လုပ်ဆောင်ချက်များကထိုဇရိယာတွင်ရှိသည့်အစကနဦးဂေဟဆိုင်ရာလုပ်ငန်းဆောင်တာများ၊ မျိုးစိတ်များစသည်တို့ကို အကြီးအမားပြောင်းလဲမထားသောနေရာဒေသဖြစ်သည်။

၁၄။ အောက်ပါတို့အားလုံး ကို အထောက်အထားနှင့်တကွ မပြဆိုနိုင်ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သဘာဝနေရာများကို သိသိသာသာ အပြောင်းအလဲဖြစ်သွားစေရန် (သို့မဟုတ်)အရည်အသွေး နိမ့်ကျ[၇]သွားစေရန် မလုပ်ဆောင်ရပေ။

- စီမံကိန်းကို ပြုပြင်ပြောင်းလဲပြီးသားနေရာတွင်လုပ်ဆောင်နိုင်ရေးအတွက် ဒေသအတွင်းတွင် မဖြစ်နိုင်တော့ခြင်း၊
- ပြောင်းလဲသွားမည့်၊ အရည်အသွေးနိမ့်ကျသွားမည့် အတိုင်းအတာ[၈]နှင့်ပတ်သက်ပြီး ထိခိုက်မည့် ရပ်ရွာလူထုအပါအဝင် ဆက်နွယ်ပတ်သက်သူများ၏ အမြင်များကိုယူ၍ ဆွေးနွေးတိုင်ပင်ခြင်းနှင့်
- ထိခိုက်သက် ရောက်မှုများ လျော့ကျရေးအစီအမံများနှင့်အညီ ပြောင်းလဲသွားသည့် (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားသည့်နေရာများကို ထိခိုက်မှုလျော့ကျအောင်လုပ်ဆောင်ထားခြင်း။

၁၅။ သဘာဝ နေရာများဖြစ်သည့် ဇရိယာများအတွင်းတွင် ဇီဝမျိုးကွဲ စုစုပေါင်းဆုံးရှုံးခြင်း[၉] ဖြစ်နိုင်သမျှမရှိအောင် အတွက် ရည်ရွယ်သည့် သက်ရောက်မှုလျော့ချရေး နည်းလမ်းများကိုရေးဆွဲရမည်။ သင့်လျော်သည့် လုပ်ဆောင်ချက်များတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သင့်သည် -

- စီမံကိန်းနေရာ အတွင်းရှိ၍ စီမံကိန်း အကောင်အထည်ဖော်ရန်မဟုတ်သော၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် မြေနေရာများ

[၅] ယင်းတွင် စီမံကိန်းပြင်ဆင်ခြင်းကြောင့် အပင်နှင့်တိရိစ္ဆာန်များမှီခိုရာနေရာများ ပြောင်းလဲသွားသည်တို့ကို ထည့်မတွက်ချေ။

[၆] ထုတ်လုပ်ရေးအတွက် ပင်လယ်အောက်ရောက်နေသော (သို့မဟုတ်) အခြားရေလွှမ်းရာနေရာများမှ မြေများကို ပြန်လည်ဖော်ထုတ်၍ မြေနေရာအသစ်များပြန်ရရန် လုပ်ဆောင်သည့် လုပ်ငန်းစဉ်သည် ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းဖြစ်သည်။

[၇] သိသာသည့် ပြောင်းလဲမှု (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားမှု ဆိုသည်မှာ (၁) မြေ(သို့မဟုတ်) ရေအသုံးချမှုကို အများအပြား(နှင့်) (သို့မဟုတ်) ရေရှည်လုပ်ဆောင်မှု၏ ဆိုးကျိုးရလဒ် အဖြစ် အပင်နှင့် တိရိစ္ဆာန်တို့မှီခိုရာနေရာ တခုလုံး လုံးဝပျက်သုဉ်းခြင်း (သို့မဟုတ်) အလွန်နိမ့်ကျယိုယွင်းသွားခြင်း။ (၂) မူရင်းဌာနေမျိုးစိတ်များ ရှင်သန်ကြီးထွားနိုင်ခြင်းကိုဖြစ်စေသည့် ယင်းတို့ မှီခိုရာနေရာဇရိယာ၏ အရည်အသွေးကို သိသာအောင်နည်းပါးနိမ့်ကျသွားစေသည့် ပြုပြင်ပြောင်းလဲမွမ်းမံခြင်း။

[၈] လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့်အတိုင်း ဆက်စပ်ပတ်သက်သည့်သူများနှင့် ဆက်ဆံဆောင်ရွက်၊ တိုင်ပင်သည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတရပ်အဖြစ် ဆောင်ရွက်သည်။

[၉] စုစုပေါင်းဆုံးရှုံးမှုမရှိဟုဆိုသည့် အဓိပ္ပါယ်မှာ စီမံကိန်းနှင့်ပတ်သက်ပြီး ထိခိုက်သွားသောဇီဝမျိုးစုံမျိုးကွဲသက်ရောက်မှုများအား ရှောင်ရှား၊ လျှော့ချသည့်အလုပ်များ၊ စီမံကိန်းဇရိယာအတွင်း ဇီဝမျိုးကွဲပြန်လည်ထိန်းသိမ်းသည့်အလုပ်များ၊ သက်ဆိုင်ရာ ပထဝီဝင်အတိုင်းအတာတို့တွင် (ဥပမာ - နေရာဒေသတွင်း၊ ကျယ်ပြန့်သည့် မြေပြင်ဇရိယာအရ၊ နိုင်ငံအဆင့်အရ၊ ဒေသတွင်းအဆင့်အရ) သိသိသာသာ ကြွင်းကျန်နေသေးသည့်သက်ရောက်မှုများရှိနေပါက ၎င်းတို့အတွက်ပြန်လည်အလျော်အစားပေးဆပ်ခြင်းအလုပ်များစသည်တို့ဖြင့်ပြန်လည်ထိန်းညှိပြီးသည့် အမှတ်နေရာ။

(ပလပ်မြေ)[၁၀]တွင် သက်ရောက်မှုများကို သိရှိ သတ်မှတ်ခြင်း၊ သက်ရောက်မှုများ မဖြစ်လာစေရန် ကာကွယ်ခြင်းတို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲအပေါ်သက်ရောက် လာမည့်အရေးကို ရှောင်ရှားခြင်း၊

- အပင်နှင့် တိရိစ္ဆာန်တို့ မှီခိုရာနေရာများ အကွဲကွဲ အပြားပြားဖြစ်ခြင်းကို လျှော့ချရေးအတွက်လုပ်ဆောင် ခြင်း၊ ဇီဝဆိုင်ရာစင်္ကြံလမ်းများ တည်ဆောက်ခြင်း ကဲ့သို့သော စီမံကိန်းလုပ်စဉ် ကာလအတွင်း (နှင့်) (သို့မဟုတ်) စီမံကိန်းကာလလွန်အချိန်များတွင် အပင်နှင့် တိရိစ္ဆာန်တို့မှီခိုရာနေရာများအား ပြန်လည် ထိန်းသိမ်းရေးလုပ်ဆောင်ခြင်း
- ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲအစား အလျော် ပြန်ပေးဆပ်ခြင်းကို အကောင်အထည်ဖော်ခြင်း

### အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများတွင် အရေးကြီးအဖြစ် သတ်မှတ်ထားသည့် နေရာ

၁၆။ အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများထဲ၌ အရေး ကြီးအဖြစ် သတ်မှတ်ထားသည့် နေရာဆိုသည့် ဧရိယာ များတွင် ပူးတွဲဖော်ပြပါတို့အပါအဝင် တန်ဖိုးမြင့်မြင့်မားမား ထားရသည့် ဇီဝမျိုးစုံမျိုးကွဲများရှိပေသည် - (၁) မျိုးတုန်း ပျောက်ကွယ်မည်ကိုအထူးစိုးရိမ်နေရသည့် (နှင့်) (သို့မ ဟုတ်)မျိုးတုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ[၁၁] အတွက် အရေးကြီးမှီခိုရာနေရာများ၊ (၂) ပထဝီဆိုင်ရာ အခြားနေရာဒေသတို့ဖြင့်မတူပဲတစ်မူထူး သည့် နေရာတွင်သာရှိနိုင်သည့် မျိုးစိတ်များ (နှင့်) (သို့မဟုတ်) သီးခြားကန့်သတ်ဒေသတို့တွင်သာ ရှင်သန် နိုင်သည့် မျိုးစိတ်များ အတွက်အရေးကြီးသည့်မှီခိုရာနေရာ များ၊ (၃)ကမ္ဘာ့အဆင့် နှင့်ချီအောင်များပြားသည့်ပမာဏဖြင့် စုပေါင်းကာ ရွှေ့ပြောင်းလေ့ရှိသည့် မျိုးစိတ်များ (နှင့်) (သို့မဟုတ်) ကမ္ဘာ့အဆင့်နှင့်ချီအောင်များပြားသည့်ပမာ ဏဖြင့်အချိန်အလိုက်၊ နေရာအလိုက် အုပ်စုဖွဲ့လေ့ရှိသည့် မျိုးစိတ်တို့အတွက် အရေးပါသည့် မှီခိုရာနေရာများ၊ (၄) ခြိမ်းခြောက်မှု အထူးခံနေရသည့် (နှင့်) (သို့မဟုတ်) အခြားတို့နှင့်မတူပဲ တမူထူးနေသည့် ဂေဟစနစ်များ (၅) အဓိကဆင့်ကဲဖြစ်စဉ် အဆင့်ဆင့်နှင့် ဆက်စပ်လျှက် ရှိသည့် ဧရိယာများ။

၁၇။ အောက်ပါတို့ကိုမပြဆိုနိုင်ပဲ မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် အပင်နှင့် သတ္တဝါများမှီခိုရာနေရာများအတွင်း အရေးကြီးအဖြစ် သတ်မှတ်ထားသည့် နေရာအမျိုးအစားတွင် အကျုံးဝင် သည့်ဧရိယာများ၌စီမံကိန်းလုပ်ငန်းများမလုပ်ဆောင်ရပါ။

- ပြုပြင်ပြောင်းလဲပြီးသားနေရာ၊(သို့မဟုတ်) အရေးကြီး တန်ဖိုးထားစောင့်ရှောက်ရမည့်စာရင်းတွင် မပါဝင် သည့် သဘာဝနေရာများတွင် စီမံကိန်းကို လုပ်ဆောင် နိုင်ဖို့အရေးအတွက် ဒေသအတွင်းတွင် ရှာဖွေ၍မရ နိုင်တော့ခြင်း၊
- အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများအတွင်း အရေး ကြီးအဖြစ် သတ်မှတ်ထားသည့်နေရာအဖြစ် ရှိနေ သောကြောင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုး[၁၂]ရှိနေပြီး ယင်းတန်ဖိုးများအပေါ်သို့ဖြစ်စေ၊ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများကို ထောက်ပံ့ကူညီထားသည့် ဂေဟစနစ် လုပ်ငန်းစဉ်များအပေါ်သို့ဖြစ်စေသိသာသည့်ဆိုးကျိုးသက် ရောက်မှုများ မဖြစ်စေသည့် စီမံကိန်း
- ကြောင်းကျိုးဆီလျော်သည့် ကာလတစ်ခု[၁၃]အတွင်း မျိုးတုန်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် (သို့မဟုတ်) မျိုးတုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေ

[၁၀] စီမံကိန်းနေရာအတွင်းရှိ၍ စီမံကိန်းအကောင်အထည် ဖော်ရန်မဟုတ်သော၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်သည့် မြေနေရာ များ (ပလပ်မြေ) ဆိုသည်မှာ စီမံကိန်းနယ်မြေအတွင်း ပါဝင်သည့် မြေဧရိယာ (သို့မဟုတ်) မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများကစီမံခန့်ခွဲသည့် အောက်တွင်ရှိသည့် ဧရိယာတွင် ပါဝင်သော်လည်း စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်သည့် နေရာမဟုတ်ပဲ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု တိုးမြှင့်ရေးအတွက် ပစ်မှတ်ထားဆောင်ရွက်နေသည့် မြေနေရာကို ဆိုလိုသည်။ ပလပ်မြေတွင်ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ (နှင့်) (သို့မဟုတ်) နေရာ ဒေသတွင်း၊နိုင်ငံတွင်း၊ ဒေသအတွင်းတို့ အထိဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှု များပေးနိုင်သည့် အရည်အသွေးများရှိနိုင်သည်။ ပလပ်မြေကို သတ်မှတ်ရာတွင် နိုင်ငံတကာကအသိအမှတ်ပြုထားသည့်ချဉ်းကပ်ဆောင်ရွက်ပုံများ (သို့မဟုတ်) နည်းနာများ (ဥပမာ - High Conservation Value - ထိန်းသိမ်းစောင့်ရှောက် မှုဆိုင်ရာ မြင့်မားသည့် တန်ဖိုးထားမှု၊ စနစ်ကျသောထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်)ကို အသုံးပြု၍ ဖွင့်ဆိုသတ်မှတ်ရမည်။

[၁၁] နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးသမဂ္ဂ (IUCN; International Union for the Conservation of Nature) ၏ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ စာရင်းအနီတွင် ပါဝင်သည့် မျိုးစိတ်များ။ အခြားစာရင်းများနှင့်ပတ်သက်သည့် အထူးအရေးကြီးနေရာဆိုင်ရာ ဆုံးဖြတ်ချက်သည် ပူးတွဲပါအတိုင်းဖြစ်သည် (၁) IUCN လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်သည့် နိုင်ငံများမှ နိုင်ငံအဆင့်၊ ဒေသအဆင့်မျိုးတုန်းပျောက်ကွယ်မည်ကိုစိုးရိမ်နေရသည့်(သို့မဟုတ်)မျိုးတုန်း ပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များ စာရင်းတွင်ပါဝင်နေပါ က အထူးအရေးကြီးနေရာ (critical habitats) ဟုသတ်မှတ်ဆုံးဖြတ်ချက်ကို စီမံချက် တခုချင်းစီအလိုက် အရည်အချင်းပြည့်ဝသည့် ပညာရှင်တို့နှင့် တိုင်ပင် ဆောင်ရွက်ရမည်။ (၂) နိုင်ငံအဆင့်ဖြစ်စေ(သို့မဟုတ်) ဒေသဆိုင်ရာ အဆင့် ဖြစ်စေ ထိုမျိုးစိတ်များသတ်မှတ်ခြင်းသည် IUCN လမ်းညွှန်ချက်များနှင့် မကိုက်ညီပါက (ဥပမာ - အချို့နိုင်ငံများတွက် ကာကွယ်ထားသော (သို့မဟုတ်) ကန့်သတ်ထားသောမျိုးစိတ်များဟူ၍ ယေဘုယျသာသတ်မှတ်လေ့ရှိသည်) စာရင်းသတ်မှတ်ခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်တို့အား စိစစ်သည့် ဆန်းစစ်မှုကို လုပ်ဆောင်ရမည်။ ထိုသို့သော အရေးကိစ္စတွင် အထူးအရေးကြီး နယ်မြေဆိုသည်ကို အဆိုပါဆန်းစစ်ချက်အရ သတ်မှတ်ရမည်။

[၁၂] ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများနှင့် ၎င်းတို့ကို ပံ့ပိုးပေးထားသည့် ဂေဟစနစ် လုပ်ငန်းစဉ်များကို ဂေဟစနစ်ဆိုင်ရာစကေးဖြင့် တိုင်းတာသတ်မှတ်ရမည်။

[၁၃] စုစုပေါင်းအရေအတွက်လျော့ကျခြင်းသည် မျိုးဆက်ပေါင်းများစွာ ကြာမြင့် သည့်အချိန် (သို့မဟုတ်) အလွန်ရှည်ကြာသော အချိန်ကာလတခုအတွင်း သက်ဆိုင်ရာ မျိုးစိတ်များ၏ ကမ္ဘာ့အဆင့် (နှင့်) (သို့မဟုတ်) ဒေသတွင်းအဆင့်၊ နိုင်ငံ့အဆင့် ပမာဏကို ထိန်းသိမ်းထားနိုင်စွမ်း ကို ထိခိုက်သက်ရောက်နိုင်သည့် တကြိမ် တခါတည်းနှင့် ပမာဏလျော့ကျခြင်း (သို့မဟုတ်) လျော့ကျခြင်းများ အကြိမ်ကြိမ်ဖြစ်ပြီးသည့်နောက် စုပေါင်း၍ ပမာဏလျော့ကျခြင်းကိုဆိုလိုသည်။ ထိုသို့အရေအတွက် လျော့ကျနိုင်သည့် ပမာဏ(ကမ္ဘာနှင့်(သို့) ဒေသတွင်းနိုင်ငံ ဆိုင်ရာ)ကို IUCN ၏ အနီရောင်စာရင်းတွင် အခြေခံပြီး (သို့) ဒေသတွင်းနိုင်ငံ တွင်း စာရင်းများအပေါ် အခြေခံပြီးသက်မှတ်သည်။ စရင်းနှစ်မျိုးလုံးတွင်ပါသော မျိုးစိတ်များအတွက် ဒေသတွင်းနိုင်ငံတွင်း စာရင်းအပေါ်တွင် အခြေခံသည်။

ရသည့် မျိုးစိတ်များ၏ ကမ္ဘာလုံးဆိုင်ရာ (နှင့်) (သို့မဟုတ်) နိုင်ငံလုံးဆိုင်ရာ (နှင့်) (သို့မဟုတ်) ဒေသဆိုင်ရာအရေအတွက် စုစုပေါင်း[၁၄] လျော့ကျမည့် အရေး မဖြစ်စေသည့် စီမံကိန်း

မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ စီမံခန့်ခွဲမှုအစီအစဉ်တွင် ကောင်းမွန်၍ဆီလျော်ခြင်းလည်း ရှိသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရေရှည်စောင့်ကြည့်လေ့လာ၊ အကဲဖြတ်ခြင်း အစီအစဉ်တခုကို ပေါင်းထည့်ရမည်။

၁၈။ စာပိုဒ် ၁၇ တွင် ဖော်ပြထားသောလိုအပ်ချက်များကို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူက ပြည့်မီအောင်ဆောင်ရွက်နိုင်သည့်အခြေအနေများတွင် စီမံကိန်း၏ သက်ရောက်မှုများလျော့ချရေး ဗျူဟာကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် မူလရှိရင်းအခြေအနေသို့ ပြန်လည်ရောက်ရှိရေး လုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများအတွင်းတွင် အရေးကြီးအဖြစ် သတ်မှတ်ထားသည့်နေရာ အဖြစ်ရှိနေသောကြောင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးရှိနေမှုများနှင့် ပတ်သက်၍ စုစုပေါင်းအကျိုးအမြတ်ရလဒ်[၁၅]ရရှိစေရန် ယင်းဗျူဟာကို ရေးဆွဲရမည်။

၁၉။ သက်ရောက်မှုများလျော့ကျစေရေးဗျူဟာ၏ အစိတ်အပိုင်းအဖြစ် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပြန်လည်ပေးဆပ်ခြင်းလုပ်ဆောင်ရန်တင်ပြလာပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကြောင့် ဇီဝမျိုးကွဲအပေါ်သက်ရောက်မှုများကိုလျော့ကျအောင် ဆောင်ရွက်ပြီးသည့် နောက်ပိုင်းသိသိသာသာ ကြွင်းကျန်နေသေးသည့် သက်ရောက်မှုများကို စာပိုဒ် ၁၇ တွင်ပါရှိသည့် လိုအပ်ချက်များအတိုင်း လုံလောက်စွာ လျော့ချမည်ဖြစ်ကြောင်း ဆန်းစစ်မှုတစ်ခု လုပ်ဆောင်၍ ဖော်ပြနိုင်ရမည်။

**ဥပဒေအရအကာအကွယ်ပေးထားသည့် ဧရိယာများနှင့်နိုင်ငံတကာက အသိအမှတ်ပြုထားသည့် ဧရိယာများ**

၂၀။ အဆိုပြုလာသောစီမံကိန်းသည် ဥပဒေအရ အကာအကွယ်ပေးထားသည့် ဧရိယာ[၁၆] (သို့မဟုတ်) နိုင်ငံတကာကအသိအမှတ်ပြုထားသည့်ဧရိယာ[၁၇]တို့အတွင်းတွင် လုပ်ဆောင်ရမည့်အခြေအနေတွင်ရှိနေပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်၏ စာပိုဒ် ၁၃ မှ ၁၉ တွင် ပါဝင်သောလိုအပ်ချက်များအား ပြည့်မီအောင်လုပ်ဆောင်ရမည်။ ထို့အပြင်မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် အောက်ပါတို့ကိုလည်း လုပ်ဆောင်ရမည်။

- ထိုနေရာဧရိယာအတွင်းတွင် စီမံကိန်းဆောင်ရွက်ခွင့်ကိုဥပဒေကြောင်းအရ ခွင့်ပြုချက်ကို ပြသနိုင်ရမည်။
- ထိုနေရာဧရိယာများအတွက် အစိုးရက သတ်မှတ်ထားသော စီမံခန့်ခွဲမှု အစီအစဉ်များနှင့်အညီ လိုက်နာဆောင် ရွက်ရမည်။
- အကာအကွယ်ပေးထားသည့်နေရာနှင့်ပတ်သက်သည့် ကမကထပြုသူများ၊ စီမံခန့်ခွဲသူများ၊ ထိခိုက်သက်ရောက်ခံရသည့် ရပ်ရွာလူထုများ၊ ဌာနေတိုင်းရင်းသားများနှင့် အခြားဆက်စပ်ပတ်သက်သူများအား စီမံကိန်းနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးရမည်။
- ထိုဧရိယာအားအကျိုးဖြစ်ဖြစ် စီမံခန့်ခွဲမှု[၁၈]နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာရည်ရွယ်ချက်တို့မြင့်မားတိုးတက်လာစေရေးအတွက် ထပ်တိုးလုပ်ဆောင်မည့် အစီအစဉ်များကို ဆီလျော်လျှင် ဆီလျော်သလို ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

[၁၄] ထို ကြောင်းကျိုးဆီလျော်သည့် ကာလတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ အနေဖြင့် မျိုးတုန်းပျောက်ကွယ်ရန် အထူးစိုးရိမ်(သို့မဟုတ်) စိုးရိမ်နေရသည့် မျိုးစိတ်များစုစုပေါင်း ဆုံးရှုံးခြင်းမရှိသည်ကို ပြသနိုင်ရမည်ဖြစ်ပြီး ထိုသို့ပြသနိုင်ရေးတွင် ကိစ္စတခုချင်းအလိုက် ပြင်ပမှ ခေါ်ယူထားသော ကျွမ်းကျင်ပညာရှင်များဖြင့် တိုင်ပင်လုပ်ဆောင်ရမည်။

[၁၅] စုစုပေါင်း အကျိုးအမြတ်ရလဒ်များမှာ အရေးကြီးသောမှီခိုရာ နေရာအဖြစ်သတ်မှတ်နိုင်သောဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများရရှိနိုင်ရေးအတွက် ထပ်ဆောင်းပေးသည့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာရလဒ်များဖြစ်သည်။ ဇီဝမျိုးကွဲပြန်လည် ပေးဆပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့်လည်း စုစုပေါင်းအကျိုးအမြတ်ရလဒ်ကိုရရှိနိုင်သည်။ အကယ်၍ ဇီဝမျိုးကွဲပြန်လည်ပေးဆပ်ခြင်းမပါဝင်ပဲ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ စာပိုဒ် ၁၇ ပါ လိုအပ်ချက်များပြည့်မီအောင် ဆောင်ရွက်ရေးတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့်စုစုပေါင်းအကျိုးအမြတ်ရလဒ်ရရှိရေးအတွက်မူရင်းနေရာ (မြေပြင်) တွင် မှီခိုရာနေရာများ အားကောင်းစေရေး၊ ဇီဝမျိုးကွဲကို ကာကွယ်၊ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်အစီအစဉ်များ လုပ်ဆောင်ရမည်။

[၁၆] ဥပဒေအရအကာအကွယ်ပေးထားသည့်ဧရိယာသည် IUCN က အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အတိုင်း ''ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများဖြင့်ရှိနေသည့် သဘာဝအား ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဥပဒေနှင့်အညီ၊ အခြားအားကောင်းသည့် နည်းလမ်းများနှင့်အညီ စူးစိုက်မှုရှိရှိ စီမံဆောင်ရွက်နေသည့် ပထဝီပိုင်းဆိုင်ရာအရ သေချာရှင်းလင်းသည့် နယ်နမိတ်'' ဖြစ်သည်။ ယခုလုပ်ဆောင်ချက် စံသတ်မှတ်ချက်၏ ရည်ရွယ်ချက်များအတွက် ယင်းတွင် အစိုးရက ယခုလိုနည်းဖြင့် သတ်မှတ်ပေးရန်အဆိုပြုထားသော ဧရိယာများကို ထည့်သွင်း ရမည်။

[၁၇] ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့အစည်း UNESCO က ကမ္ဘာ့သဘာဝ အမွေအနှစ်အဖြစ်သတ်မှတ်ထားသောနေရာများ၊ UNESCO လူသားနှင့် အသက်ဘဝစတင်ရာနေရာအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည့်နယ်မြေ၊ အဓိကဇီဝမျိုးကွဲ ရှိရာနေရာများ၊ နိုင်ငံတကာ အရေးပါ စိမ့်မြေဆိုင်ရာ သဘောတူညီချက် (Ramsar Convention)တွင် ပြဌာန်းထားသည့် စိမ့်မြေများ။

[၁၈] နောက်ထပ်တိုင်းတာမှု ပုံစံအသစ်မပြုလုပ်သည့် စီမံကိန်းများတွင် ထပ်တိုးအစီအစဉ်များ မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

**သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်တွင် ယခင်ကမရှိသည့် ပြင်ပမှ မျိုးစိတ်များ ထိုးဖောက်ပျံ့ပွား ဝင်ရောက်လာခြင်း**

၂၁။ တိုင်းခြားရပ်ခြား (သို့မဟုတ်) မူရင်းဒေသခံ မဟုတ်သည့် အပင်မျိုးစိတ်နှင့် တိရိစ္ဆာန်မျိုးစိတ်များအား ယင်းတို့အရင်ကလုံးဝမရှိသည့် နေရာဇရိယာများအတွင်း သို့တမင်သက်သက်ဖြစ်စေ၊ မတော်တဆဖြစ်စေ ရောက်ရှိ လာစေသည့်အတွက် ထိုနေရာဇရိယာ၏ ဇီဝမျိုးစုံမျိုးကွဲ အပေါ် အန္တရာယ်အကြီးအကျယ် ကျရောက်စေပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြင်ပမှ ရောက်လာသည့် မျိုးစိတ်များထဲမှ အချို့မျိုးစိတ်များသည် နေရာဒေသ အတွင်းရှိ မူရင်းဒေသခံမျိုးစိတ်များ တိုးပွားနှုန်းထက် အလွန်မြန်ဆန်သည့်တိုးပွားနှုန်းဖြင့်အလျင်အမြန်ထိုးဖောက် ပျံ့ပွားသောကြောင့် ဖြစ်သည်။

၂၂။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူ များအနေဖြင့် ပြင်ပမှမျိုးစိတ်များ တင်သွင်းမည့် အရေးနှင့် ပတ်သက်၍ယင်းသို့တင်သွင်းခြင်းဆိုင်ရာလက်ရှိစည်းမျဉ်း များအတိုင်းဆောင်ရွက်ခြင်းမပြုပဲပြင်ပမှမည်သည့်မျိုးစိတ် ကိုမျှ (စီမံကိန်းရှိရာ နေရာဒေသ (သို့မဟုတ်) နိုင်ငံတွင် လက်ရှိအခြေအနေ၌ မပေါ်ထွန်းသေးသည့် မျိုးစိတ်များ) တမင်သက်သက် တင်သွင်းခြင်း မပြုရပေ။ အထက်ပါ အတိုင်းဆိုထားသော်လည်း လက်ရှိစည်းမျဉ်းသတ်မှတ် ချက်များနှင့်အညီ ခွင့်ပြုချက်ရသည်ဖြစ်စေ ထိုးဖောက် ပျံ့ပွားမည့်အန္တရာယ် အလွန်များသည့် မည်သည့်ပြင်ပ မျိုးစိတ်ကိုမဆို တမင်သက်သက်တင်သွင်းလာခြင်း မရှိ စေရ။ (မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထား သူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်များ၊ သက်ရောက်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ် အစိတ်အပိုင်းအဖြစ်) ပြင်ပမျိုးစိတ်များ တင်သွင်းလာမည့် ကိစ္စတိုင်းနှင့် ပတ်သက်ပြီး ထိုမျိုးစိတ် များ အလွန်များပြားစွာ ထိုးဖောက်ပျံ့ပွားမည့် အန္တရာယ် ဖြစ်လာနိုင်မှု ရှိ၊ မရှိ ဆန်းစစ်မှုများ လုပ်ဆောင်ရမည်။ ဇီဝရုပ်တခု ပေါက်ပွားနေထိုင်နေသော အရာ (သို့မဟုတ်) ပိုးမွှားတိရိစ္ဆာန်များ (မြေဆီလွှာ၊ ကျောက်တုံး၊ အပင်အ စိတ်အပိုင်းများ) စသည်တို့တွင် ပြင်ပမျိုးစိတ်များရှိနေနိုင် သည့်အတွက် ယင်းတို့အား တမင်ဖြစ်စေ၊ မတော်တဆ ဖြစ်စေတင်သွင်းလာနိုင်မည့်အရေးအားရှောင်ရှားနိုင်စေမည့် အစီအမံများကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူ ထားသူများက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၃။ ပြင်ပမျိုးစိတ်များသည် မိမိတို့စီမံကိန်းလုပ်မည့် နေရာဒေသ (သို့မဟုတ်)နိုင်ငံတွင် ရောက်ရှိနေပြီး ဖြစ်နေ သည့် အခြေအနေတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိုမျိုးစိတ်များ မရောက်ရှိသေး သည့် အခြားနေရာဒေသများသို့ ပျံ့ပွားမသွားအောင် တင်ကြိုသတိထား၍ ကာကွယ်ရမည်။ အကယ်၍ လက်တွေ့တွင်ဖြစ်နိုင်ပါက မိမိတို့စီမံထိန်းချုပ်နိုင်သည့် သဘာဝမှီခိုနေရာများ၌ ပြင်ပမျိုးစိတ်များက ဌာနေမူရင်း အပင်၊ တိရိစ္ဆာန်တို့မှီခိုနေထိုင်ရာနေရာများကို ပျံ့ပွား လာပါက ထိုပြင်ပမျိုးစိတ်များအား ဖျက်ဆီးသုတ်သင် ဖယ်ရှားမည့် နည်းလမ်းများကို မိမိတို့၏ ထောက်ပံ့ ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ရှာဖွေပြီး ၎င်းတို့ကို နှိမ်နင်းသင့်သည်။

## ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများအား စီမံဆောင်ရွက်ခြင်း

၂၄။ အန္တရာယ်နှင့်သက်ရောက်မှုများ သိရှိသတ်မှတ်ရေး လုပ်ငန်းစဉ်မှ ရရှိချက်များအရ စီမံကိန်းသည် ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများ အား ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည့် အခြေအနေတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင် မှုများကို ရယူထားသူများအနေဖြင့် ဂေဟစနစ်မှ ရရှိသော အကျိုးရလာဒ်များမှ အရေးကြီးဆုံး အရာများကို သိရှိ သတ်မှတ်နိုင်ရေးအတွက် စနစ်တကျပြန်လည် စိစစ်ရ မည်။ ဂေဟစနစ်မှရရှိသော အကျိုးရလာဒ်များမှ အရေး ကြီးဆုံးအရာများဆိုရာ၌ ၂ ပိုင်းပါဝင်မည် - (၁) စီမံကိန်း လုပ်ငန်းများကြောင့် အကျယ်အပြန့်ထိခိုက်သွားနိုင်သည့် ဂေဟစနစ်နှင့် ထိုသို့ထိခိုက်မှုများကြောင့် ရပ်ရွာလူထု တွင် ဆိုးကျိုးသက်ရောက်မှုများ ရှိသွားနိုင်သည်၊ (နှင့်) (သို့မဟုတ်) (၂) စီမံကိန်းလုပ်ငန်းများ က တိုက်ရိုက် မှီခိုနေရသည့် ဂေဟစနစ် (ဥပမာ- ရေ)။ သက်ဆိုင်ရာ ရပ်ရွာလူထုတွင် ထိုဆိုးကျိုးများ သက်ရောက်လာနိုင်သည့် အခြေအနေ၌ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် ဆက်စပ်ပတ်သက်သူများနှင့် ထိတွေ့ ဆက်ဆံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်နှင့် အညီ ဂေဟစနစ် မှ ရရှိသော အကျိုးရလာဒ်များမှ အရေးကြီးဆုံး အရာများ အရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်မှုများ လုပ်ဆောင်ရာ တွင် သက်ဆိုင်ရာ ရပ်ရွာလူထုက ပါဝင်သင့်သည်။

၂၅။ ရပ်ရွာလူထုနှင့် ပတ်သက်နေသည့် ဂေဟစနစ်မှ ရရှိသော အကျိုးရလာဒ်များမှ အရေးကြီးဆုံးအရာများကို ထိခိုက်သွားနိုင်သည့်အရေးနှင့် ဆက်စပ်၍ မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ ကိုယ်တိုင် က ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများကို တိုက်ရိုက်စီမံ ခန့်ခွဲနိုင်ခြင်း (သို့မဟုတ်)ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနိုင် သည့် အခြေအနေတွင်ရှိပါက ယင်းဂေဟစနစ်ထောက်ပံ့

ဝန်ဆောင်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိစေရန် ကာကွယ်နိုင်ရမည်။ အကယ်၍ဆိုးကျိုး သက်ရောက်မှုများကို မရှောင်လွှဲနိုင်ပါကမိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများသည် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများ၏ တန်ဖိုးနှင့်လုပ်ငန်းများ မထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့် ထိခိုက်မှုများ လျှော့ချရေးလုပ်ဆောင်ချက်များကို ဆောင်ရွက်ရမည်။ စီမံကိန်းက မှီခိုနေသည့် ဂေဟစနစ်မှရရှိသော အကျိုးရလာဒ်များမှ အရေးကြီးဆုံးအရာများအပေါ် ဆိုးကျိုးသက်ရောက် လာသည့်အချက်နှင့်ဆက်စပ်ပြီးမိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိုသို့သက်ရောက်မှုများ လျှော့ကျနည်းပါးအောင်လုပ်ဆောင်ရမည်၊ ထို့ပြင်စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၃ တွင် ဖော်ပြထားသည့်အတိုင်း အရင်းအမြစ်များကို အသုံးအရှုံးအနည်းဆုံးနှင့် အကျိုးရလဒ် အများဆုံးရရန် အသုံးပြုနိုင်ရေးကို တိုးမြှင့်လုပ်ဆောင်ရမည်။ ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး နောက်ထပ်ပံ့ပိုးလုပ်ဆောင်ရမည့်အရေးများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၄၊ ၅၊ ၇ နှင့် ၈ [၁၉] တို့တွင်လည်း ဖော်ပြထားသည်။

## သက်ရှိသဘာဝရင်းမြစ်များအား ရေရှည် တည်တံ့အောင်စီမံခန့်ခွဲခြင်း

၂၆။ မိမိတို့ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့်သဘာဝနှင့်စိုက်ပျိုးထားသည့်သစ်တောလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တိရိစ္ဆာန်မွေးမြူရေး၊ ရေတွင်မွေးမြူသော(သို့မဟုတ်)စိုက်ပျိုးသောလုပ်ငန်း၊ငါးလုပ်ငန်းစသည်တို့အပါအဝင်ဖြစ်သည့် ရှင်သန်နေသည့် သဘာဝအရင်းအမြစ်ထုတ်လုပ်သည့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေပါက ဤလုပ်ဆောင်မှု စံသတ်မှတ်ချက်ပါ စာပိုဒ် ၂၆ မှ ၃၀ အထိ ဖော်ပြထားသောအချက်များကို လိုက်နာရန် တာဝန်ရှိသလို အခြားကျန်ရှိနေသည့် အချက်များကိုလည်းလုပ်ဆောင်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ဖြစ်နိုင်သည့် အခြေအနေတွင်မြေကိုအခြေခံသည့်စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းစီမံချက်များအတွက် သစ်တောမရှိဖူးသည့် မြေများနှင့် ပြောင်းလဲထားပြီးဖြစ်သော မြေများ၌ လုပ်ကိုင်ရမည်။ ထိုလုပ်ငန်းများ လုပ်ကိုင်နေသည့် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ သီးခြားစီမံခန့်ခွဲမှု လုပ်ထုံး လုပ်နည်းများ၊ ရနိုင်သည့် နည်းပညာများကို အသုံးပြု၍ ရှင်သန်နေသည့် သဘာဝ အရင်းအမြစ်များအား ရေရှည်တည်တံ့စေရေး ရည်ရွယ်၍ စီမံ လုပ်ဆောင်ရမည်။ ယင်းအခြေခံအဆင့်ထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာ(သို့မဟုတ်) နိုင်ငံဆိုင်ရာစသည့်အဆင့်များမှ လက်ခံအသိအမှတ်ပြုထားသော စံများနှင့်အတူ ပေါင်းစပ်နိုင်သောအခါ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ရေရှည်တည်တံ့မည့် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများအား လွတ်လပ်စွာစိစစ်အတည်ပြုပြီး (သို့မဟုတ်) တရားဝင် အသိအမှတ်ပြုပြီးလည်းဖြစ်သော ဆီလျော်ပြီး အများကလက်ခံထားသည့် စံတခု (သို့မဟုတ်) စံများအတိုင်း ဆောင်ရွက်သွားမည်။

၂၇။ သက်ရှိ သဘာဝရင်းမြစ်များအား ရေရှည်တည်တံအောင်စီမံခန့်ခွဲခြင်းအတွက် နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာစသည့်အဆင့်အသီးသီးမှ အတည်ပြုလက်ခံထားသည့် စံများသည် ပူးတွဲပါအချက်များဖြင့်ပြည့်စုံသည် - (၁) ယင်းတို့သည် ဓမ္မဓိဌာန်ကျပြီး အောင်မြင်အောင်လုပ်ဆောင်နိုင်သည်၊ (၂)ယင်းတို့အားဘက်ပေါင်းစုံမှ ဆက်စပ်ပတ်သက်သူများ အားလုံးနှင့် တိုင်ပင်ဆွေးနွေးပြီးမှချမှတ်သည်၊ (၃) တဆင့်ပြီး တဆင့်နှင့် အမြဲတမ်းတိုးမြှင့်သွားရန် အားပေးသည်၊ (၄) ထိုစံများ အတွက် [၂၀] ဆီလျော်ပြီး ဂုဏ်သိက္ခာရှိသည့် အဖွဲ့အစည်းများက လွတ်လပ်စွာစိစစ်အတည်ပြုခြင်း (သို့မဟုတ်)တရားဝင်အသိအမှတ်ပြုခြင်းကို ပံ့ပိုးပေးသည်။

၂၈။ ဆီလျော်မှုရှိပြီး အများကလက်ခံအသိအမှတ်ပြုထားသည့် စံတခု(စံများ) ပေါ်ထွန်းလာချိန်တွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူက ထိုစံ(များ)အား လွတ်လပ်သည့်စိစစ်အတည်ပြုခြင်း(သို့မဟုတ်)တရားဝင်အသိအမှတ်ပြုခြင်းမရှိသေးလျှင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူအနေဖြင့် ထိုစံများအား ဆက်စပ်မှုရှိသည့်စံများနှင့် လိုက်လျောညီထွေမှု ရှိသည့်အကြောင်း သိရှိသတ်မှတ်နိုင်ရန် တင်ကြိုဆန်းစစ် လုပ်ဆောင်ရမည်။ ထို့နောက် သင့်တော်သည့် အချိန်ကာလ

[၁၉] ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများဆိုင်ရာ ရည်ညွှန်းချက်များကို လုပ်ဆောင်မှုစံသတ်မှတ် ချက် ၄ မှ စာပိုဒ် ၈၊ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၅ မှ စာပိုဒ် ၅ နှင့် စာပိုဒ် ၂၅ မှ ၂၉၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ မှ စာပိုဒ် ၁၃ မှ ၁၇ နှင့် စာပိုဒ် ၂၀၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ မှ စာပိုဒ် ၁၁ တို့တွင် တွေ့နိုင်သည်။

[၂၀] အများလက်ခံသည့်တရားဝင်အသိအမှတ်ပြုခြင်းစနစ်သည် ကုန်ကျမှုနှင့် တွက်လျှင်အကျိုးထူးရလဒ်ရပြီးလွတ်လည်းလွတ်လပ်စွာလုပ်ကိုင်နိုင်ကာ ဓမ္မဓိဌာန်ကျကျသိသာသည့် လုပ်ဆောင်မှုစံများရှိသည့် စနစ်ဖြစ်သည်။ ထိုစနစ်အား ဖော်ထုတ်ရာတွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများဖြစ်သည့် ဥပမာ ဒေသခံရပ်ရွာလူထု၊ ဌာနေတိုင်းရင်းသားများ၊ စားသုံးသူ၊ ထုတ်လုပ်သူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့ကိုကိုယ်စားပြုသည့်အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလည်များ စသည့်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး ဖော်ထုတ်ရမည်။ ထိုစနစ်သည်မျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အကျိုးစီးပွား ငြိစွန်းမှုကို ရှောင်ရှားထားသည့် လွတ်လပ်သောအဆုံးအဖြတ်ချမှတ်ရေး လုပ်ဆောင်မှုစနစ်ဖြစ်သည်။

တစ်ခုအတွင်းတွင် အဆိုပါလွှတ်လပ်သည့် စိစစ်အတည်ပြုခြင်း (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုခြင်းကို ရရှိအောင်ဆောင်ရွက်ရမည်။

၂၉။ သီးသန့်အထူးဖြစ်နေသည့် ရှင်သန်နေသောသဘာဝအရင်းအမြစ်များအတွက် နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာ(သို့မဟုတ်)နိုင်ငံဆိုင်ရာ စသည့်အဆင့်များမှ အတည်ပြုလက်ခံထားသည့်စံများ သက်ဆိုင်ရာနိုင်ငံတခုတွင် မရရှိနိုင်သေးပါက၊ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူသည် (၁) နိုင်ငံတကာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ၊ စီမံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် နည်းပညာများ စသည်တို့ကို အသုံးချရန်စိတ်ပိုင်းဖြတ်ထားရမည်၊ (၂) နိုင်ငံအဆင့် စံများထွက်ပေါ်လာရန်တက်ကြွစွာ အားစိုက်ပြီး ဆက်ဆံဆောင်ရွက်လုပ်ဆောင်နေရန်လိုအပ်ပြီး တချိန်တည်းမှာပင် ယင်းလုပ်ထုံးလုပ်နည်းများသည် ရေရှည်တည်တံ့မည့် လုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း ဖွင့်ဆိုရှင်းပြနိုင်ရေးကို အားပေးသည့် လှုပ်ရှားမှုများကိုလည်း ထောက်ပံ့ရမည်။

## ထွက်ကုန်(သို့မဟုတ်)ဝန်ဆောင်မှုတခု ဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့်လုပ်ငန်းကွင်းဆက်

၃၀။ မိမိတို့ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူသည် အခြေခံကုန်များ (အထူးသဖြင့် အစားအစာ၊ အမျှင်ဓာတ်ပါသော ကုန်ပစ္စည်းများ အထူးသဖြင့်ဟု ဆိုသော်လည်း ဤအရာချည်းများကိုသာဟုမရည်ညွှန်းပါ) အား ဝယ်ယူရာတွင် ထိုကုန်များသည် အပင်နှင့်တိရစ္ဆာန်တို့ မှီခိုရာသဘာဝနေရာ (သို့မဟုတ်) အထူးအရေးကြီးအဖြစ်သတ်မှတ်ထားသောနေရာများအားသိသိသာသာပြောင်းလဲ နိုင်သော အန္တရာယ်များသည့်အခြေအနေအောက်တွင် ထုတ်လုပ်ထားသော ကုန်များဖြစ်ပါက ထိုပင်မစီးပွားရေးလုပ်ငန်းစဉ်အတွက် အဓိကလိုအပ်သော ကုန်စည် (သို့မဟုတ်)ပစ္စည်းများကို စဉ်ဆက်မပျက် ပေးသွင်းနေသူများ[၂၁] အား စိစစ်သုံးသပ်ရန်အတွက် မိမိတို့၏ ESMS (သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်)ဆိုင်ရာ လုပ်ငန်းအစိတ်အပိုင်းတခုအဖြစ် လုပ်ငန်းစနစ်များ၊ စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ချမှတ်ရမည်။ ထိုလုပ်ငန်းစနစ်များနှင့် စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် - (၁) ထိုကုန်များ မည်သည့်အရပ်မှ ထွက်ရှိ(ထုတ်လုပ်)သည်၊ ထိုဒေသသည် အပင်နှင့် တိရစ္ဆာန်တို့မှီခိုရာနေရာများထဲမှ မည်သည့်နေရာ အမျိုးအစားတွင် ပါဝင်သည်ကို သိရှိအောင် လုပ်ဆောင်သည်။ (၂) ထိုအခြေခံကုန်များ၏ လုပ်ငန်းကွင်းဆက်ကို အမြဲတမ်းစောင့်ကြည့် လေ့လာရေးအတွက်အားပေးသည်။ (၃) သဘာဝဖြစ်သော ပြောင်းလဲထားခြင်းမရှိသည့် အပင်နှင့်သတ္တဝါမျိုးစိတ်များ မှီခိုရာနေရာများ (နှင့်) (သို့မဟုတ်) အထူးအရေးကြီးအဖြစ်သတ်မှတ်ထားသောနေရာ စသည်တို့ကို အကြီးအမားအပြောင်းအလဲဖြစ်သွားအောင် မလုပ်ဆောင်သောသူ ဖြစ်ကြောင်း သက်သေပြနိုင်သည့်သူများထံမှ ကုန်စည်ရယူခြင်း လုပ်ငန်းစဉ်ကို အကန့်အသတ်ထား၍ လုပ်ကိုင်သည် (ထိုကုန်စည်များ (နှင့်) (သို့မဟုတ်) နေရာများနှင့်ပတ်သက်၍ တရားဝင်အသိအမှတ်ပြုချက်များ ပြသနိုင်ခြင်း (သို့မဟုတ်) အများလက်ခံသည့် လုပ်ငန်းစဉ်တခုဖြင့် စိစစ်အတည်ပြုသည့် (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုသည့် လုပ်ငန်းကိုလုပ်ဆောင်နေခြင်း)။ (၄) ဖြစ်နိုင်ပါက၊ ထိုအခြေခံကုန်ရယူခြင်းလုပ်ငန်းကွင်းဆက်ကို သက်ဆိုင်ရာနေရာဒေသများ အကြီးအမား မထိခိုက်စေရန် အကာအကွယ်ပေးသည်ကို သက်သေပြနိုင်သည့် ပေးသွင်းသူများနှင့် အချိန်ကာလာအားလျော်စွာပြောင်းလဲလုပ်ဆောင်ရန်လိုအပ်သည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက ထိုအန္တရာယ်များအား သေချာစွာဖြေရှင်းဆောင်ရွက်နိုင်မည့် အရည်အသွေး ရှိမရှိဆိုသည့် အမေးကို ဖြေဆိုနိုင်ရန် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက ထိုအခြေခံကုန်ပေးသွင်းသူများ အပေါ်တွင်မည်မျှထိန်းချုပ်(သို့မဟုတ်)လွှမ်းမိုးနိုင်သည်ဆိုသည့် အချက်ပေါ်တွင် မူတည်ပေလိမ့်မည်။

[၂၁] ပင်မစီးပွားရေးလုပ်ငန်း စဉ်အတွက် အဓိကလိုအပ်သော အခြေခံကုန်စည် (သို့မဟုတ်) ပစ္စည်းများကို စဉ်ဆက်မပျက်ပေးသွင်းနေသူများမှာ စီမံကိန်း၏ အခရာကျသော လုပ်ငန်းများအတွက်လိုအပ်သည့် ရှင်သန်နေသည့် သဘာဝအရင်းအမြစ်များ၊ ကုန်ပစ္စည်းများ၊ အခြေခံပစ္စည်းများကို ပေးသွင်းသောသူများကို ဆိုလိုသည်။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၇)

# ဌာနေတိုင်းရင်းသားများ

### မိတ်ဆက်

၁။ လုပ်ဆောင်မှုစံသတ်မှတ်ချက်(၇)သည်ဌာနေတိုင်းရင်းသားများအား နိုင်ငံတွင်းလူ့အဖွဲ့အစည်းများရှိ အဓိကလူမျိုးအုပ်စုများနှင့် မတူကွဲပြားခြားနားသော ကိုယ်ပိုင်လူမှုရေးလက္ခဏာရှိသည့် လူအုပ်စုများအဖြစ် လက်ခံသတ်မှတ်ပြီး ထိုလူအုပ်စုများသည် နိုင်ငံတွင်းရှိ လူများထဲတွင် ဘေးဖယ်ထားခြင်းအခံရဆုံး၊ အကာအကွယ်မဲ့ဖြစ်သော၊ အားနည်းထိခိုက်ခံရနိုင်ဆုံးသူများ) ဖြစ်ကြောင်းလည်း လက်ခံထားသည်။ ဖြစ်ရပ်များစွာတို့တွင်ထိုသူများသည် ၄င်းတို့၏ မြေ၊ သဘာဝနှင့် ယဉ်ကျေးမှုအရင်းအမြစ်ဆိုင်ရာ ရပိုင်ခွင့်များကိုကာကွယ်နိုင်ရေးအတွက် စီးပွားရေးဆိုင်ရာ၊လူမှုရေးဆိုင်ရာ၊ဥပဒေရေးဆိုင်ရာအကန့်အသတ်များကိုကြုံတွေ့နေရတတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပါဝင်ပတ်သက်နိုင်မှု၊ ယင်းစီမံကိန်းများ၏ အကျိုးကျေးဇူးများကို ခံစားရရှိနိုင်မှုတို့တွင်လည်း အတားအဆီးများနှင့် ကြုံရတတ်သည်။ သူတို့၏မြေများနှင့်အရင်းအမြစ်များအားကြီးကြီးမားမား အပြောင်းအလဲ အလုပ်ခံရသောအခါ၊ ကျူးကျော်ဝင်ရောက်လာသောအခါ၊ (သို့မဟုတ်) အရည်အသွေးသိသိသာသာ နိမ့်ကျပျက်စီးစေသောအခါ ဌာနေတိုင်းရင်းသားများအဖို့ အလွန်အကာအကွယ်မဲ့သော အခြေအနေများကို ရင်ဆိုင်ကြရပေလိမ့်မည်။ သူတို့၏ဘာသာစကား၊ ကိုးကွယ်ရာဘာသာများ၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှု များ၊ထုံးတမ်းဓလေ့များစသည်တို့သည်လည်း ခြိမ်းခြောက်ခံရဘွယ်ရှိသည်။ အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများမှ ဘေးထွက်ဆိုးကျိုးသက်ရောက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက အခြားလူများအပေါ် သက်ရောက်မှုထက်စာလျှင် ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုကပို၍ ပြင်းထန်လေ့ရှိသည်။ ယင်းသို့ အကာအကွယ်မဲ့မှုများကြောင့်ဖြစ်လာမည့် သက်ရောက်မှုများတွင် သူတို့၏ကိုယ်ပိုင်လက္ခဏာ၊ ယဉ်ကျေးမှု၊ သဘာဝရင်းမြစ်ကိုမှီခိုသည့် အသက်မွေးမှုများစသည်တို့ ဆုံးရှုံးသွားခြင်းများလည်းပါဝင်သလို ဆင်းရဲမွဲတေလာခြင်း၊ ရောဂါကူးစက်ခံရခြင်း စသည့်အဖြစ်ဆိုးများလည်း ပါဝင်သည်။

၂။ ပုဂ္ဂလိကပိုင် စီးပွားရေးစီမံကိန်းများသည် ဌာနေတိုင်းရင်းသားများ မျှော်လင့်နေသော ယင်းတို့၏စီးပွားရေးဆိုင်ရာ၊ လူမှုဘဝတိုးတက်ရေးဆိုင်ရာတို့အတွက် အကျိုးပြုနိုင်ပြီး ဌာနေတိုင်းရင်းသားများအား စီမံကိန်းများတွင် ပါဝင်ပတ်သက်စေရန်၊ ယင်းစီမံကိန်းများ၏အကျိုးကျေးဇူးကို ခံစားနိုင်စေရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။ ထို့ပြင်ဌာနေတိုင်းရင်းသားတို့အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဘက်များအဖြစ် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေပဲ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ အစိုးရသည် များသောအားဖြင့် ဌာနေတိုင်းရင်းသားများ အရေးကိစ္စတွင် အဓိကကျသော အခန်းကဏ္ဍမှဆောင်ရွက်လေ့ရှိပြီး မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ဆောင်မှုများမှ[၁]ဖြစ်လာတတ်သည့် အန္တရာယ်နှင့် သက်ရောက်မှုများကို တာဝန်သိသော အာဏာပိုင်များနှင့်အတူ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရမည်။

### ရည်မှန်းချက်များ

- စီမံကိန်းလုပ်ငန်းများသည် ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများ၊ ဂုဏ်သိက္ခာ၊ မျှော်လင့်ချက်များ၊ ယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်ကိုမှီခိုသည့်အသက်မွေးမှုများစသည်တို့ကို အပြည့်အဝ အလေးအမြတ်ပြုကြောင်း သေချာစွာအာမခံစေရန်
- စီမံကိန်းလုပ်ငန်းများမှ ဌာနေတိုင်းရင်းသားများအပေါ်သို့ သက်ရောက်လာနိုင်သည့် အန္တရာယ်နှင့် ဆိုးကျိုးများကို ကြိုတင်ခန့်မှန်းပြီး ရှောင်ရှားနိုင်ရန်၊ အကယ်၍

[၁] ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ပါလိုအပ်ချက်များအား ပြည့်မီအောင် လုပ်ဆောင်သည့်အပြင်မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် နိုင်ငံတကာဥပဒေများကိုလိုက်နာရန်တာဝန်ရှိသည့်အတိုင်း အိမ်ရှင်နိုင်ငံက လိုက်နာဆောင်ရွက်နေသည့် ဥပဒေများအပါအဝင် နိုင်ငံအတွင်း ပြဋ္ဌာန်းထားပြီးလည်းဖြစ်သည့်ဆက်စပ်မှုလည်းရှိသည့်ဥပဒေများကိုလည်းလိုက်နာဆောင်ရွက်ရမည်။

မရှောင်ရှားနိုင်က ထိုသက်ရောက်မှုများကို လျှော့ကျ စေရေးစီမံရန် (နှင့်) (သို့မဟုတ်) ပြန်လည် အစားထိုး လျော်ပေးရန်

- ဌာနေတိုင်းရင်းသားများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများကိုယင်းတို့အားသင့်တော်သည့်ယဉ်ကျေးမှုထုံးစံဖြင့် ချဉ်းကပ်၍ မြှင့်တင်ဆောင်ရွက်ပေးရန်
- စီမံကိန်းကာလတလျှောက်လုံးတွင် အသိပေးဆွေးနွေး ညှိနှိုင်းခြင်းနှင့်ဆုံးဖြတ်ရာတွင်ပါဝင်ခွင့်ပြုခြင်း (ICP) ကိုအခြေခံကာ ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကြောင့် ထိခိုက်သက်ရောက်သွားသည့် ဌာနေတိုင်းရင်းသားများနှင့် ဆက်ဆံဆောင်ရွက်ခြင်းကို ထူထောင် ထိန်းသိမ်းထားရန်
- ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင်ဖော်ပြထားသည့် အခြေအနေများကြုံလာရပါကထိခိုက်သွားသောဌာနေတိုင်းရင်းသားများအား လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့်သဘောတူညီမှု (FPIC) ကို အာမခံရန်။
- ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ အသိပညာနှင့် လုပ်ထုံးလုပ်နည်းများအား လေးစားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်။

## အသုံးပြုရာ နယ်ပယ်

၃။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးပြုမည့် အတိုင်းအတာ ကို သဘာဝပတ်ဝန်းကျင် နှင့် ရပ်ရွာလူထု လူမှုဘဝအပေါ် သက်ရောက်လာမည့် အန္တရာယ်နှင့် ဆိုးကျိုးများကို သိရှိအောင်လုပ်ဆောင်သည့် လုပ်ငန်းစဉ် အတွင်း သတ်မှတ်ရမည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်မှ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် လုပ်ဆောင်ရန် လိုအပ်ပြီး ယင်းသို့ ကိုက်ညီမှုရှိစေရေးစီမံရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် မိမိတို့ ထံမှထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အညီ စီမံဆောင်ရွက်ရမည်။

၄။ ဌာနေတိုင်းရင်းသားများဆိုသည့် ဝေါဟာရကို ကမ္ဘာတဝန်း အားလုံးလက်ခံသည့် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမျိုး မရှိသေးပါ။ နိုင်ငံအမျိုးမျိုးတွင် ဌာနေတိုင်းရင်းသားများ (Indigenous Peoples) ဆိုသည့်လူများကို ပူးတွဲပါ ဝေါဟာရ အခေါ်အဝေါ်များဖြင့်လည်း ရည်ညွှန်းခေါ်ဝေါ် သုံးစွဲကြသည် - Indigenous Ethnic Minorities (ဌာနေတိုင်းရင်းသားလူနည်းစုများ), Aboriginals (အဘိုရီးဂျင်းနဲလ်များ) (ဒေသတစ်ခု၌အစောဆုံးအချိန်များ (သို့) ကိုလိုနီအပြုမခံရမီအချိန်များ ကတည်းက မှီတင်းနေထိုင်သူများ), Hill Tribes (တောင်တန်းနေလူမျိုးနွယ်စုများ), Minorities Nationalities (လူနည်းစုတိုင်းရင်းသားများ), Scheduled Tribes (စည်းမျဉ်းခံလူမျိုးစုများ), First Nations (အမျိုးမျိုးသောအဘိုရီးဂျင်းနဲလ်များ၊ ကနေဒါနိုင်ငံရှိ အဘိုရီးဂျင်းနဲလ်များ), Tribal Groups (လူမျိုးနွယ်စု အုပ်စုများ) အစရှိသည်ဖြင့်။

၅။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်တွင်ဌာနေတိုင်းရင်းသားများ (Indigenous Peoples) ဆိုသည့် ဝေါဟာရကို ယေဘူယျသုံးစွဲမည်ဖြစ်ပြီး အောက်ပါထူးခြားသော ပင်ကိုလက္ခဏာများရှိပြီး လူမှုဘဝဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာတို့တွင် ကွဲပြားခြားနားသော လူအစုအဖွဲ့ကို ဆိုလိုပေသည် -

- သူတို့သည်အခြားသူများနှင့်မတူပဲ ကွဲပြားခြားနားသော ဌာနေတိုင်းရင်းသားတစုဖြစ်ကြောင်း သူတို့ကိုယ်တိုင်က ကိုယ်ပိုင်လက္ခဏာအဖြစ်သတ်မှတ်ထားသလို၊ ကျန်အများကလည်း ယင်းတို့၏ကိုယ်ပိုင်လက္ခဏာကို အသိအမှတ်ပြုသည်။
- စီမံကိန်းနယ်မြေအတွင်း ပထဝီအရ သီးသန့်ဖြစ်သော မှီခိုရာနေရာများ (သို့မဟုတ်) ရှေးကာလကတည်းက ဘိုးစဉ်ဘောင်ဆက်နေထိုင်လာကြသော နေရာများကို ယင်းလူများ အားလုံးက စုပေါင်း၍ချစ်ခင်မြတ်နိုးကြခြင်း၊ ထိုမှီခိုနေရာများနှင့်နေရာဒေသများအတွင်းရှိ သဘာဝအရင်းအမြစ်များကို အားလုံးက စုပေါင်း၍ချစ်ခင်မြတ်နိုးကြခြင်း။
- အများကပင်မလူ့အဖွဲ့အစည်းဟုလက်ခံသတ်မှတ်ထားကြသည့် လူ့အဖွဲ့အစည်း (သို့မဟုတ်) ယဉ်ကျေးမှုတို့နှင့် မတူသည့် ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ(သို့)နိုင်ငံရေးဆိုင်ရာဓလေ့ထုံးတမ်းများ ရှိနေခြင်း။
- နိုင်ငံတွင်းမှာဖြစ်စေ၊ နေရာဒေသအတွင်းမှာဖြစ်စေ ပြောနေကြသည့်ဘာသာစကား(သို့မဟုတ်) တရားဝင်ဘာသာစကားတို့နှင့် မတူညီသည့် ဘာသာစကား (သို့မဟုတ်) ဒေသိယစကားရှိခြင်း။

၆။ အုပ်စုရှိ လူအားလုံးက စုပေါင်း၍ ချစ်မြတ်နိုးစွာချိတ်ဆက်ထားမှုများ ကို ထိန်းသိမ်းထားကြသည့် လူအုပ်စုများနှင့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်သည် ဆက်စပ်ပတ်သက်သည်။ စုပေါင်း၍ ချစ်မြတ်နိုးစွာချိတ်ဆက်ထားသော

(ဆိုလိုသည်မှာ ၎င်းတို့၏- အုပ်စုတခုအဖြစ်၊ လူမှုအသိုင်းအဝိုင်း တခုအဖြစ်ရှိသော သီးခြားပင်ကိုလက္ခဏာနှင့်ဆက်နွယ်ပတ်သက်မှု)သီးသန့်ဖြစ်သောမိုးခိုရာနေရာများ (သို့မဟုတ်) ရှေးကာလကတည်းက ဘိုးစဉ်ဘောင်ဆက်နေထိုင်လာကြသော နေရာများ၊ ထိုနေရာများရှိ သဘာဝအရင်းအမြစ်များစသည်တို့ဖြစ်သည်။ ထို ဌာနေတိုင်းရင်းသား အဖွဲ့အစည်းဝင်လူများ၏ဘဝတသက်တာကာလအတွင်း အတင်းအကြပ်လျော်ကြေးငွေပေး၍ စွန့်လွှတ်ခိုင်းသောကြောင့်ဖြစ်စေ၊ ပဋိပက္ခကြောင့်ဖြစ်စေ၊ အစိုးရ၏ ပြန်လည်နေရာချထားရေး အစီအစဉ်အရဖြစ်စေ၊ သူတို့ မြေယာများကို ပိုင်ဆိုင်ခွင့် အရုပ်သိမ်းခံလိုက်ရ၍ ဖြစ်စေ၊ သဘာဝကပ်ဘေးများကြောင့်ဖြစ်စေ၊ ထိုနေရာဒေသများကိုမြို့ပြတည်ဆောက်သည့် နယ်မြေထဲပေါင်းထည့်လိုက်ခြင်းကြောင့်ဖြစ်စေ၊ ထိုလူ့အဖွဲ့အစည်း (သို့မဟုတ်) လူအုပ်စုများ က သီးသန့်ဖြစ်သော သူတို့၏ မိုးခိုရာနေရာများ (သို့မဟုတ်) ရှေးကာလကတည်းက ဘိုးစဉ်ဘောင်ဆက်နေထိုင်လာကြသောနေရာများစသည်တို့အပေါ် စုပေါင်း၍ချစ်မြတ်နိုးစွာချိတ်ဆက်ထားခြင်း ဆုံးရှုံးသွားသော အခြေအနေတွင်လည်း ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အသုံးပြုနိုင်သည်။

၇။ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက် ရည်ရွယ်ချက်များကိုပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့်မည်သည့် လူအုပ်စုကို ဌာနေတိုင်းရင်းသားအဖြစ် သတ်မှတ်မည်နည်းဆိုသည့်အရေးကိစ္စတွင်၊ အရည်အချင်းပြည့်သည့် ကျွမ်းကျင်သူတို့၏ အကူအညီကိုရယူရမည်။

## လိုအပ်ချက်များ

### အထွေထွေ

#### ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားခြင်း

၈။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်သက်ရောက်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်အတွင်း စီမံကိန်းကလွှမ်းခြုံထားသည့်နယ်မြေအတွင်းတွင် စီမံကိန်းကြောင့် သက်ရောက်မှုများ ရှိသွားနိုင်သည့် ဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်းများသည် မည်သူမည်ဝါဖြစ်သည်ကို ရှာဖွေမှတ်သားထားရမည်။ ထို့ပြင် ၎င်းတို့အပေါ်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျရောက်နိုင်သည့် စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ (ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်[၂] အပါအဝင်)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ၏ သဘောသဘာဝနှင့်အတိုင်းအတာများကိုလည်း သိရှိအောင်လုပ်ဆောင်ကာမှတ်သားထားရမည်။

၉။ ထိခိုက်သက်ရောက်ခံရသော ဒေသခံဌာနေ တိုင်းရင်းသား လူမျိုးများသို့ ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် ကြိုတင်ကာကွယ်၍ ရှောင်ရှားသင့်သည်။ နည်းနာများသုံး၍ ထိုသို့ကြိုးစားသော်လည်း မအောင်မြင်ပဲ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန်မဖြစ်နိုင်တော့ပါက သက်ရောက်လာမှုများကို လျှော့ချနိုင်ရန်၊ ပြန်လည်ကုစားထိန်းသိမ်းရန်(နှင့်) (သို့မဟုတ်) ပြန်လည်အစားထိုးလျော်ပေးရန် လုပ်ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း သင့်တော်ဆီလျော်သည့်ယဉ်ကျေးမှုဓလေ့များအရ လုပ်ဆောင်ရမည်ဖြစ်သလို ထိုဌာနေ တိုင်းရင်းသားတို့အပေါ် သက်ရောက်သွားမှုသဘောသဘာဝနှင့် အတိုင်းအတာများနှင့်အညီ၊ ထိုသူတို့အကာအကွယ်မဲ့သွားရသည့် အခြေအနေနှင့်အညီ လုပ်ဆောင်ပေးရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိုလုပ်ငန်းအစီအစဉ်များ ပြင်ဆင်သည့်အရေးတွင် သက်ဆိုင်ရာဌာနေတိုင်းရင်းသားများကို အသိပေးညှိနှိုင်းခြင်းနှင့်ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ပြုခြင်း (ICP) လုပ်ငန်းစနစ်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး အချိန်ကာလသတ်မှတ်ချက်ပါဝင်သော အစီအစဉ်လည်းဖြစ်ရမည်။ ထိုအစီအစဉ်များတွင် ဥပမာအားဖြင့်ဌာနေတိုင်းရင်းသားဆိုင်ရာအစီအစဉ်(သို့မဟုတ်) ဌာနေတိုင်းရင်းသားများ[၃]အတွက် ကွဲပြားခြားနားသည့် အပိုင်းများပါဝင်သည့် လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးရေးဆိုင်ရာ ကျယ်ပြန့်သော အစီအစဉ်စသည်တို့ ပါဝင်သည်။

#### ပူးပေါင်းပါဝင်ခြင်းနှင့် သဘောတူခြင်း

၁၀။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် လိုအပ်ချက်များအတိုင်း ထိခိုက်သွားသော ဌာနေတိုင်းရင်းသားများထိတွေ့ဆက်ဆံဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်။ ယင်းလုပ်ငန်းစဉ်အား

[၂] ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်အကာအကွယ်ပေးခြင်းနှင့်ပတ်သက်ပြီး ထပ်ဆောင်းလိုအပ်ချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ တွင် ဖော်ပြထားသည်။

[၃] ထိုအစီအစဉ်ဆုံးဖြတ်ရာတွင် အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ၏အကြံဉာဏ်များရယူရန်လိုအပ်သည်။ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်များသည် သက်ဆိုင်ရာ ထိခိုက်သောကျယ်ပြန့်သည့် ရပ်ရွာလူထုများတွင် ဌာနေတိုင်းရင်းသားများက အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေသည့် အခြေအနေနှင့် ဆီလျော်နိုင်သည်။

သင့်တော်ဆီလျော်သည့် ယဉ်ကျေးမှုဓလေ့များအရ လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ဆက်စပ် ပတ်သက်သူများဆိုင်ရာ စိစစ်သုံးသပ်ခြင်း၊ ထိတွေ့ဆက်ဆံဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ သတင်းအချက်အလက်များထုတ်ပြန်ပေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း စသည်တို့ပါဝင်မည်။ ထို့ပြင် ထိုလုပ်ငန်းစဉ်သည် -

- ဌာနေတိုင်းရင်းသားတို့၏ ကိုယ်စားပြုအစုအဖွဲ့များနှင့် အဖွဲ့အစည်းများ (ဥပမာ - ရပ်မိရပ်ဖ ကောင်စီများ (သို့မဟုတ်)ကျေးရွာကောင်စီများ)၊ထိခိုက်သက်ရောက်မှုခံရသည့် ဌာနေတိုင်းရင်းသားများအား ပါဝင်ခွင့်ပေးရမည်။
- ဌာနေတိုင်းရင်းသားတို့ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်[၆]အတွက်လည်း လုံလောက်သည့်အချိန်ကို ပေးရမည်။

၁၁။ ဌာနေတိုင်းရင်းသားများအဖို့ သူတို့၏မြေ ဆုံးရှုံးသွားခြင်း (သို့မဟုတ်) အသုံးချခွင့်ဆုံးရှုံးသွားခြင်း (သို့မဟုတ်) ထိုမြေမှဖယ်ထုတ်ခံလိုက်ရခြင်းနှင့် သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအရင်းအမြစ်[၇]တို့အား လက်လှမ်းမီရယူနိုင်ခွင့်ဆုံးရှုံးခြင်းတို့ဖြစ်မည့်အရေးနှင့် ကြုံရမည်ကိုအလွန်စိုးရိမ်ရနိုင်သည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများအနေဖြင့် ထိုသို့သော ဌာနေတိုင်းရင်းသားတို့ အကာအကွယ်မဲ့ဖြစ်နေသော၊ အားနည်းထိခိုက်လွယ်သည့်အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားပြီး ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ လိုအပ်ချက်များအပြင် ယခုလုပ်ဆောင်ချက် စံသတ်မှတ်ချက် စာပိုဒ် ၁၃ မှ ၁၇ တွင်ပါဝင်သော အခြေအနေများတွင် ထိခိုက်သွားသော ဌာနေတိုင်းရင်းသားများဆိုင်ရာ လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု (FPIC) ကိုလည်း လုပ်ဆောင်ရမည်။ FPIC သည် ဌာနေ တိုင်းရင်းသားတို့အပေါ်သက်ရောက်မှုများအား ဖြေရှင်းဆောင်ရွက်သည့် စီမံချက်ပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မှန်းဆရလဒ်များချမှတ်ခြင်းတို့နှင့် ဆက်စပ်သည်။ ထိုသက်ဆိုင်ရာအခြေအနေ တစ်ခုခုနှင့် အကျုံးဝင်ပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် စီမံကိန်းကြောင့်ဖြစ်သွားနိုင်သည့် အန္တရာယ်နှင့် သက်ရောက်မှုများကို သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်အတွင်း ပြင်ပပညာရှင်များအား ခေါ်ယူ အသုံးပြုရန်လိုအပ်ပေသည်။

၁၂။ ထိခိုက်သွားသော ဌာနေတိုင်းရင်းသားများဆိုင်ရာ လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု(FPIC)အပေါ်တွင် အားလုံးက တူညီသောအဓိပ္ပါယ်သတ်မှတ်မှုမျိုး မရှိသေးပါ။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁၊ ၇ နှင့် ၈ တို့အတွက် FPIC ကိုယခုစာပိုဒ်တွင် အဓိပ္ပါယ်ပြန်ပေးထားသည်။ FPIC သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် အသိပေးညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ပြုခြင်း (ICP) လုပ်ငန်းစနစ်အပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သလို ယင်းကို ချဲ့ထွင်လုပ်ဆောင်ခြင်းလည်းဖြစ်သည်။ FPIC အား မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများနှင့် ထိခိုက်သက်ရောက်ခံရသည့် ဌာနေတိုင်းရင်းသားတို့အကြား စိတ်ရင်းစေတနာအမှန်ဖြင့် ဆွေးနွေးတိုင်ပင်ကာချမှတ်သင့်သည်။ မိမိတို့ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများက အောက်ပါတို့ကို မှတ်တမ်းပြုစုထားရမည် - (၁) မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများနှင့် ထိခိုက်သက်ရောက်ခံရသည့် ဌာနေတိုင်းရင်းသားများအကြား နှစ်ဘက်အပြန်အလှန် သဘောတူညီလက်ခံသော လုပ်ငန်းစဉ်၊ (၂)ထိုနှစ်ဖွဲ့ကြား ဆွေးနွေးညှိနှိုင်းမှုရလဒ်အဖြစ်ရရှိလာသည့် သဘောတူညီမှုအထောက်အထားစသည်တို့ဖြစ်သည်။ FPIC သည် အားလုံးက တညီတညွတ်တည်းထောက်ခံရမည် ဆိုသည့် အချက်နှင့် ပြည့်စုံရန်မလိုအပ်ပါ၊ သက်ဆိုင်ရာလူမှု အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်တဦးချင်းအကြား(သို့မဟုတ်) အုပ်စုများအကြားကွဲပြားသည့်အမြင်များရှိနေသည့် အခြေအနေတွင်လည်း ထို FPIC သဘောတူညီမှု ရအောင်ဆောင်ရွက်နိုင်သည်။

## လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု (FPIC) လိုအပ်သည့် အခြေအနေများ

### ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်သည့် (သို့မဟုတ်) ဓလေ့အရ အသုံးပြုခွင့်ရှိသည့် မြေနှင့်သဘာဝအရင်းအမြစ်များအပေါ် ထိခိုက်သက်ရောက်မှုများ

၁၃။ ဌာနေတိုင်းရင်းသားတို့သည် အများအားဖြင့် သူတို့၏ မြေနှင့် ယင်းမြေနှင့်အတူဆက်စပ်ပတ်သက်နေသည့်

[၆] အဖွဲ့အစည်းအတွင်း ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များသည် ယေဘုယျအားဖြင့် စုပေါင်းဆုံးဖြတ်ရသည် ဖြစ်သော်လည်း အားလုံး၏ သဘောတူညီမှုရရန်မလိုအပ်ပါ။ ဆုံးဖြတ်ချက်တခုခုကိုမိမိအဖွဲ့အစည်းအတွင်းမှပင် မကြိုက်သူများ ရှိနိုင်သလို ရပ်ရွာလူထုအတွင်းမှ အချို့ကလည်း အတိုက်အခံပြုလာခြင်းများရှိလာနိုင်သည်။ ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်သည် ထိုသို့သော အခြေအနေများ အထိဖြစ်နိုင်သည်ကို သေချာစွာဂရုထား၍ ဆက်စပ်ပတ်သက်သူအများစုက အတည်ပြုလက်ခံထားသည့် နောက်ဆုံးသဘောတူချက် ချမှတ်နိုင်စေရေးရည်ရွယ်ပြီး ဆုံးဖြတ်ချက်ချရေးဆိုင်ရာ လုပ်ငန်းစဉ်အတွက် လုံလောက်သည့်အချိန်ကို ပေးရမည်။

[၇] ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ဖော်ပြထားသော သဘာဝအရင်းအမြစ်နှင့် ယဉ်ကျေးမှုတန်ဖိုးများရှိရာ သဘာဝနယ်မြေများကို ရည်ညွှန်းဆိုလိုပြီး လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင်ဖော်ပြထားသည့် ဂေဟစနစ် ထောက်ပံ့ပေးမှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်ပေးမှုများ နှင့်လည်း သဘောချင်းတူညီသည်။

သဘာဝအရင်းအမြစ်များ[၆]နှင့် နီးစပ်စွာ ဆက်နွယ်နေကြသည်။ ထိုမြေများသည် သူတို့ ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်သည့် (သို့မဟုတ်) ဓလေ့အရအသုံးပြုခွင့်[၇]ရှိသည့် မြေများဖြစ်ကြသည်။ ထိုမြေများအားနိုင်ငံ့ဥပဒေတွင်ပြဋ္ဌာန်းချက်များအရ ဌာနေတိုင်းရင်းသားများက ဥပဒေကြောင်းအရမပိုင်ဆိုင်နိုင်သည့်အခါ ထိုဌာနေတိုင်းရင်းသားများက ယင်းမြေတို့ကို ရာသီအလိုက်၊ အချိန်ပိုင်းအလိုက် အသုံးပြုခြင်းကို ၎င်း၊ အသက်မွေးမှုအတွက်အသုံးပြုခြင်းကို၎င်း၊ ဌာနေတိုင်းရင်းသားတို့၏ ကိုယ်ပိုင်လက္ခဏာကိုဖြစ်လာစေသည့် ယဉ်ကျေးမှုအရ(သို့မဟုတ်)အခမ်းအနားဆိုင်ရာအရနှင့် ဘာသာရေးဆိုင်ရာအရ အရေးကြီးသည့်အတွက် အသုံးပြုခြင်းကို၎င်းစသည်တို့ကို အထောက်အထားပြုနိုင်ရန်အချက်အလက်များအဖြစ် မှတ်တမ်းတင်ပြုစုထားရမည်။

၁၄။ အကယ်၍ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ဌာနေတိုင်းရင်းသားများ ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်သည့် (သို့မဟုတ်) ဓလေ့အရအသုံးပြုခွင့်ရှိသည့်မြေများတွင်စီမံကိန်းလုပ်ရန်(သို့မဟုတ်) သဘာဝအရင်းအမြစ်အား စီးပွားဖြစ်အသုံးချရန် ရည်ရွယ်ပါက ဆိုးကျိုးသက်ရောက်မှုများ[၈]ဖြစ်လာမည်ကို မှန်းဆ၍ ရသဖြင့် အောက်ပါအဆင့်များကို လုပ်ဆောင်ရမည်။

- စီမံကိန်းနယ်မြေအတွင်းတွင် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် ရှောင်ရှားရေး၊ မရှောင်ရှားနိုင်တော့ပါက သက်သာလျော့ကျစေရေးအတွက် ဆောင်ရွက်သည့် လုပ်ဆောင်မှုများအား မှတ်တမ်းတင်ထားရန်။
- ဌာနေတိုင်းရင်းသားတို့အတွက်အရေးပါသည့်[၉] သဘာဝအရင်းအမြစ်များနှင့် သဘာဝနယ်မြေများကို ဆိုးကျိုးသက်ရောက်မှုများမရှိစေရန်ရှောင်ရှားရေး၊ မရှောင်ရှားနိုင်တော့ပါက သက်သာလျော့ကျစေရေးအတွက် ဆောင်ရွက်သည့် လုပ်ဆောင်မှုများအား မှတ်တမ်းတင်ထားရန်။
- မြေဝယ်ယူခြင်း၊ နစ်ရှည်စာချုပ်ဖြင့် ငှားရမ်းခြင်း မတိုင်မီပိုင်ဆိုင်မှုပိုင်းဆိုင်ရာ၊ ရိုးရာအစဉ်အလာအရအသုံးပြုနေကြသည့်အရင်းအမြစ်များကို သိရှိသတ်မှတ်ခြင်း၊ ဆန်းစစ်ခြင်း။
- ဌာနေတိုင်းရင်းသားများမြေပိုင်ဆိုင်မှုဆိုင်ရာတောင်းဆိုချက်များ[၁၀]အပေါ် သေချာစွာမလေ့လာပဲတင်ကြိုဆုံးဖြတ်ခြင်းကိုရှောင်ရှား၍ ယင်းဌာနေတိုင်းရင်းသားများ၏အရင်းအမြစ် အသုံးချပုံများကို ဆန်းစစ်ပြီး မှတ်တမ်းပြုစုထားရန်၊ ယင်းသို့မြေနှင့်သဘာဝ အရင်းအမြစ်များအား အသုံးချမှု ဆန်းစစ်ရာတွင် ကျားမအရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ယင်းအရင်းအမြစ်များအားအသုံးပြုရာ၊ စီမံခန့်ခွဲရာ အပိုင်းများတွင်ရှိနေသည့် အမျိုးသမီးများ၏အခန်းကဏ္ဍကို ထည့်သွင်းရမည်။
- ဓလေ့အရ အသုံးပြုခွင့်ရှိသည်ကို အသိအမှတ်ပြုထားသည့် နိုင်ငံ့ဥပဒေများ အပါအဝင် နိုင်ငံ့ဥပဒေအရ ရထားသည့် သူတို့၏မြေယာအခွင့်အရေးများကို သက်ဆိုင်ရာဌာနေတိုင်းရင်းသားများအား သေချာစွာ အသိပေးရန်။
- သူတို့၏မြေနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် စီးပွားဖြစ်ထုတ်လုပ်သည့် စီမံကိန်းများတွင် သက်ဆိုင်ရာဌာနေတိုင်းရင်းသားများအား အစားထိုးအလျော်ပေးခြင်း၊ မျှတစွာဆောင်ရွက်ပေးခြင်းတို့လုပ်ဆောင်ပေးမည့်အကြောင်းကမ်းလှမ်းရမည်။ ထိုသို့ကမ်းလှမ်းမှုများထဲတွင် ယဉ်ကျေးမှုနှင့်လည်းဆီလျော်ပြီးရေရှည်လည်းတည်တံ့မည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများကို ထည့်သွင်းရမည့်အပြင် အောက်ပါတို့ကိုလည်း ပါဝင်စေရမည်။

■ ဆီလျော်မှုရှိသည့်အခြေအနေတွင်[၁၁] ငွေအစား မြေအစားထိုးအလျော်ပေးခြင်း (သို့မဟုတ်) အခြား

[၆] ယင်း၏ ဥပမာများထဲတွင် ပင်လယ်နှင့် ပင်လယ်ကို ဆက်စပ် မီနိုရှင်သန်သော အပင်နှင့် သတ္တဝါအရင်းအမြစ်များ၊ သစ်နှင့်သစ်တောထွက်ကုန်များ၊ ဘယဆေးပင်များ၊ အမဲလိုက်ရန်၊ သားငါးရှာရန်၊ တောထွက်စားသောက်စရာများရှာဖွေရန်အတွက်နေရာများ၊ စားကျက်မြေနှင့် စိုက်ပျိုးမြေများ ပါဝင်သည်။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ပါဝင်သည့် သဘာဝအရင်းအမြစ် တန်ဖိုးရှိပစ္စည်းများဟု ဆိုရာတွင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင် ပါဝင်သည့် ဂေဟစနစ် ထောက်ပံ့ပေးမှုများနှင့် သဘောသဘာဝချင်း ဆင်တူသည်။

[၇] လုပ်ဆောင်မှု စံသတ်မှတ်ချက် ၅ (မြေယာရယူခြင်း၊ သက်ဆိုင်သူတို့၏ ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှု) တွင် ဥပဒေကြောင်းအရ မြေရယူခြင်း (နှင့်) (သို့မဟုတ်) နစ်ရှည်ငှားရမ်းခြင်းအကြောင်းကို ရှင်းပြထားသည်။

[၈] ထိုဆိုးကျိုးသက်ရောက်မှုများထဲတွင် စီမံကိန်းလုပ်ငန်းများကြောင့် တန်ဖိုးရှိသည့်အရာများ (သို့မဟုတ်) သဘာဝအရင်းအမြစ်များသို့ လက်လှမ်းမီခွင့်ဆုံးရှုံးသွားခြင်း ၊ (သို့မဟုတ်) မြေအသုံးချမှုကို အကန့်အသတ်ဖြစ်သွားခြင်းတို့ပါဝင်သည်။

[၉] ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်တွင်ဖော်ပြထားသောအရေးပါသည့် သဘာဝအရင်းအမြစ်များနှင့် သဘာဝနယ်မြေများဆိုသည်မှာ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ဖော်ပြထားသည့် ဂေဟစနစ်မှရရှိသော အကျိုးကျေးဇူးများမှ အရေးကြီးသောအရာများနှင့် သဘောသဘာဝ တူသည်။ ယင်းတို့ အပေါ် မိမိတို့ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများက တိုက်ရိုက်စီမံခန့်ခွဲ(သို့မဟုတ်) တိုက်ရိုက်လွှမ်းမိုးသည့်အချက်သည်၎င်း၊ ထိုအရာများကိုထိခိုက်ပါက ဌာနေတိုင်းရင်းသားတို့အပေါ် ထိခိုက်သက်ရောက်မှုထဲတွင် အဓိကအကျဆုံး ထိခိုက်သက်ရောက်မှုများ ဖြစ်သွားမည် ဆိုသည့်အချက်ကို၎ ရည်ညွှန်းသည်။

[၁၀] ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်အရထိုမြေများကို ၎င်းတို့အသုံးပြုနေကြောင်း အထောက်အထားပြုနိုင်ရန်အချက်အလက်များအား မှတ်တမ်းတင်ပြုစုထားရန်လိုအပ်သလို မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်အိမ်ရှင်နိုင်ငံအစိုးရက ယင်းမြေကိုအစားထိုးအသုံးပြုရန်အတွက်ပုံစံပြောင်းလဲထားနိုင်သည့်အချက်ကိုလည်း အလေးထားကြည့်ရမည်။

[၁၁] အကယ်၍ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် သင့်တော်သည့် မြေအစားထိုးပေးစရာ အခြေအနေများတွင်မရှိပါက ထိုအခြေအနေများဆိုသည်မှာ မည်သို့သောအခြေအနေဆိုသည်ကိုသေချာစွာ စိစစ်အတည်ပြုသတ်မှတ်ရမည်။ ထိုအခြေအနေများတွင်မိမိတို့ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ထိခိုက်သည့်ဌာနေတိုင်းရင်းသား လူမှုအသိုင်းအဝိုင်းများ သို့ ငွေအစားထိုးပေးလျော်ခြင်းအပြင် မြေယာပေါ် အခြေမခံသည့် ဝင်ငွေရလမ်းများကို ပံ့ပိုးပေးရမည်။

အရာဖြင့် အလျော်ပေးခြင်း။

■ စီမံကိန်းဆိုင်ရာ လုပ်ငန်းများကြောင့် စီမံကိန်းက ရယူထားသောမြေမဟုတ်ပဲ ထိုနေရာ၏ အပြင်ဘက်တွင်ရှိသည့် သဘာဝအရင်းအမြစ်များ ဆုံးရှုံးသွားခြင်း (သို့မဟုတ်) သဘာဝအရင်းအမြစ်များသို့ လက်လှမ်းမီခွင့်ဆုံးရှုံးသွားခြင်းတို့ ဖြစ်လာသည့် အခြေအနေတွင် သဘာဝပတ်ဝန်းကျင်သို့ဆက်လက်၍ လက်လှမ်းမီနိုင်ခြင်းကိုအာမခံခြင်း၊ အစားထိုးပေးနိုင်စရာ သဘာဝအရင်းအမြစ်နေရာများကို ရှာဖွေသတ်မှတ်ခြင်း (သို့မဟုတ်) နောက်ဆုံးရွေးချယ်စရာအဖြစ် အစားထိုးအလျော်ပေးခြင်း၊ အခြားအသက်မွေးမှုနည်းလမ်းများကို သိရှိအောင် လုပ်ဆောင်ခြင်း။

■ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ အသက်မွေးမှုနှင့်သူတို့၏ကိုယ်ပိုင်လက္ခဏာတို့အတွက်အဓိကကျသည့်သဘာဝအရင်းအမြစ်များကိုစီမံကိန်းလုပ်ငန်းများကအသုံးချမည်ဆိုပါက ရလာသည့်အကျိုးစီးပွားကို တရားမျှတစွာပေးဝေသည့်ပြင် လူတဦးချင်းစီကိုလည်းမျှမျှတတ ပေးဝေသောနည်းဖြင့် မျှဝေခြင်းကို အာမခံခြင်း၊

■ ထိခိုက်သက်ရောက်ခံ ဌာနေတိုင်းရင်းသားတို့အတွက် ကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးတို့အတွက် ထည့်သွင်းစဉ်းစားလျက်စီမံကိန်းလုပ်ဆောင်နေသည့်နေရာအား ၎င်းတို့ ဝင်ထွက်သွားလာခွင့်၊ အသုံးပြုခွင့်၊ ဖြတ်သန်းခွင့်ပေးခြင်း။

## ဌာနေတိုင်းရင်းသားများကို သူတို့ ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်သည့် (သို့မဟုတ်) ဓလေ့အရ အသုံးပြုခွင့် ရရှိထားသည့် မြေနှင့် သဘာဝအရင်းအမြစ်များဆီမှ အခြားသို့ နေရာပြောင်းရွှေ့ချထားခြင်း

၁၅။ ဌာနေတိုင်းရင်းသားများအား သူတို့ဘုံပိုင်ဆိုင်[၁၂]နေပြီး သူတို့ ရိုးရာအစဉ်အလာအရ ပိုင်ဆိုင်သော(သို့မဟုတ်) ဓလေ့အရအသုံးပြုခွင့်ရရှိထားသောမြေနှင့်သဘာဝအရင်းအမြစ်များဆီမှ အခြားသို့နေရာမပြောင်းရွှေ့ရအောင် ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများက အခြားအစားထိုး စီမံကိန်းပုံစံများကို စဉ်းစားသင့်သည်။ အကယ်၍နေရာပြောင်းရွှေ့ခြင်းကိစ္စကိုမရှောင်ရှားနိုင်ပဲ မလွဲမသွေကြုံတွေ့တော့မည်ဆိုပါက အထက်တွင်ဖော်ပြထားသလို လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူထားသည့်သဘောတူညီမှု (FPIC) မရရှိပဲ စီမံကိန်းကို ဆက်လက်ဆောင်ရွက်၍မရပေ။ ဌာနေတိုင်းရင်းသားများအား ပြောင်းရွှေ့နေရာချခြင်းကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ တွင် ဖော်ပြထားသည့်လိုအပ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါကထိုဌာနေတိုင်းရင်းသားတို့ ရွှေ့ပြောင်းထွက်ရစေသည့်အကြောင်းရင်းများမရှိတော့သည့်နောက်ပိုင်းတွင် ထိုသူတို့ရိုးရာအရ (သို့မဟုတ်) ဓလေ့အရဆက်နွယ်မှုရှိနေသည့် အဆိုပါ နေရာဟောင်းများသို့ ပြန်လည်နေထိုင်ခွင့် ရှိစေရမည်။

## အရေးပါသည့် ယဉ်ကျေးမှု အမွေအနှစ်

၁၆။ စီမံကိန်းသည် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်လက္ခဏာအတွက် အရေးပါသည့်(နှင့်) (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာအရ၊ အခမ်းအနားဆိုင်ရာအရ(သို့မဟုတ်) ဘာသာရေးအရ အရေးပါသည့် ယဉ်ကျေးမှု အမွေအနှစ်[၁၃] ကို သိသာစွာ သက်ရောက်မှုများရှိသွားမည့်အရေးကို အထူးဦးစားပေးအဖြစ် ရှောင်ရှားသင့်သည်။ အကယ်၍ ရှောင်ရှားရန်မဖြစ်နိုင်ခဲ့ပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူထားသည့် သဘောတူညီမှု (FPIC) ကို လုပ်ဆောင်ထားရန် လိုအပ်သည်။

၁၇။ ဌာနေတိုင်းရင်းသားတို့၏ အသိပညာ၊ တီထွင်ထားမှု (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများအပါအဝင် ယင်းတို့၏ ယဉ်ကျေးမှုအမွေတို့ကို မိမိတို့ထောက်ပံ့မှုကို ရယူထားသူများအနေဖြင့် စီးပွားဖြစ်အသုံးချမည်ဆိုပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများသည် အောက်ပါတို့ကို ဌာနေတိုင်းရင်းသားများအား အသိပေးရမည် - (၁)နိုင်ငံဥပဒေအရ ရပိုင်ခွင့်ရှိသည့် ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးများ၊ (၂)လုပ်မည့် စီးပွားရေးစီမံကိန်း၏ သဘောသဘာဝနှင့်အတိုင်းအတာ၊ (၃)ထိုလုပ်ငန်းများကြောင့် ဖြစ်လာနိုင်သော နောက်ဆက်တွဲအရေးကိစ္စများ၊ (၄) လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူထား

[၁၂] ယေဘုယျအားဖြင့် ဌာနေတိုင်းရင်းသားများသည် ရိုးရာအစဉ်အလာအရ (သို့မဟုတ်) ဓလေ့အရမြေနှင့် သဘာဝအရင်းအမြစ်များ လက်လှမ်းမီခွင့်၊ အသုံးပြုခွင့်ကိုရယူပိုင်ဆိုင်ထားကြပြီးထိုအထဲမှအများအပြားသည် ဘုံပိုင်ဆိုင်မှုနှင့်ဆက်နွယ်သည်။ ထိုရိုးရာအစဉ်အလာအရရရှိထားသည့် ပိုင်ဆိုင်ခွင့်များသည် နိုင်ငံ့ဥပဒေများတွင် အသိအမှတ်မပြုထားတတ်ပေ။ ဌာနေတိုင်းရင်းသားတဦးဦးက ဥပဒေကြောင်းအရပိုင်ဆိုင်ခွင့်ရှိသည့်အခြေအနေတွင် ဖြစ်စေ (သို့မဟုတ်) နိုင်ငံ့ဥပဒေက ထိုပုဂ္ဂိုလ်၏ ရိုးရာဓလေ့အရပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုထားသည့် အခြေအနေတွင် ဖြစ်စေမိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက် စာပိုဒ် ၁၇ ပါ လိုအပ်ချက်များကို ဆောင်ရွက်သည်ထက်စာလျှင် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၅ ပါ လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရမည်။

[၁၃] အရေးပါသည့်ယဉ်ကျေးမှုအမွေအနှစ်တွင်ယဉ်ကျေးမှုဆိုင်ရာ(နှင့်)(သို့မဟုတ်) ဘာသာရေးဆိုင်ရာ တန်ဖိုးများဖြစ်သည့် ဥပမာ - အထွတ်အမြတ်ထားရာ သစ်တောအုပ်၊ အထွတ်အမြတ်ထားရာ ရေအိုင်နှင့် ရေကြောင်းများ၊ အထွတ်အမြတ်ထားရာသစ်ပင်များ၊ အထွတ်အမြတ်ထားရာ ကျောက်တုံးများ စသည်တို့ရှိသည့် သဘာဝ နေရာများပါဝင်သည်။ ယင်း ယဉ်ကျေးမှုတန်ဖိုးများရှိသည့် သဘာဝနေရာများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ဖော်ပြထားသည့် ဂေဟစနစ်ကပေးနေသည့် ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် သဘောသဘာဝဆင်တူသည်။

သည့် သဘောတူညီမှု (FPIC) စသည်တို့ ဖြစ်သည်။ ထိုဌာနေတိုင်းရင်းသားတို့၏ အသိပညာ၊ တီထွင်ထားမှု (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများကို အသုံးပြု၍ စီးပွားရေးလုပ်ခြင်းမှ ထွက်ပေါ်လာမည့် အကျိုးစီးပွားအားလည်း ယင်း ဌာနေ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းတို့နှင့် လည်းအညီ မျှဝေပြီး ထိုသို့မျှဝေရာတွင် သင့်တော်မျှတသည့်ပြင် လူတဦးချင်းစီကိုလည်းမျှမျှတတ ပေးဝေသော နည်းဖြင့် မျှဝေရမည်။

## သက်ရောက်မှုများကို လျော့ချခြင်းနှင့် ဖွံ့ဖြိုးရေး အကျိုးကျေးဇူးများ

၁၈။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများနှင့်စီမံကိန်းကြောင့်ထိခိုက်သက်ရောက်ခံရမည့် ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းတို့ပူးပေါင်း၍ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် သက်ရောက်မှုများအဆင့်ဆင့်လျော့ချရေး လုပ်ငန်းစနစ်နှင့် လိုက်လျောညီထွေရှိမည့် သက်ရောက်မှုများလျော့ချရေးနည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရမည်။ ထို့အတူသက်ဆိုင်ရာယဉ်ကျေးမှုဓလေ့အရလည်း လိုက်လျောညီထွေဖြစ်သည့် ရေရှည် ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးစီးပွားများကိုလည်း သိရှိသတ်မှတ်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ထိခိုက်သွားသော ဌာနေတိုင်းရင်းသားများအားလုပ်ပေးမည်ဟု ကတိပြုသဘောတူထားသည်များကို သတ်မှတ်သည့်အချိန်တွင် မျှတစွာဆောင်ရွက်ပေးရေး အတွက် သေချာအောင်လုပ်ဆောင်ရမည်။

၁၉။ သက်ဆိုင်ရာ ထိခိုက်သည့် ဌာနေတိုင်းရင်းသားအသိုင်းအဝိုင်းဆီသို့အစားထိုးအလျော်ပေးခြင်းနှင့် အခြားအကျိုးစီးပွားများပေးဝေခြင်း စသည်တို့နှင့်ပတ်သက်၍ ဆုံးဖြတ်ခြင်း၊ ပေးအပ်ခြင်း၊ ဖြန့်ဝေခြင်းတို့ကို စဉ်းစားရာတွင်သက်ဆိုင်ရာအသိုင်းအဝိုင်း၏ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ ဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားရန်လိုသလို ယင်းလူမှုအသိုင်းအဝိုင်းနှင့် ပင်မဟု သတ်မှတ်ထားသည့် လူမှုအသိုင်းအဝိုင်းတို့ နှစ်ခုအကြား အပြန်အလှန်ပြုမှုမှု အတိုင်းအတာများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အစားထိုးပေးလျော်ရာတွင် တဦးချင်းကိုဖြစ်စေ (သို့မဟုတ်)အသိုင်းအဝိုင်းတခုလုံးကိုဖြစ်စေ (သို့မဟုတ်) နှစ်မျိုးလုံးပေါင်း၍[၁၄]ဖြစ်စေသည့် ပေးလျော်သည့်ပုံစံများအားလုံးသည်သင့်တော်သည့်ပုံစံများဖြစ်သည်။ စုပေါင်း၍ အသိုင်းအဝိုင်းတခုလုံးကို ပေးလျော်သည် ဖြစ်ပါက ထိုအသိုင်းအဝိုင်းအတွင်းမှ ပေးလျော်မှု ခံစားသင့်သည့် လူများအားလုံး ခံစားနိုင်ရေးအတွက် ကောင်းမွန်သည့် ပေးအပ်ပုံ၊ ကောင်းမွန်သည့် ဖြန့်ဝေပုံတို့ကို အားပေးမည့် လုပ်ငန်းလုပ်ဆောင်ပုံစနစ်ကို သတ်မှတ်ဖို့လိုပြီးထိုအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

[၁၄]အရင်းအမြစ်များ၊ တန်ဖိုးရှိအရာများ၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အများအားဖြင့် စုပေါင်းဆောင်ရွက်သည့်သဘာဝရှိပါက အကျိုးခံစားခွင့်ပေးခြင်းနှင့် အလျော်ပြန်ပေးခြင်းအရေးများတွင် ဖြစ်နိုင်သမျှစုပေါင်း၍ အားလုံးကိုပေးနိုင်အောင် ကြိုးပမ်းရမည်။ တပြိုင်နက်တည်းမှာပင်မျိုးဆက်ကွဲပြားမှုနှင့်စပ်လျဉ်းသည့်မတူညီကွဲပြားမှုများနှင့် လိုအပ်ချက်များ ကွဲပြားသည်ကို ထည့်သွင်းစဉ်းစားရမည်။

၂၀။ စီမံကိန်း၏ သဘော သဘာဝ၊ ဝန်းကျင်အခြေအနေနှင့် ထိခိုက်သက်ရောက်ခံရသော ဌာနေတိုင်းရင်းသားတို့အဖို့ ကြုံနေရသည့် အကာအကွယ်မဲ့မှုအတိုင်းအတာ စသည့် အချက်များအပါအဝင် အမျိုးမျိုးသော အကြောင်းအချက်များသည် ဌာနေတိုင်းရင်းသားများအနေဖြင့် စီမံကိန်းမှ မည်သည့် အကျိုးခံစားခွင့်မျိုးရသင့်သည်ဆိုသည်ကို အဆုံးအဖြတ်ပေးပေလိမ့်မည်။ ထိုသူတို့အတွက် အခွင့်အလမ်းများရှာဖွေရာတွင် သူတို့၏နေထိုင်မှုဘဝနှင့် အသက်မွေးမှုများကို သူတို့၏ယဉ်ကျေးမှုနှင့် ဆီလျော်စွာ တိုးတက်လာစေရေးအပါအဝင် သူတို့၏ရည်မှန်းချက်များနှင့် နှစ်ခြိုက်မှုများအတိုင်း ဖြစ်စေရေးအတွက် ကြိုးပမ်းရမည်။ ထို့အပြင်သူတို့မှီခိုနေသည့် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း အားဖြည့်ဆောင်ရွက်ရေး ရည်ရွယ်ရမည်။

## အစိုးရက ဌာနေတိုင်းရင်းသားများအရေးကို စီမံဆောင်ရွက်သည့်အခါ ပုဂ္ဂလိက ကဏ္ဍပိုင်းမှယူရမည့် တာဝန်များ

၂၁။ စီမံကိန်းဖြင့်စပ်လျဉ်း၍ အစိုးရပိုင်းက ဌာနေတိုင်းရင်းသားများအရေးနှင့်ပတ်သက်ပြီး သူတို့ စီမံဆောင်ရွက်မည့်အခန်းကဏ္ဍကိုသတ်မှတ်သည့်အခါမိမိတို့ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ ရည်မှန်းချက်များအတိုင်း ဖြစ်လာစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနဖြင့် သူတို့ခွင့်ပြုသည့် အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ရမည်။ အကယ်၍ အစိုးရဌာန၏ဆောင်ရွက်နိုင်စွမ်းသည် အကန့်အသတ်နှင့် ဖြစ်နေပါက မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် စီမံချက်ရေးဆွဲရာတွင်ငင်း၊ အကောင်အထည်ဖော်ရာတွင်ငင်း၊ ပြန်လည်ကြည့်ရှုစစ်ဆေးရာတွင်ငင်း၊ ထိုဌာနမှခွင့်ပြုသည့် အတိုင်းအတာအထိ တက်ကြွစွာဆောင်ရွက်ရမည်။

၂၂။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ လိုအပ်ချက်များကို ပြည့်မီစေရေးအတွက် သက်ဆိုင်ရာအစိုးရက ဆွဲထား

သည့် စီမံချက်နှင့်အတူ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက စီမံချက်တခုကို ပြင်ဆင်ထားရမည်။ ယင်းတွင် အောက်ပါတို့ထည့်သွင်းရန် လိုအပ်နိုင်သည် - (၁)အစီအစဉ်ဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်၊ အသိပေးညှိနှိုင်းခြင်းနှင့်ဆုံးဖြတ်ရာတွင် ပါဝင်ခွင့်ပြုခြင်း(ICP)၊ (လိုအပ်သည့်နေရာတွင်)လွတ်လပ်စွာကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု (FPIC)စသည်တို့အတွက် အစီအစဉ်ချ အကောင်အထည်ဖော်ဆောင်မှတ်တမ်းတင်ထားခြင်း။ (၂)ထိခိုက်မှုရှိသွားသည့် ဌာနေတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ သတ်မှတ်ရာတွင် အစိုးရက သုံးသည့်ဖွင့်ဆိုချက်။ (၃) ထိုဖွင့်ဆိုချက်များနှင့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ လိုအပ်ချက်တို့အကြား ကွာဟနေပါက ယင်းကွာဟချက်ကို ဖြည့်ဆည်းမည့် နည်းလမ်းများ။ (၄) အစိုးရဌာန (နှင့်) (သို့မဟုတ်) မိမိတို့ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ၏ ဘဏ္ဍာရေးဆိုင်ရာ၊ အထောင်အထည်ဖော် ဆောင်ရွက်မည့်အပိုင်းဆိုင်ရာတာဝန်များ။

## လုပ်ဆောင်မှုစံသတ်မှတ်ချက် (၈)

# ယဉ်ကျေးမှုအမွေအနှစ်

### မိတ်ဆက်

၁။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ သည်လက်ရှိမျိုးဆက်နှင့်အနာဂတ်မျိုးဆက်တို့အတွက် ယဉ်ကျေးမှု အမွေအနှစ်သည် အရေးပါလှကြောင်းလက်ခံသတ်မှတ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (Convention Concerning the Protection of the World Cultural and Natural Heritage) နှင့်အညီရေးဆွဲထားသည့် ယခုလုပ်ဆောင်မှု စံသတ်ချက်သည် မိမိတို့ထံမှ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများအနေဖြင့် သူတို့၏ စီမံကိန်းလုပ်ဆောင်ချက်များအတွင်း ယဉ်ကျေးမှုအမွေများကို ကာကွယ်စောင့်ရှောက်မည့်အကြောင်းအာမခံစေရန်ရည်ရွယ်သည်။ ထို့ပြင်ယဉ်ကျေးမှုအမွေကိုစီမံကိန်းကအသုံးပြုခြင်းနှင့်ပတ်သက်၍ဖော်ပြထားသည့် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ လိုအပ်ချက်များသည် ဇီဝမျိုးကွဲများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (Convention on Biological Diversity) တွင်ပါဝင်သည့်စံသတ်မှတ်ချက်များအပေါ်တွင် တစိတ်တပိုင်းအခြေခံ၍ရေးသားထားသည်။

### ရည်မှန်းချက်များ

- စီမံကိန်းလုပ်ငန်းများကြောင့် ယဉ်ကျေးမှုအမွေ အနှစ်အပေါ် မထိခိုက်စေရေး ကာကွယ်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးအားပေးရန်။
- ယဉ်ကျေးမှုအမွေကို အသုံးပြုခြင်းမှ ရရှိလာသော အကျိုးစီးပွားများကို မျှတစွာဝေမျှရေး မြှင့်တင်ရန်

### အသုံးပြုရာ နယ်ပယ်

၂။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးပြုမည့်အတိုင်းအတာကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုဘဝအပေါ် သက်ရောက်လာမည့် အန္တရာယ်နှင့်ဆိုးကျိုးများကို သိရှိအောင် လုပ်ဆောင်သည့် လုပ်ငန်းစဉ်အတွင်းသတ်မှတ်ရမည်။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်မှ လိုအပ်ချက်များနှင့် ကိုက်ညီအောင် လုပ်ရမည်ဖြစ်ပြီး ယင်းသို့ ကိုက်ညီမှုရှိစေရေး စီမံရာတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် မိမိတို့ထံမှ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အညီ စီမံဆောင်ရွက်ရမည်။ စီမံကိန်းသက်တမ်းကာလအတွင်း မိမိတို့ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် စီမံကိန်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်သက်ရောက်မှု ရှိသွားနိုင်သည်များကိုစဉ်းစားပြီး ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ပါဆောင်ရွက်စရာရှိသည်များကို လုပ်ဆောင်ပေးရမည်။

၃။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက် ရည်ရွယ်ချက်များနှင့် ဆီလျော်စေရန် ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်ကို အောက်ပါအတိုင်းညွှန်းဆိုသတ်မှတ်သည် -(၁) အထည်ကိုယ်ဒြပ်ရှိသည့် ဖွဲ့စည်းမှုဖြင့်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များ - ဥပမာဆိုရသော် ရှေးဟောင်းသုတေသနဆိုင်ရာ(သမိုင်းမတင်မီ)၊ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ တန်ဖိုးများရှိသည့် အထည်ကိုယ်ဒြပ်ရှိပြီးရွှေ့ပြောင်းနိုင်သော (သို့မဟုတ်) ရွှေ့ပြောင်း၍မရသောအရာ၊ ပစ္စည်း၊ နေရာ၊ အဆောက်အအုံ (သို့မဟုတ်) အဆောက်အအုံအစုတို့ဖြစ်သည်။ (၂)ယဉ်ကျေးမှုတန်ဖိုးဆိုင်ရာ ပြယုဂ်အဖြစ်ရှိနေသည့် ထူးခြားသည့် သဘာဝအသွင်အပြင်(သို့မဟုတ်)အထည်ကိုယ်ဒြပ်ရှိသောအရာများ - ဥပမာဆိုရသော် အထွတ်အမြတ်ထားရာ သစ်တောအုပ်၊ ကျောက်တုံး၊ ရေကန်၊ ရေတံခွန်စသည်တို့ဖြစ်သည်။ (၃) စီးပွားရေးရည်မှန်းချက်များဖြင့် အသုံးချမည့် အထည်ကိုယ်ဒြပ်မရှိသောယဉ်ကျေးမှုများ - ဥပမာများမှာ သက်ဆိုင်ရာ ရပ်ရွာလူထု၏ ဘဝနေထိုင်မှုပုံစံများတွင် စွဲမြဲစွာရှိနေသည့် ယဉ်ကျေးမှုအစဉ်အလာအရ သိလာကြ

သောအသိပညာဗဟုသုတ၊ တီထွင်မှုနှင့်လုပ်ထုံးလုပ်နည်းများစသည်တို့ဖြစ်သည်။

၄။ အထည်ကိုယ်ခြုပ်ရှိသည့် ဖွဲ့စည်းမှုဖြင့်တည်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များနှင့် ပတ်သက်၍ စာပိုဒ် ၆ မှ ၁၆ တို့တွင် ဖော်ပြထားသည်။ အထည်ကိုယ်ခြုပ်မရှိသည့် ယဉ်ကျေးမှုများနှင့်သက်ဆိုင်သည့် စာပိုဒ် ၃ (၃) တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ပတ်သက်ပြီး စာပိုဒ် ၁၆ တွင်ကြည့်ပါ။

၅။ ဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ်တို့အား အကာအကွယ်ပေးထားသည်ဖြစ်စေ၊ မပေးထားသည်ဖြစ်စေ (သို့မဟုတ်) ယင်းတို့ကိုအရင်ကတည်းက ဖျက်ဆီးထားပြီးဖြစ်မဖြစ်စသည်တို့ကို အမှုမထားပဲ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်၍ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်ကို လိုက်နာလုပ်ဆောင်ရမည်။ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်ပြီး ယခုလုပ်ဆောင်မှု စံသတ်မှတ်ကိုအသုံးမပြုရပါ။ ယင်းနှင့်ပတ်သက်လျှင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ ပါ လိုအပ်ချက်များအတိုင်း ဆောင်ရွက်ရမည်။

## လိုအပ်ချက်များ

### စီမံကိန်းပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ယဉ်ကျေးမှု အမွေအနှစ်ကို ကာကွယ်ခြင်း

၆။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နှင့်သဘာဝအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (Convention Concerning the Protection of the World Cultural and Natural Heritage) အရသက်ဆိုင်ရာအိမ်ရှင်နိုင်ငံတွင်ပြဌာန်းထားသည့်ဥပဒေများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ် အကာအကွယ်ပေးရေးနှင့် ဆက်စပ်သည့်ဥပဒေကို လိုက်နာဆောင်ရွက်ရမည့်အပြင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ယင်းယဉ်ကျေးမှု အမွေအနှစ်တို့ကို အကာအကွယ်ပေးရေးအတွက် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားသည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို အသေအချာလုပ်ဆောင်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို ဖော်ထုတ်သတ်မှတ်ကာအကာအကွယ်ပေးရမည်။

၇။ အန္တရာယ်နှင့် သက်ရောက်မှုများ သိရှိသတ်မှတ်သည့် လုပ်ငန်းစဉ်က ရရှိချက်အရ ယဉ်ကျေးမှု အမွေအနှစ်အပေါ် သက်ရောက်လာနိုင်သော အရိပ်အခြေရှိပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများသည် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်သတ်မှတ်ရေး၊ အကာအကွယ်ပေးရေး လုပ်ငန်းများအတွက် အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူတို့၏အကူအညီကို ရယူရမည်။ ပုံတူပြုလုပ်၍မရသည့် ယဉ်ကျေးမှု အမွေအနှစ်ကို ဖယ်ရှားခြင်းနှင့်ပတ်သက်၍ အောက်တွင် ဖော်ပြထားသည့် စာပိုဒ် ၁၀ တွင် ရေးသားထားသည်။ အရေးကြီးယဉ်ကျေးမှုအမွေအနှစ် အရေးကိစ္စဆိုလျှင် စာပိုဒ် ၁၃ မှ ၁၅ အထိ သက်ဆိုင်သည်။

### ယခင်က မတွေ့ရှိရသေးသည့် ယဉ်ကျေးမှုအမွေများ တွေ့ရှိက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

၈။ ယဉ်ကျေးမှုအမွေအနှစ်များကို သိသာသည့်ဆိုးကျိုးများ မသက်ရောက်စေရန်ရည်ရွယ်ပြီး စီမံကိန်းနေရာရွေးချယ်ခြင်း၊ စီမံကိန်းပုံစံရေးဆွဲခြင်း အစရှိသည်တို့ လုပ်ဆောင်ရန် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်တာဝန်ရှိသည်။ အဆိုပြုထားသည့် စီမံကိန်းနေရာအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများလုပ်နေစဉ်တွင် ဖြစ်စေ၊ စီမံကိန်းလုပ်ငန်းများ လည်ပတ်နေချိန်တွင်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ် တခုခုတွေ့ရနိုင်သည့်နေရာဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ဆိုသည့်အချက်ကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်သက်ရောက်မှု သိရှိသတ်မှတ်ရေးလုပ်ငန်းစဉ် အတွင်းတွင် ဆန်းစစ်ဆုံးဖြတ်ရမည်။ ထိုသို့ အခြေအနေများတွင် ESMS လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခုအဖြစ် လုပ်ဆောင်သော (အကယ်၍ နောက်ပိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ်တခုခုဖော်ထုတ်တွေ့ရှိပြီဆိုပါက အသုံးပြုရန်ရေးဆွဲထားသည့်) ယခင်ကမတွေ့ရှိရသေးသည့်ယဉ်ကျေးမှုအမွေများတွေ့ရှိကလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ[၁] (Chance Find Procedures) အရ လုပ်ဆောင်သော မမျှော်လင့် ထားပဲရှာဖွေတွေ့ရှိနိုင်သည့် ယဉ်ကျေးမှုအမွေများ စီမံခန့်ခွဲရေး[၂]အတွက် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများကပံ့ပိုးပေးသောလုပ်ငန်းများကိုဆောင်ရွက်ရမည်။ ယခုလုပ်ဆောင်ချက် စံသတ်မှတ်၏ လိုအပ်ချက်များနှင့်အညီ သက်ဆိုင်ရာအရည်အချင်းပြည့် ကျွမ်းကျင်ပညာရှင်များ၏ဆန်းစစ်လေ့လာချက်မလုပ်ဆောင်ရသေးပဲ

[၁] Chance Find Procedureဆိုသည်မှာ ယခင်ကမတွေ့ရှိရသေးသည့် ယဉ်ကျေးမှုအမွေများတွေ့ရှိလာရပါက စီမံကိန်းဆောင်ရွက်ချက်အနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး ယင်းတွင်လုပ်ရမည့် အရေးယူဆောင်ရွက်ချက်များ ပါဝင်သည်။

[၂] စီမံကိန်းဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်တွင်ဖြစ်စေ၊ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေစဉ်တွင်ဖြစ်စေ အထည်ကိုယ်ခြုပ်ရှိသည့် ယဉ်ကျေးမှုအမွေများကို မျှော်လင့်မထားပဲ တွေ့ရှိရနိုင်သည်။

မမျှော်လင့်ပဲရှာဖွေတွေ့ရှိနိုင်သော ယဉ်ကျေးမှုအမွေများကိစ္စနှင့်ပတ်သက်၍ မိမိတို့၏ထောက်ပံ့ ဝန်ဆောင်မှုရယူထားသူများက နောက်ထပ်ဝင်ရောက် စွက်ဖက်ခြင်းမပြုရပါ။

### ဆွေးနွေးတိုင်ပင်ခြင်း

၉။ စီမံကိန်းက ယဉ်ကျေးမှုအမွေ တခုခုကို ထိခိုက်သက်ရောက်နိုင်မည့် အခြေအနေတွင် မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ထိုယဉ်ကျေးမှုအမွေအား ယဉ်ကျေးမှုတန်ဖိုးအဖြစ် ရေရှည်သတ်မှတ်အသုံးပြုနေသည့်၊ လူ့ဘဝသက်တမ်းအတွင်း အတိတ်ကာလက ထိုသို့သတ်မှတ်အသုံးပြုထားသည်ကို သိထားသည့် သက်ဆိုင်ရာ (ထိုနိုင်ငံအတွင်း နေထိုင်လျက်ရှိသော) ထိခိုက်သက်ရောက်ခံရသော လူမှုအသိုင်းအဝိုင်းများနှင့် ဆွေးနွေးတိုင်ပင်ရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများသည် အရေးကြီးသည့် ယဉ်ကျေးမှုအမွေများကို သိရှိသတ်မှတ်ရန် အတွက်ဖြစ်စေ၊ ထိုယဉ်ကျေးမှုအမွေများနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရာတွင် သက်ဆိုင်ရာထိခိုက်သွားမည့် လူမှုအသိုင်းအဝိုင်း၏အမြင်များကို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက်ဖြစ်စေထိုထိခိုက်သွားမည့်လူမှုအသိုင်းအဝိုင်းနှင့်ဆွေးနွေးတိုင်ပင်ရမည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရေးလုပ်ဆောင်ရန်တာဝန်ရှိသည့် သက်ဆိုင်ရာနိုင်ငံ့အဆင့် (သို့မဟုတ်) ဒေသအဆင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ဌာနများဖြင့်လည်း တိုင်ပင်ဆွေးနွေးဆောင်ရွက်ရမည်။

### လူမှုအသိုင်းအဝိုင်းက လက်လှမ်းမီနိုင်ခြင်း

၁၀။ လူမှုအသိုင်းအဝိုင်းတခုက ယဉ်ကျေးမှုတန်ဖိုးအဖြစ် ရေရှည်သတ်မှတ်အသုံးပြုနေသည့်၊ လူ့ဘဝသက်တမ်းအတွင်း အတိတ်ကာလက ထိုသို့သတ်မှတ်အသုံးပြုထားသည်ကို သိထားသည့်သက်ဆိုင်ရာ ယဉ်ကျေးမှုအမွေတခုခုသည် မိမိတို့၏ထောက်ပံ့မှုကို ရယူထားသူ၏ စီမံကိန်းနယ်မြေတွင်ပါဝင်သွားခြင်း (သို့မဟုတ်) စီမံကိန်းသည် ထိုသူတို့ ယင်းယဉ်ကျေးမှုအမွေအား လက်လှမ်းမီသွားရောက်နိုင်ခွင့်ကို ပိတ်ပင်လိုက်ခြင်း စသည်တို့ ဖြစ်နေပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် စာပိုဒ် (၉) အရ ဆွေးနွေးတိုင်ပင်မှုများနှင့်အညီ ထိုလူမှုအသိုင်းအဝိုင်းကို ယင်းယဉ်ကျေးမှုနေရာများအား သွားရောက်ခွင့်ပြုရမည် (သို့မဟုတ်) ထိုနေရာသို့ သွားရောက်နိုင်ရေးအတွက် အစားထိုးလမ်းကြောင်းကို ဖော်ထုတ်ပေးရမည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်း၏ကျန်းမာရေး၊ ဘေးကင်းရေး၊ လုံခြုံရေးတို့ကို အထူးထည့်သွင်းစဉ်းစားရမည်။

### ပုံတူပြုလုပ်နိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ကို ဖယ်ရှားခြင်း

၁၁။ ပုံတူပွားများ၍ရနိုင်ပြီး[၇] အရေးလည်းမကြီးသော အထည်ကိုယ်ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်သည့် အရေးကိုကြုံရလျှင်မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် ယင်းကို ဖယ်ရှားပစ်ရမည့် အရေးမှရှောင်ရှားနိုင်ဖို့ ကြိုးပမ်းရမည်။ မရှောင်ရှားနိုင်တော့သောအခြေအနေတွင် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများက အောက်ပါတို့ပါဝင်သည့် ထိခိုက်မှုလျော့ကျရေးလုပ်ငန်းစနစ်ကိုလုပ်ဆောင်ရမည်။

- ဆိုးကျိုးသက်ရောက်မှုများကိုလျော့ကျသွားစေရန်၊မူရင်းနေရာတွင် ပြန်လည်ထိန်းသိမ်းရန် ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ယင်းယဉ်ကျေးမှုအမွေကို အထောက်အကူပေးထားသည့်ဂေဟစနစ်လုပ်ငန်းစဉ်များကို[၈]ထိန်းသိမ်းခြင်း(သို့မဟုတ်)ပြန်လည် ထိန်းသိမ်းခြင်းစသည်တို့အပါအဝင် ယင်းယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးနှင့်ယင်း၏ လုပ်ဆောင်နိုင်မှုအတိုင်းအတာ ယခင်အတိုင်းပြန်လည်ရရှိစေရန် ဆောင်ရွက်ရမည်။
- ယဉ်ကျေးမှုအမွေကို မူရင်းနေရာတွင် ပြန်လည်ထိန်းသိမ်းရန်မဖြစ်နိုင်သည့်အခြေအနေတွင်ယင်းယဉ်ကျေးမှုအမွေကို အခြားနေရာတွင် ယခင်၎င်း၏လုပ်ဆောင်နိုင်မှုအတိုင်းအတာအတိုင်း ပြန်လည်ထိန်းသိမ်းပေးရမည်။
- သမိုင်းဝင်သော၊ ရှေးဟောင်းသုတေသနနှင့်ဆိုင်သော ပစ္စည်း(သို့မဟုတ်) အဆောက်အအုံတခုကို အပြီးတိုင် ဖယ်ရှားခြင်းကို စာပိုဒ် ၆ နှင့် ၇ ပါ အခြေခံမူများ အရသာ ဆောင်ရွက်ရမည်။
- ဆိုးကျိုးထိခိုက်မှုများ လျော့ချရေး၊ ယင်းယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးနှင့်ယင်း၏ လုပ်ဆောင်နိုင်မှုအတိုင်းအတာ ယခင်အတိုင်းပြန်လည်ရရှိစေအောင် ပြန်လည် ထိန်းသိမ်းရေးစသည်တို့ မလုပ်ဆောင်နိုင်တော့

[၇] ပုံတူပြုလုပ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာတနေရာမှ အခြားတနေရာသို့ပြောင်းရွှေ့နိုင်သည့် အထည်ကိုယ်ဒြပ်ရှိယဉ်ကျေးမှုအမွေ(သို့မဟုတ်)၊ ယဉ်ကျေးမှုတန်ဖိုးကို အခြားပုံတူပွားတခု (သို့မဟုတ်) သဘာဝအရာဝတ္ထုပစ္စည်းသို့ သက်ဆိုင်ရာနည်းတခုခုဖြင့် ရွှေ့ပြောင်းယူလိုက်နိုင်သည့် ယဉ်ကျေးမှု အမွေကိုဆိုလိုသည်။ ရှေးဟောင်းသုတေသနဆိုင်ရာ (သို့မဟုတ်)သမိုင်းဆိုင်ရာနေရာဒေသများဆိုလျှင်အခြားနေရာနှင့်အဆောက်အအုံသို့ ရွှေ့ထားလိုက်သော်လည်း သူတို့၏ ကာလသက်တမ်းဆိုင်ရာ၊ ယဉ်ကျေးမှုတန်ဖိုး စသည်တို့ မပျောက်ပျက်သွားပါက ယင်းတို့ကိုလည်း ပုံတူပြုလုပ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်နိုင်သည်။

[၈] ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များ စသည်တို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ လိုအပ်ချက်များ နှင့် အညီဖြစ်ရမည်။

သည့်အခြေအနေတွင် ရှိနေပြီး ထိခိုက်သက်ရောက်ခံရသော လူမှုအသိုင်းအဝိုင်းကလည်း ယင်းယဉ်ကျေးမှုအမွေ သည် ရေရှည် ယဉ်ကျေးမှု ဆိုင်ရာတန်ဖိုးအဖြစ် သတ်မှတ်ထားသည်ဆိုပါကယင်းအထည်ဒြပ်ရှိ ယဉ်ကျေးမှုအမွေဆုံးရှုံးသွားမှုအတွက် အစားထိုး ပေးလျော်ရမည်။

## ပုံတူပြုလုပ်၍မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဖယ်ရှားခြင်း

၁၂။ အများစုသော ယဉ်ကျေးမှုအမွေအနှစ်တို့အတွက် သူ့မူရင်းနေရာတွင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့်သာ အကောင်းဆုံး ကာကွယ်ပေးခြင်းမည်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာမှ ဖယ်ရှားလိုက်ခြင်းကြောင့် ယဉ်ကျေးမှုအမွေတွင် ပြန်ပြင်ဆင်၍မရနိုင်သည့် ထိခိုက်ချို့ယွင်း မှု(သို့မဟုတ်) ပျက်စီးမှု ဖြစ်သွားနိုင်သောကြောင့် ဖြစ်သည်။ အောက်ပါအခြေအနေများနှင့် မပြည့်စုံပဲ မိမိတို့ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ပုံတူပြုလုပ်၍မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်[၅]ကို ဖယ်ရှားခြင်းမလုပ်ရပါ။

- နည်းပညာပိုင်းအရ၊ ဘဏ္ဍာငွေကြေးတတ်နိုင်မှုအရ လုပ်နိုင်သည့် နည်းလမ်းများထဲတွင် ဖယ်ရှားပစ်ရေး နည်းလမ်းမှလွဲပြီး မည်သည့်နည်းလမ်းကိုမှ ရွေးချယ်စရာမရှိတော့ခြင်း၊
- ဖယ်ရှားပစ်ရသည့်အတွက် ဆုံးရှုံးရမည့် ယဉ်ကျေးမှုတန်ဖိုးနှင့် စီမံကိန်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများနှိုင်းယှဉ်ကြည့်ပါက စီမံကိန်းဘက်မှ သိသာထင်ရှားစွာအသာရခြင်း၊
- ယဉ်ကျေးမှုအမွေကို ဖယ်ရှားရာတွင် ရနိုင်သည့် နည်းပညာထဲမှ အကောင်းဆုံးနည်းပညာကိုအသုံးချခြင်း။

## အရေးကြီးသော ယဉ်ကျေးမှု အမွေအနှစ်

၁၃။အရေးကြီးသောယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်နိုင်ရန် အောက်ပါ အရည်အချင်းတခု (သို့မဟုတ်) ၂ ခုလုံးနှင့်ပြည့်စုံသည့် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရန်လိုအပ်သည် - (၁) ဆိုင်ရာ လူမှုအသိုင်းအဝိုင်းက ထိုယဉ်ကျေးမှုအမွေအား ယဉ်ကျေးမှုတန်ဖိုးအဖြစ် ရေရှည်သတ်မှတ်အသုံးပြုနေကြောင်း၊ လူ့ဘဝသက်တမ်းအတွင်း အတိတ်ကာလကထိုသို့သတ်မှတ်အသုံးပြုထားကြောင်းနိုင်ငံတကာက အသိအမှတ်ပြုထားသည့် ယဉ်ကျေးမှု အမွေအနှစ်၊ (၂) အိမ်ရှင်အစိုးရက အကာအကွယ်ပေးရန် ပန်ကြားထားသည့် ယဉ်ကျေးမှုအမွေအနှစ် နေရာများ အပါအဝင် ဥပဒေကြောင်းအရ အကာအကွယ်ပေးထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ။

၁၄။ အရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူ များအနေဖြင့် ဖယ်ရှားခြင်း (သို့မဟုတ်) သိသာစွာ အပြောင်းအလဲဖြစ်စေခြင်း (သို့မဟုတ်) ထိခိုက်ချို့ယွင်းသွားစေခြင်း စသည်တို့ကို မပြုလုပ်သင့်ပေ။ ယင်းအရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်များအပေါ် သက်ရောက်မှုများ ရှိလာမည်ကို လုံးဝမရှောင်လွှဲနိုင်သည့် အခြေအနေကို ကြုံလာရပါက မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင်ပါဝင်သည့် သက်ဆိုင်ရာထိခိုက်မှုရှိသွားသည့် လူမှုအသိုင်းအဝိုင်းအား အသိပေး ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း (ICP) လုပ်ငန်းစဉ်ကို အသုံးပြုရမည်။ ယင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်ရာတွင်လည်း ရလဒ်ကောင်းမွန်ရေးအတွက် နှစ်ဘက်က စိတ်ကောင်းစေတနာကောင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးကြရပေမည်။ အရေးကြီးသည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆန်းစစ်ခြင်းနှင့် ကာကွယ်ပေးခြင်းတို့အတွက် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ပြင်ပကျွမ်းကျင်ပညာရှင်များကို ခေါ်ယူ အသုံးပြုရမည်။

၁၅။ ယဉ်ကျေးမှုအမွေအနှစ်များအား အကာအကွယ်ပေးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အတွက် ယဉ်ကျေးမှုအမွေရှိရာ နေရာဒေသများ[၆]ကို ဥပဒေအရ အကာအကွယ်ပေးခြင်းသည် အရေးပါသည်။ ထိုနေရာများနှင့် ပတ်သက်သည့် စီမံကိန်းများဆိုလျှင် သက်ဆိုင်ရာ နိုင်ငံ့ ဥပဒေ များ နှင့် အညီဆောင်ရွက်ဖို့လိုသည့်အပြင် အခြား ထပ်ထိုးလုပ်ဆောင်ချက်များလည်းလိုအပ်သည်။ အကယ်၍ လုပ်မည့်စီမံကိန်းသည် ဥပဒေအရအကာအကွယ်ပေးထားသည့်နေရာဒေသအတွင်းဖြစ်စေ၊ ကြားခံနယ်မြေအဖြစ် ဥပဒေကြောင်းအရသတ်မှတ်ထားသော နေရာဒေသဖြစ်စေစသည့်နေရာများအတွင်းတွင် ဖြစ်နေပါက မိမိတို့၏

[၅] ပုံတူပြုလုပ်၍မရနိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ဟုဆိုရာတွင် (၁) ယဉ်ကျေးမှုအမွေသည်သက်ဆိုင်ရာ ခေတ်ကာလအတွင်းက အခြားယဉ်ကျေးမှုအမွေမည်သည်နဲ့မှ မတူသည့် (သို့မဟုတ်) သိသာစွာ ထူးခြားသည့် ယဉ်ကျေးမှုအမွေ (သို့မဟုတ်) (၂) နေရာဒေသတစ်ခုတည်းတွင် ခေတ်ကာလအမျိုးမျိုး၌ လက်ခံခဲ့ပြီး အခြားယဉ်ကျေးမှုအမွေမည်သည်နှင့်မှ မတူသည့် (သို့မဟုတ်)သိသာစွာ ထူးခြားသည့် ယဉ်ကျေးမှုအမွေကိုဆိုလိုကာ ယင်းတို့သည်နောင်းလူများ၏ လူမှုဘဝဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ရေးဆိုင်ရာ၊ ရာသီဥတုအရေးဆိုင်ရာအခြေအနေများ၊ သူတို့၏ ဂေဟစနစ်အပေါ် ပြောင်းလဲဖြစ်ပေါ်စေမှုများ၊ ယင်းအပေါ်လိုက်လျောညီထွေရေးအတွက် ပြုပြင်လိုက်သော သူတို့၏ဗျူဟာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများစသည်တို့နှင့် စပ်လျဉ်းပေသည်။

[၆] ဥပမာအားဖြင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ နိုင်ငံအစိုးရမှ အကာအကွယ်ပေးထားသောနေရာများ ပါဝင်သည်။

ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများ အနေဖြင့် အထက်ပါ စာပိုဒ် ၁၄ တွင် ဖော်ပြထားသည့် အရေးကြီးသည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လိုအပ်ချက်များကို လုပ်ဆောင်ဖို့လိုသည့်အပြင် အောက်ပါလိုအပ်ချက်များကိုလည်း ပြည့်မီအောင် ဆောင်ရွက်ရမည်။

- သတ်မှတ်ထားသော နိုင်ငံ အဆင့်ဆိုင်ရာ (သို့မဟုတ်) ဒေသအဆင့်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စည်းမျဉ်းများ၊ (သို့မဟုတ်) အကာအကွယ်ပေးထားသည့် နေရာဒေသစီမံခန့်ခွဲရေး အစီအစဉ်များနှင့်အညီ လုပ်ဆောင်ရန်၊
- အဆိုပါနေရာဒေသအား အကာအကွယ်ပေးထားခြင်းကို ကမကထပြုသူများ၊ အကာအကွယ်ပေးရေး လုပ်ဆောင်နေသည့် မန်နေဂျာများ၊ ဒေသခံရပ်ရွာလူထု၊ အဆိုပြုစီမံကိန်းနှင့် အဓိက ဆက်စပ်ပတ်သက်နေသည့်အခြားပုဂ္ဂိုလ်များစသူတို့နှင့်ဆွေးနွေးတိုင်ပင်ရန်၊
- အကာအကွယ်ပေးထားသည့် နေရာဒေသအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို အားပေးရေးအတွက် လုပ်ဆောင်မည့် ထပ်တိုးအစီအစဉ်များကို (သင့်တင့်လျောက်ပတ်သလို) အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## ယဉ်ကျေးမှုအမွေအနှစ်ကို စီမံကိန်းက အသုံးပြုခြင်း

၁၆။ ဒေသခံရပ်ရွာလူထု၏ အသိပညာဗဟုသုတ၊ တီထွင်မှု (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများ စသည်တို့အပါအဝင် ယဉ်ကျေးမှုအမွေ တစုံတခုကို စီးပွားရေးဆိုင်ရာရည်ရွယ်ချက်ဖြင့်[၇]အသုံးပြုရန်လိုလားသည့်အခါ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများ အနေဖြင့် သက်ဆိုင်ရာ ရပ်ရွာလူထုအသိုင်းအဝိုင်းသို့ အောက်ပါတို့ကို အကြောင်းကြား သိစေအပ်သည် - (၁) နိုင်ငံ့ဥပဒေတွင် ဖော်ပြထားသည့် သူတို့၏ အခွင့်အရေးများ၊ (၂) ယင်းယဉ်ကျေးမှုအမွေ တို့ကိုမူတည်ပြီး လုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝနှင့် အတိုင်းအတာ၊ (၃) ထိုစီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲကိစ္စများစသည်တို့ကို အသိပေးရမည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများက အောက်ပါအခြေအနေများနှင့် မပြည့်စုံပဲ ထိုစီးပွားရေး လုပ်ငန်းများကို မစတင်ရပါ - (၁) လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင်ဖော်ပြထားသည့် သက်ဆိုင်ရာထိခိုက်မှုရှိသွားသည့် လူမှုအသိုင်းအဝိုင်းအား အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့်ပူးပေါင်းပါဝင်စေခြင်း (ICP) လုပ်ငန်းစဉ်ကို အသုံးပြုခြင်းနှင့် ယင်းလုပ်ငန်းစဉ်ကိုလုပ်ဆောင်ရာတွင်လည်း ရလဒ်ကောင်းမွန်ရေးအတွက် နစ်ဘက်က စိတ်ကောင်းစေတနာကောင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးကြခြင်း။ (၂) ဒေသခံရပ်ရွာလူထု၏ အသိပညာဗဟုသုတ၊ တီထွင်မှု (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများစသည်တို့ အပါအဝင် ယဉ်ကျေးမှုအမွေကိုအသုံးချ၍ ရလာသောအကျိုးစီးပွားများကိုသူတို့၏ရိုးရာဓလေ့ထုံးတမ်းတို့နှင့် အညီသင့်တင့်မျှတစွာ အညီအမျှဝေမျှရေးအတွက် လုပ်ဆောင်ခြင်း။

[၇] ဥပမာပေးရလျှင် (ယခု ဥပမာချည်းသာဟု မဆိုလိုပါ) ရိုးရာဆေးကုသရေး အသိပညာကိုစီးပွားဖြစ်လုပ်ကိုင်ရာတွင် အသုံးပြုခြင်း၊ (သို့မဟုတ်) သစ်၊ လျှော်မျှင်၊ သတ္တုတို့နှင့် ပတ်သက်၍ အချောကိုင်ထုတ်လုပ်ရေးတွင် အခြားအထွက်အမြတ်ထားရာ (သို့မဟုတ်) ရိုးရာနည်းပညာတို့ကို စီးပွားဖြစ်အသုံးပြုခြင်း။

# စာညွှန်း

မှတ်ချက် - အမှတ်အသား * ၏ နောက်တွင်ပါသော နံပတ်များသည် လုပ်ဆောင်မှု စံသတ်မှတ်ချက် နံပတ်နှင့် စာပိုဒ်နံပတ်ကိုဆိုလိုသည်။ ဥပမာ - * ၇၊ ၁၆ ဆိုသည်မှာ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ စာပိုဒ် ၁၆ကိုဆိုလိုသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ မှ အောက်ခြေမှတ်စု ၂ ဆိုလျှင် * ၇၊ အောက်ခြေမှတ်စု ၂ ဖြစ်လိမ့်မည်။

**A**

Accommodation services - နေထိုင်စရာဝန်ဆောင်မှုများ (* ၂၊ ၁၂)

Action Plans - လုပ်ငန်းစီမံချက်များ (* ၁၊ ၁၆)

Adequate Housing - ပြည့်စုံလုံလောက်အောင် နေထိုင်နိုင်သည့် အိမ်ရာ (* ၅၊ ၃)

Affected Communities - ထိခိုက်သက်ရောက်ခံရသော ရပ်ရွာလူထု၊ ထိခိုက်သက်ရောက်ခံရသော လူမှုအသိုင်းအဝိုင်း (* ၁၊ ၁)

Affected Communities of Indigenous Peoples - ထိခိုက်သက်ရောက်ခံရသော ဒေသခံဌာနေတိုင်းရင်းသား လူမျိုးများ (* ၇၊ ၉)

Alien Species - သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်တွင် ယခင်ကမရှိသည့် ပြင်ပမှမျိုးစိတ်များ (* ၆၊ ၆)၊ (* ၆၊ ၂၁) ၊ (* ၆၊ ၂၂-၂၃)

Ambient Conditions - အနီးဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေများ (* ၃၊ ၄) (*၃၊၁၁)

Animal Husbandry - တိရစ္ဆာန်မွေးမြူရေး (* ၆၊ ၅)၊ (* ၆၊ ၂၆)

Associated Facilities - စီမံကိန်းအဆောက်အဦ မဟုတ်ပဲထပ်ပွားပြီးဖြစ်လာသည့်ဆက်စပ်အဆောက်အဦများ၊ ဝန်ဆောင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ(*၁၊ ၈)

Audits - လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းကို တရားဝင်စစ်ဆေးခြင်း (* ၁၊ ၂၃)၊

**B**

Baseline Data - အခြေခံ အချက်အလက် (* ၁၊ ၇)၊ (* ၅၊ ၁၂)

Basic Services Requirements - လိုအပ်သော အခြေခံဝန်ဆောင်မှုများ (*၂၊ ၁၂)

Biodiversity - ဇီဝမျိုးစုံမျိုးကွဲ (*၆၊ ၁) (*၆၊ ၇) (*၆၊ ၁၅)

Biodiversity Action Plan - ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် မူလရှိရင်းအခြေအနေသို့ ပြန်လည်ရောက်ရှိရေးလုပ်ငန်းစီမံချက် (* ၆၊ ၁၈)

Biodiversity Offsets -ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲအစား အလျော်ပြန်ပေးဆပ်ခြင်း (*၆၊ ၁၀) (*၆၊ ၁၅)

Biodiversity Protection and Conservation - ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်း (*၆၊ ၁၀)

Biodiversity Value - ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး (*၆၊ ၁၂) (*၆၊ ၁၆)

Bonded Labor - အကြွေးပြန်ကျေအောင် အလုပ်လုပ်ပေးရသူများ၊ (*၂၊ ၂၂)

**C**

Census - စစ်တမ်း (၈၅၊ ၁၂)

Chemical Pesticides - ဓာတုပိုးသတ်ဆေးများ (*၃၊ ၁၅)

Child Labor - ကလေးအလုပ်သမား (*၂၊ ၂၁)

Cleaner Production - ပို၍သန့်ရှင်းသည့် ထုတ်လုပ်ရေး (*၃၊ ၆)

Clients - မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ (*၁၊ ၂)

Climate Change - ရာသီဥတုပြောင်းလဲမှု (*၄၊ ၁) (*၄၊ ၈)

Collective Bargaining -စုပေါင်းတောင်းဆိုမှု (*၂၊ ၁၀) (*၂၊ ၁၈)

Collective Dismissals -လူအများအပြားအား အလုပ် ထုတ်ပစ်ရမှု။ (*၂၊ ၁၈-၁၉)

Communicable Diseases - ကူးစက်ရောဂါများ (*၄၊ ၉-၁၀)

Community Development Plan - ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (*၇၊ ၉)

Community Engagement - ရပ်ရွာလူထုနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်း (*၅၊ ၁၀)

Community Health and Safety- ရပ်ရွာလူထု ကျန်းမာရေးနှင့် ဘေးကင်းရေး (*၄၊ ၅) (*၄၊ ၈)

Compensation for Employment (Workers) - အလုပ်သမားများအား လျော်ကြေးပေးခြင်း (*၂၊ ၉) (*၂၊ ၁၅)

Compensation, land acquisition and Involuntary Resettlement - လျော်ကြေးပေးခြင်း၊ မြေယာရယူခြင်းနှင့် ဆန္ဒမပါသော နေရာရွှေ့ပြောင်းရမှု။ (*၅၊ ရည်မှန်းချက်များ) (*၅၊ ၉)

Completion Audit - ပြန်လည်နေရာချထားခြင်း စီမံကိန်းနှင့် (သို့) မူလဝင်ငွေ အသက်မွေးဝမ်းကျောင်း ပြန်လည်ရရှိစေရေး စီမံကိန်းများ အကောင်အထည်ဖော် ပြီးစီးမှုကို စမ်းစစ်ခြင်း။ လုပ်ငန်းပြီးစီးမှု လုပ်ငန်းစစ်(*၅၊ ၁၅)

Consultation - ဆွေးနွေးတိုင်ပင်ခြင်း (*၁၊ ၃၀)

Contracted Workers - မိမိတို့နှင့် လုပ်ငန်းစာချုပ်ချုပ်ဆိုထားသည့်ကန်ထရိုက်တာများကငှားရမ်းထားသော အလုပ်သမားများ (*၂၊ ၆) ၁၇။၆

Contractors - ကန်ထရိုက်တာများ(*၁၊ ၁၄)(*၃၊ ၁၂)

Convention on Biological Diversity - ဇီဝမျိုးကွဲဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်။(*၆၊ ၁) (*၈၊ ၁)

Convention Concerning the Protection of the World Cultural and Natural Heritage - ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ် ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (*၈၊ ၁) (*၈၊ ၆)

Core Business Processes - အဓိက အရေးပါသော စီးပွားရေးလုပ်ငန်းစဉ်များ (*၂၊ အောက်ခြေမှတ်စု ၃)

Corrective Action - ပြန်လည်ပြင်ဆင်လုပ်ဆောင်မှု (*၁၊ ၂၃)

Credible Standards - လက်ခံအသိအမှတ်ပြုထားသည့် စံများ (*၁၊ ၆) (*၆၊ ၂၆-၂၉)

Critical Habitat - အပင်နှင့်သတ္တဝါများ မှီခိုရာနေရာများထဲ၌ အရေးကြီးအဖြစ် သတ်မှတ်ထားသည့် နေရာ (*၆၊ ၁၆-၁၉)

Cultural Heritage - ယဉ်ကျေးမှုအမွေအနှစ် (*၈၊ ၈) (*၈၊ အောက်ခြေမှတ်စု ၁)

Cumulative Impacts - စုပေါင်းစပ်ဆက်သက်ရောက်မှု၊ ဆက်စပ်သက်ရောက်မှု (*၁၊ ၈) (*၁၊ အောက်ခြေမှတ်စု ၁၆) (၇၃၊ ၁၁)

## D

Direct Workers - တိုက်ရိုက်ခန့်အပ်ထားသော အလုပ်သမားများ (*၂၊ ၄-၅)

Disadvantaged or Vulnerable Groups - ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များမှဖြစ်ပေါ်သော ဆိုးကျိုးသက်ရောက်မှုများကြောင့် ယင်းတို့၏အကျိုးစီးပွားကို ထိခိုက်လွယ်စေသည့် (သို့မဟုတ်)အားနည်းထိခိုက်လွယ်သော အကာအကွယ်မဲ့အုပ်စုများ။ (*၁၊ ၁၂) (*၄၊ ၁) (*၅၊ ၈) (*၅၊ ၁၉)

Disease - ရောဂါ (*၂၊ ၂၃) (*၄၊ ၁၀)

Displaced Persons -နေရာပြောင်းရွှေ့ခံရသူများ (*၅၊ ၉) (*၅၊ ၁၇)

Displacement - နေရာပြောင်းရွှေ့ခံရမှု (*၅၊ ၁၇-၁၈)

Due Diligence, Human Rights - တင်ကြို၍ သတိထားလုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးများ (*၁၊ ၄) (*၁၊ အောက်ခြေမှတ်စု၁၂)

**E**

Economic Development, Economic Growt - စီးပွားရေး ဖွံ့ဖြိုးမှု၊ စီးပွားရေး တိုးတက်မှု (*၂၊ ၁)

Economic Displacement - စီးပွားရေး အခြေအနေအရရွှေ့ပြောင်းရခြင်း (*၅၊ ၂၈)

Ecosystems - ဂေဟာစနစ်များ (*၆၊ ၁) (*၆၊ ၁၆)

Ecosystem Services - ဂေဟာစနစ် ထောက်ပံ့ဝန်ဆောင်မှုများ (*၆၊ ၁-၂)

EHS Guidelines - ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့်၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (*၁၊ ၂၀-၂၁) (*၄၊ ၁၁)

Emergency Preparedness and Response - အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ခြင်းနှင့် ဖြစ်လာပါက တုန့်ပြန်ဆောင်ရွက်ခြင်း (*၁၊ ၂၀-၂၁)

Endangered Species - မျိုးတုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် ဇီဝမျိုးကွဲများ (*၆၊ ၁၆-၁၇)

Environmental, Health and Safety Guidelines (EHS Guidelines) - ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ (EHS Guidelines) (*၁၊ ၄-၇) (*၄၊ ၅)

Environmental and Social Action Plan (ESAP) - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလုပ်ငန်းစီမံချက် (ESAP) (*၁၊ ၁၆)

Environmental and Social Impact Assessment (ESIA) - ပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှု ဆန်းစစ်ခြင်း (ESIA) (*၁၊ ၇)

Environmental and Social Impacts - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ (EIA article 1,2,3) (*၁၊ အောက်ခြေမှတ်စု ၃)

Environmental and Social Management System (ESMS) - သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) ၅/၁ယ ၇/၅ယ ၁၂/၂၄

Environmental and Social Risk - ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာကျရောက်လာနိုင်သည့် အန္တရာယ်များ (*၁၊ အောက်ခြေမှတ်စု ၂)

Equal Opportunity - ညီမျှသော အခွင့်အလမ်း (*၂၊ ၁၂)

Equipment, Design and Safety - ကိရိယာ ပစ္စည်း၊ ပုံစံထုတ်ခြင်းနှင့် ဘေးကင်းလုံခြုံရေး (*၄၊ ၆)

Expropriation - (အာဏာပိုင်တို့က) လယ်ယာမြေ၊ ပစ္စည်းစသည်တို့ကို သိမ်းယူခြင်း (*၅၊ ၁) (*၅၊ ၅) (*၅၊ ၁၂)

External Communications - ပြင်ပဆက်ဆံရေး (*၁၊ ၂၆) (*၁၊ ၃၄)

**F**

Financial Feasibility - ဘဏ္ဍာရေးအရ ဖြစ်နိုင်သည့်အခြေအနေ (*၁၊ အောက်ခြေမှတ်စု ၂၁)

Forced Evictions - အတင်းအကြပ်ဖိအားပေး၍ ဖယ်ရှားခြင်း (*၅၊ ၂၂) (*၅၊ ၂၄) (*၅၊ အောက်ခြေမှတ်စု၂၃)

Forced labor - အဓမ္မအလုပ်စေခိုင်းခြင်း (*၂၊ ၂၂)

Free, Prior, and Informed Consent (FPIC) - လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်၍ ရယူသည့် သဘောတူညီမှု (FPIC) (*၇၊ ၁၁-၁၄)

**G**

Good Faith Negotiation - စိတ်ရင်းစေတနာအမှန်ဖြင့် ဆွေးနွေးတိုင်ပင်ခြင်း (*၇၊ ၁၂) (*၇၊ ၁၄) (*၇၊ ၁၆)

Good International Industry Practice (GIIP) - ကောင်းမွန်သော နိုင်ငံတကာလုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (GIIP) (*၇၊ ၁၂)

Greenfield Developments - အရင်ကမလုပ်ကိုင်ဖူးကြသေးသည့် လုပ်ငန်းနယ်ပယ်တခုကို စတင်ခြင်း (*၁၊ အောက်ခြေမှတ်စု ၁၁)

Greenhouse Gas (GHG) Emissions - ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်ခြင်းများ (*၃၊ ၇-၈) (*၃၊ အောက်ခြေမှတ်စု ၆)

Grievance Mechanisms - ထိခိုက်နစ်နာမှု တိုင်ကြားနိုင်သည့် ယန္တယားစနစ်များ (*၁၊ ၂) (*၁၊ ၂၉) (*၁၊ ၃၅) (*၅၊ ၁၁)

**H**

Habitat - အပင်နှင့်သတ္တဝါများ၏ မှီခိုရာနေရာများ (*၆၊ ၉) (*၆၊ ၁၁-၁၂) (*၆၊ ၁၆-၁၉)

Hazardous Materials - ဘေးအန္တရာယ်များသောပစ္စည်းများ (*၃၊ ၁၃) (*၄၊ ၇)

Hazardous Wastes - ဘေးအန္တရာယ်များသောစွန့်ပစ်ပစ္စည်းများ (*၄၊ ၇) (*၄၊ အောက်ခြေမှတ်စု ၁၅)

Hazardous Work Activities- ဘေးအန္တရာယ်များသော အလုပ်များ (*၂၊ ၂၁) (*၂၊ အောက်ခြေမှတ်စု ၁၂)

High Conservation Value - ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ မြင့်မားသည့်တန်ဖိုး (*၆၊ အောက်ခြေမှတ်စု ၁၀)

Historical Pollution - အတိတ်၌ ဖြစ်ပွားခဲ့သောပတ်ဝန်းကျင် ညစ်ညမ်းမှုများ (*၃၊ ၁၀)

Host Communities - ရွှေ့ပြောင်းမည့်သူများအားနေရာချထားမည့် နေရာမှ ရပ်ရွာလူထုများ (*၅၊ ၂) (*၅၊ အောက်ခြေမှတ်စု ၃)

**I**

Identification of Risks and Impacts in Primary Supply Chains - အခြေခံကုန်များကိုပေးသွင်းသည့် လုပ်ငန်းကွင်းဆက်များတွင် ဖြစ်နိုင်သည့်အန္တရာယ်များနှင့် သက်ရောက်မှုများကို သိရှိသတ်မှတ်ခြင်း (*၁၊ ၁၀) (*၂၊ ၂၇) (*၆၊ ၃၀)

IFC Sustainability Framework - အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (အကျဉ်းချုပ်၊ ၁)

Indentured Labor - စာချုပ် (သို့) အကြွေးဖြင့်ချည်နှောင်၍ အဓမ္မအလုပ်စေခိုင်းခံရသူ (*၂၊ ၂၂)

Indigenous Peoples - ဌာနေတိုင်းရင်းသားများ (*၇၊ ၄-၆)

Indigenous Peoples Plan - ဌာနေတိုင်းရင်းသားများဆိုင်ရာအစီအစဉ်(*၁၊ အောက်ခြေမှတ်စု ၂၆)(*၇၊ ၉)

Informed Consultation and Participation (ICP) - အသိပေးဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း (ICP) (*၁၊ ၃၁) (*၈၊ ၁၄) (*၈၊ ၁၆)

Intangible Cultural Heritage - တိုင်းတာထိတွေ့ရန်ဖော်ပြရန်ခက်ခဲသော်လည်းတည်ရှိနေသောယဉ်ကျေးမှုအမွေအနှစ်များ (*၈၊ ၃) (*၈၊ ၁၆)

Integrated Pest Management (IPM) - ရောဂါဖြစ်စေသည့် ပိုးမွှား၊ တိရိစ္ဆာန်များကို နှိမ်နင်းရေးအတွက်စနစ်တကျ ပေါင်းစပ်စီမံခန့်ခွဲမှု။ (IPM) (*၃၊ ၁၄)

Integrated Vector Management (IVM) - ကူးစက်ရောဂါသယ်ဆောင်ထားသော ပိုးမွှား တိရိစ္ဆာန်များကို နှိမ်နင်းရေးအတွက် စနစ်တကျ ပေါင်းစပ်စီမံခန့်ခွဲမှု။ (IVM) (*၃၊ ၁၄)

International Labour Organization (ILO) - အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) (*၁၊ အောက်ခြေမှတ်စု ၂) (*၁၊ ၂)

Internationally Recognized Areas - နိုင်ငံတကာကအသိအမှတ်ပြုထားသည့် ဧရိယာ၊နေရာများ။

(*၆၊ ၂၀) (*၆၊ အောက်ခြေမှတ်စု ၂)

International Union for the Conservation of Nature (IUCN) - နိုင်ငံတကာသဘာဝထိန်းသိမ်းရေး သမဂ္ဂ (IUCN) (*၆၊ အောက်ခြေမှတ်စု ၁၃ နှင့် ၁၆)

International Waterways - နိုင်ငံတကာရေလက်ကြား၊ တူးမြောင်းနှင့်မြစ်များ။ (*၁၊ ၇)

Invasive Alien Species - တိုင်းခြားရပ်ခြား (သို့မဟုတ်) မူရင်းဒေသခံမဟုတ်သည့် အပင်မျိုးစိတ်နှင့် တိရိစ္ဆာန်မျိုးစိတ်များ (*၆၊ ၂၁-၂၃)

Involuntary Resettlement - ဆန္ဒမပါပဲ နေရာရွှေ့ပြောင်း ရမှု (*၅၊ ၁)

## L

Land Acquisition - မြေယာရယူခြင်း (*၅၊ အောက်ခြေမှတ်စု ၂) (*၅၊ ရည်မှန်းချက်များ)

Legally Protected Areas - ဥပဒေအရ အကာအကွယ်ပေးထားသည့် ဧရိယာများ (*၆၊ ၂၀)

"Like-for-Like or Better Principle" - ပျက်စီးဆုံးရှုံးမှုနဲ့အညီဖြစ်သည့်(သို့မဟုတ်) ပို၍ကောင်းမွန်သည့်ပေးဆပ်မှုမျိုး (*၆၊ ၁၀) (*၆၊ အောက်ခြေမှတ်စု ၄)

Livelihood - အသက်မွေးဝမ်းကျောင်းမှု (*၅၊ အောက်ခြေမှတ်စု ၁ နှင့် ၂၁) (*၅၊ ၉)

Livelihood Restoration Framework- အသက်မွေးဝမ်းကျောင်းအလုပ်များပြန်လည်တည်ထောင်ရေးလုပ်ဆောင်ခြင်း မူဘောင်(*၅၊ ၁၆)

Livelihood Restoration Plan - အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းအစီအစဉ် (*၅၊ ၁၅) (*၅၊ အောက်ခြေမှတ်စု ၁၈) (*၅၊ ၂၅)

Living Natural Resources - ရှင်သန်နေသည့် သဘာဝ အရင်းအမြစ်များ (*၆၊ ၁) (*၆၊ ၂၆) (*၆၊ ၂၇-၂၉)

## M

Migrant Workers - ရွှေ့ပြောင်းအလုပ်သမားများ (*၂၊ ၁၅)

Minors - အရွယ်မရောက်သေးသူများ (*၂၊ ၂၁)

Mitigation Hierarchy - (အန္တရာယ်များ၊ ဆိုးကျိုးများ)လျော့ချရန်အဆင့်လိုက်ဆောင်ရွက်ချက် (မာတိကာ) (*၁၊ ရည်မှန်းချက်များ)

Modified Habitats - ပြောင်းလဲထားပြီးသောအပင်နှင့်သတ္တဝါများမျိုးစိတ်များ မှီခိုရာနေရာများ (*၆၊ ၁၁-၁၂)

Monitoring - စောင့်ကြည့်လေ့လာခြင်း (*၁၊ ၅) (*၁၊ ၂၃) (*၅၊ ၁၀)

## N

National Laws - သက်ဆိုင်ရာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများ (အကျဉ်းချုပ်တွင်ပါဝင်) (*၅၊ ၁၇) (*၅၊ ၂၇)

Natural Areas of Importance - အရေးပါသည့် သဘာဝနယ်မြေများ (*၇၊ အောက်ခြေမှတ်စု ၉)

Natural Habitats - သဘာဝဖြစ်သော၊ ပြောင်းလဲထားခြင်းမရှိသည့် အပင်နှင့်သတ္တဝါမျိုးစိတ်များ မှီခိုရာနေရာများ။ (*၆၊ ၁၃-၁၅)

Natural Resources - သဘာဝ အရင်းအမြစ်များ (*၄၊ ၈) (*၇၊ အောက်ခြေမှတ်စု ၉)

Negotiated Settlements - ညှိနှိုင်းပြီးရရှိထားသည့် သဘောတူချက်များ (*၅၊ ၁) (*၅၊ ၃) (*၅၊ ၅)

Non-Discrimination in Employment - အလုပ်ခန့်အပ်ရာတွင် ခွဲခြားဆက်ဆံမှုမရှိခြင်း (*၂၊ ၁၅-၁၆) (*၂၊ ၁၈)

Nonreplicable Cultural Heritage - ပုံတူပြုလုပ်၍ မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် (*၈၊ အောက်ခြေမှတ်စု ၅) (*၈၊ ၁၂)

O

Occupational Health and Safety - လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (*၂၊ ၂၃)

Opportunistic Settlers - အခွင့်အရေးလိုချင်၍ ပြောင်းရွှေ့အခြေချလာသူများ (*၅၊ ၁၂) (*၅၊ ၂၇)

Organizational Capacity and Competency - အဖွဲ့အစည်း စွမ်းဆောင်ရည်နှင့် အရည်အချင်းရှိမှု (*၁၊ ၁၇-၁၉)

**P**

Persistent Organic Pollutants - လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေသော အဆိပ်သင့်စေသည့် ဓာတုပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ (*၃၊ အောက်ခြေမှတ်စု ၁၆)

Pesticides - ပိုးသတ်ဆေးများ (*၃၊ ၇) (*၃၊ ၁၄-၁၇)

Physical Displacement - နေအိမ်များနေရာပြောင်းရွှေ့ခံရမှု (*၅၊ ၁၉ -၂၄)

Pollution - ညစ်ညမ်းမှု (*၃၊ အောက်ခြေမှတ်စု ၁)

Pollution Prevention - သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ခြင်း (*၃၊ ၁၀-၁၇) (*၃၊ ၂၅-၂၆)

Primary Production - အခြေခံအဆင့် ထုတ်လုပ်ရေး (*၆၊ အောက်ခြေမှတ်စု ၁) (*၆၊ ၂၆) (*၆၊ ၃၀)

Primary Suppliers - ပင်မစီးပွားရေးလုပ်ငန်းစဉ်အတွက် အဓိကလိုအပ်သော ကုန်စည်(သို့) ပစ္စည်းများကို စဉ်ဆက်မပျက်ပေးသွင်းနေသူများ (*၁၊ ၁၄) ((*၂၊ ၄) (*၂၊ အောက်ခြေမှတ်စု၄) (*၂၊ ၂၉) (*၆၊ ၃၀) (*၆၊ အောက်ခြေမှတ်စု ၂၁)

Primary Supply Chains - ပင်မစီးပွားရေးလုပ်ငန်းစဉ် အတွက် အဓိကလိုအပ်သော ကုန်စည် (သို့) ပစ္စည်းများကိုစဉ်ဆက်မပျက်ပေးသွင်းသည့်လုပ်ငန်းကွင်းဆက် (*၁၊ ၁၀) (*၂၊ ၂၇) (*၆၊ ၃၀)

Priority Ecosystem Services - ဂေဟစနစ်မှရရှိသော အကျိုးရလာဒ်များမှ အရေးကြီးဆုံးအရာများ။ (*၄၊ ၈) (*၆၊ ၂၄-၂၅)

Project - စီမံကိန်း (*၁၊ ၄) (*၅၊ ၈) (*၈၊ ၈)

Project Area of Influence - စီမံကိန်းလွှမ်းခြုံနယ်မြေ (*၁၊ အောက်ခြေမှတ်စု ၁၅ နှင့် ၁၆) (*၁၊ ၈)

**R**

Relocation - ပြောင်းရွှေ့ရခြင်း (*၅၊ ၁) (*၅၊ ၂၀)

Replacement Cost - ပြောင်းရွှေ့နေရာချခြင်းနှင့်ပတ်သက်၍ အစားထိုးပေးလျော်သည့်ကုန်ကျစားရိတ် (*၅၊ ရည်မှန်းချက်များ) (*၅၊ ၂၁-၂၂) (*၅၊ ၂၇)

Replicable Cultural Heritage - ပုံတူပြုလုပ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် (*၈၊ အောက်ခြေမှတ်စု ၅) (*၈၊ ၁၁)

Resettlement - နေရာပြောင်းရွှေ့ရမှု (*၅၊ ၆)

Resettlement Action Plan - ပြောင်းရွှေ့နေရာချထားရေး လုပ်ငန်းအစီအစဉ် (*၅၊ ၉) (*၅၊ ၁၅-၁၆) (*၅၊ အောက်ခြေမှတ်စု ၁၈)

Resettlement Framework - ပြောင်းရွှေ့နေရာချထားရေးမူဘောင် (*၅၊ ၁၆)

Resettlement Sites - ပြောင်းရွှေ့နေရာချမည့်နေရာများ (*၅၊ ၉) (*၅၊ ၂၀)

Residual Impacts - ကြွင်းကျန်သက်ရောက်မှုများ (*၆၊ ၆) (*၆၊ ၁၉)

Resource Efficiency - အရင်းအမြစ်ကို ထိခိုက်ဆုံးရှုံးမှုမဖြစ်စေပဲ အကျိုးအများဆုံးဖြစ်အောင် အသုံးချခြင်း (*၃၊ ၆ - ၉) (*၃၊ အောက်ခြေမှတ်စု ၅)

Retrenchment - လုပ်သားအင်အားလျော့ချခြင်း (*၂၊ ၁၈ - ၁၉)

**S**

Security Personnel - လုံခြုံရေးဝန်ထမ်း (*၄၊ ၁၂ - ၁၄)

Security of Tenure -ပြောင်းရွှေ့ချထားသည့် နေရာများ၌ပြောင်းရွှေ့ခံရသူများနေထိုင်မှုကိုဥပဒေကြောင်းအရ အာမခံကာကွယ်ပေးထားခြင်း (*၅၊ ၃)

Set-Asides - စီမံကိန်းနေရာအတွင်းရှိ၍ စီမံကိန်း အကောင်အထည်ဖော်ရန်မဟုတ်သောသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် မြေနေရာများ။ စီမံကိန်းဆိုင်ရာ ပလပ်မြေများ (*၆၊ ၁၅) (*၆၊ အောက်ခြေမှတ်စု ၁၀)

Severance Payments - အလုပ်ထုတ်၊ အလုပ်နား၊ အလုပ်ထွက်ခြင်းတို့အတွက်အလုပ်သမားကိုဥပဒေကြောင်းအရ ပေးလျော်သည့် လျော်ကြေးငွေများ(*၂၊ ၁၉)

Significant Conversion or Degradation of Natural Habitats - သဘာဝနေရာများကို သိသိသာသာ အပြောင်းအလဲဖြစ်သွားခြင်း (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားခြင်း (*၆၊ အောက်ခြေမှတ်စု ၇)

Stakeholder Engagement - ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်း (*၁၊ ၂၅) (*၁၊ ၂၇) (*၁၊ ၂၉) (*၁၊ ၃၃) (*၅၊ ၁၀)

Stakeholder Engagement Framework - ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ခြင်းမူဘောင်(*၁၊ ၂၈)

Stakeholder Engagement Plan - ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံဆောင်ရွက်ရေးအစီအစဉ် (*၁၊ ၂၇) ၁၃။၂၇

Supplemental Resettlement Plan - အပိုထပ်ဆောင်းလုပ်ဆောင်မည့် ပြောင်းရွှေ့နေရာချထားခြင်း အစီအစဉ် (၈၅၊ ၃၁-၃၂)

Supply Chain - ထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတခု ဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက် (*၂၊ ၂၇ - ၂၉)

Supply Chain Workers - ထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုတခု ဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်တွင် လုပ်ကိုင်နေသော အလုပ်သမားများ (*၂၊ ၄) (*၂၊ ၇) (*၂၊ ၂၈)

**T**

Technical Feasibility - နည်းပညာပိုင်းအရလုပ်ဆောင်နိုင်သည့် အခြေအနေ (*၁၊ အောက်ခြေမှတ်စု ၂၀)

Terms of Employment - အလုပ်သမား ရပိုင်ခွင့်၊ အလုပ်တာဝန်နှင့် စည်းမျဉ်းသတ်မှတ်ချက်များ (*၂၊ ၁၀) (*၂၊ အောက်ခြေမှတ်စု ၅)

Third Parties - တတိယအစုအဖွဲ့များ၊ အခြားအင်အားစုများ (*၁၊ ၉) (*၂၊ ၄) (*၃၊ ၁၂) (*၃၊ ၂၄ -၂၆)

Trafficked Persons -လူကုန်ကူးခံရသူများ(*၂၊ ၂၂)

Transboundary Effects of Business Activities - စီးပွားရေးဆိုင်ရာလုပ်ငန်းဆောင်တာများ၏ နယ်စပ်ဖြတ်ကျော် သက်ရောက်မှုများ (*၁၊ ၇) (*၃၊ ၁၀)

Transboundary Pollutants - နယ်စပ်ဖြတ်ကျော်သက်ရောက်မှုကို ဖြစ်စေသည့် ညစ်ညမ်းပစ္စည်းများ (*၃၊ အောက်ခြေမှတ်စု ၁၀)

**V**

Voluntary Land Transaction - မိမိသဘောဆန္ဒအရ မြေယာရောင်း၊ ဝယ်ခြင်း။ (*၅၊ ၆)

Vulnerable Populations - အကာအကွယ်မဲ့ဖြစ်နေသော၊ အားနည်း၊ ထိခိုက်လွယ်သည့် လူများ (*၁၊ ၁၂) (*၁၊ ၂၇) (*၄၊ ၁) (*၄၊ ၉) (*၅၊ ၈) (*၇၊ ၁) (*၇၊ ၁၁)

W

Waste - စွန့်ပစ်ပစ္စည်း (*၃၊ ၁၂)
Water Consumption -ရေအသုံးပြုမှု(*၃၊၉)(*၆၊ ၂၄)

Women - အမျိုးသမီးများ (*၁၊ ၃၁) (*၂၊ ၁၅) (*၂၊ ၂၃) (*၇၊ ၁၄)

Worker' Organizations - အလုပ်သမားအဖွဲ့များ (*၂၊ ၁၃ - ၁၄)

Working Conditions and Terms of Employment - လုပ်ငန်းခွင်အခြေအနေများနှင့် အလုပ်သမားရပိုင်ခွင့်၊ အလုပ်တာဝန်နှင့် စည်းမျဉ်း သတ်မှတ်ချက်များ (*၂၊ ၁၀ - ၁၄)

IFC
အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း
ကမ္ဘာ့ဘဏ်အုပ်စု

International Finance Corporation
2121 Pennsylvania Ave. NW
Washington, DC 20433
Tel. 1-202-473-1000
www.ifc.org/sustainability

ယခုစာအုပ်တွင် ပါဝင်သည့်ရေးသားချက်များအား မူပိုင်ခွင့်ရယူပြီးဖြစ်သည်။ IFC(အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း)က ယခု စာအုပ်ပါရေးသားထားချက်များအား ပညာရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ဖြန့်ဖြူးခြင်းကို အားပေးသည်။ ယခုစာအုပ်ပါရေးသားချက်များကို IFC (အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း)မှ ရယူသည်ဟုအသိအမှတ်ပြုပြီး ကြိုတင်ခွင့်ပြုချက်တောင်းစရာမလိုပဲ လွတ်လပ်စွာအသုံးချနိုင်သည်။ သို့သော်စီးပွားရေးအကျိုးအမြတ်ရှာသည့် ရည်ရွယ်ချက်ဖြင့် အသုံးမပြုရပါ။

မျက်နှာဖုံးဓာတ်ပုံ - တီဆာဘန်နီ ဖိုတိုဂရပ်ဖီ - ၂၀၁၆

ယခုမြန်မာဘာသာဖြင့်ထုတ်ဝေသည့်သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ လုပ်ဆောင်မှုစံသတ်မှတ်ချက်များစာအုပ်ကို ဩစတြေးလျအစိုးရ (Australian Government)မှကူညီပံ့ပိုးပါသည်။

**၂၀၁၇ ခုနှစ် ဧပြီလ**